တာရာမင်းဝေ

# ငါ့ရင်ခွင်ကြားက နှင်းဆီဓါးသွားတစ်လက်

# ပ+ဒု

*typing - G!VER*

*proof & pdf - lucky82*

မြန်မာဆိုက်ဘာ စာအုပ်စင်

MCMBOOKSHELF

**စာမူခွင့်ပြုချက်အမှတ်**
၃၈၅/၉၉ (၄)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၃၂၄/၉၉ (၅)

**ထုတ်ဝေခြင်း**
ပထမအကြိမ်၊ ၁၉၉၉ ဇွန်လ
အုပ်ရေ (၅၀၀)
တန်ဖိုး (၃၀)ကျပ်

**ထုတ်ဝေသူ**
ဦးတင်အုန်း
မိုးမင်းစာပေ
အမှတ်(၉၃)၊ ရိပ်သာလမ်း၊ သဃ်န်းကျွန်း။

**အတွင်းပုံနှိပ်သူ**
ဦးအောင်ခိုင်
အောင်သစ္စာပုံနှိပ်တိုက်
အမှတ် (၅၇၆)၊ ပတ္တမြားလမ်း၊ ရန်ကုန်။

**မျက်နှာဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်းအော့ဖ်ဆက်
အမှတ် (၁၇၁)၊ ၃၃လမ်း၊ ရန်ကုန်။

**မျက်နှာဖုံးပန်းချီ** - စိုးဝင်းငြိမ်း
**အတွင်းစာစီ** - ရွှေစမ်းချောင်းကွန်ပျူတာ

MCMBOOKSHELF

(က)

"ဒီသစ်ပင်မျိုးက အဖိုအမရှိတယ်လေ၊ သူကတော့ အမပင်ပေါ့"

လမ်းဘေးသစ်ပင်တစ်ပင်ကိုကြည့်ပြီး၊ သူ့ကို ကျွန်တော် ရှင်းပြနေမိတာပါ။ တတ်သရွေ့ မှတ်သရွေ့ ပြောပြတဲ့ ကျွန်တော့်စကားကို နားထောင်ပြီး၊ သူ့မျက်လုံးလေးတွေ ဝိုင်းလာတယ်။

ပြီးတော့မှ ကမ္ဘာဦးကျမ်းထဲက ကျမ်းချက်တစ်ပိုဒ်နဲ့ယှဉ်ထိုးပြီး သူ့အယူအဆကို ပြောလာတယ်။

"သူက အမပင်လား...၊ အဖိုပင်ကြီးရဲ့ ဘယ်ဘက်နံရိုးကို ဆွဲထုတ်ပြီး သူ့ကို စိုက်ပျိုးခဲ့တာလား"

သူ့အတွေးက ချစ်စရာကောင်းလွန်းလှချည်ရဲ့...၊ သူက အဲဒီလို ကောင်မလေးမျိုးပေါ့...။

တစ်ခါတစ်ခါမှာ ကျမ်းစာအုပ် ဆန်နေတတ်တယ်။

MCMBOOKSHELF

(၁)

ကျွန်တော်တို့တစ်ခါထိုင်ခဲ့ကြဖူးတဲ့ လက်ဖက်ရည်ဆိုင်ကလေးရဲ့နံရံမှာ ပန်းချီကားတစ်ချပ် ချိတ်ဆွဲထားတယ်။ ပန်းချီကားရဲ့ နာမည်က 'ပင်လယ်' တဲ့…။

"တချို့လူတွေက သူတို့ရဲ့ဘဝကို ပင်လယ်ကြီးလို ကျယ်ပြန့်တိတ်ဆိတ်ပါရစေလို့ ဆုတောင်းတတ်ကြတယ်"

ကျွန်တော့်စကားအဆုံးမှာ သူက လှဲ့လှဲ့မှုန်မှုန် ပြုံးတယ်။

"ဟင့်အင်း…၊ ငါသာဆိုရင်တော့ အဲလိုမျိုး ဘယ်တော့မှ ဆုမတောင်းဘူး"

"ဘာဖြစ်လို့လဲ…"

"ပင်လယ်ကို ငါ… အားမကျပါဘူးဟာ…၊ သူ့လိုမျိုး ကြီးကောင်ကြီးမားနဲ့ ဘောလောမျောနေရမယ့် ဘဝကိုလည်း ငါ မလိုချင်ပါဘူး"

စကားအဆုံးမှာ ကျွန်တော့်ကို ဟန်ပါပါထပ်ပြုံးပြပြန်တယ်…။

သူဟာ အဲဒီလို ကပ်သီးကပ်သပ်ကောင်မလေးမျိုးလည်း ဖြစ်တယ်…။

MCMBOOKSHELF

(၁)

တစ်ခါကျပြန်တော့လည်း ကျွန်တော်တို့အိမ်ရဲ့ ဧည့်ခန်းထဲမှာ အတွေးအခေါ် 'ဟန်ရေးပြ' သေးတယ်။

"ဟယ်… ဂေါ်ရခါး ဓားကောက်ကြီး"

နံရံမှာ အလှချိတ်ဆွဲထားတဲ့ ဂေါ်ရခါးဓားကောက်ကြီးကို တအံ့တသြကြည့်ရင်း သူ့လက်ကို အပ်စူးသွားပါတယ်။ စားပွဲပေါ်က ချုပ်လက်စအဝတ်ပေါ်မှာ လက်ထောက်မိလို့ပါ။

"နင်က ဂေါ်ရခါးဓားကောက်ကြီးကိုကျတော့ မြင်ပြီး အပ်ကိုကျတော့ မမြင်ဘဲကိုး…"

ကျွန်တော့်စကားကို သူက သိပ်စိတ်မဝင်စားပါဘူး။ သူ့ဘာသာ အပ်စူးထားတဲ့လက်ကို တဆတ်ဆတ်ခါရင်း မဆိုင်တာကို တွေးတွေးဆဆ ပြောလာတယ်။

"တကယ်တော့ အပ်ရော၊ ဂေါ်ရခါး ဓားကောက်ကြီးရောဟာ ချွန်ထက်တဲ့ လက်နက်တွေကြီးပဲနော်၊ သူတို့ချင်း အမျိုးတော် ကြမှာပဲ၊ အစ်ကိုကြီးနဲ့ ညီထွေးလေးလား…၊ အဖိုးနဲ့မြေးလား…၊ အင်း…တစ်ခုခုတော့ တော်မှာပေါ့…"

သူဟာ အဲဒီလို အူတိအူကြောင်ကောင်မလေးလည်း ဖြစ်တယ်…။

MCMBOOKSHELF

(ဃ)

"တောင်ထိပ်ပေါ်မှာ မတ်တပ်ရပ်ချင်လိုက်တာ…"

"နင်က တောင်တက်ဝါသနာပါသလား…"

အဲဒီတော့လည်း ခေါင်းခါပြန်တယ်။ ပြီးမှ…သူ့စကားကို သူ ပြန်ရှင်းပြတယ်။

"ရေမှာ လှိုင်းရှိသလို…မြေမှာလည်း လှိုင်းရှိတယ်။ ရိုးမတောင်တန်းကြီးတွေ၊ တွန့်ခေါက်တောင်တန်းကြီးတွေဟာ မြေရဲ့ လှိုင်းတွေပေါ့…"

"အော်…"

"တောင်ထိပ်ပေါ်မှာ တက်ရပ်တဲ့သူဟာ မြေရဲ့ လှိုင်းပေါ်မှာ တက်ရပ်တဲ့သူပဲ…၊ ရင်ခုန်စရာကောင်းမယ် အရမ်းပျော်ရမှာပေါ့"

မူလစကားကိုပဲ ကျွန်တော်က ပြန်ရေရွတ်မိတယ်။

"သူဖြင့် တောင်တက်တာလည်း ဝါသနာမပါဘဲနဲ့"

တောင်မတက်ချင်ဘဲနဲ့ တောင်ထိပ်ပေါ် ဘယ်လိုလုပ်ရောက်မှာတုန်း။ ကျွန်တော်ဖြင့် ဒီကောင်မလေးကို နားမလည်တော့ဘူး။

"ဘာဖြစ်လဲ၊ ဘာဖြစ်လဲ"

အဲဒီလို ခပ်စွာစွာ ပြန်ကြည့်လို့ ကျွန်တော် ငြိမ်နေလိုက်ရပါတယ်…။

MCMBOOKSHELF

(င)

သူ့ကြောင့်...

ကျွန်တော် တစ်ခါနှစ်ခါ စိတ်ညစ်ရဖူးတယ်။ အဲဒီလိုအခါမျိုးမှာ မအီမသာဖြစ်နေတဲ့ ကျွန်တော့်မျက်နှာကိုကြည့်ပြီး သူက တခစ်ခစ်ရယ်တယ်။

"နင့်မျက်နှာကြီးကလဲ..."

"ဘာဖြစ်လို့လဲ..."

"ရေနံဆီထဲ ထည့်စိမ်ထားတဲ့ သားရေကွင်းကြီးလိုပဲ...၊ ဖွယ်တယ်တယ်၊ ပွတတနဲ့..."

"အင်း... ငါက အဲဒီသားရေကွင်းကြီးလိုပဲ ထားလိုက်ပါတော့၊ ရေနံဆီက ဘယ်သူလဲ သိလား..."

ဘာမှ ပြန်မပြောဘဲ သူက ရယ်မြဲ ရယ်တယ်။ အဲဒီလိုမျိုးပေါ့...။

သူဟာ ကျွန်တော့်ရဲ့ ရေနံဆီပုလင်းလေးလည်း ဖြစ်တယ်။

MCMBOOKSHELF

(၈)

သူ့အိမ်ကို ကျွန်တော်ရောက်သွားတဲ့ မနက်ခင်းတစ်ခုမှာ... မြေကြီးတူးနေတဲ့ သူ့ကို တွေ့ရပါတယ်။ ဖြူဖွေးသွယ်လျတဲ့ လက်ချောင်းကလေးတွေမှာ ရွှံ့မြေနီတွေ ပေကျံလို့...။

"ဘာလုပ်နေတာလဲ..."

"ပန်းစိုက်မလို့..."

"ဒီနေရာမှာ စိုက်မလို့လား..."

"မသေချာသေးဘူး၊ အောက်က မြေကြီးတွေကို အရင်တူးပြီး လိုက်ကြည့်နေတာ၊ စိတ်ကြိုက်တွေ့တဲ့နေရာမှာ စိုက်မယ်၊ နောက်ဖေးမှာလည်း တူးကြည့်ပြီးပြီ၊ အိမ်ဘေးမှာလည်း တူးကြည့်ပြီးပြီ၊ အခု အိမ်ရှေ့မှာ တူးကြည့်နေတာ..."

"ဟောဗျာ..."

မနေနိုင်လို့ ကျွန်တော်ကလဲ အဲဒီပေါကြောင်ကြောင် ကောင်မလေးရဲ့ကိုယ်စား မြေကြီးတွေကို ဝင်တူးပေးလိုက်ရပါတော့တယ်။

MCMBOOKSHELF

(ဆ)

ကျွန်တော်တို့ သူငယ်ချင်းအုပ်စု၊ မြို့ထဲထွက်လည်ကြတုန်းကပေါ့...။

လမ်းမှာ သူက ပြောတယ်...။

"ထွက်လာခါနီး၊ ဖေဖေကတောင် မေးသေးတယ်..."

"ဘာမေးတာလဲ..."

"သမီးဝေး ဘယ်တွားမဝို့ဝဲ... တဲ့..."

"ဟင်..."

"သမီးလေး ဘယ်သွားမလို့လဲလို့ မေးတာ၊ ကုလားထိုင်ပေါ်မှာ သတင်းစာဖတ်ရင်း ဆေးတံကြီးခဲရင်း လှမ်းမေးတာလေ"

"အော်..."

"အဲဒါနဲ့ ငါလည်း ပြန်ဖြေလိုက်တယ်... မြို့ဝဲ တွားမဝို့လို့"

သူ့ကိုကြည့်ပြီး ရယ်ရပါသေးတော့တယ်။

(၃)

သတင်းစာကြေငြာတွေထဲမှာ စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းခြင်း ကြေငြာကို သူက အမုန်းဆုံးဖြစ်တယ်။ သတင်းစာကြီး ဆောင့်ချပြီး ပွစိပွစိ လုပ်နေတတ်တယ်။

"သူတို့ဘာသာ စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းတာ နင်နဲ့ ဘာဆိုင်လို့တုန်း၊ နင်နဲ့လည်း မသိဘဲနဲ့..."

"မဟုတ်ပါဘူး၊ လူတွေကကို မဟုတ်သေးပါဘူး။ ရည်းစားသစ်ကို တွေ့လို့ ရည်းစားဟောင်းကို ပစ်သွားတာမျိုး၊ ဘယ်နှစ်ခုပါနေလဲမှ မသိတာ..."

"ရည်းစားဟောင်းက ချစ်စရာမကောင်းတော့လို့လားမှ မသိတာ..."

"အိုး... အဲဒါမျိုးကို ငါ လက်မခံနိုင်ပါဘူး၊ အဲဒါနဲ့ပဲ စွန့်ပစ်စရာလား၊ အဲဒါနဲ့ပဲ ရည်းစားသစ်ရှာရတော့မှာလား၊ ရည်းစားဟောင်းကိုပဲ နှလုံးသားအသစ်နဲ့ ချစ်ကြည့်ဖို့ကော မကြိုးစားကြတော့ဘူးလား..."

သူ့စကားကြောင့် ကျွန်တော်တောင် တွေငိုင်စဉ်းစားမိရပါသေးတယ်။

(၅)

တစ်ခါတော့ မိတ္တူကူးဆိုင်မှာ သူနဲ့ ဆိုင်ရှင်နဲ့ စကားကတောက်ကဆဖြစ်လာတယ်။ သူ့ဘက်က လိုက်ပြောတာတော့ မဟုတ်ပါဘူး၊ အဲဒီဆိုင်ရှင်က တော်တော်ဆိုးပါတယ်။ အလုပ်လုပ်တာလဲ စည်းစနစ်မရှိဘူး၊ ဆက်ဆံရေးကလည်း မကောင်းဘူး၊ ဈေးကလည်း မတန်တဆယူတယ်။

မျက်နှာကလေး မှုန်နေတဲ့သူ့ကို ကျွန်တော်က ရယ်မောချော့မော့ရပါတယ်။

"ဒီလူကြီး မကောင်းတာကိုတော့ ငါလည်း လက်ခံပါတယ်။ သူကိုယ်တိုင်က မာရ်နတ်ရဲ့ မိတ္တူကိုယ်ပွားတစ်ယောက် နေမှာပေါ့..."

"အင်း... ဟုတ်မယ်၊ ဒါကြောင့် မိတ္တူကူးဆိုင်ဖွင့်ပြီး လူတွေကို ဒုက္ခပေးနေတာဖြစ်မယ်၊ ဒါပေမဲ့ မာရ်နတ်ရဲ့ မိတ္တူတွေထဲမှာ သူဟာ နောက်ဆုံးရှက်ရေ ဖြစ်နိုင်တယ်။ ခပ်ညံ့ညံ့ မိတ္တူကြီး တစ်ရှက်ပေါ့..."

သူ့စကားနဲ့သူ ကျေနပ်ပြီး ဟက်ခနဲ ရယ်တယ်။ တဖြည်းဖြည်း ပြန်ပြုံးလာတဲ့ သူ့မျက်နှာလေးက အရမ်းချစ်စရာကောင်းနေတယ်...။

MCMBOOKSHELF

(ည)

သူက အရမ်းခေါင်းမာပါတယ်။ သူလုပ်ချင်တာကို သူ ဖွတ်တရွတ်လုပ်တတ်တယ်။

"အဲဒီလောက်ကြီးတော့ နင်က တယူသန်မဆန်နဲ့ပေါ့ဟ"

"ဟင့်အင်း...မရဘူး၊ ငါက 'ဘူး' ဆိုရင်..."

ပြီးတော့ သူ့စကားက ရပ်သွားပါတယ်။ ကျွန်တော့်ကို လှည့်မေးတယ်...။

"ဟို... အသီးက ဘာသီးလဲ ဟ"

ကျွန်တော့်မှာ ရယ်ချင်လိုက်တာ၊ ဖရုံသီးကို သူမေ့နေတယ်။ ဒါပေမဲ့ ခပ်တည်တည်နဲ့ မသိချင်ယောင်ဆောင်ပြီး...

"ဘာသီးကို မေးတာလဲ..."

မအောင့်နိုင်တော့ဘဲ ကျွန်တော် ဝါးခနဲ ထရယ်မိပါတော့တယ်။ အဲဒီတော့လည်း သူက ကျွန်တော့်ကို စိတ်ဆိုးတယ်လေ။ 'တော်ပြီ... နင့်ကို ဘာမှ ပြောမပြတော့ဘူး' ဆိုပြီး ခြေဆောင့် လှည့်ထွက်သွားလေရဲ့။

(တ)

"ဘုရားဟောအရဆိုရင်… ဘယ်အရာမှ မတည်မြဲဘူး"

"ဘာလဲ… ကဗျာထဲကလို 'ရေပွက်ပမာ' ပေါ့လေ… ဟုတ်လား"

ကျွန်တော့်စကားကို သူက ပြုံးစိစိနဲ့ မေးလာတယ်။

"ဟုတ်တယ်၊ အားလုံးက ရေပွက်ချည်းပဲ…"

မချိုမချဉ်အပြုံးနဲ့အတူ သူက ထပ်မေးပြန်ရဲ့။

"အဲဒါဆိုရင် ငါကရော နင့်အတွက် ရေပွက်တစ်ခုပဲလား"

တော်တော်ကလေးစဉ်းစားပြီး၊ သေသေချာချာ စကားလုံးရွေးပြီးမှ ကျွန်တော် ပြန်ဖြေလိုက်တယ်။

"ဟုတ်တယ်၊ ငါ့အတွက်တော့ နင်ဟာလည်း ရေပွက်ပဲ၊ ဒါပေမဲ့ ထူးခြားတဲ့ 'စကြဝဠာရေပွက်လေး' ဖြစ်တယ်"

အဲဒီတော့ သူက ကျွန်တော့်ကို မျက်စောင်းထိုးတယ်။ နှုတ်ကလည်း ရေရွတ်တယ်။ 'ဟင်း နင့်ကို ငါ သိပ်စပ်မြင်ကပ်တာပဲ' တဲ့…။

MCMBOOKSHELF

(ထ)

ကျွန်တော့် မှတ်စုစာအုပ်ကလေးတစ်အုပ်ကို ကိုင်ရင်း ကျွန်တော့်ကို သူ မေးဖူးတယ်...။

"နင့်မှာ ငယ်ကျွမ်းဆွေတွေ ဘာတွေများ ရှိဘူးလား..."

ကျွန်တော့်မှာ တအံ့တသြတွေဖြစ်လို့...။

"ဟင့်အင်း... မရှိဘူးပါဘူး"

"ကောင်မလေး လှလှလေးလေ..."

"ဟင့်အင်း... မရှိပါဘူး"

"သူ့နာမည်က နန္ဒာတို့... ဘာတို့လေ၊ မမှတ်မိဘူးလား"

"ဘာတွေလာပြောနေတာလဲ...၊ မရှိပါဘူး"

"ဒါဖြင့် ဒီ နင့်စာအုပ်မှာ ရေးထားတဲ့ 'ND' ဆိုတဲ့ အတိုကောက်နာမည်က ဘယ်သူတုန်း..."

"ဟင်... ငါ့နာမည်လေ၊ ငါက နေဒွန်းလေ"

"ဟင်... ဟုတ်ပါရဲ့၊ နင့်နာမည်ကို ငါ ခဏမေ့သွားလို့"

တစ်ခါတစ်ခါ အဲလိုပဲ၊ သူဟာ... ဘယ်လိုမှန်းကို မသိတဲ့ ကောင်မလေးဖြစ်တယ်...။

MCMBOOKSHELF

(၃)

သူ့ကိုမှ…

အဲဒီလို ကောင်မလေးမျိုးကိုမှ…

ကျွန်တော်ကလည်း…

မြတ်မြတ်နိုးနိုး ချစ်နေမိတော့တယ်။

"နင့်အပြုံးက သိပ်စင်ကြယ်တာပဲ၊ နင့်လိုမျိုး ငါ ပြုံးတတ်ချင်လိုက်တာ နေဒွန်းရယ်…"

"ငါ့ အပြုံးက ဘယ်လိုဖြစ်နေလို့တုန်း…"

"ဘယ်လိုပြောရမလဲ… ဟို…"

နားသပ်စပ်က ဆံပင်လေးတွေကို လက်နဲ့ဖွရင်း သူ စဉ်းစားပါတယ်။ ပြီးမှ…

"နင့်အပြုံးက လွတ်လပ်တယ်ဟ၊ မြေကြီးပေါ် မှောက်ရက်ကျနေတဲ့ ဖဲချပ်ကို ခြေမနဲ့ လှန်ကြည့်လိုက်ရင်း 'တစ်' ဖဲဖြစ်နေတာတွေ့လို့ ဘာရယ်မဟုတ်ဘဲ ပျော်သွားတဲ့ အပြုံးမျိုး…"

"ဟောဗျာ…"

ပြောစရာက တစ်ခုပဲ ကျန်ပါတော့တယ်။ တမင်တကာ နောက်ဆုံးမှ ပြောပြတာပါ။

သူ့နာမည်က…

ခဂ္ဂါတဲ့…။

MCMBOOKSHELF

*မီးခိုးတွေနဲ့လူဆိုတာ...*
*ရင်တစ်ခွင်လုံးပူပြီးမှ ဖြစ်ခဲ့ရတာပါ။*

MCMBOOKSHELF

အခန်းထောင့်မှ စဥ့်အိုးကြီးကို ခဂ္ဂါ စိတ်ဝင်တစားနှင့် လှည့်ပတ်ကြည့်နေမိသည်။ ပြုံးချင်ရယ်ချင်သလိုဖြစ်မိ၏။ စိတ်ထဲမှလည်း သဘောကျသလို ခံစားရလေသည်။

ခဂ္ဂါ၏အခန်းက ကျယ်ဝန်း၏။ ထို့ကြောင့် အခန်းထဲမှာရှိသည့် ပစ္စည်းပစ္စယများကို ရှင်းလင်းသေသပ်စွာ ထားသိုနိုင်၏။ သို့သော် အခန်းထဲရှိ အရုပ်ကြီးများ၊ စာအုပ်ထူထူများ၊ မှန်တင်ခုံနှင့် မိန်းမအသုံးအဆောင် ပစ္စည်းလှလှကလေးများ၊ ထိုအရာအားလုံးနှင့် ဘာမှမဆိုင်ဘဲ ဤစဥ့်အိုးကြီးက ရောက်ရှိလာခြင်းဖြစ်သည်။

ထိုအိုးကြီးကို နေဒွန်း လာပို့ပေးသွားခြင်းဖြစ်၏။ ထိုစဥ်က တစ်အိမ်သားလုံးနှင့်အတူ သူမလည်း ကြောင်စီစီဖြစ်ရလေသည်။ အခန်းထဲမှာ စာဖတ်နေသော ခဂ္ဂါကို အိမ်ဖော်မလေးက အလောသုံးဆယ် လာရောက်ပြောဆို၏။

"မမ... ကိုနေဒွန်းရယ် အောက်မှာ ရောက်နေတယ်"

ဖတ်လက်စ စာအုပ်ကို ပိတ်ရင်း ခဂ္ဂါက ခပ်ငေါက်ငေါက် ပြန်ပြောလိုက်သည်။ အိမ်ဖော်မလေး၏ ပျာယိပျာယာပုံစံကို စိတ်တိုသောကြောင့် ဖြစ်၏။

"အဲဒါ ဘာဖြစ်လဲ၊ နေဒွန်း ရောက်တာများ ရိုးရိုးပြောလဲ ရပါတယ်။ နောက်က ကျားလိုက်လာသလို လာပြောနေတယ်"

"မဟုတ်ဘူး မမရဲ့..."

"ဘာ... မဟုတ်တာလဲ"

"သူချည်းပဲ မဟုတ်ဘူး၊ ကိုနေဒွန်းရယ်... စဥ့်အိုးကြီးတစ်လုံး သယ်လာတယ်"

ခဂ္ဂါ... မျက်မှောင်ကြုတ်လိုက်မိ၏။

"စဥ့်အိုးကြီး..."

"ဟုတ်တယ်... စဥ့်အိုးကြီး၊ အကြီးကြီးပဲ"

အိမ်ဖော်မလေးက စဥ့်အိုး၏ လုံးပတ်အရွယ်ကို လက်ဖြင့် ဝိုင်းပြရင်း ပြော၏။

"အဲဒီစဥ့်အိုးကြီးက ဘာလုပ်ဖို့လဲ..."

"မသိဘူးလေ..."

ထိုအခိုက်မှာပင် အခန်းထဲသို့ မေမေ ဝင်လာသည်။

"သမီး အောက်မှာ မောင်နေဒွန်းရောက်နေတယ်လေ..."

"အင်း... ဒီမှာ အဲဒီအကြောင်းမေးနေတာ၊ သူက စဥ့်အိုးကြီးတစ်လုံး ပါလာတယ်ဆို..."

မေမေကလည်း ထိုကိစ္စကိုပင် အံ့သြနေပုံရ၏။

"ဟုတ်ပါရဲ့...၊ စဥ့်အိုးကြီးမှ အကြီးကြီးပဲ"

"အဲဒါကြီးက ဘာလုပ်ဖို့တုန်း..."

"သိဘူးလေ...၊ သူ့အပြောကတော့ သမီးကို ပေးဖို့တဲ့"

"ဟင်... သမီးက အဲဒါကြီးကို ဘာလုပ်ရမှာလဲ..."

MCMBOOKSHELF

"အဲဒါတော့ မေမေလည်း ဘယ်ပြောတတ်မှာလဲ...၊ ကိုယ့်ဘာသာ မေးကြည့်ပေါ့...၊ သမီး ညရေးညတာ အသုံးဝင်မှာပေါ့"

"ညရေး ညတာ..."

ယောင်ယမ်းရွှေရွတ်မိပြီးမှ မကျေမနပ် ဘုတောထည့်လိုက်၏။

"အဲဒီလောက်ကြီးတဲ့ စဥ့်အိုးကြီးကို ညရေးညတာ သုံးရမှာလား..."

မေမေနှင့် အိမ်ဖော်မလေးက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ၏။

"မသိပါဘူးကွယ်... ကိုယ့်သူငယ်ချင်း ကိုယ့်ဘာသာကိုယ် မေးကြည့်တော့၊ အဲဒီ နေဒွန်းဆိုတဲ့ ကောင်လေးကလည်း လုပ်လိုက်မှဖြင့် အထူးအဆန်းကြီးပဲ..."

ထိုသို့ပြောဆိုကာ မေမေ အခန်းထဲမှ လှည့်ထွက်သွား၏။ မေမေ့မျက်နှာက ရယ်ချင်နေဟန် ရှိသည်။ အိမ်ဖော်မလေးကလည်း မေမေ့နောက်မှ ပြုံးစိ... ပြုံးစိနှင့် ပြန်လိုက်သွား၏။

စိတ်ရှုပ်ထွေးစွာဖြင့်ပင် ခင္ဂါ အောက်ထပ်ကိုဆင်းပြီး နေဒွန်းနှင့် တွေ့ရ၏။

"နင် အိပ်နေတာလား.."

နေဒွန်းက ဆီးမေးသည်။ ခင္ဂါက ခေါင်းခါပြလိုက်ရင်း...

"မအိပ်ပါဘူး၊ စာဖတ်နေတာ..."

နေဒွန်း၏ မျက်နှာကိုထက် နံဘေးမှ စဥ့်အိုးကြီးကို ပိုမိုကြည့်ဖြစ်သည်။ ခင္ဂါ စဥ့်အိုးကြီးကို ကြည့်နေမှန်း သိသဖြင့်...

"ဒီအိုးကြီးကို နင် သဘောကျလား..."

"ဟင်... ဘာလို့ သဘောကျရမှာလဲ..."

"နင့်အတွက် ငါ ယူလာတာဟ"

"ဟယ်... ဒီအိုးကြီးကို ငါက ဘာလုပ်ရမှာလဲ..."

"အဲဒါက ငါပြောပြမယ်လေ..."

"အင်း... ဆိုစမ်းပါဦး..."

ခင္ဂါက နေဒွန်း၏ နံဘေးတွင် ကပ်ထိုင်လိုက်၏။ နေဒွန်းက အိုးကြီးအတွက် ညွှန်ကြားချက်ကို အရေးကြီးသော ဟန်ပန်ဖြင့် ပြော၏။ လေသံကပင် တိုးသွားသည်။

"နင် ဒီအိုးကြီးကို ပေါ့သေးသေး မအောက်မေ့နဲ့"

အိုးကြီးကို တစ်ချက်စွေကြည့်ရင်း ခင္ဂါ လန့်သွား၏။

"အမယ်လေးတော်၊ မအောက်မေ့ပါဘူး၊ ဒီလောက်လေးလံ ကြီးမားတဲ့ အိုးကြီးကို ပေါ့သေးသေးလို့ မအောက်မေ့ပါဘူး"

နေဒွန်းက ဟဲခနဲ ရယ်၏။

"ဒီလိုဟ..."

တစ်စုံတစ်ရာကို ပြောရန် အစချီ၏။

"အင်း... ပြောပါဦး"

"ခုနောက်ပိုင်းမှာ နင် သိပ်မရှင်လန်းဘူး မဟုတ်လား၊ ဆေးရုံက ဆင်းလာပြီးကတည်းက"

"အင်း…အဲဒါ ဘာဖြစ်လဲ…"

"အဲဒါတွေ ပြေပျောက်အောင် ငါ့ဘက်က နည်းလမ်းပေါင်းစုံ စဉ်းစားတယ်၊ နင့်ကို ဘယ်လို ကူညီရမလဲလို့…"

"အဲဒါနဲ့ ဒီအိုးကြီးနဲ့ ဘာဆိုင်လို့တုန်း"

"ဆိုင်တာ… နောက်တော့ တွေ့လာလိမ့်မယ်၊ အဲဒါထားဦး၊ ခု ငါပြောတာ နားထောင်စမ်း"

"အင်း… ပြောပါဦး၊ ကျွန်မ နားထောင်နေပါတယ်ရှင့်၊ အမိန့်တော် မှတ်ပါ…"

ခဂ္ဂါက ခပ်ငေါ့ငေါ့ ပြန်ပြောလိုက်၏။ စိတ်ဝင်စားမှုတော့ ရှိနေသည်။ နေဒွန်း ဘာတွေ ရှာဖွေတွေ့ရှိနေသနည်း။

"နင် ဟိုနေ့က ငါ့ကိုပြောတာ မှတ်မိလား…"

"ဘာပြောလိုက်မိလို့လဲ…"

"တစ်ခါတစ်ခါ အရမ်းအားငယ်တာပဲ ဆိုတာလဲ၊ စိတ်ဓာတ်တွေ အလိုလိုကျနေတယ် ဆိုတာလေ…"

"အင်း… ဟုတ်တယ်၊ အဲလို ငါ ခဏခဏဖြစ်တယ်"

" ခါတိုင်းဆို အဲလိုခံစားရတဲ့အချိန်မှာ နင် ဘာလုပ်မှာလဲ"

ခဂ္ဂါ၏ မျက်လုံးလှလှကလေးများ အတွန့်ချိုးသွား၏။

"ဘာမှမလုပ်ပါဘူး၊ ဘာမှ လုပ်ချင်စိတ်လည်း မရှိဘူးလေ၊ တောကြီးမျက်မည်းထဲမှာ ကိုယ်တစ်ယောက်တည်း ရောက်နေသလိုပဲ…"

ခဂ္ဂါ၏ စကားကို နေဒွန်းက သံယောင်လိုက်၏။

"တောကြီးမျက်မည်း"

"အင်း…"

"ဒါဆိုရင် နင့်တောက အမကြီးပဲ…"

ခဂ္ဂါ မျက်လုံးဝိုင်းသွားရပြန်သည်။

"တောပဲဟ… အထီး၊ အမ ရှိမလား"

"နင်ပြောတဲ့ပုံအရဆိုရင်တော့ အဲဒီတောဟာ အမ ဖြစ်နေတယ်"

"တောက်တီးတောက်တဲ့ဟာ…"

နေဒွန်းက သူ့မျက်နှာကို ပြုံးကြည့်ရင်း ဆက်ပြော၏။

"အကောင်းပြောတာ၊ မျက်မည်းဆိုတာ ပေါ်ရာဏစကားအရ ဆယ့်ငါးနှစ်သမီးကို ခေါ်တာ…"

"အမ်"

"တောကြီးမျက်မည်းဆိုတာကို နင် ဘာမှ ကြောက်နေစရာမလိုဘူး၊ အဲဒါ ဆယ့်ငါးနှစ်အရွယ် တောမလေးပဲ…"

သူ့စကားကြောင့် ခဂ္ဂါ ဘာဆက်ပြောရမည်မှန်းမသိ ဖြစ်သွားသည်။ နေဒွန်းက…

"စိတ်ညစ်စရာ ရှိလို့ရှိရင် စာနဲ့ ချရေးတာပဲဖြစ်ဖြစ်၊ တခြားလူတစ်ယောက်ကို ပြောပြတာဖြစ်ဖြစ် လုပ်ရတယ်၊ အဲဒါမှ ရင်ထဲမှာ ပေါ့သွားတာ"

"ဟာ... မပြောချင်ပါဘူးဟာ၊ ကိုယ့်အကြောင်း သူများကို မပြောချင်ပါဘူး"

"ဟဲ ဟဲ... အဲဒါကို ငါ သိပါတယ်၊ စာအုပ်ထဲလည်း နင် ဘယ်ချရေးချင်ပါ့မလဲ"

"အိုး... မရေးချင်ပါဘူး၊ ကိုယ်ရေးထားတာ သူများတွေတွေ့သွားရင် ရှက်စရာကြီး..."

"ဟဲဟဲ... သိနေတယ်လေ၊ အဲဒါကြောင့် ဒီမောင်က ဒီစဉ့်အိုးကြီးကို ယူလာတာ"

"အံမာ... ဘာဆိုင်လို့လဲ"

"ငါပြောပြမယ်လေ..."

"အင်း... ပြော"

"ဒီစဉ့်အိုးကြီးကို နင့်အခန်းထောင့်တစ်နေရာမှာ ထား"

"အင်း... ပြီးတော့ရော..."

"စိတ်ညစ်လာလို့ရှိရင် အဲဒီ စဉ့်အိုးကြီးထဲ ခေါင်းသွင်းပြီးအော်..."

"ဟင်..."

"ကိုယ်ခံစားရတာ ကိုယ်မကျေနပ်တာတွေရှိရင် အဲဒီ စဉ့်အိုးကြီးထဲ အကုန်ပြောထည့်၊ ရင်ထဲမှာ ပေါ့သွားတဲ့အထိ ပြောပစ်"

"အဲ..."

"ဒီအိုးကို ငါက 'စိတ်ဖြေအိုး' လို့ နာမည်ပေးထားတယ်"

ခဏ္ဍ ငူတူငိုင်တိုင်ဖြစ်နေမိချိန်မှာပဲ နေခွန်းက အိမ်ဖော်မလေးကို လှမ်းခေါ်သည်။

"ဟဲ့... ခင်သီတာဝင်း"

"ရှင်..."

"အဲဒီနားမှာ မယောင်မလည်နဲ့ ဘာလုပ်နေတာလဲ"

"ဘာမှ မလုပ်ပါဘူး"

"နင့်လက်ထဲက ဘာလဲ၊ ကာတွန်းစာအုပ်လား..."

"မဟုတ်ပါဘူး... အင်္ဂလိပ်စကားပြောစာအုပ်၊ အင်္ဂလိပ်စကားပြော ကျင့်မလို့"

ထိုစကားကြောင့် နေခွန်းပင်လျှင် အငိုက်မိသွားသည်။ ပြီးမှ ပြုံးစိစိဖြစ်လာပြီး...

"အင်း... နင် အင်္ဂလိပ်စကားပြော ကျင့်ဖို့အတွက်လည်း စဉ့်အိုးတစ်လုံး ဝယ်ပေးရမလို ဖြစ်နေပြီ၊ ထား... ထား... ဒီစဉ့်အိုးကြီးကို ဒရိုင်ဘာသွားခေါ်ပြီး သယ်သွား။ သူ့အခန်းထဲ သွားထည့်ထားလိုက်၊ ကျမကွဲစေနဲ့"

အင်း... နေခွန်းကလည်း စည်းရုံးရေးကောင်းသည်လေ...။

အခန်းထဲသို့ ထိုအိုးကြီးရောက်ကာစ နှစ်ရက်သုံးရက်မှာ ရှုပ်သလို ခံစားနေရ၏။ တစ်ရက်ကျမှ ဘာရယ် မဟုတ်ဘဲ စဉ့်အိုးဝမှာ မျက်နှာအပ်ပြီး စကားကြီးတစ်ခွန်းကို သုံးကြိမ်တိတိ အော်ပစ်လိုက်သည်။

"နေခွန်း... ငပေါ"

"နေခွန်း... ငပေါ"

"နေခွန်း... ငပေါ"

MCMBOOKSHELF

ပြီး... ဟန်ဆောင်မှုကင်းမဲ့စွာ ချုပ်တည်းမှုကင်းမဲ့စွာ နစ်နစ်ခြိုက်ခြိုက် ရယ်ချပစ်လိုက်သည်။ စိတ်အမောတို့ အမှန်တကယ် ပြေလျော့ပျောက်ကွယ်သွားလေသည်။

အခု အခန်းထဲမှာနေရင်း ပျင်းပျင်းရှိသဖြင့် ထိုစဥ့်အိုးကြီးကို လှည့်ပတ် ကြည့်နေမိပြန်သည်။ အပြင်း စိတ်ဖြေအိုး... တဲ့။

"သမီးရေ..."

အောက်ထပ်မှ မေမေ့ခေါ်သံကြားရသည်။

"ရှင်..."

"လင်းလင်း ရောက်နေတယ်"

"အပေါ်လွှတ်လိုက်လေ မေမေ"

လှေခါးမှ တက်လာသော ခြေသံတဒုံးဒုံးနှင့်အတူ လင်းလင်း ရောက်လာသည်။

"ကောင်မ ဘာဖြစ်လာတာလဲ"

ထိုသို့ပင် လင်းလင်းကို ဆီးကြိုနှုတ်ဆက်လိုက်မိ၏။ လင်းလင်း၏ မျက်နှာက မချိုမချဉ်ဖြစ်နေသောကြောင့်ပင်။ လင်းလင်းက ခင်္ဂါ၏ မွေ့ယာပေါ်တွင် တင်ပါးလွှဲဝင်ထိုင်ရင်း...

"ငါ နင့်ကို သတင်းထူးတစ်ခု ပြောမလို့"

"သတင်းထူး..."

"အင်း..."

"ဘာများပါလိမ့်၊ နင့်ကို ရဲအောင်က ရည်းစားစကားပြောလို့လား၊ သူ့ကန့်ထဲက ပုစွန်တစ်ကောင် နင့်ကို ဖမ်းပေးပြီး ချစ်သက်သေ ပြလိုက်လို့လား..."

"ဟာ... ပေါက်ကရတွေ"

"ခစ် ခစ်"

လင်းလင်း အရှိန်ပျက်သွားတာကို ကြည့်ရင်း သဘောကျစွာ ရယ်မိ၏။ ရဲအောင်က ပုစွန်မွေးမြူရေး ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်သူ ဖြစ်သည်။ သူ့ပုစွန်များကို အလွန်ဂရုစိုက်ပြီး သူ့ပုစွန်နှင့် ပတ်သက်လျှင် အလွန်ကပ်စေးနည်းသူဖြစ်၏။

သို့သော် ရဲအောင်က လင်းလင်းကို စိတ်ဝင်စားပုံတော့ မပေါ်ပါ။ ဟိုတလောက "ရဲအောင်၏ နှုတ်ခမ်းမွေးကပင်လျှင် ပုစွန်နှုတ်ခမ်းမွေးနှင့် တူလာကြောင်း" လင်းလင်းက သုံးသပ်ဝေဖန်ပြီးသည်၏နောက်တွင် ခင်္ဂါ ထိုသို့ပင် စ,နေမိတော့၏။

"ငါက နင့်အတွက် တကယ့်သတင်းထူးမို့လို့ လာပြောတာ"

"တကယ် ထူးသလား..."

လင်းလင်းက မျက်နှာထားကို ချီလိုက်၏။

"အိုး... ထူးမှထူး"

"ဘယ်လိုထူးသလဲ ပြောပါဦး၊ ငါ နည်းနည်းစိတ်ဝင်စားလာပြီ"

"စိတ်ဝင်စားရမယ်လေ၊ ဒါ နင့်အတွက် အရေးကြီးတဲ့ သတင်းပဲ၊ ဒီလိုဟ..."

ထို့နောက် လင်းလင်းက လိုရင်းကို တိုရှင်းစွာပြော၏။

"မြင့်လွင်မိုး ကတုံးကြီးဖြစ်သွားပြီ"

"ဟယ်..."

ခင့်ဂွါ အံ့သြသွား၏။ မြင့်လွင်မိုး၏ ဆံပင်အတွက် အံ့သြခြင်း မဟုတ်ပါ။ သူ့ဘာသာ ကတုံးပဲတုံးတုံး၊ သျှောင်ထုံးပဲ ထုံးထုံး၊ စိတ်မဝင်စား။ အံ့သြမိသည်က... သပ်သပ် အကြောင်းအရာကြောင့် ဖြစ်၏။

"ဟိုကောင် ပြောထားတဲ့အတိုင်း တကယ်ဖြစ်သွားပါရော့လား"

"အေး... ငါလည်း အဲဒါကိုပဲ အံ့သြနေတာ..."

"ဘုန်းကြီးဝတ်မလို့လား..."

"ဟင့်အင်း... အဲလိုပုံမျိုးလည်း မပေါက်ပါဘူး"

"သူ့ဘာသာ ညှပ်ချင်လို့ ညှပ်တာလား..."

"အဲလိုလည်း ငါမထင်ဘူး"

"ဘာဖြစ်လို့လဲ..."

"ကတုံးကြီးဖြစ်သွားတာကို သူ ရှက်နေပုံရတယ်။ မျက်နှာကလဲ အောက်သိုးသိုးနဲ့ လူကြားထဲမှာလည်း အနေခက်နေပုံရတယ်"

"နေဒွန်း လက်ချက်များလား..."

"မပြောတတ်ဘူး"

စကားအဆုံးမှာ လင်းလင်းက သူ့ထုံးစံအတိုင်း စိတ်မြန်လက်မြန် ပြုတော့၏။ စားပွဲပေါ်မှ တယ်လီဖုန်းခွက်ကို ကောက်ကိုင်လိုက်ခြင်းဖြစ်၏။

"နင်... ဘယ်ကို ဆက်မလို့လဲ"

"နေဒွန်းဆီ..."

"ကုမ္ပဏီကိုလား..."

"အင်းပေါ့၊ ဒီအချိန် သူ ကုမ္ပဏီမှာရှိမှာ၊ အဲဒီမဆက်လည်း တခြားဆက်စရာ မရှိဘူး၊ နေဒွန်းတို့ အိမ်မှာ တယ်လီဖုန်းမရှိဘူး"

ထို့နောက် ဖုန်းခွက်ကိုင်ပြီး...

"ဟဲလို... ကိုနေဒွန်းနဲ့ စကားပြောချင်လို့ပါရှင်"

ခင့်ဂွါက ဖုန်းခွက်မှ စပီကာကို လက်ဖြင့် နှိပ်လိုက်၏။ တစ်ဖက်မှ ပြန်ပြောသံကို သူမကပါ ကြားလိုက်ရသည်။

"ဟုတ်ကဲ့... ကိုနေဒွန်းနဲ့ ပြောချင်ရင်တော့ ကျွန်တော့်ကိုပဲ ပြောခဲ့ပါ"

"ရှင်... ဘာဖြစ်လို့လဲ၊ သူမရှိဘူးလား..."

"ရှိပါတယ်"

"ဟင်... ရှိရင် သူနဲ့ပြောမှာပေါ့၊ ဘာကိစ္စ ရှင့်ကို ပြောရမှာလဲ"

"ကျွန်တော့်ကို ပြောရပါလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

MCMBOOKSHELF

"ကျွန်တော်က နေဒွန်းပါ"

လင်းလင်း ဆဲဆိုလိုက်တော့၏။ ခဂ္ဂါက ပြုံးနေမိ၏။ နေဒွန်းဟာ တော်တော်နောက်တဲ့ ကောင်ပဲ ဟုလည်း တွေးမိသည်။ တစ်ဖက်မှ နေဒွန်းအသံကို ကြားရ၏။

"ဟဲဟဲ… အခုပြောနေတာ "မှောင်မှောင်" မဟုတ်လား"

"ဘာ မှောင်မှောင်လဲ"

"မေဝင်းမှောင်… လေ၊ သြော်… မှားလို့ မှားလို့၊ လင်းလင်း မဟုတ်လား"

"ဟင်း…"

လင်းလင်း မကျေမနပ်ဖြစ်နေလေသည်။

"နင်က ငါ့ကို ဘာကိစ္စ အကြောင်းရိုက်ရတာလဲ"

"မရိုက်ပါဘူး၊ နင့်ဘာသာ ငါ့အသံကို မမှတ်မိတာ၊ ဒါနဲ့များ သူ့ကိုယ်သူ လင်းလင်းမြတ်တဲ့"

"ဟင်… ဘာဆိုင်လို့လဲ"

"မသိဘူးလေ…"

ခဂ္ဂါ ပါးစပ်ကို လက်နှင့်အုပ်ပြီး နံဘေးမှ ရယ်နေမိတော့၏။ လင်းလင်းက ဖုန်းပြောနေရာမှ မျက်လုံးထောင့်ကပ်ပြီး ခဂ္ဂါကို မကျေမနပ်ကြည့်သည်။ ပြီး…

"ဟဲ့… နေဒွန်း"

"ဟေ…"

"နင့်ကောင်အကြောင်း ပြောမလို့"

"ငါ့ကောင် ဘယ်သူလဲ ရဲအောင်လား"

"မဟုတ်ဘူး၊ ဟို… မြင့်လွင်မိုး… မြင့်လွင်မိုး"

"ဟင်… ဟုတ်လား၊ ဒီကောင် ဘာလုပ်ပြန်ပြီလဲ"

"နင်… မသိသေးဘူးလား"

"ဘာကို သိရမှာလဲ"

"သူ့ခေါင်းမှာ ဘာမှ မရှိတော့ဘူး"

"ငါ… နားမရှင်းဘူး"

"မြင့်လွင်မိုး ကတုံးဖြစ်သွားပြီလို့ ပြောတာ"

"သြော်… ဟုတ်လား၊ ငါ မတွေ့သေးဘူး၊ ဒါပေမဲ့ ဒါက ငါ သိပြီးသားပါ၊ ဒီလို ဖြစ်လာမယ်လို့ မြင်ပြီးသားပါ"

"အေး… အဲဒါ ငါမေးမလို့"

"မေးလေ ဘာမေးမလို့လဲ"

"မြင့်လွင်မိုးက ကတုံးဖြစ်မယ်ဆိုတာကို နင်က ဘယ်လိုလုပ် ကြိုသိနေတာလဲ"

"ငါက ဟဲဟဲ… အကြားအမြင်"

"လုပ်မနေနဲ့"

သူ့စကားမဆုံးမီမှာ လင်းလင်းက ဖြတ်အော်ထည့်လိုက်၏။

MCMBOOKSHELF

"ဟေ... ဖြေးဖြေးအော်ပါဟ၊ ခုလောက်အသံမာရင် နင်က ဒီတစ်သက် အပျိုကြီး ဖြစ်တော့မှာပဲ"

"ဘာဆိုင်လို့လဲ"

"နင့်ကိုကြိုက်တဲ့ ဘဲတွေက နင့်ကို ကြောက်မှာပေါ့ဟ၊ ကရာတေးကလည်း တတ်သေးတယ်၊ လေသံကလည်း ပြင်းသေးတယ်။ ဂုမ္ဘာန်တစ်ထောင်စောင့်တဲ့ နှုတ်ခမ်းပဲ"

'ဂုမ္ဘာန်တစ်ထောင်စောင့်တဲ့နှုတ်ခမ်း' တဲ့...။ နေဒွန်း သုံးသွားသော စကားလုံးလေးက လှသည်။ နေဒွန်း၏ စကားအရာ ကျွမ်းကျင်ပုံကို သူမတို့အားလုံး အသိအမှတ်မပြုချင်၍ မရပေ။

"ကဲကဲ... ငါ့ဘာသာ အပျိုကြီးဖြစ်လည်း ရှိပါစေတော့၊ အခု မြင့်လွင်မိုး ဘယ်လိုလုပ် ကတုံးဖြစ်သွားတယ်ဆိုတာ ငါ သိချင်တယ်"

"ဟဲဟဲ... ဒီလိုဟ"

"အင်း... ပြော"

"မြင့်လွင်မိုးမှာ တင်အောင်မျိုးဆိုတဲ့ ညီတစ်ယောက်ရှိတယ်။ အဲဒီကောင်က ကတုံးဟ..."

"အင်း..."

"အဲဒီကတုံးကို နောက်ပြောင်ပြီး ငါက ခေါင်းလိမ်းဆီတစ်ပုလင်း ပေးလိုက်တယ်"

"အဲဒီတော့..."

"ကတုံးက ဒီ ခေါင်းလိမ်းဆီကို လိမ်းလို့မရဘူး... ခေါင်းလိမ်းဆီ အရူးဖြစ်တဲ့ သူ့အစ်ကို မြင့်လွင်မိုးက ယူလိမ်းတယ်"

"နင်ပေးလိုက်တဲ့ ခေါင်းလိမ်းဆီကိုပေါ့..."

"အင်း... မြင့်လွင်မိုးက ယူလိမ်းတယ်၊ ဒါပေမဲ့ ငါက ပေးကတည်းက ကတုံးကို နောက်ပြီးပေးတဲ့ ခေါင်းလိမ်းဆီပဲ၊ အထဲထဲမှာ ကော်တွေထည့်ထားတာ"

"ဟောတော့..."

"မြင့်လွင်မိုးက လိမ်း... သူ့တစ်ခေါင်းလုံး ကော်တွေကပ်... ဘယ်လိုမှ လုပ်လို့မရတော့ ကတုံး တုံးပစ်လိုက်ရတာပေါ့"

"ဟယ်... ခစ်ခစ်၊ နင်တော်တော် ရှုပ်တာပဲ"

"ဟဲဟဲ... ငါရဲ့ တနင်္လာနံကလေး စိတ်ချမ်းသာဖို့ပေါ့ဟာ"

"ဘာ... နင့်ရဲ့ တနင်္လာနံ ဟုတ်လား"

လင်းလင်းက ပြောပြောဆိုဆို ခက္ခကို လှည့်ကြည့်၏။ ခက္ခက ထိုင်ရာမှ ဝုန်းခနဲထပြီး ဖုန်းခွက်ကို ဆွဲယူလိုက်၏။

"နေဒွန်း... ကောင်စုတ်... ကောင်နာ"

"ဟာ..."

နေဒွန်း အံ့သြသွားပုံရသည်။ နံဘေးမှာ ခက္ခရှိနေသည်ဟု သူ ထင်ထားပုံမရ။

"ခုနက နင်... ဘာပြောတယ်"

"ဟဲဟဲ... ဟို... ဘာမှ မပြောရပါလား၊ ဟဲဟဲ..."

"ကောင်စုတ် ကောင်နာနော်၊ ဆေးလိပ်မသောက်တတ်ဘဲနဲ့များ သောက်နေရသေးတယ်"

"ဟေ..."

"နင် ဖွာနေတဲ့ ဆေးလိပ်မီးခိုးက သူများ အသက်ရှူရတာကို အနှောင့်အယှက်ဖြစ်တယ်ဟဲ့၊ နင့်ဘေးက အလုပ်သမားက မျက်နှာတစ်ဖက်လွှဲထားတာ နင်... အားမနာဘူးလား"

စကားတွေ ဘယ်ရောက်သွားတာပါလိမ့်ဟု လင်းလင်း မျက်လုံးပြူးသွားသည်။ စပီကာမှ ကြားရသော နေဒွန်း၏အသံကလည်း အံ့အံ့ညြညြဖြစ်နေ၏။

"ငါ ဆေးလိပ်ဖွာနေတာရော၊ ဘေးလူမျက်နှာလွှဲထားတာရော နင်က ဘယ်လိုလုပ် သိတာတုန်း၊ ငါ... လိုက်မမီတော့ဘူး"

ခဂ္ဂါရင်ထဲမှာ ဒိုင်းခနဲဖြစ်သွား၏။ ဖုန်းခွက်ကိုင်ပြီး အသက်မဲ့သလို ငြိမ်သက်သွားမိသည်။

"အို... မြတ်စွာဘုရား"

သူ့လက်ထဲမှ ဖုန်းခွက်ကို လင်းလင်းက ပြန်ဆွဲယူလိုက်၏။ ဖုန်းခွက်မှတစ်ဆင့် မပြောတော့ဘဲ စပီကာမှတစ်ဆင့် လှမ်းအော်သည်။

"နေဒွန်း"

"ဟေ"

"ခဂ္ဂါ နေမကောင်းဘူး..."

"ဟုတ်လား... ဘာဖြစ်တာလဲ"

"ဘာမှ မဖြစ်ဘူး၊ နင်နဲ့ စကားပြောလိုက်လို့ နေမကောင်း ဖြစ်သွားတာ"

"ဟင်..."

"ဖုန်းချလိုက်တော့၊ နောက်မှပဲ ဆက်ပြောကြမယ်"

"အေး... အေး"

ဖုန်းခွက်ချပြီးချိန်ထိ ခဂ္ဂါက ကျောက်ရုပ်ဆန်ဆန် ငြိမ်သက်နေဆဲ။ လင်းလင်းက ပင့်သက်ရှိုက်လိုက်မိသည်။

"ခဂ္ဂါ..."

လင်းလင်း၏ လက်က ခဂ္ဂါ၏ပုခုံးကို သိုင်းဖက်လိုက်သည်။ ခဂ္ဂါ၏ ကိုယ်ကလေးက တောင့်တင်းနေ၏။ မည်သူကမျှ စကားမပြောဖြစ်ကြ၊ အခန်းထဲမှာ တိတ်ဆိတ်သွား၏။

*****

ဆေးရုံမှဆင်း၍ အိမ်ပြန်နားပြီး၊ သုံးရက်မြောက်သောနေ့မှာ ဆန်းကြယ်ထူးခြားသော သူ့အခြေအနေကို သူ ပြန်ရိပ်မိခဲ့လေသည်။ အိပ်ရာထဲမှာ လှဲ၍ နားနားနေနေ စိတ်ကို လျှော့ထားချိန်မှာ ဖြစ်သည်။ မေမေ့အသံကို ကြားလိုက်ရသည်။ လှေခါးတစ်ဝက်လောက်မှ လှမ်းပြောခြင်းဖြစ်၏။

"သမီးရေ... သဇင်လာတယ်"

"အော်... ဟုတ်"

အဲလစ်သဇင် ရောက်လာသည်။ လူပမာ သတင်းမေးလာခြင်းဖြစ်သည်။ ခက္ခါ ပျော်သွားသည်။ ဒီလိုအချိန်မှာ... သူငယ်ချင်းတစ်ယောက်နှင့် ပေါက်ကရလေးဆယ် လျှောက်ပြောနေရခြင်းမှာ ရောဂါကို မေ့သွားနိုင်သည်။

"သဇင်... လာလေ"

"အေး... နင် သက်သာလား"

"သက်သာပါတယ်ဟာ..."

"အေး... ဆေးရုံမှာတုန်းကထက်တော့ နင် လန်းတယ်၊ ပြည့်လာသလိုပဲ"

"အဲဒါဆိုရင်တော့ ကောင်းတာပေါ့ဟာ"

ဆေးရုံမှာတုန်းကလည်း သဇင်က တစ်ခေါက်ရောက်လာသေးသည်။ ထိုစဉ်က ခေါင်းမူးနေသဖြင့် သူ့ကို စကားကောင်းကောင်း ပြန်မပြောလိုက်နိုင်။ သဇင်က ခုတင်ပေါ်မှာပဲ ဝင်ထိုင်၏။

"လင်းလင်း မလာဘူးလား..."

"လာတယ်၊ စောစောကပဲ ပြန်သွားတာ"

"သူက ကလေးတွေကို ကရာတေး ပြန်သင်ပေးနေတယ်ဆို"

ခက္ခါ ပြုံးမိ၏။

"အေး..."

"သူ့တပည့်ကလေးတစ်ယောက်ကို အခု ငါ လမ်းမှာတွေ့ခဲ့တယ်"

"ဟုတ်လား..."

"အေး၊ ဘာလုပ်နေတယ် အောက်မေ့လဲ..."

"ဘာလုပ်နေလို့လဲ..."

"အုတ်ခုံနံဘေးမှာ ခြောက်ပန်းလှန်နေတယ်ဟေ့"

ခက္ခါ ခပ်တိုးတိုးရယ်မိသည်။ ရယ်သံအဆုံးမှာ ရွှတ်နောက်နောက်ဖြင့် ပြန်ပြောဖြစ်သည်။

"အဲဒါပေါ့ သဇင်ရဲ့..."

"ဘာလဲ..."

"ဆရာကောင်းတပည့် ပန်းခေါင်းလှန်တယ်ဆိုတာ..."

သဇင်က နှုတ်ခမ်းနှစ်ဖက်ကို စေ့ထားရင်း ပြုံး၏။ သဇင်က ပြုံးခဲ ရယ်ခဲသည်။

"ဆရာကောင်းတပည့်၊ ပန်းကောင်းပန်လို့ပဲ ကြားဖူးပါတယ်ဟာ"

"အင်းလေ၊ နင် အခု မျက်မြင်တွေ့လာတယ် မဟုတ်လား၊ ဆရာကောင်းတပည့် ပန်းခေါင်းလှန်နေတာ"

ပြောပြီး ခက္ခါ ရယ်သဖြင့် သဇင်ကလည်း လိုက်ရယ်သည်။

"နင် အခု... ဘယ်သူနဲ့ လာတာလဲ"

"နင်တို့လို ဒရိုင်ဘာ မထားတော့၊ ကိုယ့်ဘာသာ မောင်းလာရတာပေါ့ဟာ၊ တစ်ယောက်တည်းပါပဲ"

ခက္ခါက ရယ်ကျဲကျဲဖြင့် ဆက်မေးလိုက်၏။

"ဘာလဲ မီးပွိုင့်မှာ ပြဿနာတက်လာတယ်ပေါ့ ဟုတ်လား"

MCMBOOKSHELF

သဇင့်မျက်နှာ မှုန်သွားသည်။

"အေးလေ၊ ကားကလည်း စက်သေသွားတယ်၊ ရဲကလည်း ငါ့ကို ရစ်တယ်၊ မီးစိမ်းပြနေရက်နဲ့ မမောင်းလို့တဲ့"

"ပြောလိုက်ပေါ့... ရှင့်မီးပွိုင့်က ခုနကပဲ မမောင်းနဲ့ဆိုပြီး နီတယ်၊ အခုပဲ မောင်းဆိုပြီး စိမ်းတယ်၊ ကျွန်မက ဘယ်လိုလုပ်ရမှာလဲလို့..."

သဇင်က သူ့စကားကို သဘောကျပြီး နှုတ်ခမ်းစေ့၍ ပြုံးပြန်သည်။

"ငါလည်း စိတ်တိုတာပေါ့ဟာ...၊ ဟို ဘယ်လိုပြောရမလဲ"

သူ ဘယ်လိုပြောရမလဲဆိုတာကို မျက်လုံးအဝိုင်းသားနှင့် စဉ်းစားနေရင်းက တစ်စုံတစ်ခုကို တွေးမိသလို သဇင် အလန့်တကြား ဖြစ်သွားသည်။

"ဟဲ့... ခင္ဂါ"

"ဟင်..."

"နေပါဦး... နင်က ဘယ်လိုလုပ် သိတာလဲ"

"ဘာကိုလဲ..."

"မီးပွိုင့်မှာ ငါ ရဲနဲ့ ပြဿနာတက်တာကိုလေ၊ နင်က ဘယ်လိုလုပ် သိတာလဲ"

"အိုး... ဟုတ်ပါရဲ့"

မိမိက ဘယ်လိုလုပ်များ သိလိုက်သည်လဲ၊ ခင္ဂါကိုယ်တိုင်လည်း မတွေးတတ်အောင် ဖြစ်သွားရသည်။

အာရုံထဲမှာ အလိုအလျောက် ထိုသို့ ထင်မြင်မိခြင်းဖြစ်၏။ နှုတ်ကလည်း ပေါ့ပေါ့ပါးပါး ပြောထွက်ခဲ့ခြင်းဖြစ်၏။

မြတ်စွာဘုရားရေ...။

သို့သော် ခင္ဂါက အခြေအနေကို ချက်ချင်း ပြန်ထိန်းလိုက်နိုင်သည်။ ဟက်ခနဲ တစ်ချက်ရယ်ပြီး...

"မဟုတ်ပါဘူး၊ ငါက ရမ်းပြောတာပါ၊ နင်က တကယ်ဖြစ်တာနဲ့ မတော်တဆ တိုက်ဆိုင်သွားတာပါ"

ထိုအခါကျမှ စိတ်သက်သာရာ ရသွားဟန်ဖြင့် သဇင်က သက်ပြင်းကြီးချသည်။

"တော်ပါသေးရဲ့ ခင္ဂါရယ်"

"ဘာ... တော်ပါသေးရဲ့လဲ"

"ငါက လန့်သွားတာ"

"ဘာကို လန့်တာလဲ"

"ငါက နင်များ ဆိုင်ကိုမေထရီ ဖြစ်နေပြီလားလို့..."

"ဩော်... ဟင့်အင်း၊ အဟင်း... မဟုတ်ပါဘူး"

ငြင်းသာငြင်းလိုက်ရသော်လည်း လေသံက အတော်ပျော့သည်။ ကံကောင်းထောက်မစွာ သဇင်ကလည်း မရိပ်မိပါ။

နာရီဝက်ခန့်အကြာမှာ သဇင် ပြန်သွား၏။ အိပ်ရာထဲမှာ ပြန်လှဲနေရင်း သူမ၏စိတ်တွေ အုံ့ဆိုင်းမှိုင်းဝေနေသည်။

ဆိုင်ကိုမေထရီ Psychomerry ဆိုသည်က အာရုံအမြင်အကြားရခြင်းကို ဆိုလိုခြင်းဖြစ်၏။

စိတ်က ပုံမှန်မဟုတ်တော့ဘဲ တစ်စုံတစ်ရာချို့ယွင်းသွားခြင်းသဘောကို ဆောင်သည်ဟု မိမိ နားလည်သည်။

"ဘုရား... ဘုရား"

မကြာမီမှာပဲ သူမ၏အနေအထားကို သူမ ပြတ်ပြတ်သားသား သိလိုက်ရလေသည်။ အိမ်ဖော်မလေး ရောက်လာသောအချိန်မှာ ဖြစ်၏။

"မမ"

"ဘာလဲ"

"ဦးကျော်စိန်ဝင်းဆိုတဲ့ လူကြီးကို မမ သိသလား..."

ဇဝေဇဝါ ဖြစ်သွားသေး၏။ ပြီးမှ...

"ပန်းချီဆရာကို ပြောတာလား..."

"အင်း... ဟုတ်တယ် မမ"

"အင်း... ဘာဖြစ်လို့လဲ..."

"မမ သူ့ပန်းချီကားကို ဝယ်ထားတယ်ဆို"

ထိုအခါကျမှ ခဂ္ဂါ သတိရ၏။

"အေး... ဟုတ်တယ်၊ ပြပွဲကနေ သူ့ပန်းချီကားကို ငါ ဝယ်ထားလိုက်တာ၊ ဆေးရုံတက်ရတာနဲ့ ဘာနဲ့ အဲဒီပန်းချီကားကို သွားမယူဖြစ်ဘူး၊ အခု ဘာဖြစ်လို့လဲ"

"ဟို... အဲဒီပန်းချီပြပွဲ မန်နေဂျာဆိုတဲ့ ဦးလေးကြီးက မမအိပ်နေတုန်း ပန်းချီကား လာပေးသွားတယ်"

ခဂ္ဂါ ခေါင်းညိတ်လိုက်၏။

"အေး... ဘယ်မှာလဲ၊ အဲဒီပန်းချီကား"

"ရှိတယ်၊ အိမ်ခန်းစားပွဲပေါ်မှာ..."

"ဒီကို ယူလာခဲ့"

"ဟုတ်..."

ခဏအကြာမှာ ပန်းချီကားကြီးပိုက်၍ ခင်သီတာဝင်း ပြန်ရောက်လာသည်။

"ရော့... မမ"

ခဂ္ဂါ ပန်းချီကားကြီးကို ကြည့်ရှုနေလိုက်သည်။ အလွန်နှစ်ခြိုက်မိ၍ ဤပန်းချီကားကို ဝယ်လာခဲ့ခြင်းဖြစ်သည်။ ဆိပ်ကမ်းတစ်နေရာကို နောက်ခံထား၍ ရေးဆွဲထားသည်။ ဈေးကွဲ၍ အိမ်ပြန်လာသော ဈေးသည်အချို့ကို သရုပ်ဖော်ထားသည်။

"မမ ကျွန်မ အောက်ဆင်းလိုက်ဦးမယ်"

"အေး... အေး... သွား"

"Thanks...မမ"

MCMBOOKSHELF

မျက်စောင်းထိုးလိုက်မိ၏။ ခင်သီတာဝင်းက လျှာလေးတစ်လစ်ထုတ်ကာ လှော်ခါးမှ တဒုန်းဒုန်းပြေးဆင်းသွားသည်။

ပန်းချီကားကို တစိမ့်စိမ့်ပြန်လည်ကြည့်ရှုလိုက်၏။ ပန်းချီကား အမည်က 'အိမ်အပြန်' တဲ့။

ဈေးပန်းများကို ရွက်၍ ပြန်လာသော ဈေးသည်အချို့…။ နောက်မှာ ဧရာဝတီမြစ်၊ ထို့နောက်မှာမှ မှိုင်းညို့မှုန်ဝေသော တောင်စဉ်တန်းကြီး။

**ကြည့်နေရင်း ကြည့်နေရင်း…**

**ရေတွေက…**

**ပန်းချီကားထဲမှ မြစ်ရေတွေက…**

**ဖြည်းဖြည်းချင်း…**

**…စီးဆင်းလာသည်။**

လေတွေတသွဲ့သွဲ့ သွန်းတိုက်လာသည်။ လေငွေ့ထဲမှာ မြစ်ရေ၏ ရနံ့ရှုရှုကို ရ၏။ မြစ်ရေးစီးကြောင်းထဲမှာ လှေသမ္ဗာန်တွေ တစ်စင်းပြီးတစ်စင်း ဖြတ်သန်းဝင်ရောက်လာသည်။

**ထို့နောက်…**

**နေရောင်ခြည်…**

**ဈေးသည်များ…**

**အသံဗလံများ…**

**ထို့နောက်…**

**သစ်ကိုင်း… မြေမှုန့်နှင့် ငှက်ကလေးများ…**

**ထို့နောက်…**

"အို…"

လက်ဖျားခြေဖျားတွေ အေးစက်သွား၏။ သွေးတွေ တဆစ်ဆစ် ပူရှိန်းလာ၏။ အသက်ရှူရမှာကိုပင် မေ့လျော့နေမိတော့သည်။

"ဘိုးတော်သိကြား ကယ်ပါ"

ပန်းချီကားထဲမှ ကာလဌာနဆီသို့ သူ အမှန်တကယ်ရောက်ရှိသွားခြင်း ဖြစ်သည်။

အာရုံထဲမှာ အရုပ်များ…၊ အရောင်များ…၊ အရိပ်များ…။

ပန်းချီကားကို ကျော်လွန်၍ မူလနေရာရှုခင်း၊ မူလလူသူနှင့် အသံဗလံ အစစ်အမှန်အဖြစ် သူမ ခံစားသိရှိနေရ၏။

"ဒုန်း…"

လက်ထဲမှ ပန်းချီကားက ကြမ်းပြင်ဆီ လွတ်ကျသွားသည်။ ကြောင်ကြောင်ငေးငေးကြီး ဖြစ်နေမိ၏။

"မမ ကျွန်မ လာပြီ"

"သမီး ဘာဖြစ်လို့လဲ"

MCMBOOKSHELF

မေမေနှင့် ခင်သီတာဝင်းတို့ အပြေးအလွှား ရောက်လာကြသည်။

"သမီး ဘာဖြစ်တာလဲ"

မေမေက သူ့ခန္ဓာကိုယ်ကို ဝင်ရောက်ထွေးဖက်၏။ ခင်သီတာဝင်းက ကြမ်းပြင်ပေါ်မှ ပန်းချီကားကို ကောက်၍ နံရံတစ်နေရာတွင် သွားထောင်သည်။

"ဘာမှ မဖြစ်ပါဘူး"

"နေကောင်းရဲ့လား..."

"ကောင်းပါတယ်..."

"ခေါင်းကိုက်လို့လား..."

"အင်း... နည်းနည်း"

"အေး... ပြန်လှဲနေလိုက်သမီး၊ မေမေ ဒေါက်တာခင်ထွန်းကို ဖုန်းဆက်လိုက်မယ်"

ဆရာဝန် ရောက်လာသည်။ ဆရာဝန် ပြန်သွားသည်အထိ ဘာစကားကိုမှ ပြောချင်ဆိုချင်စိတ်မရှိ၊ မေမေက ဘာမှန်း မရိပ်မိသော်လည်း ရော်ရမ်းစိုးရိမ်နေပုံပေါ်သည်။

"သမီး..."

"ဟင်..."

"ဘုရားရှိခိုးနော်..."

"ဟုတ်..."

"ပဌာန်းရွတ်"

"ဟုတ်..."

"ပဌာန်းက အန္တရာယ်တွေကို ကာကွယ်တယ်၊ တန်ပြန်ဓာတ်ကို ပေးတယ်၊ ပဌာန်းနဲ့ တန်ပြန်နဲ့က ကတ်ကင်းမိတယ်"

"ဟုတ်ကဲ့"

ထိုညက တစ်ညလုံးလိုလို (အိပ်ဆေးသောက်၍ အိပ်သည့်တိုင်အောင်) အိပ်မပျော်...။ လူးကာလိမ့်ကာနှင့် ထိုညကို ချောက်ချားစွာ ဖြတ်သန်းခဲ့ရ၏။

နောက်ရက်တွေမှာ ထူးထူးခြားခြား ထပ်မပေါ်။ အာရုံတွေ ယောက်ယက်ခတ် မြင်ထင်ခြင်းမျိုး မရှိ။

ထို့ကြောင့် စိတ်သက်သာရာရမည်ကြံရုံရှိသေး၊ တစ်ညမှာ...

အိပ်မက်ဆိုးတွေက...

လှုပ်နိုးခဲ့ပြန်သည်။

"အား..."

သူမ၏ အော်သံကြောင့်...တစ်အိမ်လုံး လန့်နိုးသွားကြ၏။

"သမီး... သမီး"

အပါးသို့ အရင်ဆုံးရောက်လာသူက ဖေဖေ။

MCMBOOKSHELF

"သမီး ဘာဖြစ်တာလဲ"

"ကြောက်တယ်၊ သမီးကြောက်တယ်"

ဖေဖေ့ကို အတင်းဖက်ထားမိ၏။ ဖေဖေကလည်း သူ့ကိုရင်ခွင်ထဲ ဆွဲသွင်းထားသည်။

"မကြောက်နဲ့ သမီး၊ ဖေဖေ ရှိတယ်"

မေမေနှင့် ခင်သီတာဝင်းတို့ကလည်း ရှေ့ဆင့်နောက်ဆင့် ရောက်လာကြ၏။

"သမီး ရေသောက်လိုက်ဦး၊ ရေသောက်လိုက်ဦး"

ခင်သီတာဝင်းက ရေသန့်ဘူးကို ဖောက်နေရင်း မေမေ့ကို လှမ်းပြောသည်။

"မမက နော်မယ်ပြန်မဖြစ်သေးဘူး၊ ဗိုင်းအိုးလင့်စ် ဗီလင်တစ်ခုခုကို ခံစားလိုက်ရသလိုပဲ၊ ဒေါက်တာခင်ထွန်းကို အင်မာဂျင်စီ ခေါ်မှဖြစ်မယ် ကြီးကြီး"

"အရေးထဲ တံထွေးစင်လိုက်တာဟယ်၊ သွား..."

"ဘယ်သွားရမှာတုန်း"

"ဒေါက်တာခင်ထွန်းကို ဖုန်းဆက်ခေါ် လိုက်"

"ဟုတ်ကဲ့... ဟုတ်ကဲ့"

ဖေဖေက ယုယစွာ ထွေးဖက်ထားရင်း မေး၏။

"သမီးက ဘာဖြစ်သလဲဟင်... ဘာကို ကြောက်တာလဲ"

တုန်လှုပ်မှုမပြေသေးဘဲ ဗလုံးဗထွေး ပြန်ဖြေလိုက်သည်။

"အိပ်မက်... အိပ်မက်"

"အော်... အိပ်မက်များ သမီးရယ်၊ ကြောက်စရာမဟုတ်ပါဘူး"

"ဟင့်အင်း... ကြောက်ဖို့ကောင်းတယ်၊ ကြောက်စရာ အိပ်မက်ကြီး"

မေမေက ဝင်မေး၏။

"ဘယ်လိုအိပ်မက် မို့လို့လဲ သမီးရဲ့"

"အိပ်မက် အိပ်မက်ထဲမှာလေ..."

"အင်း... ပြော... သမီး"

"လူတစ်ယောက်သေတယ်..."

"ဟင်..."

"လူတစ်ယောက်သေသွားတယ်၊ သူ့ကို လောရီကားကြီးတက်ကြိတ်သွားတာ"

"အော်... ဒါများသမီးရယ်"

"မဟုတ်ဘူး၊ အိပ်မက်လို မဟုတ်ဘူး တကယ်လို့ မြင်တာ"

"ဘာရယ်..."

ဖေဖေတို့ နားရှုပ်သွားကြသည်။ သူကလည်း ရှင်းအောင်ပြောမပြတတ်။

"အဲဒီလူက အရက်မူးနေတယ်၊ လက်ထဲမှာ ချိုကြီးတစ်ခုကို ကိုင်ထားတယ်၊ အပေါ်အင်္ကျီမပါဘူး၊ သူ့ကို လော်ရီကားကြီးက တက်ကြိတ်လို့ ပွဲချင်းပြီး သေသွားတယ်"

"အော်... သမီးရယ်"

MCMBOOKSHELF

ဖေဖေက ခပ်သဲ့သဲ့ရယ်၏။ သူမ၏ ကျောပြင်ကို လက်နှင့်ပုတ်ပြီး နှစ်သိမ့်သည်။

"အိပ်မက်ပဲ သမီးရယ်၊ ဒီလိုပဲ မက်တတ်တာပဲ"

"အို… မဟုတ်ဘူး၊ မဟုတ်ဘူး"

ဖေဖေက ဘာမှမပြောတော့ဘဲ သူမကိုသာ ဖက်မြဲ ဖက်ထားသည်။ နာရီကို လှမ်းကြည့်တော့… ညတစ်နာရီခွဲနေပြီ။ ချက်ချင်းဆိုသလို ဒေါက်တာခင်ထွန်း ရောက်လာ၏။

မေမေက…

"ဆရာရေ… ကြည့်လုပ်ပါဦး"

ဒေါက်တာခင်ထွန်းက သူမကို စမ်းသပ်စစ်ဆေးပြီး သက်တောင့်သက်သာအိပ်ပျော်ရန်၊ စိတ်ငြိမ်ရန် စီစဉ်ပေးသွား၏။

ထိုသို့ဖြင့် နောက်သုံးရက်အတွင်းမှာ ဂျာနယ်တစ်စောင်တွင် ပါဝင်လာသည့် သတင်းတစ်ပုဒ်ကို သူမ ဖတ်လိုက်ရလေသည်။

သူမ အိပ်မက် မက်သည့်ည၊ အိပ်မက်မက်သည့်အချိန်မှာပင် ရန်ကုန်မြို့ပြင်၌ လော်ရီကားတိုက်ခံရ၍ လူတစ်ယောက်သေဆုံးခဲ့ကြောင်း…၊

ထိုလူသည် အရက်မူးနေပြီး အပေါ်အင်္ကျီမပါကြောင်း…၊

လက်ထဲမှာလည်း ကျွဲချိုတစ်ခုကို ဆုပ်ကိုင်ထားကြောင်း…။

အို… ဒုက္ခပါပဲ။

ထိုသတင်းကို ဖတ်ပြီးနောက်… အခန်းထဲမှာ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေမိသည်။

အမျိုးအမည် မဖော်ပြနိုင်သော ခံစားချက်တစ်ခုဖြင့် ရင်ထဲမှာ တင်းကြပ်နေမိ၏။

"ဗြိ… ဗြိ"

ဂျာနယ်ကို အစိပ်စိပ်အမွှာမွှာ ဆွဲဖြဲပစ်လိုက်သည်။

သတင်းစာသမားက သူ့လက်ထဲသို့ ထည့်သွားသည်ဖြစ်ပြီး အိမ်မှလူများ ထိုဂျာနယ်ကို မဖတ်ရသေးကြ။ ဖတ်လည်း မဖတ်စေချင်ပါ။

ထို့နောက်ပိုင်း ရက်များမှာ…

ထိုသို့ပင် အာရုံများကို သူမ မြင်နေရသည်။ မမြင်ချင်ဟု တားဆီး၍လည်းမရ။ နိုးနေလျှင်လည်း စိတ်လွင့်မျောပြီး မြင်သည်။ အိပ်နေလျှင်လည်း အိပ်မက်မက်ပြီး မြင်သည်။

သေသာ သေလိုက်ချင်တော့၏။

ထိုအကြောင်းအရာကို မည်သူကိုမှ သူမ ပြောမပြ။ အနီးစပ်ဆုံးဖြစ်သည့် သူငယ်ချင်း 'လင်းလင်း' ကိုပင် ပြောမပြ။

လူက မလန်းဆန်း၊ စိတ်က မကြည်လင်၊ အသက်ရှင်နေရခြင်းအတွက်လည်း ဘဝမှာ အရင်လို မပျော်ရွှင်။

ကံဆိုးသည် ပြောရမလား၊ ကံကောင်းသည်ပြောရမလား။ ကိုယ့်ကိုယ်ကိုတော့ အာရုံပြန်ခံကြည့်၍ မရချေ။

အာရုံထဲမှာက တစ်ပါးသူတို့ကိုသာ မြင်၍ရသည်။ ကိုယ့်ကိုယ်ကို ပြန်မြင်ကြည့်၍ မရ။ တစ်ခါတော့ စမ်းသပ်ကြည့်ဖူးသည်။ ခေါင်းတွေ အရမ်းကိုက်ပြီး ဆို့နစ်မောဟိုက်ကျသွားသည်။

ထိုသို့ဖြစ်သည်ပင် ကောင်းပါသည်လေ။ နို့မို့... ကိုယ့်အနာဂါတ်၏ အနိဋ္ဌာရုံများကို ကြိုမြင်ပြီး စိတ်ဆင်းရဲနေရနိုင်သည်။

ကိုယ့်အပူ ကိုယ်သာသိပြီး၊ အက်ကွဲခြောက်သွေ့စွာ ရှင်သန်ခဲ့ရသော နေ့ရက်များမှာ သူမ ဘာကိုမှ မျှော်လင့်ကြိုးစား၍ မရတော့။

ဖြေဆိုလိုသည့် နိုင်ငံခြားစာမေးပွဲတစ်ခုအတွက် စာအုပ်ထူကြီးများကို ပြန်ဖတ်သည်။ မရ...။ ခေါင်းထဲက ထိုးပြီး ကိုက်လာသည်။ ကဗျာလေး စာလေးတွေရေးရင် ပေါ့ပါးသွားမလား ကြိုးစားကြည့်သည်။ မရ...။ စိတ်စုစည်း၍ မရဘဲ ကတုန်ကယင် ဖြစ်သွားသည်။

"သွားပြီ"

စိတ်ပျက်လက်ပျက် ရေရွတ် ညည်းတွားမိ၏။

"ငါ့ဘဝတော့ သွားပြီ"

*****

ကျေးဇူးတင်စရာကောင်းလောက်အောင်ပင် လင်းလင်းက သူ့ကို ဂရုတစိုက်ရှိခဲ့၏။ လင်းလင်း၏ အားပေးဖေးမမှုကြောင့် သူ စိတ်သက်သာရာ ရခဲ့သည်။

ထို့အပြင် ယခုမှ ဝင်ရောက်လာသူက နေခွန်း။

ဘာကြောင့်ရယ်မသိ၊ နေခွန်းအကြောင်း တွေးလိုက်သည်နှင့် ရင်ထဲမှာ ချမ်းမြေ့သွားသည်။ နေခွန်းနှင့် တွေ့လျှင် ပျော်သည်။ ဒီကောင်ကလည်း အမြဲတမ်းပင် ပျော်နေသူဖြစ်၏။ ဘာကိုမှ စိတ်ညစ်တတ်သူမဟုတ်။ တစ်ခါတစ်ခါ သူ့ကိုကြည့်ပြီး ခဂ္ဂါ အားကျနေမိသည်။

သူ့လို ဖြစ်ချင်သည်။ သူ့လိုပဲ အမြဲတမ်း ပေါ့ပါးကြည်လင်နေချင်သည်။

အမှန်တော့ နေခွန်း နေထိုင်သည့်ပုံစံက ခဂ္ဂါ အနေချင်ဆုံးပုံစံဖြစ်သည်။ ထိုသို့နေနိုင်ရန် ခဂ္ဂါ မျှော်လင့်ခဲ့သည်။

"နေခွန်းရဲ့ အနေအထိုင် အပြောအဆိုတွေက နင်နဲ့ တူတယ်ဟ..."

လင်းလင်းက ထိုသို့ မှတ်ချက်ချဖူးသည်။

"အေး... ဟုတ်တယ်"

"နင်ကရော သတိထားမိတယ်ပေါ့"

"ထားမိတာပေါ့"

"အပြောအဆိုတွေကလည်း နင်နဲ့တူတယ်၊ ရွှတ်နောက်နောက်နဲ့"

"အင်း... ဟုတ်တယ်"

"အနေအထိုင်ကလည်း ပေါ့ပေါ့ပါးပါးပဲ၊ ဘယ်အချိန်ကြည့်ကြည့် သွက်လက်နေတာပဲ"

"အင်း..."

"ဒါပေမဲ့ တစ်ခုတော့ရှိတယ်"

MCMBOOKSHELF

"ဘာလဲ"

"သူက နင့်ထက်ပိုပြီး ပီပြင်တယ်ဟ"

"အေး... အဲဒါလည်း ဟုတ်တယ်"

"နောက်ပြီး ငါတွေးမိတာတစ်ခုလည်း ရှိသေးတယ်"

"ပြောပါဦး..."

"ငါတို့ကသာ သူ့ကို နင်နဲ့တူတယ်လို့ သိကြတာ၊ သူကတော့ နင့်ကို သူနဲ့တူတယ်လို့ ထင်မှာမဟုတ်ဘူးနော်"

ခဂ္ဂါ လေးပင်စွာ ခေါင်းညိတ်လိုက်၏။

"အေးပေါ့ဟာ... ငါက သူနဲ့သိတဲ့အချိန်မှာ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေပြီကို၊ မရွှင်မလန်း ဖြစ်နေပြီကိုး..."

"အင်း... နင့်အရင်ပုံစံကို သူ မမြင်ဖူးဘူး"

ထို့နောက် စကားစ ပြတ်သွားကြသည်။

သူ့ဘဝထဲသို့ နေဒွန်း ရောက်လာခြင်းသည် ကောင်းမြတ်သော မင်္ဂလာတစ်ပါးပင်ဖြစ်၏။ နေဒွန်းကြောင့် ပြန်လည်ပြုံးရယ်လာနိုင်သော သူ့ကိုကြည့်ကာ ဖေဖေ၊ မေမေနှင့် လင်းလင်းတို့ စိတ်ချမ်းသာကြရ၏။

ခင်သီတာဝင်းကပင်လျှင်...

"တတ်နိုင်ရင် ကိုနေဒွန်းက မမရဲ့ အင်တီမိတ်ဖရင့်ဒ် ဖြစ်သင့်တယ်။ ရှူးဝါးလီးပဲ"

ထိုသို့ မှတ်ချက်ချ၏။

နေဒွန်းက ရေနံကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်သူဖြစ်၏။ အင်္ဂလိပ်စာအဓိကဖြင့် ဘွဲ့ရထားသူဖြစ်၏။ မိဘများက မချမ်းသာကြ။ သို့သော် နေဒွန်းက လစာကောင်းသည်။ လစာကို အမေရိကန်ဒေါ်လာနှင့် ရနေသူဖြစ်သည်။

နေဒွန်းကြောင့် သူမ တစ်ခါပဲ စိတ်ညစ်ရဖူးသည်။ ဒါကို ဘယ်သူမှ မသိလိုက်။ တစ်နေ့မှာ နေဒွန်းက စကားကြုံ၍ မေးခွန်းတစ်ခုမေး၏။

"ခဂ္ဂါ..."

"ဘာလဲ"

"ငါ မသိတာတစ်ခု နင့်ကိုမေးမလို့"

"ဘာမေးမလို့လဲ"

"နင်များ သိမလားလို့ပါ..."

"အေးလေ မေးလေ"

"သုညဟာ စုံလား မလား"

"ဟမ်..."

"သုညဟာ စုံဂဏန်းလား၊ မဂဏန်းလားလို့"

MCMBOOKSHELF

ဗုဒ္ဓေါ။

"ကပ်သီးကပ်သပ်ဟာ၊ ငါဖြင့် တစ်ခါမှ မစဉ်းစားမိပါဘူး မသိဘူး"

ထိုအချိန်က ထိုသို့ပင် လွယ်လင့်တကူ ပြန်ငြင်းလိုက်သော်လည်း ညကျတော့ သူမ အိပ်မရ။ ထိုကိစ္စက ခေါင်းထဲရောက်နေသည်။

ဘာဖြစ်မလဲ... သူညဟာ စုံလား၊ မလား။ စဉ်းစားရင်းဖြင့် ခေါင်းက ပေါက်ကွဲမတတ် အုံ့ခဲ ပူလောင်လာသည်။

ဆေးသောက်ပြီး အိပ်ပျော်အောင် အိပ်လိုက်ရသည်။ နောက်တစ်နေ့မနက်မှာ နေဒွန်းက စိတ်ဖြေအိုးကြီး လာပေးခြင်းဖြစ်သည်။ အိုးထဲ မျက်နှာအပ်ပြီး မကျေနပ်သည့် သူ့ကို သူမ အော်ပစ်လိုက်သည်ပဲ။

"နေဒွန်း...ငပေါ"

"နေဒွန်း...ငပေ့ါ"

*****

"ဟာ... အေး၊ အတော်ပဲ နင်တို့ရောက်လာတာ... လာကြစမ်းပါဦးဟာ"

နေဒွန်းနှင့် လင်းလင်းတို့ ခြံထဲဝင်လာကြတာတွေ့ကြသဖြင့် ခင့်ဂျီက ပျာပျာသလဲ ကြိုဆိုလိုက်သည်။ သို့သော် ထိုနှစ်ယောက်က သူ ဧည့်ကြိုစကားကို နားဝင်ကြပုံမပေါ်။ တစ်ယောက်နှင့်တစ်ယောက် စွေစောင်းကြည့်ရင်း... နာမည်ရင်းတွေ အပြန်အလှန်ခေါ်ရင်း ဝင်လာကြခြင်းဖြစ်သည်။

"သေခြင်းဆိုး"

လင်းလင်း၏ ရေရွတ်သံအဆုံးမှာ နေဒွန်း၏ တုံ့ပြန်သံကလည်း တွဲပါလာသည်။

"အိုခြင်းဆိုး"

"နင်သာ... သေခြင်းဆိုး"

"နင်မှ အိုခြင်းဆိုး အစစ်"

"သေခြင်းဆိုး"

"အိုခြင်းဆိုး"

မနေသာသဖြင့် ခင့်ဂျီက ဝင်အော်ရတော့သည်။

"တော်ကြပါတော့ဟ၊ ဘာတွေ လျှောက်ပြောနေတာလဲ"

လင်းလင်းက အိမ်ထဲသို့ ခြေဆောင့်ဝင်ရင်း ဗျစ်တောက်ဗျစ်တောက် ပြောသည်။

"အဲဒီ... နေဒွန်းဆိုတဲ့ကောင်နဲ့ စကားပြောရတာ အပေါက်အလမ်းကို မတည့်ဘူး"

ခင့်ဂျီ ပြုံးမိသည်။

"ဟုတ်လား နေဒွန်း"

နေဒွန်းက...

"မပြောချင်ပါဘူးဟာ..."

ထိုစကားနှင့်အတူ တကယ်ပင် အဖက်လုပ် မပြောချင်သလို လင်းလင်းကို အဖက်မတန်သလို သူ့မျက်နှာကိုမော့ပြီး ပင့်ချီထားသဖြင့် ရယ်ရသေးတော့၏။

လင်းလင်းက နေဒွန်းနှင့်အတူ ခဂ္ဂါကိုပါ မျက်စောင်းထိုးသည်။

"ခဂ္ဂါ"

"ဘာလဲ"

"ဒီကောင့်ကို နင် ဒီတိုင်းကြည့်နေတော့မှာလား..."

"ဘာဖြစ်လို့လဲ"

"သူနဲ့ငါ လမ်းမှာ ရန်ဖြစ်လာတာ"

"ဘာကိစ္စ ရန်ဖြစ်တာလဲ"

"ဟိုနေ့က ကိစ္စလေဟာ"

"ငါမသိဘူး... ဘာကိစ္စလဲ"

"နင့်အိမ်က ဖုန်းနဲ့ ငါ့ကို ပြောထည့်လိုက်တာလေ"

"အော်... ဟို... ဂုမ္ဘာန်"

"အေး...ငါ့ကိုများ ဂုမ္ဘာန်တစ်ထောင်စောင့်တဲ့ နှုတ်ခမ်းလေး... ဘာလေးနဲ့"

နေဒွန်းက မျက်နှာသေလေးနှင့် ရှိနေသည်။ ခဂ္ဂါက ရယ်ရယ်မောမောဖြင့် လင်းလင်းကို ချော့လိုက်၏။

"ဒါလေးပြောတာများဟာ... နင်ကလဲ"

လင်းလင်းက လက်မခံချေ။

"ဘာ... ဒါလေးလဲ... အမှန်က အဲဒါ ငါ့ကို မိန်းမကြမ်းလို့ ပြောတာဟဲ့"

"ဟင်..."

"ဂုမ္ဘာန်တစ်ထောင်စောင့်တဲ့ နှုတ်ခမ်းဆိုတာ အမှန်တော့ ဘီလူးပါးစပ်ကို ပြောတာဟဲ့၊ အပေါက်ကြမ်းတယ်လို့ ပြောတာ"

"အယ်..."

လင်းလင်းက စူစူအောင့်အောင့်ပြောသဖြင့် ခဂ္ဂါ ဘာပြန်ပြောရမလဲမသိ ဖြစ်သွားသည်။ ဧည့်ခန်းရှိ ခုံတစ်လုံးတွင် ကျကျနန ဝင်ထိုင်ပြီးနေပြီဖြစ်သော နေဒွန်းက...

"ဖြည်းဖြည်းပြော ဖြည်းဖြည်းပြော မောနေဦးမယ်"

ထိုသို့ လှမ်းကလိသည်။

"ဘာကိစ္စ ဖြည်းဖြည်းပြောရမှာလဲ"

"ငါက စေတနာနဲ့ ပြောနေတာ"

"ဘာစေတနာလဲ"

"ဒီလောက် ဆောင့်ကြီးအောင့်ကြီး ပြောနေရင် တော်ကြာ လျှာကိုအစွယ်နဲ့ ပြန်ထိုးမိနေဦးမယ်"

လင်းလင်း ဆွေ့ဆွေ့ခုန်သွား၏။ စားပွဲပေါ်မှ ဆေးလိပ်ခွက်နှင့် ကောက်ပေါက်ရန်ပြင်၏။ သို့သော် ဆေးလိပ်ခွက်က ပေ့ါပေ့ါလေးဖြစ်နေသည်။ ဆေးလိပ်ခွက်ကို ပြန်ချပြီး ကောက်ပေါက်ရန် အခြားတစ်ခုခုကို ရှာ၏။

မတွေ့ချေ။

"အော်... ဆေးလိပ်ခွက်နဲ့ မပေါက်ဘူးလား"

နေဒွန်းက နှုတ်ခမ်းမှာ စီးကရက်တစ်လိပ် ထုတ်ခဲရင်း ဆေးလိပ်သောက်တော့မည့်ဟန် ပြင်နေရာမှ အားမလိုအားမရဖြင့် ပြော၏။ ဆေးလိပ်သောက်လေ့ သိပ်မရှိသော်လည်း စီးကရက် ခဲထားပုံက ဟန်ကျပန်ကျ ရှိလှသည်။

ခင်္ဂါက လင်းလင်းကို ဆွဲထိုင်ခိုင်းပြီး ဖက်ထားရသည်။ နေဒွန်းက...

"နင်... စဉ်းစားကြည့် ခင်္ဂါရယ်..."

"အေး... ပြော"

"လမ်းမှာလည်း သူကပဲ ငါ့ကို စခေါ်တာ... သေခြင်းဆိုးတဲ့..."

"အင်း..."

"ငါ ပြန်ခေါ်တော့လည်း သူက မခံနိုင်ဘူး"

"နေပါဦး၊ နင်... ပြန်ခေါ်တာက ဘယ်လို"

"အိုခြင်းဆိုး လို့..."

"ဘာ... အိုခြင်းဆိုး ဟုတ်လား၊ မကြားဖူးပါဘူးဟာ"

"သူ ငါ့ကို ဆဲတဲ့ သဘောကဟာ..."

"အင်း..."

"ငါက ကားကြိတ်သေတာတို့၊ သူများရိုက်သတ်ခံရလို့ သေတာတို့ အဲဒါမျိုး ဆိုးဆိုးရွားရွား သေမယ်ဆိုတဲ့ သဘောပေ့ါ"

"အင်း..."

"ငါ သူ့ကို တုံ့ပြန်တဲ့စကားလုံးကတော့ ဆန်းသစ်တဲ့အမြင် ရှိတယ်ဟ"

"အောင်မာ... အောင်မာ"

လင်းလင်းက မခံမရပ်နိုင်ဖြစ်နေသည်။ နေဒွန်းက သူ့ကိုလှည့်မကြည့်ဘဲ ခင်္ဂါကိုသာ ဦးတည်ပြော၏။

"အိုခြင်းဆိုး ဆိုတဲ့ သဘောကဟာ ဆိုးဆိုးရွားရွား အိုမယ်ဆိုတဲ့ သဘောပေ့ါ"

"ဘယ်လို ဆိုးဆိုးရွားရွားလဲ..."

"စောစောစီးစီး အိုမယ်ဟာ... ရွယ်တူခြင်းထဲမှာတောင် ကိုယ်ကပိုပြီး ရုပ်ရင့်မယ်ဟာ"

"ဟုတ်လား..."

"ပါးရေ နားရေတွေ တွန့်မယ်... ခါးကုန်းမယ်... အရိုးကြီးတွေ ငေါ်ထွက်လာမယ်၊ သွားက သုံးချောင်းလောက်ပဲ ကျန်မယ်...၊ အဲဒီလို သုံးချောင်းထဲကျန်တဲ့ သွားကို ဘုရား၊ တရား၊ သံဃာကို စောင့်ရှောက်သလို အသက်နဲ့မကွာ စောင့်ရှောက်ရမယ်"

"ဟယ်... လင်းလင်းကလား..."

"ဘယ်သူရယ်လို့ မဆိုလိုပါဘူး၊ အိုခြင်းဆိုးနဲ့ ကြုံမယ့်လူကတော့ ဒီအတိုင်းသွားမှာပဲ၊ ဆံပင်တွေကျွတ်ပြီး ခေါင်းပြောင်မယ်... သွားရည်တွေကျမယ်... လေလည်ရင် ဝမ်းက တစ်ခါတည်းပါလာမယ်"

"ဟေး... တော်တော့"

လင်းလင်းတင်မဟုတ်၊ ခဂ္ဂါကပါဝင်အော်လိုက်မိခြင်း ဖြစ်၏။

"ခဂ္ဂါ... နင်... သူပြောတာ နားထောင်မနေနဲ့တော့၊ အရူးစကား ပြောနေတာ"

"အေးလေ... ငါက ဟုတ်မလားလို့ နားထောင်နေတာ"

"ဟုတ်ပါတယ်ဟာ"

နေဒွန်းကတော့ သူ့စကားသူ အတည်ပြုနေဆဲ ဖြစ်၏။ ခဂ္ဂါက သူတို့နှစ်ယောက်ကို စကားစဖြတ်ပစ်လိုက်သည်။

"တော့်တော့... တော်တော့၊ ရန်ဆက်မဖြစ်ကြနဲ့တော့"

"ငါက မဖြစ်ပါဘူး"

"သူ အရင်လာစတာ"

နှစ်ယောက်လုံးက တစ်ယောက်တစ်ပေါက် ပြောကြ၏။ ခဂ္ဂါက ထိုကိစ္စကို စိတ်ထဲမှာ အလေးမထားသည့်ပုံစံဖြင့် သူ့စကားကိုသာ သူ ဆက်ပြောသည်။

"ငါ အိပ်ရာက နိုးကတည်းက အိမ်မှာ ဘယ်သူမှ မရှိကြဘူးဟ၊ ဖေဖေကတော့ ထားပါတော့၊ အလုပ်သွားတာ။ ခင်သီတာဝင်းကလည်း ထားပါတော့၊ ဈေးသွားတာ၊ ဇော်မြင့်ကဖီးမှာ ပလာတာဝင်ဝယ်ဦးမယ် ပြောထားလို့ ကြာနေတာ၊ ထူးဆန်းနေတာက မေမေဟ...၊ ဘယ်သွားလဲ မသိဘူး"

နေဒွန်းက...

"အန်တီ့ကို ငါ... ဦးထွန်းမင်းအိမ်မှာ တွေ့ခဲ့တယ်"

လင်းလင်းက တစ်မျိုးပြောသည်။

"နင့်အမေက အသုဘအိမ် ရောက်နေတာဟ..."

ခဂ္ဂါ... နားထွေးသွားသည်။

"နင်တို့ကလဲဟာ... ဘယ်သူ့စကား ငါယုံရမလဲတောင် မသိဘူး"

"ငါ့စကားယုံ"

"ငါပြောတာ အမှန်ပဲ"

နှစ်ယောက်လုံးကလည်း မလျော့ကြချေ။ လင်းလင်းကို အရင်မေးလိုက်သည်။

"အသုဘအိမ်ဆိုတာ ဘယ်အိမ်ကိုပြောတာလဲ"

"ဟိုလေဟယ်... ဦးထွန်းမင်းဆိုတဲ့လူကြီးတို့အိမ်"

ခဂ္ဂါ စိတ်တိုသွားသည်။

"အဲဒါဆို နင်တို့နှစ်ယောက်ပြောတာ အတူတူပဲပေ့ါ၊ နေပါဦး၊ ငါမသိပါလား၊ ဘယ်သူဆုံးလို့လဲ"

MCMBOOKSHELF

လင်းလင်းနှင့် နေဒွန်းက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ၏။ ပြောရမှာ ဝန်လေးနေပုံရသည်။ ပြီးမှ လင်းလင်းက...

"သနားတော့ သနားစရာပဲဟ၊ သူတို့သားအဖနှစ်ယောက်လုံး ကားမှောက်ပြီး ဆုံးသွားတာ..."

"ဟင်... ကိုကျော်ဝင်းရောပေါ့"

"အေး..."

"ဟယ်..."

ခင့်ဂွါ၏စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားသည်။ သေခြင်းတရား၏ ကြောက်မက်ဖွယ် ကောင်းပုံက မျက်ဝါးထင်ထင် ရှိလွန်းလှ၏။ စကားမပြောဖြစ်ကြဘဲ ခဏတိတ်ဆိတ်သွားသည်။ ဆုံးပါးသူ သားအဖနှင့် ခင့်ဂွါတို့ မိသားစုက ခင်မင်ခြင်းသိပ်မရှိ။ ထိုသားအဖကို (ရှင်နေစဉ်က) ခင့်ဂွါလည်း ကြည့်မရ။

စီးပွားရေးသမား သားအဖဖြစ်သည်။ ငွေမှငွေဟု ငန်းငန်းတက်လွန်းလှသည်။ ကိုယ်ကျိုးအတွက်ဆို သူတစ်ပါး၏အကျိုးကို ချနင်း ချိုးနှိမ်သွားတတ်သူများဖြစ်သည်။

မည်သို့ပင်ဖြစ်စေ... ယခုလို သတင်းမျိုးကြားရတော့လည်း စိတ်ထဲမကောင်းလှ။

သံဝေဂနှင့်အတူ ပြောဖြစ်သည်။

"အေးနော်... သူတို့ကတော့ ဒီလိုသေရလိမ့်မယ်လို့ ဘယ်ထင်ပါ့မလဲ"

"ဒါပေါ့ဟာ..."

နေဒွန်းက ထိုသို့ဝင်ပြောတော့လည်း လင်းလင်းက မထောက်ခံ။ ခေါင်းခါပြပြီး ပြော၏။

"အဲလိုတော့လည်း သတ်မှတ်လို့ မရဘူးဟ"

"ဟင်... ဘာဖြစ်လို့လဲ"

"ငါတို့ စိတ်ပညာရဲ့ တွေ့ရှိချက်အရတော့ သေတော့မယ့် လူတွေဟာ သူတို့သေမယ့်အချိန် ကြိုသိတယ်ဟ"

"ဟင်..."

ခင့်ဂွါ အံ့သြသွားသည်။ နေဒွန်းကလည်း မျက်မှောင်ကြီးကြုတ်သွား၏။

"ဟုတ်တယ်၊ ငါ အကောင်းပြောတာ"

လင်းလင်းက မျက်နှာတည်ကြည်စွာဖြင့် ဆက်ပြောသည်။

"ဖူးရစ်တက္ကသိုလ်က ဆရာမကြီး ဒေါက်တာကူဘလာရော့စ်ရဲ့ သုတေသန ပြုချက်တွေထဲမှာ အဲဒီအချက်တွေလည်းပါတယ်"

ခင့်ဂွါ ဇဝေဇဝါဖြစ်နေဆဲ...။

"ဟုတ်ရဲ့လားဟယ်..."

"ဟုတ်တယ်... ကိုယ့်ဖာသာကိုယ် သတိမထားလိုက်မိလို့၊ အမှန်က သေခါနီးလူတွေက သေမယ့်အချိန်ကို ကြိုသိတယ်၊ ဘေးလူကို အမှတ်မထင် ပြောခဲ့မိတာတွေလည်း ရှိတယ်၊ ခက်တာက ဘေးလူတွေကလည်း အမှတ်မဲ့မဲ့ သဘောထားမိကြတယ်၊ အဲဒါကြောင့် မထင်ရှားတာ"

"သြော်... အဲလိုလား"

နဘေးမှ ငြိမ်နားထောင်နေသော နေဒွန်းက ဝင်ရောက်သုံးသပ်သည်။

MCMBOOKSHELF

"အဲဒါဆိုရင်တော့ ဒုက္ခပဲ..."

"ဘာဒုက္ခလဲ"

လင်းလင်းက ရုတ်တရက် မေး၏။

"ကိုယ့်သေမယ့်နေ့ကို ကြိုသိရင် ဒုက္ခပဲ...၊ နောက်ထပ် သုံးလေးရက်ထပ်ပေါင်းလိုက်ရင် ကိုယ်ပုပ်မယ့်နေ့ကို တွက်လို့ရပြီ၊ ပြဿနာပဲ...၊ ဘယ်လိုနေရမလဲ မသိပါဘူး"

သူ့စကားကြောင့် ခင်္ဂါ ရယ်ရသေးတော့၏။ လင်းလင်းကလည်း မျက်နှာကို အတင်းတည်ထားသည့်ကြားက ရယ်မိသည်။

"အဲဒီအချက်ထက် ပိုထူးခြားတာတွေတောင် ရှိသေးတယ်ဟ"

ခင်္ဂါ စိတ်ဝင်စားမိသည်။

"အေး... ပြောစမ်းပါဦး၊ ဒီလို ကပ်သီးကပ်သပ်တွေက နင်တို့မှ သိတာ"

လင်းလင်းက သေခါနီးလူတို့၏ စိတ်အခြေအနေကို အထူးပြုလေ့လာထားသူ ဖြစ်သည်။ သူ့မဟာဝိဇ္ဇာကျမ်းကလည်း ထိုအချက်နှင့် ပတ်သက်နေသည်။

"သေသွားတဲ့လူကိုဟာ..."

"အင်း..."

"သူနဲ့ခင်ပြီး သူ့အရင် သေသွားတဲ့လူတွေက တမလွန်လောကကနေ ဆီးကြို နှုတ်ဆက်ကြတယ်တဲ့"

"ဗုဒ္ဓေါ..."

ခင်္ဂါ ဘုရားတမိသလို နေဒွန်းကလည်း ခေါင်းကုတ်၏။

"အင်း... ကြွေးရှင်နဲ့ တိုးရင်တော့ ခက်နေဦးမယ်၊ ကိုယ့်မှာကလည်း ကူးတို့ခ တစ်မတ်ပဲပါမှာ"

"အဲဒါတွေကို ဘယ်လိုလေ့လာပြီး သိတာတုန်းဟ၊ နည်းနည်းရှင်းပြပါလား"

ခင်္ဂါ၏ အမေးစကားကြောင့် လင်းလင်းက တွေသွားသည်။ ခေါင်းကို ဖြည်းဖြည်းချင်း ခါရင်း...

"အသေးစိပ်တော့ မသိချင်ပါနဲ့တော့ဟာ၊ ပြောရရင် အများကြီးဟ၊ စနစ်တကျ လေ့လာကြတာပါပဲ၊ မှတ်တမ်းအထောက်အထားတွေ အများကြီးပေါ့"

နေဒွန်းကလည်း မျက်နှာတည်တည်နှင့် ဝင်မေးသည်။

"လင်းလင်း အဲဒါဆို ငါ့ကို တစ်ခုပြောပြစမ်းပါ"

"ဘာလဲ"

"အခု ဦးထွန်းမင်းနဲ့ ကိုကျော်ဝင်း သေသွားတယ်ဟာ"

"အင်း... အဲဒါ ဘာဖြစ်လဲ"

"သေသွားတဲ့အချိန်မှာ သူတို့ ဘယ်လိုခံစားရမလဲ"

"အဲဒါနဲ့ ပတ်သက်ပြီး 'ဒေါက်တာရေမွန်အေမူးဒီး' ဆိုတဲ့ လူက တော်တော် ကျော်ကြားတယ်ဟ...။ သူက ဆေးပညာနဲ့ရော ဒဿနိကနဲ့ရော ဒေါက်တာဘွဲ့ နှစ်ခုရထားတာ၊ သူက အဲဒီအကြောင်းကို စာအုပ်တစ်အုပ် ရေးခဲ့ဖူးတယ်"

"အင်း... ဆိုပါဦး"

MCMBOOKSHELF

"သေမယ့်လူဟာ သေခါနီးအချိန်မှာ သူ့နားထဲက အသံမျိုးစုံကို ကြားနေရတယ်တဲ့"

"အင်း... ပြီးတော့ရော"

"သူ့ကိုယ်က အင်မတန်မြန်တဲ့အရှိန်နဲ့... မည်းမှောင်နေတဲ့ လိုဏ်ခေါင်းကြီးထဲကို တရှူးထိုး ပျံသန်းဝင်ရောက်နေတယ်... တဲ့"

"အင်း..."

"သူ့ရုပ်အလောင်းကြီးကို သူ့ဘာသာ ပြန်မြင်နေရတယ်တဲ့"

"ဟေ... ဟုတ်လား"

"အေး... ပြီးတော့ သူနဲ့ခင်တဲ့ သေပြီးသားလူတွေက သူကို လာနှုတ်ဆက်ကြတယ်တဲ့"

"ဘာလဲ... ဂွတ်မောနင်း၊ ဘာညာနဲ့ပဲလား"

လင်းလင်းက နေဒွန်းကို မျက်နှာထားနှင့် တစ်ချက်ကြည့်လိုက်ပြီး...

"အဲဒီလောက်တော့ ငါမသိဘူးဟ၊ သူတို့နှုတ်ဆက်တာတွေ အသံမထွက်ဘူးတဲ့၊ စိတ်ထဲကပြောတာ... တဲ့"

"ဩော်... ဩော်..."

"သေသွားတဲ့လူဟာ အင်မတန် တိတ်ဆိတ်ငြိမ်သက်တဲ့ အရသာတစ်ခုကို ခံစားရတယ်... တဲ့"

နေဒွန်းက ခေါင်းတဆတ်ဆတ်ညိတ်၏။

"နင်ပြောတဲ့ ဒေါက်တာမူးဒီးရဲ့ ခု အယူအဆ အတိုင်းဆိုရင် ဦးမင်းထွန်းနဲ့ ကိုကျော်ဝင်းကလည်း အဲလိုခံစားရမှာပေါ့"

"အေး..."

"အဲဒီနောက်ရော ဘာဆက်ဖြစ်သလဲ"

"အဲဒါတော့ ငါမသိဘူးဟ"

"ဒါဖြင့်လည်း ငါ့ဘာသာငါ ဆက်ရှာလိုက်ဦးမယ်"

သူ့ခါးနောက်မှာထိုးလာသော စာအုပ်တစ်အုပ်ကို ထုတ်ယူပြီး တစ်စုံတစ်ရာကို ရှာဖွေ ဖတ်ရှုနေသည်။

"အဲဒါ... ဘာစာအုပ်လဲ"

နေဒွန်းက စာအုပ်ကို ထောင်ပြ၏။ မဟာစည်ဆရာတော်ဘုရားကြီး၏ 'ဝိပဿနာရှုနည်း အကျဉ်းချုပ်' အမည်ရှိ စာအုပ်ဖြစ်၏။

"နင် ဘာကို ရှာတာလဲ"

"သူတို့ သားအဖကိုလေ"

စိတ်မရှည်သဖြင့် လင်းလင်းက ဆွဲယူဖတ်ကြည့်လိုက်၏။ ခဏကလည်း ခေါင်းချင်းကပ်ပြီး လိုက်ဖတ်လိုက်သည်။ ချက်ချင်းမှာပဲ နေဒွန်းကို လှည့်ပြောမိ၏။

"နင်ကလဲဟာ..."

နေဒွန်းကတော့ ခပ်တည်တည်ပင် ဖြစ်သည်။

"သေသွားတဲ့လူကို ငါ မကောင်းမပြောချင်ပါဘူး၊ ဒါပေမဲ့ သူတို့ကိုရှာရင် ဒီလိုပဲ ရှာရမှာပဲ"

MCMBOOKSHELF

သူ့ကို ဆက်ပြောမနေတော့ဘဲ လင်းလင်းနှင့် ခဂ္ဂါတို့ စာအုပ်ကို ဆက်ဖတ်နေလိုက်ကြသည်။ မဟာစည်ဆရာတော်ဘုရားကြီး၏ အရေးအသားကလည်း ရှင်းလင်းထိမိလွန်းလှ၏။

*ငရဲဘုံ၌ဖြစ်ရသော သတ္တဝါတို့၏ ကိုယ်ထည်သည် သုံးဂါဝုတ် ပမာဏရှိ၏။ မြန်မာတိုင်းအားဖြင့် ၄တိုင်နှင့် တာ ၈၀၀ ရှိ၏။ ငရဲထိန်းတို့သည် ထိုမျှ ကိုယ်ခန္ဓာကြီးမားသော ငရဲသားကို အလျှံတပြောင်ပြောင် မီးစွဲလောင်သော သံမြေပေါ်၌ ပက်လက်အိပ်စေကုန်၏။ ထို့နောက် ညာဘက်လက်ဝါး၌ ထန်းလုံးခန့်ရှိ ရဲရဲတောက်သော သံတစ်ုံကြီးကို ရိုက်နှက်သွင်းကုန်၏။ ဘယ်ဘက်လက်ဝါး၌လည်း နည်းတူပင် ရိုက်နှက်သွင်းကုန်၏။ ညာဘက်ခြေ၊ ဘယ်ဘက်ခြေ၊ ခါး၊ လက်တို့၌လည်း နည်းတူပင် ရိုက်သွင်းကုန်၏။*

*ထို့အတူ မှောက်လျက် အိပ်စေ၍လည်းကောင်း၊ စောင်းလျက် အိပ်စေ၍လည်းကောင်း၊ ငါးပါးသောဌာနတို့၌ တံစို့ကြီးများကို ရိုက်နှက်၍ ညည်းဆဲနှိပ်စက်ကုန်၏။ အကုသိုလ်ကံ မကုန်မချင်း ငရဲသားကား မသေနိုင်။ ဤသို့ အညည်းဆဲခံရသော ငရဲသားသည် ရဲရဲတောက်သော သံမြေပြင်ကို မြင်ရုံမျှဖြင့်လည်း များစွာစိတ်ဆင်းရဲရ၏။ အလွန်ကြမ်းတမ်းရက်စက်စွာ ကြိမ်းမောင်းပြောဆိုသော ငရဲထိန်းတို့၏အသံကို ကြား၍လည်း စိတ်ဆင်းရဲရ၏။ သံမြေပြင်ပေါ်၌ အတင်းတွန်းလှဲ၍ သိပ်ခြင်း၊ မီးလောင်ခံရခြင်း၊ သံစို့နှက် ခံရခြင်းတို့ကြောင့်လည်း အတိုင်းမသိ ကြီးစွာသော ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတို့ကို ခံစားရ၏။*

*ထိုသို့သောကာလ၌ ကယ်ပါ၊ သနားပါ၊ ချမ်းသာပေးပါ စသည်ဖြင့် မျက်ရည်ယိုစီး ငိုကြွေးမြည်တမ်းလျက် တောင်းပန်သော်လည်း မည်သူကမျှ မကယ်၊ မသနား၊ ချမ်းသာမပေးချေ။ မိမဲ့၊ ဖမဲ့၊ ဆွေမျိုးမဲ့၊ အဆွေခင်ပွန်းမဲ့ တစ်ကိုယ်တည်းသာဖြစ်လျက် ညှိုးငယ်စွာဖြင့် အလွန်ကြီးမားသော ဆင်းရဲတွေကို အော်မြည်ရောင်ရမ်းလျက် မိနစ်၊ စက္ကန့်မခြားဘဲ ခံစား၍ နေရရှာလေတော့၏။ ထိုသို့သောကာလ၌ ဝိပဿနာအလုပ်ကို အားထုတ်ခွင့် မရနိုင်တော့ချေ။*

*ထို့ပြင် သံစို့ငါးချက်နှက်၍ မသေသေးသော ငရဲသားကို ငရဲထိန်းတို့သည် အိမ်မိုးတစ်ဖက်ခန့်ရှိသော တံစည်း၊ ပေါက်ပြားကြီးတို့ဖြင့် ရှစ်မြှောင့်ပုံ၊ ခြောက်မြှောင့်ပုံ စသည်ဖြစ်အောင် မျဉ်းပစ်၍ ရွေ့ခုတ်ကြပြန်၏။ သွေးတို့သည် မြစ်ဖြစ်၍ စီးလေကုန်၏။ ထိုသွေးတို့မှ မီးတောက်ထပြန်၍ ရွေ့ခုတ်ရာ ကိုယ်၌ စွဲလောင်လေ၏။ အတိုင်းမသိသော ဆင်းရဲကို ခံစားရလေ၏။ ထိုစဉ်အခါ၌ ဝိပဿနာအလုပ်ကို အားထုတ်ခွင့် မရနိုင်တော့ချေ။*

*ထိုမှုဖြင့် မသေသေးလျှင် ဇောက်ထိုးတန်းလန်းဆွဲထားလျက် ဇန်းကြီးခန့်ရှိပဲ ကွပ်တို့ဖြင့် ပါးပါးလွှာ၍ ရွေ့ခုတ်ကြပြန်၏။ ထိုမှုဖြင့်လည်း မသေသေးလျှင် မီးလျှံရဲရဲတောက်သော သံရထား၌ နွား၊ မြင်းကဲ့သို့တပ်၍ မီးကျီးခဲတောင့်ကြီးပေါ်သို့ တက်စေကုန်၏။ မတက်ပဲနေလျှင် ရဲရဲတောက်သော သံတုတ်ကြီးများဖြင့် အပြင်းရိုက်၍ တက်စေကုန်၏။ တောင်ထိပ်သို့ရောက်လျှင် တစ်ဖန် ဆင်းစေကုန်၏။ ဤသို့တက်ချည် ဆင်းချည် အဖန်ဖန် ပြုစေကုန်၏။ ထိုမှုဖြင့်လည်း မသေသေး ကျိုက်ကျိုက်ဆူပွက်လျက် ရဲရဲတောက်သော လောဟကုမ္ဘီခေါ် သံရည်ပွက်အိုးကြီးထဲသို့ ပစ်ချလိုက်ကုန်၏။ ထိုငရဲသားသည် သံရည်ထဲ၌ရှိခနဲချ၍ အမြှုပ်တစီစီထလျက် နစ်မြုပ်သွားရှာလေ၏။*

*အနှစ်သုံးသောင်းကြာမှ ငရဲအိုး၏ အောက်စသို့ရောက်၏။ တစ်ဖန် အနှစ်သုံးသောင်းကြာမှ ငရဲအိုး၏ အောက်နှုတ်ခမ်းသို့ ရောက်လျက် ပေါ်လာ၏။ အရပ်မျက်နှာများသို့လည်း ဗီလာသွား၏။*

*ထမင်းအိုးပွက်သောအခါ၌ ဆန်စေ့ကလေးများ ကဲ့သို့ပင်တည်း။ အတိုင်းမသိသော ဆင်းရဲမှုနှင့် ရင်ဆိုင်တွေ့နေရ၏။ ထိုစဉ်အခါ၌ တရားအားထုတ်ခွင့်ကိုကား မရနိုင်တော့ချေ။*

*ကံမကုန်သေး၍ ထိုမျှဖြင့် မသေပြန်လျှင် သံရည်ပွက်ထဲမှ ငရဲသားကို ထုတ်ယူ၍ ငရဲထိန်းတို့သည် မီးတဟုန်းဟုန်း အမြဲတောက်လောင်လျက်ရှိသော ငရဲကြီးထံသို့ ပစ်သွင်းလိုက်ကြပြန်သည်။ ထိုငရဲသည်ကား အလျား၊ အနံ၊ အမြင့် ယူဇနာတစ်ရာရှိ၏။ လေးထောင့်ညီသော သံသေတ္တာကြီးနှင့် တူ၏။ အရှေ့ဘက်နံရံမှ မီးလျှံသည် အနောက်ဘက်နံရံထိ ဖောက်ပြီးလျှင် အပြင်ဘက်၌ ယူဇနာတစ်ရာတိုင်အောင် ပူလောင်၏။ အနောက်နံရံ၊ တောင်နံရံ၊ မြောက်နံရံကို ဖောက်ပြီးလျှင် အပြင်ဘက်၌ ယူဇနာတစ်ရာတိုင်အောင် ပူလေပင်၏။ အနောက်နံရံ၊ တောင်နံရံ၊ အထက်သံမိုး၊ အောက်သံမြေပြင်တို့မှ မီးလျှံတို့သည်လည်း နည်းတူချည်း... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...။*

"အို"

ခင်္ဂါ ဆက်မဖတ်နိုင်တော့ချေ။ ခေါင်းထဲက တဆစ်ဆစ်ကိုက်လာသည်။ မီးခြစ်ကလေးက ဆစ်ခနဲ၊ ဆစ်ခနဲ မီးတွေပွင့်ထွက်နေသလို ခေါင်းထဲမှာ ဖြစ်ပျက်ခံစားနေရသည်။

"ဘုရား... ဘုရား"

အသံမထွက်အောင် ရေရွတ်မိ၏။ ခေါင်းကို လက်နှင့် ဖိနှိပ်မည် ရွယ်လိုက်ပြီးမှ အမူအယာ မပျက်အောင် အချိန်မီ ပြန်ထိန်းချုပ်လိုက်ရ၏။

ခုံမှာပြန်ထိုင်ပြီး တစ်ကိုယ်လုံးကို လျှော့ထားလိုက်သည်။

လင်းလင်းကတော့ ခဏကြာသည်အထိ ဆက်ဖတ်နေသေး၏။ သို့သော် သူလည်း ကြာကြာမခံနိုင်၊ စာအုပ်ကို နေဒွန်းဆီ ပြန်ပေးပြီး...

'ကြောက်စရာကြီး' ဟု ပြောသည်။ ပြီး...နေဒွန်းကို မချိမချဉ်ကြည့်ကာ...

"နင့် သတ်မှတ်ချက်အရဆိုရင်တော့ ငါလည်း သေရင်ငရဲကျမှာပဲနော်... နေဒွန်း"

နေဒွန်း မျက်လုံးပြူးသွားသည်။

"ငါက ဘယ်လိုသတ်မှတ်လို့လဲ"

"ဟွန်း... နင်ပဲ ငါ့ကို နုတ်ကြမ်း၊ လျှာကြမ်းဆိုပြီးတော့"

"ဟာ ဒါက ဒီလိုပါ၊ နင်က ဒေါသကြီးတာလောက်ပါ၊ ဒေါသကြီးပြီး နင်ပြောချင်တာပြောပြီးရင် ပြီးသွားတာ၊ စိတ်ထဲမှာ ဘာမှထားတာ မဟုတ်ဘူး"

"ဩော်... ဩော်... ဒီလိုလား"

"ဟုတ်တယ်၊ နင်က ဘာမှ အပြစ်ကြီးမှာ မဟုတ်ဘူး၊ တချို့တွေက ဒေါသကို မှတ်ထားကြတယ်၊ မျက်နှာကို ပြုံးပြီး ဟန်ဆောင်ဆက်ဆံတယ်။ သူတို့ရဲ့ဒေါသကို ရေခဲရိုက်ပြီး သိမ်းထားတယ်၊ လိုတဲ့အခါကျတော့မှ ရေခဲသေတ္တာထဲက ဘီယာတစ်ဗူး ထုတ်သောက်သလိုမျိုး အဲဒီ အာဃာတကို ထုတ်သုံးလိုက်ကြတာပဲ၊ အဲလိုလူတွေမှ အပြစ်ကြီးတာ"

"နင်... အတည်ပြောနေတာပေါ့နော်"

"အတည်ပါဟာ၊ နောက်တာက နင့်ကိုခင်လို့ နောက်တာပါ၊ အခုဟာကတော့ အတည်ပြောတာပါ။ အဲဒီလို လူတွေရဲ့ 'ရေခဲစိမ် အာဃာတ' ထက်စာရင် နင့်ရဲ့ 'ပွဲချင်းပြီးဒေါသ' ကမှ မြတ်ပါသေးတယ်"

လင်းလင်း သဘောကျသွားသည်။

သူတို့ ဆက်ပြောကြသည်ကို ခဂ္ဂါမသိတော့။ ခေါင်းထဲမှာ မူးရိပ်စူးဝေ မြင်ယောင်နေသည်က အနိဋ္ဌာရုံ... အနိဋ္ဌာရုံ... အနိဋ္ဌာရုံတွေ... အို...။

*****

MCMBOOKSHELF

*ကိုယ့်ချစ်သူကို ချစ်တဲ့အကြောင်း...*
*ရှေးလူတွေ ဘယ်လိုများ စာလုံးပေါင်းခဲ့သလဲ...။*

*ဘာဖြစ်လဲ...*
*မြေကြီးထဲကနေ*
*ကောင်းကင်ဆီပျံတက်တယ်*
*ပြီးတော့... ပန်းပွင့်လိုက်တယ်...။*

*ဘာဖြစ်လဲ...*
*အလင်းပျို့ပျို့*
*ညီအစ်ကိုရနံ့မွှေးမွှေး*
*ကိုယ်ကတော့ ပေးသွားမှာပါပဲ...။*

ကဗျာလေးအမည်က 'ဝန်' တဲ့။
ခဏ္ဍက နောက်တစ်ခေါက် ထပ်ဖတ်နေချိန်မှာ လင်းလင်းက ရဲအောင်ကို စစ်ကြောမေးမြန်း၏။

MCMBOOKSHELF

"ဒါ...ကဗျာလား"

ရဲအောင်က အောက်သိုးသိုးလေသံဖြင့် ပြန်ဖြေသည်။

"အေး..."

"နင်ရေးတာ..."

"အေးလေ..."

"ဒါဖြင့် နင့်ကဗျာပေါ့..."

ရဲအောင်က စိတ်မရှည်စွာ ကျွတ်ခနဲ စုတ်သပ်၏။ လင်းလင်းကို မကြည့်ချင်သလို တစ်ချက်ကြည့်ပြီး...

"အေး"

"ဒါဆို နင်က ကဗျာဆရာပေါ့..."

ထိုအမေးကြောင့် ရဲအောင်က လူကြီးဆန်စွာပြုံးပြီး ကလေးဆန်စွာ ဖြေလေသည်။

"အဲဒါ ဘာဖြစ်လဲ..."

လင်းလင်းက စပ်ဖြဲဖြဲလုပ်နေသည်။

"ဟဲဟဲ... ဘာမှမဖြစ်ပါဘူး၊ နင့်စာမူခရော..."

"ဒီမှာ..."

ရဲအောင်က မဖောက်ရသေးသော စာအိတ်ကလေးကို ထောင်ပြ၏။

"ဘယ်လောက်ရလဲ..."

ရဲအောင် ပြန်မဖြေခင်မှာ လင်းလင်းက စာအိတ်ကို ဆတ်ခနဲ ဆွဲယူ၏။

"မှန်းစမ်း... ဟင်..."

စာအိတ်ပေါ်မှာက 'ဆရာမောင်သစ်ဆင်းအတွက်' ဟူသော စာလုံးကိုဖျက်ပြီး 'ယဲသြောင်အတွက်' ဟု ပြင်ရေးထား၏။ ဉာဏ်ပူဇော်ခငွေ ရှစ်ရာကျပ်ဟူသော စာလုံးကိုဖျက်ပြီး စာမူခ ၇၅ ကျပ်ဟု ရေးထား၏။

"ဟား ဟား ဟား...၊ ခင်္ဂါ ဒီမှာကြည့်စမ်းပါဦး"

လင်းလင်းက အပြတ်ဟားလေသည်။ စာအိတ်ကို ထောင်ပြပြီး တဝါးဝါးဖြစ်နေ၏။

ရဲအောင်က စိတ်မသက်သာဖြစ်နေဟန် ရှိသည်။

ခင်္ဂါက ရဲအောင်ကို ဂရုဏာပင် သက်မိသေးတော့၏။

"မဂ္ဂဇင်းတိုက်ကလဲဟာ ဘာကိစ္စ အဲဒီလိုကြီး လုပ်ရတာလဲ..."

ရဲအောင်က ခပ်ပျော့ပျော့ ပြန်ပြော၏။

"ဒီလိုပါပဲဟာ..."

"နင်ကလဲ အဲဒီမဂ္ဂဇင်းကလူတွေကို နည်းနည်းပါးပါး ပြောဦးမှပေါ့၊ ဒီလိုကြီးလုပ်တာ ရုပ်ဆိုးတာပေါ့"

"မပြောပါဘူးဟာ...၊ စာမူခရတာတောင် ကံကောင်းတယ်လို့ မှတ်"

"တား"

ထိုအသံကြီးကြောင့် သုံးယောက်သား လန့်သွားကြသည်။ နံဘေးမှ ပြတင်းပေါက်ဘောင်ကို မှီအိပ်ပြီး ပါလာသော နေဒွန်းက အောင်မြင်စွာ သမ်းဝေလိုက်သောကြောင့် ဖြစ်၏။

လက်များကို ဆန့်တန်းအညောင်းဖြေရင်း မဆီမဆိုင် ကလေးစာအံသံဖြင့် ရေရွတ်၏။

"ခ... ခင့်ဂါ... ဒုက္ခရှာ...

ရ... ရထားထက်... အိပ်မက်... မက်...

ဟဲ... ဟဲ..."

ခင့်ဂါက ဘာမှ ပြန်မပြောသော်လည်း လင်းလင်းက ထိုအနေအထားကို ကြည့်မရ။ သူက ကရာတေးခါးပတ်နက်ဖြစ်သောကြောင့် သူ့မှာ တာဝန်ရှိသည်ဟု ယူဆသည်။

"နင်က... ဘာကြောင့်တာလဲ"

"ရထားကြီးက ပျင်းစရာကြီးဟ...၊ ငါ တစ်ရေးတောင် ရသွားပြီ"

ခင့်ဂါတို့ ယခုရောက်ရှိနေသည်က မြို့ပတ်ရထားတစ်စီးပေါ်မှာ ဖြစ်သည်။ ရဲအောင်က မြို့ထဲရှိ မဂ္ဂဇင်းတိုက်မှာ သူ့ကဗျာစာမူခ သွားထုတ်မည်ဟုဆို၍ သူတို့သုံးယောက်ကပါ အတူတကွ လိုက်လာဖြင်းဖြစ်သည်။

ခင့်ဂါနှင့် လင်းလင်းက မဂ္ဂဇင်းတိုက်များကို မရောက်ဖူး၍ လိုက်ခြင်းဖြစ်၏။ နေဒွန်းကမူ ခြေထောက်အား၍ လိုက်လာခြင်း ဖြစ်သည်ဟု ပြောသည်။

မြို့ထဲမှအပြန်မှာ 'ရထားစီးပြီး ပြန်ရအောင်' ဟု ခင့်ဂါက ပြောမိသည်။ ဘာရယ်မဟုတ်ဘဲ သူတို့ကလည်း သဘောတူထောက်ခံသည်။

ထိုသို့ဖြင့် စွတ်စိုထိုင်းမှိုင်းသော ရထားတွဲတစ်ခုပေါ်မှာ ဈေးသည်များ၊ မြက်တံမြက်စည်းကြီးများ၊ မျက်မမြင်အလှူခံများ အားလုံးကြားသို့ လေးယောက်သား ရောက်ရှိနေကြတော့၏။

ခင့်ဂါက...

"ရဲအောင်"

"ဟင်"

"နင့်ကဗျာက..."

ခင့်ဂါ၏ ဇဝေဇဝါလေသံကြောင့် ရဲအောင်က ကြိုကန်၏။

"ဘာဖြစ်လဲ..."

"ငါ ဖတ်ကြည့်တယ်"

"အင်း... ဘာဖြစ်လဲ"

"နှစ်ခေါက်တောင်ဖတ်တာ..."

"အဲဒါ ဘာဖြစ်လဲ"

"ငါ နားမလည်ဘူးဟ..."

"ဒါနဲ့များ နင်ကလည်း ကဗျာတွေ ဝါသနာပါတယ်ဆို..."

MCMBOOKSHELF

"အေး...ဒါပေမဲ့ ငါက ကာရန်လည်းညီပြီး ရိုးရိုးရှင်းရှင်းရေးတဲ့ ကဗျာမျိုးကိုပဲ ကြိုက်တယ်၊ အခု နင့်ကဗျာကို မကောင်းဘူးလို့ ပြောတာ မဟုတ်ပါဘူး၊ ငါ နားမလည်ဘူး၊ ငါလည်း နင့်လို မရေးတတ်ဘူး"

"အဲ... ဒါကတော့ဟာ..."

ရဲအောင်က ဘာမှမပြောရသေးခင်မှာ နေခွန်းက ဖြတ်ပြော၏။

"ရဲအောင်"

"ဟင်..."

"ငါကတော့ မင်းကဗျာကို ကြိုက်တယ်ကွ"

"အင်း... အင်း၊ အဲလိုကြားရတာ ဝမ်းသာပါတယ်ကွာ"

"မင်း ဒီကဗျာကို ကိုခင်ဇော်ကို ပြသေးလား..."

"မပြပါဘူး"

"ဒါပေမဲ့ မင်း ဒီကဗျာကို သူ့အအေးဆိုင်မှာ ထိုင်ရေးတာ မဟုတ်ဘူး"

"အေး..."

"အဲဒါကြောင့် နေမှာပေါ့၊ သူက မင်းကဗျာကို ဝေဖန်နေတယ်"

"ဟေ..."

နေခွန်းက တဟဲဟဲ ရယ်သည်။

"ဒီစကားကိုကြားရင် မင်း မျက်ခွံတွေအစ်သွားမယ်ဆိုတာ ငါ သိသားပဲ"

ခင်ဂွါ နားမလည်ချေ။ ကိုယ်တစ်ယောက်တည်းလားဆိုတော့ မဟုတ်ချေ။ လင်းလင်းနှင့် ရဲအောင်တို့ကပါ နားလည်ဟန်မတူ။

"ဘာလဲဟ နင့်စကားကလဲ"

"မျက်လုံးပြူးသွားမယ်လို့ ပြောတာပါဟ"

"အေးလေ ထားပါတော့ ထားပါတော့၊ ကိုခင်ဇော်က ငါ့ကဗျာကို ဘာဝေဖန်လို့လဲ"

"မင်းရဲ့ကဗျာက မော်ဒန်အယူအဆဘက်ကို ယိမ်းတယ်တဲ့၊ ရောမန္တိကထဲက ထိုးဖောက်ပြီး ဂန္ထဝင်တိကကို စွန့်လွှတ်ထားခဲ့တယ်တဲ့...၊ ရစ်သိမန့် ရေးတာတဲ့..."

ရဲအောင်က နားမလည်ချေ...။

"ဘာ ရစ်သိမလဲ..."

"ရစ်သမ်ကို ပြောတာ နေမှာပေါ့..."

ပြီး သူတို့ဘာသာ တသောသော ထရယ်ကြသည်။ ခင်ဂွါနှင့် လင်းလင်းကလည်း ဘုမသိဘမသိ လိုက်ရယ်ကြသည်။

ရဲအောင်က...

"မင်းဟာမင်း လျှောက်ပြောနေတာ မဟုတ်လား၊ ကိုခင်ဇော်က အဲဒါတွေ ဘယ်လိုလုပ် သိမှာလဲ..."

"ဟဲဟဲ... ကိုခင်ဇော်က ပြောတော့ပြောတယ်ကွ"

"ဘာပြောလဲ..."

"မင်းရဲ့ကလောင်နာမည်ကို ဘဝင်မကျဘူး..."

MCMBOOKSHELF

"ဩော်... ဒါလား..."

ရဲအောင်က ထိုသို့သော ဝေဖန်ချက်မျိုးကို ကြားရပေါင်းများနေဟန်ရှိသည်။

"ရဲအောင်မို့လို့ ယဲဩောင်လို့ ရေးတာပဲကွာ..."

"သူကတော့ အဲဒါကို ကြည့်မရဘူးကွ၊ ငါလည်း သူပြောလို့ စဉ်းစားကြည့်မိတယ်"

"အင်း... ပြောပါဦး"

"ဟို... အဲဒီလိုသာဆိုရင်ကွာ ငါ အရမ်းကြိုက်တဲ့ ဟိုစာရေးဆရာ... ဘယ်သူ..."

သူ့ဘာသာစဉ်းစားမရဖြစ်နေ၍ ခင့်ဂါက ဘေးမှ ဝင်သတိပေးလိုက်ရသည်။

"မင်းလူ... မင်းလူ"

"အေး... အဲဒီမင်းလူကို 'ဋ' နဲ့ 'မင်းဋ္ဌူ' လို့ ရေးရင်ရမလား"

"အာ... မင်းကကွာ၊ ဒါတော့ ဘယ်တူမလဲကွ"

"ဆိုပါစို့ကွာ၊ ဆရာကြီးဇော်ဇော်အောင်က မင်းလိုပဲ 'ဈော်ဈော်ဩောင်' လို့ရေးရင် ဘယ်လိုဖြစ်သွားမတုန်း၊ ငါ စဉ်းစားမိတယ်"

"ဘာ... စဉ်းစားတာလဲ"

"မင်းလူကို မင်းဋ္ဌူလို့ရေးရင် အူတူတူဖြစ်နေတယ်လို့ ခံစားရတယ်။ ဇော်ဇော်အောင်ကို ဈော်ဈော်ဩောင်လို့ရေးရင် ညောင်နာနာ ဖြစ်နေသလိုပဲ..."

ရဲအောင်က အလန့်တကြားပြန်မေးသည်။

"ငါ ရဲအောင်ကို ယဲဩောင်လို့ရေးတာကရော ဘယ်လိုများ ဖြစ်နေသတုန်း"

"ပြောရမှာလား..."

ရဲအောင်က ခပ်တိမ်တိမ်လေး ပြန်ဖြေသည်။

"ပြောပါ"

"မင်း စိတ်မဆိုးနဲ့နော်"

ရဲအောင်၏ အသံက ပိုတိုးသွားသည်။

"အေးပါ"

"ငါ့တစ်ယောက်တည်းရဲ့ ပုဂ္ဂလိကခံစားချက်အမြင်ကို ပြောမှာပါ"

"အေး... ပြောပါ"

"မင်းရဲ့ အဲဒီ ယဲဩောင်ဆိုတဲ့ စာလုံးက ကြောင်တစ်ပိုင်း၊ ဖားတစ်ပိုင်းကောင်ကြီး အော်လိုက်တဲ့အသံလိုပဲ..."

"ဟင်..."

"အစမှာ ကြောင်ပေါက်စကလေး အော်သလို 'ယဲ' ဆိုတဲ့ အသံကလေးကနေ နောက်မှာ ဖားခုံညင်းကြီး ကုန်းအော်လိုက်သလို 'ဩောင်' ဆိုတဲ့ အသံကြီးက ပါလာတယ်"

"ဟာကွာ..."

ရဲအောင် ကြေကွဲဆို့နင့် ခံစားသွားရ၏။ ခင့်ဂါနှင့် လင်းလင်းတို့မှာတော့ ရယ်လိုက်ကြရတာ သီးမတတ်။

MCMBOOKSHELF

နေဒွန်းက ခဂ္ဂါနှင့် လင်းလင်းကို တိုင်တည်သလို လှည့်ပြောသည်။

"ငါပြောတာ မဟုတ်ဘူးလေဟာ၊ ဥပမာ... ဆရာမ ဂျူးကို ယကြီးနဲ့ 'ယျူး' ဆိုပြီး ရေးကြည့်လိုက်ပါလား..."

"တော်... တော် ဆက်မပြောပါနဲ့တော့ နေဒွန်းရယ်"

သူ့ကိုတားရင်း ခဂ္ဂါနှင့် လင်းလင်းမှာ ရယ်နေလိုက်ရတာ အတောမသပ်နိုင်တော့။

"လူတွေကြားထဲမှာ ဒီလောက်မရယ်ကြနဲ့လေဟာ..."

ရဲအောင်၏ အောက်ကလီအာ လေသံကြောင့် ခဂ္ဂါတို့လည်း ပတ်ဝန်းကျင်ကို သတိရပြီး မျက်နှာပိုးသတ်လိုက်ကြသည်။

*****

ဘူတာကြီးမှ သူတို့စီးလာကာစထက် စာလျှင် ရထားတွဲပေါ်မှာက ခရီးသည်များ ပြည့်ကျပ်လာပြီ ဖြစ်သည်။ တွန်းထိုးရွေ့လျားနေသူများ မတ်တပ်အိပ်ငိုက်နေသူများ၊ အာဘောင်အာရင်းသန်သန် စကားပြောနေကြသူများ၊ စီဝေ ဆူညံလျက်ရှိတော့၏။

ဘူတာတစ်ခုသို့အဆိုက်မှာ သူတို့ထက်သာသည့် မိန်းကလေးငယ်တစ်စု တက်လာသည်။

"ဟဲ့...ရထားကြီးက တကယ်တော့ ကင်းခြေများနဲ့ မတူပါဘူးဟ"

"ဒါဖြင့် ဘာနဲ့တူလဲ..."

"ဟော့... ဘာနဲ့တူတူ စကားများမနေကြနဲ့၊ ဟိုထောင့်က လူကြီးကို ကြည့်စမ်း၊ ရန်ကွေ့စန်းလိုလို ဘာလိုလိုနဲ့..."

"ဟိုထောင့် ဒီထောင့်တွေ ကြည့်နေစရာ မလိုဘူးကောင်မရဲ့၊ နင့်နား တဖြည်းဖြည်း ရောက်လာနေတဲ့ ဟို... ဟိုလူ့ကို ကြည့်စမ်း"

"ဘာလဲ၊ မျက်စိမမြင်၊ ဆံ့အ နားမကြားကိုလား၊ ပိုက်ဆံလိုက်တောင်းနေတဲ့လူလား..."

"အေး... ဟုတ်တယ်၊ သူ့ကိုပြောတာ"

"ဘာဖြစ်လို့လဲ..."

"ကျိုးချင် မဟုတ်ဘူးလား၊ ကျွမ်းယွမ်ဘွဲ့ထူးရှင်လေ ခိခိခိ"

"နင်ကလဲဟယ်... ခစ်ခစ်"

ရဲအောင်က ထိုကောင်မလေးတစ်သိုက်ကိုကြည့်ပြီး မျက်နှာရှုံ့မဲ့လာ၏။ လင်းလင်းက မေးသည်။

"ဘာလဲ နင် ကြည့်မရတော့ဘူးလား..."

ရဲအောင်က ဘာမှမပြောခင် ခဂ္ဂါက ဝင်ပြော၏။

"ဘာလဲ... ရဲအောင်က ကြည့်မရဘူးဆိုရင် နင်က အဲဒီကောင်မလေးတွေကို ကရာတေးနဲ့ သွားနှုတ်ဆက်မလို့လား..."

ခဂ္ဂါ၏စကားဆုံးမှ ရဲအောင်က...

"အဲလိုမိန်းကလေးတွေကို ငါ ကြည့်မရဘူးဟ"

MCMBOOKSHELF

"ဘာဖြစ်လို့လဲ..."

"လူကြားထဲမှာ အသံ စာစာ စာစာနဲ့ဟာ"

"အော်... ငယ်ကြသေးတာပဲဟာ၊ သူငယ်ချင်းတွေဆုံတော့ ဒီလိုပေါ့"

"ဘာပဲဖြစ်ဖြစ်ဟာ၊ သူတို့ချည်းပဲရှိတဲ့ နေရာလည်းမဟုတ်ဘူး၊ ဘေးပတ်ဝန်းကျင်က လူတွေကို နည်းနည်း အားနာဖို့ကောင်းတယ်"

"ဒီခေတ်မိန်းကလေးတွေကတော့ အဲဒီလိုပါပဲဟာ..."

ခင်္ဂါက ဖြေပြောပြောသည့်တိုင် ရဲအောင်က ကျေနပ်မှု မရှိချေ။ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ကိုယ့်အချင်းချင်းကိုသာ စကားကျယ်ကျယ်ပြောနေကြသည့် မိန်းကလေးအုပ်စုကို...

"ဟင်း... ကျီးကန်းလို အာနေကြတယ်"

တစ်ချိန်လုံးငြိမ်နေသော နေဒွန်းက ခပ်မိန့်မိန့်ပြုံးလျက် ဝင်ပြောသည်။

"အာတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျီးကန်းလို အာတာတော့ မဟုတ်ဘူး"

ရဲအောင်က လှည့်ကြည့်သည်။

"ကျီးကန်းလို မအာရင် ဘယ်လိုအာရမှာလဲ..."

နေဒွန်းက အပြုံးနှင့်အတူ ဆက်ပြော၏။

"အင်္ဂလိပ်လို အာနေတာ..."

"ဘာဆိုင်လို့လဲကွာ"

"ဆိုင်တယ်ကွ၊ မင်းပြောသလို ပတ်ဝန်းကျင်ကို ဂရုမစိုက်နိုင်တဲ့ အင်အားက သူတို့မှာရှိတယ်၊ သူတို့လည်း တို့လိုပဲ မြို့ပတ်ရထားကို အပျော်တက်စီးတာ ကိုယ်ပိုင်ကားမစီးနိုင်လို့ မဟုတ်ဘူး"

"ငါ သဘောမပေါက်ပါဘူး"

"သူတို့ အာတာက အင်္ဂလိပ်လို ARE နဲ့ A ၁တာ...၊ ရှိကြသည်၊ ဖြစ်ကြသည် ပေါ့ကွာ၊ A`ဒါကြောင့် သူတို့ ဘယ်သူမှ ဂရုစိုက်စရာ မလို... ပေါ့၊ သူတို့ A`လို A ၁ နေကြတာ..."

"ေA ၵ်... ဂလိုလား"

"ေA း... ဂလို"

ထိုA ခိုက်မှာပင် A င်္ဂလိပ်လို A ၁နေသော ကောင်မလေးတစ်ယောက်က နေဒွန်းကို မြင်သွားသည်။

"ဟယ်... ဟိုမှာ ဟိုလူကြီးတော့"

ကျန်သော ကောင်မလေးများကို A လန့်တကြား နှိုးဆော်၏။

"ဘယ်လူကြီးလဲ... ဘယ်လူကြီးလဲ"

ကျန်သော ကောင်မလေးများကလည်း မျက်နှာလူးဆန်ပြာ ပြန်မေးကြ၏။

"ဟိုမှာလေ ကိုနေဒွန်းကြီး..."

"ဟယ်... ဟုတ်ပါရဲ့၊ ကိုနေဒွန်းကြီး ကိုနေဒွန်းကြီး"

နေဒွန်းဘေးမှာ ထိုင်နေသော ရဲေA ၁င်က မျက်နှာလွှဲပြီး သူ့ကိုယ်ကို ရှို့ဖယ်၏။ နေဒွန်းနှင့် ကိုယ့်ဘာသာကိုယ် ပြောကြဟူသော သဘော...။

ခင္ဂါနှင့် လင်းလင်းက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ ကောင်မလေးတွေက ငယ်ငယ်ချောချော၊ ခေတ်ဆန်ဆန်ကလေးတွေ ဖြစ်၏။ နေဒွန်းနှင့်လည်း သိနေသည်ပဲကိုး။

နေဒွန်းက...

"ဆွေမျိုးပေါက်ဖော်တွေ ဘယ်သွားကြမလို့လဲ..."

"ဘောက်ထော်ပြန်ကြမလို့လေ၊ ကိုနေဒွန်းကြီးက သမီးတို့ကို မြင်သားနဲ့ မခေါ်ဘူး..."

"ဩော်... ကိုယ့်ဘာသာ စကားပြောကြပါစေဆိုပြီး လွှတ်ထားတာ..."

"ဩော်... စကားကတော့ အမြဲတမ်းပြောနေရတာပေ့ါ။ ကိုနေဒွန်းကြီးကို တွေ့လည်း နှုတ်ဆက်မှာပေ့ါ..."

ကောင်မလေးတွေနှင့် နေဒွန်း ခဏအဖွဲ့ကျလိုက်ကြသေးသည်။ လက်ပံပင်ကို ဆက်ရက် အမတွေချည်းပဲ ကျလာသလို ခင္ဂါတို့အနားတစ်ဝိုက်မှာ ဆူညံနေတော့၏။

ခဏအကြာမှာ ကောင်မလေးတွေ ဆင်းသွားကြသည်။ ဘောက်ထော်ဘူတာ မရောက်ခင် ဆင်းသွားကြခြင်းဖြစ်၏။ တိုကျိုကြက်ကြော် မစားရသေးမှန်း သတိရ၍ မြို့ထဲပြန်သွားကြခြင်း ဖြစ်သည်။

သူတို့ မရှိတော့ ရဲအောင်က သက်ပြင်းကြီးကို ချ၏။

"ဟင်း... ငင်း... ငင်း... ငင်း..."

ခင္ဂါနှင့် လင်းလင်းကလည်း ခေါင်းခါခါ လည်ခါခါနှင့် 'မနိုင်ဘူးဟာ...' ဟုပြော၏။ လင်းလင်းကို နေဒွန်းက နောက်သည်။

"လင်းလင်း..."

"ဘာလဲ..."

"နင့် ကရာတေးကို နင်... မနည်းထိန်းချုပ်ထားရတယ် မဟုတ်လား..."

"တော်စမ်းပါ... နေပါဦး၊ နင်က အဲဒီကောင်မလေးတွေနဲ့သိတာ ကြာပြီလား..."

"ငါတို့ကုမ္ပဏီရုံးခန်းဘေးမှာ သူတို့က ပန်းအလှပြင်သင်တန်း လာတက်နေတာ မသိ ခံနိုင်မလား၊ သူတို့ ဒီလောက်စကားများပုံနဲ့က..."

"မသိပါဘူး... နင်နဲ့များ ဆွေမျိုးတော်သလားလို့..."

ခင္ဂါကလည်း ဝင်ပြောသည်။

"အေးလေ... သူက ခေါ်လိုက်တာများ ဆွေမျိုးပေါက်ဖော်တွေတဲ့..."

"ငါသူတို့ကို အဲလိုနာမည်ပေးလိုက်လို့ သူတို့က ငါ့ကို အရမ်းခင်သွားတာ..."

"တရုတ်မလေးက တစ်ယောက်ထဲ ပါတာပါ... ဘာဖြစ်လို့ နင်က ဆွေမျိုးပေါက်ဖော်လို့ ခေါ်တာလဲ"

"လေးယောက်လုံးကို ခြုံငုံခေါ်တာ"

"ဘာ..."

"ဒီလိုဟ"

MCMBOOKSHELF

"အင်း... ပြော"

"အဲဒီကောင်မလေးတွေက..."

"အင်း..."

"တစ်ယောက်က ဆွေဆွေမြင့် တဲ့..."

"အင်း..."

"တစ်ယောက်က မျိုးမာလာဝင်း တဲ့..."

"အင်း..."

"တစ်ယောက်က ပေါက်ပေါက် တဲ့..."

"အင်း..."

"တစ်ယောက်က ဖော်မွန်ဦး တဲ့...၊ အဲဒါကြောင့် ငါက သူတို့ကို ရှေ့စလုံးတွေချည်းတွဲပြီး ဆွေမျိုးပေါက်ဖော်လို့ ခေါ်လိုက်တာ နားလည်ပြီလား..."

ဤအခါတွင်တော့ ခင္ဂါနှင့် လင်းလင်းကကို သဘောကြည်ဖြူစွာ မှတ်ချက်ပြုလိုက်ကြရ၏။ သူတို့နှစ်ယောက် သုံးနေကျ ပြာလောင်လေသံနှင့်ပင် ဖြစ်၏။

"ဩော်... ဂလိုကိုး..."

"အေး... ဂလို"

ခင္ဂါ လန်းဆန်းရွှင်မြူးစွာပင် တခစ်ခစ် ရယ်နေသည်။ သူ့ကိုကြည့်ကာ ရဲအောင်နှင့် လင်းလင်းကလည်း စိတ်ချမ်းသာပုံရ၏။

နေ့ခွန်းက...

"အဲဒီတော့ ရပ်ကွက်ထဲ ပြန်ရောက်ရင် ရဲအောင်က တစ်ခုခုကျွေးမယ် မဟုတ်လား"

ရဲအောင်ရသော ကဗျာစာမူကို ရည်ရွယ်၍ ပြောလိုက်သော စကားဖြစ်သည်။

"ခုနှစ်ဆယ့်ငါးကျပ်ထဲနဲ့..."

"အေး... ဘာဖြစ်လဲ"

"အကြော် တစ်ယောက်တစ်ခုတော့ ရမှာပေါ့"

"သိပ်ကြီးတဲ့ အကြော်ဆိုရင် မရဘူး၊ တည်င်းသီးလောက်အရွယ် အကြော်ဆိုရင်တော့ ရမယ်"

"ဟေ..."

ရဲအောင်၏မျက်နှာက မသက်မသာ ဖြစ်သွားသည်။ သူ့ကလောင်အမည်အတိုင်း 'ယဲ' ဟု ညည်းတွားလိုက်ရမလို 'ဩောင်' ဟု ကုန်းအော်လိုက်ရမလို ဖြစ်နေတော့သည်။

ခင္ဂါနှင့် လင်းလင်းကတော့ တခစ်ခစ်ရယ်မောလျက်...။

ထိုသို့ဖြင့်ပင်...

*****

MCMBOOKSHELF

ဘူတာမှဆင်းပြီး ရပ်ကွက်ထဲသို့ တမျှော်တခေါ် လမ်းလျှောက်ဝင်ခဲ့ကြသည်။

"ရဲအောင်…"

"ဟင်…"

"မင်းက တို့ကို ဘယ်ဆိုင်ခေါ်သွားမှာလဲ"

"အေး… ငါလည်း စဉ်းစားနေတာ"

"ဘီယာရတဲ့ ဆိုင်ဆိုရင် ငါတို့ မလိုက်ဘူးနော်"

လင်းလင်းက ကဗျာကယာ ကန့်ကွက်ထား၏။

နေခွန်းက ဝင်ကလိသည်။

"ဘီယာဆိုင်လည်း မသွားပါဘူး၊ (၇၅)ကျပ်နဲ့က စည်ဘီယာတစ်ခွက်ပဲရမှာ၊ လေးယောက် တစ်ကျိုက်စီ မော့နေရမယ်"

"ငါကလည်း လင်းလင်းကို ဘီယာဆိုင် မခေါ်ပါဘူး နေခွန်းရာ…၊ တော်ကြာ အမူးသမားသိုင်းတွေ ဘာတွေ ထ,ကနေဦးမယ်…၊ ဒီလိုလုပ်ကွာ၊ မထိုင်ဘူးတဲ့ ဆိုင်တစ်ဆိုင်ကို သွားမယ်"

"ဘယ်ဆိုင်ကို သွားမှာလဲ…"

"ခင်ဇော့်အအေးဆိုင်"

"အေး… ကောင်းသားပဲ၊ ထိုင်ဘူးတယ်ရှိတာပေါ့၊ သွားကြရအောင်"

ထုံးစံအတိုင်းပင် ကိုခင်ဇော်၏ အအေးဆိုင်ဆီ ချီတက်ခဲ့ကြတော့၏။

လမ်းမှာ…

ထူးခြားမှုတစ်စုံတစ်ရာကို…

ခဂ္ဂါ…

ရင်ဆိုင်ရတော့၏။

"အို…"

မိုက်ခနဲ မှူးယိုင်သွား၍ အနားမှာရှိနေသော နေခွန်းက လှမ်းဆွဲထားသည်။ လင်းလင်းကလည်း ဆီးပွေ့ထားလိုက်သည်။

"ခဂ္ဂါ…ဘာဖြစ်လို့လဲ"

"ခဂ္ဂါ… ခေါင်းမူးပြန်ပြီလား"

လမ်းလယ်ခေါင်ကြီးမှာဖြစ်၏။ လမ်းဘေးသစ်ပင်ရိပ်ဆီ သူ့ကို ဆွဲခေါ်သွားကြသည်။

ခဂ္ဂါကတော့ မျက်လုံးအစုံကို မှိတ်ထား၏။ မျက်နှာကလည်း ဖြူဖတ်ဖြူရော် ဖြစ်နေသည်။ လင်းလင်းက ခဂ္ဂါ၏ခြေဖျား၊ လက်ဖျားများကို စမ်းကြည့်ဆုပ်နယ်ရင်…

"ဟယ်… အေးစက်နေတာပဲ"

ခဂ္ဂါ၏ပုခုံးကို လှုပ်ကာခေါ်၏။

MCMBOOKSHELF

"ခဂ္ဂါ..."

"ဟင်..."

ခဂ္ဂါက အားလျော့မှုးဝေသံဖြင့် ပြန်ထူးသည်။

"နင် ဘာဖြစ်လို့လဲ..."

"ငါ ဘာမှမဖြစ်ပါဘူး၊ လူ... လူတစ်ယောက်..."

"ဘာ... လူတစ်ယောက်လဲ"

"လူတစ်ယောက် ရေကန်ထဲမှာ ရေနစ်သေနေပြီ၊ ဗိုက်ပူပူနဲ့ လူကြီးတစ်ယောက်ပေါ့...၊ ပါးကမဲ့မှာ အမွေးတွေပေါက်နေတဲ့ လူကြီး"

"ဟင်..."

ခဂ္ဂါစကားကြောင့် သူတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ဖြစ်ကြသည်။ အခြေအနေကို အရင်ဆုံး ရိပ်စားလိုက်မိသူက လင်းလင်းဖြစ်၏။

"အေးအေး...၊ ခဂ္ဂါ တို့ ဒီမှာပဲ ခဏနားပြီး ထိုင်နေကြရအောင်"

သစ်ရပ်အေးအေးအောက်မှာ ပူဝေသော နှလုံးသားများဖြင့် တိတ်ဆိတ်စွာ ထိုင်နေလိုက်ကြသည်။ အတော်ကြီးကြာမှ ခရီးဆက်ဖြစ်ကြ၏။

ရှေ့လမ်းဆုံကွေ့လေးအရောက်မှာ အားလုံး၏ရင်ထဲ မြင့်မိုရ်တောင်တစ်လုံး ချိတ်ဆွဲခံလိုက်ရသလို လေးလံသွားကြတော့၏။

လမ်းဆုံရေကန်အိုင်ကြီးမှာ လူတွေရှုန်းစုရှုန်းစုဖြင့် အလောင်းတစ်လောင်းကို ဆယ်နေသည်။ ထိုအလောင်းသည် ဗိုက်ပူပူ လူကြီးတစ်ယောက်ဖြစ်ပြီး သူ့ပါးမှ မဲ့မှာလည်း အမွေးအမျှင်များ ပေါက်နေသည်။ နေခွန်းနှင့် ရဲအောင်တို့က တိတ်ဆိတ်သွားကြ၏။ မည်သည့်စကားကိုမျှ မဆိုတော့။

"ခဂ္ဂါ...ရယ်"

လင်းလင်းကသာ သူ့လက်ကို တင်းတင်းကြပ်ကြပ် ကိုင်ဆွဲရင်း ညည်းညူနေတော့၏။

*****

MCMBOOKSHELF

ကိုယ့်နှုတ်ခမ်းကိုယ် ကိုက်ထားမိတဲ့အချိန်တွေဟာ...
ဘဝကို နူးညံ့စွာ နာကြည်းမိတဲ့ အချိန်တွေပါပဲ...။

"ခုနက နင်ပြောတာ ဘယ်သူ..."

နေဒွန်းက အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း သူ့ကို လှမ်းမေး၏။ မျက်လွှာချရင်း ပြန်ဖြေလိုက်သည်။

"ပီတာဟားကို့စ်"

"ပီတာဟားကို့စ်... ဟုတ်လား"

"အင်း..."

"သူက ဘာလူမျိုးလဲ..."

"ဟော်လန်..."

"သူကတော့ ယောက်ျားပေါ့"

"အင်း... အသက်(၅၁)လောက်၊ သူလည်း နာမည်ကြီးတာပဲ၊ အရပ်ပုပု မျက်နှာဝိုင်းဝိုင်း စကားပြောမြန်တယ်လို့ မှတ်တမ်းတွေထဲမှာ ပါတယ်"

"သူနဲ့ ခဂ္ဂါနဲ့ တူတယ်ဆိုတာက နင် ဘာကိုကြည့်ပြီး သုံးသပ်တာလဲ..."

နေဒွန်း၏ မျက်နှာကို အကဲခတ်သလို တစ်ချက်ကြည့်ဖြစ်သည်။ နေဒွန်း၏ မျက်နှာက လေးနက်တည်ကြည်နေ၏။

"သူတို့ အဲဒီလို အာရုံနိမိတ်တွေ မြင်ပုံချင်း တူတယ်"

"ဘယ်လို တူတာလဲ..."

"ပီတာဟားကို့စ်ကလည်း ခဂ္ဂါလိုပဲဟ၊ အနိဋ္ဌာရုံတစ်ခုခု ဖြစ်တော့မယ်ဆိုရင် ကြိုမြင်တယ်"

"အင်း... ပြီးတော့ရော..."

"တစ်ခါတစ်ခါ တယ်လီဖုန်းကြိုးတွေ ကိုင်လိုက်ရင် တစ်ဖက်က ပြောနေတဲ့သူကို မြင်တယ်"

"သြော်..."

"သူနားရောက်နေတဲ့ လူတစ်ယောက် တစ်ခုခု ဖြစ်လာခဲ့တာရှိရင်လဲ အဲဒီဖြစ်ရပ်ကို သိတယ်"

"သြော်... အဲဒီလိုလား"

"ပြီးတော့လည်း တူတာတွေ ရှိသေးတယ်ဟ..."

"အင်း... ပြောပါဦးဟာ"

"အဲဒါတွေက အရေးကြီးတယ်၊ အခုပြောသွားပြီးသားအချက်တွေထက် ပိုအရေးကြီးတယ်"

"အေး... အေး... ဆိုပါဦး"

"ပထမအချက်က ဦးခေါင်းဒဏ်ရာရပြီး အဲလို အာရုံနိမိတ်တွေကို မြင်လာတာပဲ...၊ အဲဒီအချက်မှာ တူတယ်"

"သေချာလား..."

"သေချာတာပေါ့၊ ဟားကို့စ်က အိမ်အမိုးပေါ်က လိမ့်ကျတာ၊ ခဂ္ဂါက မရမ်းပင်ပေါ်က လိမ့်ကျတာ"

"သြော်... အင်း..."

"နောက်တစ်ချက်ကလည်း အရေးကြီးတယ်၊ ထူးလည်းထူးခြားတယ်"

"အင်း..."

"သူများတွေရဲ့ အာရုံနိမိတ်ကိုသာ မြင်တာ၊ ကိုယ့်ကိုယ်ကို ပြန်ပြီး အာရုံခံကြည့်လို့ မရဘူး၊ သူတို့နှစ်ယောက်လုံး အဲဒီမှာ တူတယ်"

"အင်း..."

နေခွန်းက ဘာမှ ဆက်မမေးတော့ဘဲ စကြ်ံလျှောက်မြဲလျှောက်နေ၏။ ခေါင်းငုံ့စဉ်းစားနေပြီး မျက်နှာအမူအယာက ငြိမ်သက်လွန်းလှသည်။

ခဏအကြာမှ ဆတ်ခနဲ လှည့်မေး၏။

"အဲဒီတော့ သူတို့ရဲ့ စိတ်အခြေအနေကို ဘယ်လိုနာမည်တပ်သလဲ..."

"ဆိုင်ကိုမေထရီလို့ အကြမ်းဖျဉ်းပြောလို့ ရတယ်"

"အင်း... ငါမေးချင်တာ နှစ်ခုရှိတယ်"

"ပြောလေ..."

"ပီတာဟားကို့စ်ကရော အဲလိုဖြစ်နေတဲ့ စိတ်အခြေအနေ ပြန်ပျောက်သွားလား၊ မပျောက်တော့ဘူးလား"

မချိုပြုံး ပြုံးရင်းကပဲ ခပ်တိုးတိုး ပြန်ဖြေလိုက်သည်။

"မပျောက်ဘူး..."

"အင်း... အဲဒါဆို နောက်တစ်ခု ထပ်မေးမယ်"

"မေး..."

"သူကရော အဲဒီလို အာရုံနိမိတ်ထူးတွေ မြင်မြင်နေတာနဲ့ ပတ်သက်ပြီး မတုန်လှုပ်ဘူးလား၊ မခြောက်ခြားဘူးလား၊ ခဂ္ဂါလိုမျိုး ကိုယ့်ဘဝကိုယ် စိတ်မပျက်ဘူးလား..."

"ဟင့်အင်း... မပျက်ဘူးဟ၊ သူကတော့ ကျေကျေနပ်နပ်ပဲ"

"ရော..."

"ဟုတ်တယ်၊ သူ့အကြားအမြင်ပညာနဲ့ ရဲတွေ စုံထောက်တွေကိုတောင် ကူပြီး အမှုဖော်ပေးသေးတယ်၊ သူ...ကမ္ဘာကျော်သွားတယ်"

နေခွန်းက လက်နှစ်ဖက် နောက်ပစ်ထားရင်း...

"အင်း... အဲဒါဆိုရင်တော့ နောက်ထပ်မေးခွန်းတစ်ခု ပေါ်လာပြန်ပြီ၊ ထပ်မေးရဦးမယ်..."

"နင်... ဘာသိချင်တာလဲ"

"ခဂ္ဂါ အကြောင်းပါ..."

"အင်း... မေး"

"ဟားကို့စ်က အဲဒီအခြေအနေတွေပေါ်မှာ ကျေနပ်နိုင်တယ်၊ ခဂ္ဂါက မကျေနပ်နိုင်ဘူး၊ ခဂ္ဂါ မကျေနပ်တဲ့အကြောင်းအရင်းကို သိချင်တယ်၊ ဘာဖြစ်လို့ ခဂ္ဂါ မကျေနပ်ရတာလဲ"

လင်းလင်းက နေခွန်းကို အထင်ကြီးသွားသလို တစ်ချက်ကြည့်လိုက်သည်။

"အင်း... နင်မေးတဲ့မေးခွန်း ကောင်းတယ်၊ ဒီလိုဟ..."

"အေး... ပြော"

"လူချင်း ကွာတယ်"

"ဟင်... လူချင်းကွာတယ်၊ ဘာလိုကွာတာလဲ"

"ဟားကို့စ်က သာမန်လူတစ်ယောက်ပါ၊ ဒီ သူ့ရဲ့ပြောင်းလဲသွားတဲ့ စိတ်အခြေအနေကြောင့် ကမ္ဘာကျော်သွားတယ်၊ ချမ်းသာသွားတယ်၊ ဒီ အပြောင်းအလဲမှာ သူက ကျေနပ်တယ်"

"အင်း..."

"ခဂ္ဂါကတော့ အဲဒီလို မဟုတ်ဘူးလေဟာ..."

"နည်းနည်းဆက်ရှင်းဦးလေဟာ"

"ခဂ္ဂါက သူ့ဘာသာသူ ရည်ရွယ်ချက် အရမ်းကြီးခဲ့တယ်၊ စီးပွားရေးပညာရပ်နဲ့ပတ်သက်ပြီး ကမ္ဘာကျော် ပါရဂူတစ်ယောက် ဖြစ်ချင်တယ်၊ အဲဒါကြောင့်လည်း သူ့ဘာသာသူ အရမ်းကြိုးစားတယ်၊ သူ့လမ်းကြောင်းနဲ့သူ သွားနေတာ"

"အင်း..."

"ဒီအပြောင်းအလဲက သူ့ကို တခြားလမ်းကြောင်းတစ်ခုဆီ တွန်းပို့နေတယ်၊ အကြားအမြင်ရလို့ ဗေဒင်ပဲ ဟောစားရမလို၊ ဟို ဘယ်လိုကြီးမှန်းမသိ ဖြစ်နေတာပေါ့ဟာ..."

"အင်း... အေးပေါ့"

"သူက ခုလိုဖြစ်ရတာကို ရှက်တောင် ရှက်နေတယ်၊ လူသိတောင် ခံချင်တာ မဟုတ်ဘူး"

"အေး... ဟုတ်တယ်၊ ငါလည်း ရိပ်မိတယ်"

"နောက်ပြီး သူက အနုပညာတွေဘာတွေလည်း ဝါသနာပါတယ်၊ ခု သူ့စိတ်အခြေအနေက အနုပညာကို အာရုံခံစားလို့မရဘူး ဖြစ်နေတယ်၊ အဲဒီအချက်ကတင် သူ့ဘဝကို အပူငွေ့ဟပ်သလိုပဲ၊ တော်တော်ခြောက်ကပ်သွားတယ်"

"အင်း... ဟုတ်ပြီ၊ ပြီးတော့ရော..."

"သူ့မူလလမ်းကြောင်းမှာပဲ သူ ဆက်လျှောက်ချင်တယ်၊ ဒါပေမဲ့ နက်နဲတဲ့ပညာရပ်တွေကို လေ့လာဖို့ သူ့ဦးနှောက်က မလိုက်နိုင်တော့ဘူး၊ မေ့တတ်တာတို့၊ ခေါင်းကိုက်တာတို့ အရမ်းဖြစ်လာတယ်"

"အင်း..."

"နောက်ပြီးတော့ မြင်ရတဲ့ အာရုံနိမိတ်တွေကလည်း အနိဋ္ဌာရုံတွေ များတယ်၊ စိတ်ဆင်းရဲစရာတွေပေါ့ဟာ..."

နေဒွန်းက တစ်ချက်လက်ကာပြ၏။

"ခဏ..."

"နင်... ဘာမေးမလို့လဲ"

"ဟားကို့စ်ကရော အဲဒီလိုအနိဋ္ဌာရုံတွေ မြင်ရတာ မများဘူးလား၊ ခဂ္ဂါကပဲ များနေတာလား..."

"အဲဒါကတော့ စောင့်ကြည့်မှ ပြတ်ပြတ်သားသားပြောလို့ ရမှာပဲဟာ၊ လောလောဆယ် ပြောလို့ရတာတော့ တစ်ခုရှိတယ်"

"ဘာများလဲ..."

MCMBOOKSHELF

"အဲဒီနေရာမှာလည်း လူချင်းကွာတာပါပဲ၊ ဟားကိုစိုက အတွေ့အကြုံ ရင့်ကျက်နေတဲ့ ယောကျ်ားကြီးဟ၊ ခင့်ါကကျတော့ သူ့ရည်ရွယ်ချက်ကို သူ ကြိုးစားနေဆဲ ကျောင်းသူအရွယ် မိန်းကလေး၊ ပြီး... စိတ်ကူးလည်းယဉ်တတ်တဲ့ ချမ်းချမ်းသာသာ လှလှပပ မိန်းကလေး..."

"ဩော်... အေး"

"အနိဋ္ဌာရုံတွေမြင်ရတာချင်း တူရင်တောင် ပီတာဟားကိုစ်ရဲ့ လက်ခံပုံနဲ့ ခင့်ါရဲ့ လက်ခံနိုင်ပုံ ဘယ်တူမလဲဟာ..."

"အင်း... ဟုတ်မယ်၊ လက်ခံနိုင်တဲ့ အင်အားက ဟားကိုစ်မှာရှိရင်တောင် ခင့်ါမှာ ရှိချင်မှရှိမယ်"

နေဒွန်း မေးချင်တာတွေ ကုန်သေးပုံမပေါ်။ သို့သော် ထပ်မမေးတော့၊ လမ်းလျှောက်နေခြင်းကို ရပ်ပြီး ခုံတစ်လုံးမှာ ဝင်ထိုင်သည်။ ဘာတွေကို စဉ်းစားနေသည်မသိ၊ ငြိမ်သက် စဉ်းစားနေသည်။

လင်းလင်းတို့အိမ်၏ ဧည့်ခန်းထဲမှာ ဖြစ်သည်။ ခင့်ါလာမည်ဆို၍ သူတို့စောင့်နေကြသည်။ ခုချိန်ထိ ရောက်မလာသေး။

*****

ခင့်ါ၏ အမြင်စွမ်းရည်ကို ဆိုင်ကိုနည်းများဖြင့် စမ်းသပ်ရန် လင်းလင်းက စီစဉ်ထားခြင်းဖြစ်သည်။ ခင့်ါက သူ့အိမ်မှ လူကြီးများ မသိစေချင်။ ထို့ကြောင့် လင်းလင်း၏ အိမ်မှာပဲ စီစဉ်ရသည်။

ခင့်ါ၏ ထူးခြားနေသော စိတ်အခြေအနေကို အမှန်အတိုင်းသိထားသောသူမှာ သူ၊ နေဒွန်းနှင့် ရဲအောင်တို့သာ ရှိသေး၏။ ရဲအောင်ကတော့ ဤနေ့ အစီအစဉ်သို့ လာရောက်နိုင်ခြင်း မရှိချေ။ ပုဇွန်ကန်မှာ အလုပ်တွေ ရှုပ်နေသည်။

နေဒွန်းကတော့ အားကိုးရမည့်ပုံ ပေါ်ပါသည်။ သည်ဖြစ်ရပ်အပေါ်မှာ အတော်ကလေး ဂရုတစိုက်ရှိသည်။ ခင့်ါကိုလည်း ကရုဏာကြီးကြောင်း မြင်ရသည်။

"နင်တို့ စောင့်နေတာ ကြာပြီလား..."

ခင့်ါ ရောက်လာသည်။ ခင့်ါက ခရမ်းရောင်ဖျော့ဖျော့ ကိုယ်ကြပ်စပို့ရှပ်တစ်ထည်ကို ခရမ်းရင့်ရောင် လုံချည်နှင့် တွဲဖက်ဝတ်ဆင်ထား၏။

"မကြာသေးပါဘူး..."

"ရဲအောင် မလာဘူးနော်..."

"အင်း... ဟုတ်တယ်၊ တို့သုံးယောက်ပဲရှိမယ်"

အိမ်မှလူများကလည်း ပဲခူးဘုရားဖူး ထွက်ကြသဖြင့် လင်းလင်းက လွတ်လပ်စွာ စီစဉ်နိုင်လေသည်။

"လာ... ဘုရားခန်းထဲ သွားရအောင်"

ဘုရားခန်းထဲမှာ ထိုင်ကြ၏။ လင်းလင်းက (ဖဲထုပ်သဏ္ဍာန်ရှိသော သားရေအိတ်ကလေးထဲမှ) ကတ်ပြားတစ်ချို့ကို အနီးမှာချထားသည်။

MCMBOOKSHELF

"စ ကြတော့မလား..."

ခင်္ဂါကမေး၏။

"နေဦး..."

နေဒွန်းက ဝင်တားခြင်းဖြစ်သည်။ သူ့အိတ်ထဲမှ ဖဲထုပ်တစ်ထုပ်ဆွဲယူကာ လင်းလင်းကို လှည့်ပြော၏။

"လင်းလင်း... ဖဲထုပ်နဲ့ အရင်စမ်းရအောင်၊ ပြီးမှ နင့်ကတ်ပြားတွေကို သုံး..."

နေဒွန်းပေးသောအကြံက မဆိုးလှချေ။ ထို့ကြောင့် လင်းလင်း ခေါင်းညိတ်ပြလိုက်သည်။

"အင်း... လုပ်လေ၊ ကောင်းသားပဲ..."

သုံးယောက်သား ကြမ်းပြင်ပေါ်တွင် ဖိုခနောက်ဆိုင် ထိုင်နေကြခြင်းဖြစ်သည်။ နေဒွန်းက...

"ခင်္ဂါ..."

တိုးညင်းစွာ ခေါ်၏။ ထိုခေါ်သံထဲမှာ အေးချမ်းကြည်လင်သည့် မေတ္တာတရားတို့ စိမ့်ဝင်ပါရှိနေသည်။

"ဟင်... ဘာလဲ"

"အခု နင့်ကို ငါ စမ်းသပ်ချက်တစ်ခု လုပ်မယ်ဟာ..."

"အင်း... ဘယ်လိုလုပ်မှာလဲ"

"ငါက ဒီဖဲထုပ်ထဲက ဖဲချပ်တွေကို ကျောဖက်ကနေ နင့်ကိုပြမယ်၊ ဖဲချပ်ရဲ့ကျောဖက်ကိုပဲ နင်မြင်ရမယ်"

"အင်း... အဲဒီတော့"

"ဒါပေမဲ့ အဲဒီဖဲက ဘာဖဲလဲဆိုတာကို နင်ပြောရမယ်"

"အင်း..."

ခင်္ဂါ ခေါင်းလေးညိတ်ပြ၏။

"ကဲ... ဒါဖြင့် စကြရအောင်"

နေဒွန်းက ခင်္ဂါ၏ရှေ့ရှိ ကော်ဇော်ပေါ်မှာ ဖဲချပ်တစ်ချပ်ကို မှောက်ရက် ချထားလိုက်၏။

"အဲဒါ ဘာဖဲချပ်လဲ ပြောစမ်းပါဦး..."

ခင်္ဂါက မျက်တောင်များကို မှေးစင်း၍ တစ်ချက်စဉ်းစားသည်။ ပြီး...

"အဲဒါ ဂျိုကာဖဲပဲ..."

နေဒွန်းက ခင်္ဂါ၏ မျက်နှာကိုစိုက်ကြည့်ပြီးမှ ဖဲချပ်ကို ဆွဲလှန်လိုက်သည်။

"သြော်..."

"ဟယ်..."

သူနှင့် နေဒွန်းတို့ အာမေဋိတ်သံအသီးသီး ထွက်သွားကြရ၏။ ခင်္ဂါကတော့ မျက်နှာလွှဲသည်။ မျက်နှာအလွှဲမှာ ပင့်သက်တစ်ချက် ငြီးပါသွားသည်ဟု ထင်ရ၏။

ဖဲချပ်က ခင်္ဂါ ပြောသည့်အတိုင်းပင် ဖြစ်၏။ ဂျိုကာဖဲချပ် ဖြစ်နေသည်။ နေဒွန်းက...

MCMBOOKSHELF

"ကဲ... ဒီတစ်ချပ်ကို ဆက်ကြည့်လိုက်ရအောင်"

ဖဲချပ်တစ်ချပ်ကို ခဂ္ဂါရှေ့မှာ မှောက်ရက်ချပြန်၏။

"ပြောပါဦး"

"ဒိုင်းမွန်း ခုနစ်..."

ဖဲချပ်ကို ဆွဲလှန်သည်။

"အင်း... မှန်တယ်"

လင်းလင်း ဘာမှမပြောဘဲ တိတ်ဆိတ်စွာ ဘေးမှ ကြည့်နေလိုက်တော့သည်။ နေဒွန်းက နောက်တစ်ချပ်ကို ဆက်စမ်း၏။

"ကဲ... ဒါကရော"

"ဟတ်... လေး"

"အင်း... မှန်ပြန်ပြီ"

နေဒွန်းက နှစ်ချပ်ဆက်တိုက် ထပ်ခင်းလိုက်၏။

"ကဲ... ဒီနှစ်ချပ်ကိုရော ဘယ်ဟာက ဘာလဲ ပြောပါဦး"

ခဂ္ဂါ တစ်ချက် စဉ်းစားသည်။ ဖဲချပ်နှစ်ချပ်ကို အစုန်အဆန် ကြည့်လိုက်ပြီးမှ...

"ဒီဖဲချပ်က စပိတ်တစ်..."

နေဒွန်းက ထိုဖဲချပ်ကို ဆွဲလှန်၏။ စပိတ်တစ်ဖဲပဲ ဖြစ်သည်။

"ကျန်တဲ့ ဟာကရော..."

မှောက်ရက်ကျန်နေသည့် ဖဲချပ်ကိုကြည့်ကာ ခဂ္ဂါက...

"အဲဒါ ကင်း..."

နေဒွန်း ဆွဲလှန်လိုက်တော့...

"အင်..."

"ဟင်..."

ခဂ္ဂါကိုယ်တိုင်လည်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ဖဲချပ်က ကင်း... မဟုတ်ဘဲ ဂျက် ဖြစ်နေသည်။

နေဒွန်းက လင်းလင်းကို လှည့်ကြည့်သည်။ လင်းလင်းက နှုတ်ခမ်းများ တင်းတင်းစေ့လျက် ခေါင်းညိတ်ပြလိုက်သည်။

"လင်းလင်း... နင် ဆက်စမ်းမလား"

ခေါင်းညိတ်ပြလိုက်၏။

"အေး... ငါစမ်းလိုက်မယ်"

နေဒွန်းက သူ့ဖဲချပ်များကို ပြန်သိမ်းသွားသည်။ လင်းလင်းက...

"ခဂ္ဂါ၊ နေဒွန်း စမ်းသပ်သွားသလိုပဲ ဆက်စမ်းမှာပဲ၊ ကတ်ပြားချင်းတော့ မတူဘူး၊ ငါ့ကတ်တွေက ဖဲချပ်တွေ မဟုတ်ဘူး"

MCMBOOKSHELF

"အင်း..."

"ဒါပေမဲ့ နေ့ခွန်းလိုပဲ ငါကလည်း ဒီကတ်ပြားတွေကို နင်ရှေ့မှာ မှောက်ရက်ချပြမယ်"

"အင်း..."

"နင်က ဒီကတ်ပြားတွေမှာ ဘာပုံလေးတွေပါတယ်ဆိုတာ ပြောပြရမယ်"

"အေးပါ လုပ်..."

လင်းလင်းက အဖြူရောင်ကတ်ပြားလေးတစ်ချပ်ကို ခဂ္ဂါ၏ ရှေ့သို့ မှောက်ရက်တွန်းပို့ပေး၏။ ကတ်ပြားလေး၏ အဖြူရောင်ကျောပြင်ကို ခဂ္ဂါ စိုက်ကြည့်နေသည်။ အတန်ကြာသည်အထိ ဘာမှမပြောနိုင်။

သူ့ဘာသာ မျက်မှောင်လေးကြုတ်ပြီး ဇဝေဇဝါဖြစ်နေသည်။ ထို့နောက်မှ ကတ်ပြားကို သူ့လက်ညှိုးဖြင့် ဖိထောက်လိုက်၏။ အသက်ကို ခပ်ပြင်းပြင်း တစ်ချက်ရှူပြီး...

"သိပြီ"

"ဘာလဲ"

"စက်ဝိုင်း"

"ဘာ..."

"စက်ဝိုင်းတစ်ခု..."

လင်းလင်းက တစ်ချက်စဉ်းစားသည်။

ခေါင်းခါမလိုလိုနှင့် ခေါင်းညိတ်သည်။ ကတ်ပြားလေးကို လှန်ပြ၏။ နေ့ခွန်းစိတ်ထဲမှာ တစ်မျိုးဖြစ်သွားသည်။

"လင်းလင်း..."

"ဟင်..."

"အဲဒါကို မှန်တယ်ပြောမလား၊ မှားတယ် ပြောမလား"

"မှန်တယ်လို့ပဲ ပြောရမှာပေါ့"

ကတ်ပြားထဲမှာရေးထားသည်က အင်္ဂလိပ်အက္ခရာ 'O' ဖြစ်သည်။

"ကဲ... ခဂ္ဂါ ဒီကတ်ပြားလေးကို ဆက်ကြည့်ဦး"

ကတ်ပြားတစ်ချပ် ထပ်ထုတ်ပြ၏။ ခဂ္ဂါက ထိုကတ်ပြားကို သူ့လက်ဖဝါးနှင့် အုပ်လိုက်သည်။ ဒီတစ်ခါတော့ အေးအေးဆေးဆေး သက်သက်သာသာပင် ပြန်ဖြေနိုင်သည်။

"ကြယ်..."

လင်းလင်းက ခေါင်းညိတ်ပြီး ကတ်ပြားကို လှန်ပြ၏။ ငါးထောင့်ကြယ်တစ်ခုကို ဆွဲထားသည့် ကတ်ပြားဖြစ်သည်။

"ဒီကတ်ပြားကရော..."

MCMBOOKSHELF

နောက်တစ်ချပ်ထပ်ထုတ်ပြတော့ ခဂ္ဂါက ထိုကတ်ပြားကို လက်နှင့်မထိဘဲ လေထဲမှပဲ လက်ဖဝါးဖြန့်၍ အုပ်မိုးထားသည်။ တစ်ထွာခန့်အကွာမှ ဖြစ်သည်။

"ပုလင်းတစ်လုံးပုံ ဆွဲထားတယ်"

"အေး... ဟုတ်တယ်"

လင်းလင်းက ထိုကတ်ပြားကို လှန်ပြမနေတော့ဘဲ ဘေးတွန်းထုတ်လိုက်သည်။ ကတ်ပြားသစ်တစ်ချပ်ကို ခင်းပေးလိုက်သည်။

"ပြောပါဦး..."

"ထီး"

ချက်ချင်းပင် ပြန်ဖြေခြင်း ဖြစ်သည်။ လင်းလင်းက ခဂ္ဂါ၏ မျက်လုံးထဲကို စိုက်ကြည့်ပြီး...

"သေသေချာချာ ကြည့်ပါဦး..."

ခဂ္ဂါ၏ မျက်တောင်လေးများ မှေးစင်းသွားသည်။ ပြီး...မူလအဖြေကိုပဲ ပြန်ပေးသည်။

"ထီးလေ၊ ဖွင့်ထားတဲ့ ထီးတစ်လက်"

လင်းလင်းက ကတ်ပြားကို ဆွဲလှန်ပြ၏။

"ဩော်..."

ကတ်ပြားမှာ ရေးဆွဲထားသည့် ရုပ်ပုံက ထီးမဟုတ်၊ ခဂ္ဂါပြောသလို ဖွင့်ထားသော ထီးတစ်လက်နှင့်တော့ သဏ္ဍာန်တူသည်။ မှိုပွင့်ကြီးတစ်ပွင့် ဖြစ်သည်။

နေ့ခွန်းက စိတ်လှုပ်ရှားဟန်ဖြင့်...

ကိုယ်ကိုကိုင်းပြီး၊ ပိုမိုမြင်နိုင်ရန် အားယူကြည့်သည်။

"ကဲ... ခဂ္ဂါ၊ ဒီကတ်ပြားက နောက်ဆုံးပဲ"

"အင်း..."

"သေသေချာချာ ကြိုးစားပြီးပြော"

"အင်း... ဘာဖြစ်လို့လဲ"

"နည်းနည်းခက်လိမ့်မယ် ထင်တယ်..."

"ဩော်... အေး အေး"

လင်းလင်းက နောက်ဆုံးကတ်ပြားကို ခဂ္ဂါရှေ့တွန်းပို့လိုက်သည်။ ခဂ္ဂါက ကတ်ပြားကို စိုက်ကြည့်သည်။ မျက်ခုံးလေးများပင် အတွန့်ချိုးနေ၏။ ခဏကြာမှ...

"ရုပ်ပုံမဟုတ်ဘူး"

"အင်း... ဘာလဲ"

"စာ... စာကြောင်း"

"အင်း... ဟုတ်ပြီ၊ ဘာရေးထားတာလဲ"

ခဂ္ဂါ ပြန်မဖြေနိုင်ဘဲ တုံ့ဆိုင်းနေ၏။ ကတ်ပြားကို လက်ဖဝါးတစ်ပြင်လုံးနှင့် ဖိထည့်လိုက်ပြီးမှ...

"စာက မြန်မာလိုရေးထားတာ မဟုတ်ဘူး"

"အင်း... ဒါဖြင့် ဘယ်လိုရေးထားတာလဲ"

"အင်္ဂလိပ်လို ရေးထားတာ"

လင်းလင်းက ခေါင်းတဆတ်ဆတ် ညိတ်သည်။

"စာကြောင်းက တိုလား၊ ရှည်လား..."

"သိပ်မရှည်ပါဘူး၊ တိုပါတယ်"

"အင်း ဘာရေးထားတာလဲဆိုတာ ပြောကြည့်စမ်းပါဦး"

ခင့်ဂ္ဂါက ကတ်ပြားပေါ်မှာ အုပ်ထားသောလက်ပေါ် ကျန်သောလက်တစ်ဖက်ဖြင့် ထပ်အုပ်သည်။ ထိုအတိုင်းပင် အတန်ကြာသည်အထိ ငြိမ်သက်နေ၏။ ပြီးမှ...

"I'm a doctor လို့ ရေးထားတယ်"

နေဒွန်းက လင်းလင်းကို လှည့်ကြည့်သည်။ လင်းလင်းက မျက်နှာအမူအယာပြောင်းလဲခြင်းမရှိဘဲ ငြိမ်သက်နေသည်။

"သေချာလား..."

ခဂ္ဂါ၏ အသက်ပြင်းပြင်းရှူသံတစ်ချက်ကို ကြားရသည်။

"သေ... သေချာပါတယ်"

"သေချာတယ်နော်... I'm a doctor နော်..."

"အင်း..."

"ရပြီ နင့်လက်တွေ ဖယ်ပေး"

ခဂ္ဂါက ကတ်ပြားပေါ် ဖိအုပ်ထားသော သူ့လက်တို့ကို ပြန်ရုတ်သိမ်းလိုက်၏။ လင်းလင်းက ကတ်ပြားကို ဆွဲလှန်မည်ပြုပြီးမှ မလှန်တော့ဘဲ...

"ခဂ္ဂါ"

"ဟင်..."

"နင့်ဘာသာနင်ပဲ လှန်ကြည့်လိုက်တော့..."

ခဂ္ဂါက တွေတွေဝေဝေဖြင့် ကတ်ပြားကို ဆွဲလှန်သည်။ ကတ်ပြားပေါ်မှာက အင်္ဂလိပ်ဘာသာဖြင့် ရေးထားသောစာကြောင်း တစ်ကြောင်း...။

"ဩော်..."

နေဒွန်းက အကြည့်ကို နံရံဆီလွှဲလိုက်သည်။ ကတ်ပြားပေါ်မှ စာကြောင်းက ခဂ္ဂါပြောသော စာကြောင်းနှင့် နည်းနည်းကလေး ကပ်လွဲနေသည်။

အမေးဝါကျတစ်ခု ဖြစ်၏။

"Am I a doctor?"

A ခန်းထဲမှာ ငြိမ်သက်တိတ်ဆိတ်သွားကြသည်။ မည်သူကမှ စကားမပြောဘဲ ဒီA တိုင်းပင် ဆက်ထိုင်နေမိကြ၏။

အတန်ကြာမှ...

"အိ..."

ခဂ္ဂါ၏ ငိုရှိုက်သံသဲ့သဲ့ကလေး ထွက်ပေါ်လာသည်။ လင်းလင်းက ခဂ္ဂါ၏ ပုံခုံးကို သိုင်းဖက်ရင်း...

"ဝမ်းနည်းမနေပါနဲ့ သူငယ်ချင်းရယ်..."

နေဒွန်းက ထိုင်ရာမှ ထရပ်သည်။ လက်နှစ်ဖက်နောက်ပစ်ပြီး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေပြန်၏။ ခဂ္ဂါ၏ ငိုရှိုက်သံလေးက ခပ်သဲ့သဲ့ပျံ့လွင့်နေသည်။

"ငါ... စိတ်ညစ်တယ်ဟာ"

"ပျော်စရာ စိတ်ဝင်စားစရာ ကိစ္စတစ်ခုလို လှည့်စဉ်းစားကြည့်ပါလား..."

"အို... မရပါဘူးဟာ"

ဗလုံးဗထွေး ပြန်ငြင်းရင်း ဆက်ပြောသည်။

"ငါ ဒီလိုကြီး မဖြစ်ချင်ဘူး...၊ ငါ ဖြစ်ချင်တာ ဒါမျိုး မဟုတ်ဘူး"

ဆက်မပြောနိုင်တော့ဘဲ စကားသံက တိမ်ဝင်သွားသည်။ ကြိတ်၍ငိုရှိုက်နေ၏။ လင်းလင်းကလည်း မတားဘဲ လွှတ်ထားလိုက်တော့သည်။ အတန်ကြာမှ ခဂ္ဂါကလဲ ဆက်ပြောလာ၏။

"ငါ ခံစားနေရတာကို ငါ ပြောမပြတတ်ဘူး၊ မှောင်လွန်းလို့ ဘာမှ မမြင်ရဘူးဆိုတာကို လူတွေအားလုံး ကြုံဖူးကြနားလည်ကြတယ်၊ ခု ငါဖြစ်နေတာက..."

"ပြော... နင်ခံစားမိသလို ပြောသာပြော"

"ငါက လင်းလွန်းလို့ ဘာမှ မမြင်ရဖြစ်နေတာ၊ အဲဒီလို ဝေဒနာမျိုး..."

"သြော်..."

"သူများတွေ ငါ့ကို နားလည်မှာ မဟုတ်ဘူး၊ ကိုယ်ချင်းစာမိဖို့လည်း မလွယ်ဘူး"

"... ..."

"ဘာမှ ခံစားရတဲ့ ဝေဒနာမဟုတ်ပါဘူးလို့ပဲ ခပ်ပေ့ါပေ့ါ မြင်နေကြလိမ့်မယ်...၊ လေးလံဖိစီးတာမျိုး မြင်မိမှာမဟုတ်ဘူး၊ ဒါပေမဲ့ ပေ့ါပေ့ါကလေးနဲ့ ဖိစီးတာရော ရှိသလား...။ ရှိရင် ငါ အဲဒီလို ခံစားနေရတယ်၊ အရမ်းနူးညံ့သိမ်မွေ့တဲ့ ဒဏ်ခတ်မှုတစ်ခုကို ငါ... ခံနေရတယ်"

လမ်းလျှောက်နေသော နေဒွန်းက ခဂ္ဂါ၏ဘေးမှာ ပြန်းခနဲ ဝင်ထိုင်ချလိုက်သည်။

"အေး...နင် ခံစားနေရပုံကို ငါ သဘောပေါက်ပါတယ်"

ခဂ္ဂါက မျက်လုံးထောင့်ကပ်ကြည့်တော့ နေဒွန်းက သူ့စကားကို ဆက်ပြောသည်။

"ဆပ်ပြာပူဖောင်းနဲ့ ထုသတ်ခံရသလိုမျိုး နင် ကြုံနေရတယ်၊ မဟုတ်လား..."

"အင်း... အဲဒီလို ဖြစ်မယ်ထင်တယ်၊ သိပ်မနာသလိုရှိပေမဲ့ သေရမှာလည်း သေချာတယ်၊ ကြောက်နေရတာလဲ သေချာတယ်၊ အဲဒါမျိုးပေ့ါ..."

အခန်းထဲမှာ တိတ်ဆိတ်သွားကြပြန်သည်။

*****

MCMBOOKSHELF

*လူတစ်ယောက်ဟာ...*
*ဘဝမှာ ဘယ်ရွေ့ ဘယ်မျှအထိ မမြင်ရတဲ့*
*ကြိုးကလေးတစ်ချောင်းနဲ့ ငြိနေနိုင်မလဲ...။*
*ရနိုင်မယ်ဆိုရင်... မျက်နှာကို လက်နဲ့အုပ်ပြီး*
*လက်ချောင်းကလေးတွေကြားထဲက*
*ချောင်းကြည့်ချင်တယ်...။*

"နင်တို့ ဘာတွေ အလုပ်ရှုပ်နေကြတာလဲ..."

နေဒွန်းက မျက်နှာတည်တည်ဖြင့် မေး၏။ ခဏ္ဍါက တစ်မျိုးကလေး ပြုံးနေသည်။ လင်းလင်းကလဲ... ခပ်သွက်သွက် ဝင်ဖြေလိုက်သည်။

"ခဏ္ဍါရဲ့ မွေးနေ့ပွဲအတွက်လေ..."

"အေးလေ... ဘာတွေစီစဉ်ထားလဲ..."

"စီစဉ်ထားတာတွေကတော့ အကောင်းစားတွေချည်းပဲပေါ့ဟာ..."

"အေး... အဲဒါကိုတော့ ငါမှန်းမိပါတယ်... ဘာလိုသေးသလဲ"

"အောင်မာ... နင် ဘာမှ နားမလည်ဘဲနဲ့... ဘယ်ပစ္စည်း ဘယ်ဆိုင်မှာ ဝယ်ရမှန်းတောင် မသိဘဲနဲ့..."

"အဲဒါက ဟုတ်ပါတယ်... ဒါပေမဲ့ ငါ ကူနိုင်တာလည်း ရှိရင် ရှိမှာပေါ့... နင်တို့လိုအပ်တာကို ပြောလေ..."

ခဏ္ဍါကို လှည့်ကြည့်တော့... ခဏ္ဍါက မေးငေါ့ပြသည်။ 'ဒင်းကို မေးကြည့်ပါလား...' ဟူသည့်သဘော။

ထို့ကြောင့်...

"ဒါဆိုလည်းဟာ..."

"အေး... ပြော..."

"ငါတို့ အစီအစဉ်မှာ... တစ်ခုပဲ လိုတယ်..."

"ဘာလိုတာလဲ..."

"ထူးခြားမှုပေါ့..."

"ထူးခြားမှု..."

"အေး... အကျွေးအမွေးနဲ့ အပြင်အဆင်ကို ကောင်းကောင်း စီစဉ်ထားပေမယ့် ရိုးရိုးစင်းစင်းကြီး ဖြစ်နေတယ်... သူများမွေးနေ့ပွဲတွေနဲ့ မတူအောင် အချက်တစ်ခုခုကို ထည့်ချင်တယ်... အဲဒါ ငါတို့ စဉ်းစားမရလို့..."

"ဩော်... ဒါလား"

မျက်တောင်တဖျတ်ဖျတ်ခတ်ရင်း နေဒွန်း စဉ်းစား၏။ ပြီး ချက်ချင်းဆိုသလိုပင်...

"လွယ်ပါတယ်ဟာ..."

သူနှင့်ခဏ္ဍါ အားတက်သွားကြသည်။

"ပြောစမ်းပါဦးဟာ..."

MCMBOOKSHELF

ပြီး… နေခွန်း၏ မျက်ဝန်းထဲသို့ အဓိပ္ပာယ်ပါပါ စိုက်ကြည့်လိုက်၏။ ခဂ္ဂါ… ပျော်ရွှင်လန်းဆန်းရန်… စိတ်ပိုင်းဆိုင်ရာ တက်ကြွရှင်သန်လာစေရန်… သူတို့ ဝိုင်းဝန်းဆောင်ကျဉ်း ပေးနေကြခြင်း ဖြစ်၏။ နေခွန်းကလည်း အကြည့်ကို သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ပြ၏။

သူ့စကားကို သူ ဆက်ပြောသည်။

"ဖက်ရှင်ရှိုးလေးတစ်ခုလို လုပ်လိုက်ပေါ့…"

သူ့စကားအတိုင်း ဆိုရသော်… လင်းလင်းမျက်ခွံ အစ်သွားရ၏။

"ဘာ… ဘယ်လို… ဘယ်လို"

"ဒီလိုဟာ… ငါရှင်းအောင် ပြောပြမယ်… သိပ်ကြီးကြီး ကျယ်ကျယ်ကြီးလည်း မဟုတ်ဘူးပေါ့…"

"အင်း… ဆိုပါဦး"

"မွေးနေ့ပွဲကို လာမယ့်သူတွေအတွက် ဖိတ်စာမှာ ထည့်ရိုက်လိုက်…"

"ဘယ်လို ရိုက်ရမှာလဲ…"

"ကိုယ့်ဆံပင်အရောင်နဲ့ လိုက်ဖက်တဲ့ ဝတ်စုံကို ဝတ်ခဲ့ပါ… လို့…"

"ဟင်… အကုန် အနက်တွေချည်း ဖြစ်ကုန်မှာပေါ့…"

"မဟုတ်ဘူးဟ…"

"ဘာမဟုတ်တာလဲ…"

"နင်တို့ သူငယ်ချင်းတွေက… ဆံပင်ကို အရောင်ဆိုးထားတာတွေ ရှိတာပဲ။ ရွှေရောင်တို့… အနီရောင်တို့… အစိမ်းရောင်တို့လေ"

"ဩော်… အေး ဒါပေမဲ့ နေပါဦးဟာ… အဲဒီလို ဆိုးမထားတဲ့ လူတွေကျတော့ရော…"

"အေး… အဲဒီ နေရာမှာလည်း တစ်ယောက်နဲ့ တစ်ယောက် ဆံပင်အရောင် မတူဘူးဟ… နက်တဲ့လူ၊ ညိုတဲ့လူ၊ အရောင်ရင့်တဲ့လူ၊ အရောင်ဖျော့တဲ့လူ… ကွဲတယ်"

"အယ်…"

"ပြီး… ဆံပင်နက်တာနဲ့ အဝတ်အစားကို အနက်ပဲလိုက်ဝတ်ဆိုတဲ့ အတွေးအခေါ်က တုံးပါတယ်ဟာ… တခြားအရောင်တွေ ဝတ်လို့လည်း ရတာပါပဲ…"

"ဩော်… အေး… ထားပါတော့… အဲဒီလိုဖိတ်စာထဲ ထည့်ရိုက်ပြီးရင် ဘာဆက်လုပ်ရမှာလဲ…"

"အလိုက်ဖက်ဆုံးလူကို အဲဒီနေ့မှာပဲ ကောက်ပြီး ရွေးကြလေ… သူ့အတွက် ဆုတစ်ခုခုကို သတ်မှတ်ပေးပေါ့…။ အမှတ်တရပစ္စည်း တစ်ခုခုပေါ့…"

ခဂ္ဂါကို လှည့်ကြည့်တော့ သဘောကျပုံ တွေ့ရ၏။ 'ကောင်းသားပဲ' ဟု ပြောသည်။

"အေး… ငါလည်း သဘောကျတယ်… ဒါဖြင့် အဲဒီလိုပဲ စီစဉ်လိုက်မလား ခဂ္ဂါ…"

"စီစဉ်လေ… ဒါပေမဲ့ တစ်ခုတော့ ရှိတယ်… ယောကျ်ားလေးတွေကရော…"

"လာမယ့်ယောကျ်ားလေး သိပ်မရှိပါဘူးဟ… ဒီစည်းမျဉ်းအတိုင်းပဲ ထားလိုက်ပါ… ယောကျ်ားမိန်းမ ခွဲမနေပါနဲ့တော့…"

နေခွန်းက ဝင်ပြောခြင်းဖြစ်သည်။

MCMBOOKSHELF

"ကောင်းပြီလေ..."

ဖိတ်စာအတွက် စာသားရေးရင်း... သူတို့ တက်ကြွနေကြသည်။ အိမ်ဖော်မလေး ခင်သီတာဝင်းက ခဂ္ဂါ၏ ရောင်စုံခဲတံဘူးကို ကိုင်ကြည့်ရင်း အရောင်ရွေးနေသည်။ နေဒွန်းက...

"ခင်သီတာဝင်း..."

"ရှင်..."

"နင်က... အဲဒီနေ့မှာ ဘာအရောင်ဝတ်မှာလဲ..."

"ကျွန်မဆံပင်က... ကတ္တီပါနက်ရောင်ဆိုတော့... ကျွန်မ စဉ်းစားနေတာ..."

"အေး... အေး... စဉ်းစား"

ထိုအခိုက်မှာ...

"ဘာတွေ အလုပ်ရှုပ်နေကြတာလဲ..."

အသံနှင့်အတူ... ညှော်ခန်းထဲသို့ အဲလစ်သဇင် ဝင်လာသည်။

"လာ... တို့ မွေးနေ့ပွဲအတွက် စီစဉ်နေကြတာ"

"ဟယ်... ဟုတ်လား..."

သဇင်ကလည်း ထိုသို့ကိစ္စမျိုးကို စိတ်ဝင်စား၏။ စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသော နာသုံးနာဖြင့် ဝင်ရောက်ကူညီလေတော့သည်။

သူ... သဘောအကျဆုံးဖြစ်သည်က နေဒွန်းတင်ပြထားသည့် ဖက်ရှင်အစီအစဉ်...။

တစ်ဖက်က... မွေးနေ့ပွဲအတွက် စဉ်းစားရင်း တစ်ဖက်ကလည်း သူ ဘာအရောင်ဝတ်ရမလဲဟု စဉ်းစားကာ... အကြီးအကျယ် အလုပ်ရှုပ်နေပုံ ရသည်။

လေးယောက်သား ခေါင်းချင်းဆိုင်ရာ အတန်ကြာသောအခါ အစီအစဉ်ကို စိတ်တိုင်းကျ ရေးဆွဲပြီးသွားသည်။ အတော်ကြာတော့ သဇင်ပြန်သွားသည်။ သူဝတ်ရမည့်အရောင်ကို စဉ်းစားရင်း နှုတ်ဖျားမှ 'ခရမ်း၊ မဲ၊ ပြာ၊ စိမ်း၊ ဝါ၊ လိမ်၊ နီ...' ဟု တိုးတိုးရေရွတ်သွား၏။

"ကဲ... နင်တို့ကိစ္စတွေ ပြီးပြီလား..."

နေဒွန်းက မေးသည်။ ခဂ္ဂါက...

"ပြီးပါပြီ... ဘာဖြစ်လို့လဲ..."

"အင်း... နင်တို့ကိစ္စပြီးရင် ငါ့ကိစ္စကို စရတော့မယ်"

ထိုစကားကြောင့် အံ့သြကြရသည်။

"နင့်ကိစ္စ...ဟုတ်လား... ဘာကိစ္စလဲ"

"အင်း... ဒီလို..."

နေဒွန်း၏မျက်နှာက တည်ငြိမ်သွား၏။ ခဂ္ဂါကို...

"နင့်ကို စာပေးဖတ်ဖို့ ငါ့မှာ အကြွေးရှိတယ်... ဒီစာလေးတွေဖတ်ကြည့်..."

နေဒွန်းက... စာရွက်တစ်ရွက် ထုတ်ပေး၏။

MCMBOOKSHELF

"ငါပါ... ဝင်ဖတ်လို့ ရလား..."

"ဖတ်ပေါ့... ရပါတယ်"

လင်းလင်းနှင့် ခင့်ဂ္ဂါတို့ ထိုစာရွက်ကို ခေါင်းချင်းပူးကပ်ပြီး ဖတ်လိုက်ကြသည်။ ကဗျာဆန်ဆန် ရေးဖွဲ့ထားသော စကားပြေဟု ခံစားရ၏။

(၁)

*စမ်းရေပေါ်မှာတင်ပြီး စက္ကူလှေတို့ကို*
*နေ့စဉ်ရက်ဆက် ကျွန်တော် မျှောခဲ့ပါသည်။*
*ကျွန်တော့်အမည်နှင့် ကျွန်တော့်ကျေးရွာကိုလည်း*
*စက္ကူလှေပေါ်မှာ စာလုံးနက်နက်ဖြင့် ရေးခဲ့သည်။*
*တစ်ကျွန်းသား၊ တစ်ပြည်သားတို့သည်*
*ထိုသို့ဖြင့်*
*ကျွန်တော့်ကို သိလာကြလိမ့်မည်ဟု မျှော်လင့်၏။*
*ခြံမှာပွင့်သည့် ဆိတ်ဖလူးပန်းတို့ကိုလည်း*
*လှေငယ်ပေါ်မှာ ဆင့်တင် မျှောလွှတ်ခဲ့၏။*
*အရုဏ်ဦးမှာပွင့်သော ထိုပန်းတို့သည်*
*ညဉ့်အချိန်မှာတော့ ကမ်းကို ဆိုက်ရောက်လိမ့်မည်ဟု*
*ကျွန်တော် ထင်သည်။*
*ကောင်းကင်သို့ ဦးမော့ကြည့်သောအခါ*
*ဖြူဆွတ် ရွှေ့မျောနေသော တိမ်ရွက်များကို*
*ကျွန်တော် မြင်၏။*
*ကျွန်တော်နှင့်ပြိုင်ရန် ကျွန်တော့်စက္ကူလှေများနှင့်ပြိုင်ရန်*
*ကစားဖော်တစ်ဦးဦးက*
*သူတို့ကို လွှတ်တင်လိုက်ခြင်းဖြစ်မည်။*
*မည်သူမှန်းတော့ ကျွန်တော် မသိချေ။*
*သန်းခေါင်ယံ၏ ကြယ်ရောင်ပျပျအောက်မှာ*
*ကျွန်တော့်လှေတို့သည် လွင့်မျောလာပနေလိမ့်မည်။*
*ထိုသို့ပင် အတွေးနှင့် အိပ်ယာဝင်ဖြစ်သည်။*
*အိပ်မွေ့ချတတ်သော နတ်သမီးကလည်း*
*အိပ်မက်ခြင်းတောင်းကြီးများကို ပိုးကာ*
*ကျွန်တော့်လှေများနှင့်အတူ*
*ရွက်လွှင့်နေဦးမည်ဖြစ်သည်။*

MCMBOOKSHELF

ဖတ်၍ ဆုံးသောအခါ... နေဒွန်းကို သူတို့မော့ကြည့်လိုက်ကြ၏။ နေဒွန်းကလည်း သူတို့ကို စူးစမ်းသလို ကြည့်နေသည်။ မေးသည်။

"ဘယ်လို သဘောရသလဲ..."

ခင်္ဂါကို ဦးတည်မေးခြင်းဖြစ်၏။ ခင်္ဂါကပဲ ပြန်ဖြေလိုက်သည်။

"မဆိုးပါဘူး... ဖတ်လို့ ကောင်းသားပဲ"

"ဘယ်လို ကောင်းတာလဲ..."

"ချစ်စရာ ကောင်းတယ်လေ... ဖတ်ရတာ စိတ်ကြည်လင်တယ်။ ပြီးတော့... ငါ ဒါကို ဖတ်ဖူးတယ် ထင်တယ်..."

"လူတစ်ယောက်ရဲ့ ကလေးဘဝကို ဖွဲ့ထားတာဟ..."

"အေး... ဟုတ်တယ်၊ နေပါဦး... အဲဒါ ဘာဖြစ်လို့တုန်း ငါ့ကို ဘာကိစ္စ ဖတ်ခိုင်းတာလဲ..."

"ဒါ ပြီးမှ ပြောမယ်... နင် ဆက်ဖတ်ဖို့ ကျန်သေးတယ်"

"ဩော်... ဆက်ဖတ်ရဦးမှာလား..."

"အေး... အခုဟာက ကလေးဘဝကို ဖွဲ့ထားတာလေ... နောက်တော့ သူ အရွယ်ရောက်စ ပြုလာတယ်... ချစ်သူအပေါ်မှာ စိတ်ကစားတတ်စ ပြုလာတယ်..."

"သူ... ဆိုတာ ဘယ်သူလဲ..."

"အဲဒါက အရေးမကြီးပါဘူးဟာ... ဘယ်သူဖြစ်ဖြစ်ပေါ့... လူတစ်ယောက်လို့သာ မှတ်လိုက်ပါ... ကဲ ဒီမှာ ဆက်ဖတ်ကြည့်ဦး"

စာရွက်တစ်ရွက် ထုတ်ပေးသဖြင့် ဆက်ဖတ်ကြရပြန်သည်။

*(၂)*

*ကျွန်တော်နှင့် တရွေ့ရွေ့နီးကပ်ရာသို့*
*မည်သည့်အချိန်မှ စတင်ပြီး သူ လာခဲ့ပါသနည်း။*
*ကျွန်တော် မသိခဲ့ချေ။*
*နေဝန်းနှင့် ကြယ်ရှူးကြယ်ပျောက်များကလည်း*
*သူ့ကို ကျွန်တော်မမြင်အောင် သိုဝှက်နိုင်ခြင်း မရှိခဲ့။*
*နံနက်ဦးပေါင်းများစွာ၊ ညနေရီပေါင်းများစွာ*
*သူ့ခြေသံကို ကျွန်တော် ကြားနေရသည်။*
*ကျွန်တော့် နှလုံးအိမ်ထဲသို့*
*သူ့စေတမန် ဝင်ရောက်လာ၏။*
*ထို့နောက် ကျွန်တော့်ကို*
*တိတ်တိတ်ကလေး ခေါ်လာသည်။*
*ထိုသောနေ့မှာမှ အဘယ့်ကြောင့်*

MCMBOOKSHELF

ကျွန်တော့်ဘဝသည်
လှုပ်လှုပ်ယိမ်းယိမ်း ဖြစ်ရပါသနည်း။
ပျော်ပျော်လွှင့်လွှင့် တုန်ရီခံစားမှုတို့ကလည်း
အဘယ့်ကြောင့် ကျွန်တော့်နှလုံးအိမ်ကို ဖြတ်ဖောက် စီးဆင်းသွားပါသနည်း။
ကျွန်တော် မသိချေ။
အိမ်ပြန်ရမည့် အချိန်မှာပင်လျှင်
လေမှာစီးပျံ့သောချစ်သူရနံ့ကို သန့်သန့်ကလေး
ရနေလေတော့၏။

(၃)

သူ့အမွှေးရနံ့နှင့်သူ ရူးသွပ်ပြီး
တောကြီးမျက်မည်းမှာ ပြေးလွှားနေရသည့်
ကတိုးကောင်လို
ကျွန်တော်လည်း ပြေးလွှားနေမိ၏။
ထိုညသည် မေလ၏ ညတစ်ညဖြစ်၏။
ပြေညင်းသော လေကလည်း
တောင်အရပ်မှ စီးဝင်တိုက်ခိုက်လာ၏။
ဝေ့လည်ဝဲချာပြီး
ကျွန်တော် လမ်းပျောက်သွားတော့သည်။
ကျွန်တော်သည်
မရနိုင်တာကို ရှာဖွေပြီးသည့်နောက်
မရှာဖွေတာကို ရရှိခဲ့သည်။
ကျွန်တော့်၏ တစ်ကိုယ်ရေ နှလုံးသားနိမိတ်ပုံများသည်
မြူးတူးခုန်ပေါက်နေကြ၏။
စူးလက်ပြိုးဝင်းနေခဲ့၏။
ဖမ်းဆုပ်ကိုင်တွယ်ဖို့ ကျွန်တော် ကြိုးစားသော်လည်း
လွတ်ချော်ထွက်ပြောက်သွားခဲ့၏။
မှားသောလမ်းသို့ ခေါ်ပို့သည်။
ကျွန်တော်သည် မရနိုင်တာကို ရှာဖွေပြီးသည့်နောက်
မရှာဖွေတာကို ရရှိခဲ့သည်။

MCMBOOKSHELF

ဖတ်၍အဆုံးမှာ ခင့္ဂါက...

"သြော်... သူက ရည်းစားထားချင်လာပြီပေါ့..."

"အေး... သူ့မှာ ချစ်တတ်တဲ့နှလုံးသား ရှိနေပြီ ဆိုပါတော့"

လင်းလင်းက ဖြတ်ပြောလိုက်သည်။

"ဟဲဟဲ... ချစ်တတ်တဲ့နှလုံးသားဆိုတာ လွမ်းတတ်တဲ့ နှလုံးသားပဲ မဟုတ်လား..."

"အစစ်ပေါ့... ရော့... ဒီမှာ ဆက်ဖတ်ကြည့်"

စာရွက်တစ်ရွက် ထုတ်ပေးသည်။ ဆက်ဖတ်ရပြန်သည်။

(၄)

*ချစ်သူကသာ ခွင့်ပြုမည်ဆိုလျှင်*
*ကျွန်တော်၏ဝေးသွားကို*
*ရပ်ထားလိုက်ပါမည်။*
*ချစ်သူ၏ နှလုံးအိမ်ကို ရှန်းကြွစေမည်ဆိုလျှင်*
*ကျွန်တော့်မျက်လုံးများကို*
*သူ့ မျက်နှာမှ အဝေးသို့ ဖယ်ခွာပေးပါမည်။*
*ကျွန်တော်ရှိနေသည့်အတွက်ကြောင့်*
*ချစ်သူသည် သွားလမ်းမှာ ပင်ပမ်းရသည်ဆိုလျှင်*
*ဘေးဘီကို ရောက်သည်အထိ*
*အခြားလမ်းမှ ကျွန်တော် လျှောက်ပါမည်။*
*ချစ်သူ ပန်းကုံးသီရန်*
*အနှောင့်အယှက်ဖြစ်ရသည်ဆိုလျှင်*
*သူ၏ ပန်းတောမှ ဝေးရာသို့*
*ကျွန်တော် ယို့ယိမ်း ထွက်ခွာပေးပါမည်။*
*ချစ်သူ၏ရေပြင်အလျင်ကို*
*လှိုင်းတို့ဖြင့် တိမ်းမှောက် ပျို့အန်စေသည်ဆိုလျှင်*
*သူ၏ ကမ်းခြေမှ*
*ကျွန်တော် လှော်တက်ကို လွှတ်ချလိုက်ပါမည်။*

(၅)

*မီးအိမ်ကား ငြိမ်းခဲ့ပြီ။*
*အဘယ်ကြောင့်ပါနည်း။*

MCMBOOKSHELF

ပြင်းရှရှတိုက်ခတ်နေသောလေမှ
လူးလွန့်လွတ်မြောက်နိုင်ရန်အတွက် ဝတ်ရုံကို ဖြန့်ပြီး
သူ့အတွက်
ကျွန်တော် ကွယ်ကာပေးခဲ့သည်။
ထို့ကြောင့်ပင်လျှင်
မီးအိမ်ကား ငြိမ်းခဲ့ရ၏။
မုံပန်းကား နွမ်းခဲ့ပြီ။
အဘယ်ကြောင့်ပါနည်း။
ကျွန်တော်၏ နှလုံးအိမ်အတွင်းမှာ
ချစ်မြတ်စွာ သူ့ကို
ဖိကပ် သိမ်းဆည်းထားခဲ့၏။
ထို့ကြောင့်ပင်လျှင်
မုံပန်းကား နွမ်းခဲ့သည်။
စမ်းရေကား ခန်းခဲ့ပြီ။
အဘယ်ကြောင့်ပါနည်း။
သူ့ရေစီးကြောင်းကို ဖြတ်တောက်ကာ
ကျွန်တော့်အတွက် ရေကာတာတစ်ခု တည်ဆောက်ခဲ့၏။
ထို့ကြောင့်ပင်လျှင်
စမ်းရေကား ခန်းခဲ့သည်။
စောင်းကြိုးကား ပြတ်ခဲ့ပြီ။
အဘယ်ကြောင့်ပါနည်း။
ဤစောင်းကား မတတ်မြောက်သောဂီတကို
ကျွန်တော့်အတွက် ဆွတ်ယူ ခြွေချခဲ့ပါ၏။
ထို့ကြောင့်ပင်လျှင်
စောင်းကြိုးကား ပြတ်ခဲ့သည်။

"သြော်... သူက အသည်းကွဲတတ်ပြီပေါ့"

"အင်း... သူ့အသည်းကိုသူ ကျမကွဲအောင် ထိန်းမထားလိုက်နိုင်ဘူး"

"အံမာ... တကယ်လို့ သူများက လာရိုက်ခွဲရင်ရော..."

"ဒါဆိုရင် သူ့အပြစ်ပေါ့... သူ့ရင်ဘတ်ကို သူက ဖွင့်ပေးလိုက်တာကိုး..."

ထို့နောက်... နေခွန်းက အသင့်ထုတ်ထားသော စာရွက်ကို ထိုးပေးပြန်သည်။

"ဆက်ဖတ်ဦး..."

MCMBOOKSHELF

လင်းလင်းနှင့် ခဂ္ဂါတို့ကလည်း စိတ်ဝင်စားနေသဖြင့် ဆတ်ခနဲ ဆွဲယူကာ… ဆက်ဖတ်ကြ၏။

*(၆)*

*ကျွန်တော် ရွက်လွှင့်ထွက်ခွာရတော့မည်။*
*ကြေကွဲ လှိုက်မောဘွယ်ရာ ကာလများသည်*
*ကုန်းမြေပေါ်မှာ ပွဲကြွေ ကျန်ရစ်ခဲ့ပြီ။*
*နွေဦးရာသီသည် ပန်းတို့ကိုပွင့်အောင်*
*ဖွင့်ပေးခဲ့သည်။*
*ယခုကား အနားယူလေပြီ။*
*ကျွန်တော့်မှာသာ ရင့်ရော်သော ပန်းတစ်ဆုပ်နှင့်*
*အိမ်မပြန်နိုင် ဖြစ်ရသည်။*
*လှိုင်းတွေက ညှိုးညံ့ရိုက်ပါးလေပြီ။*
*ကမ်းပါးကို သွယ်ပတ်ထားသည့်*
*သစ်ရိပ်ဝေဝေလမ်းကလေးတွင်လည်း*
*ရော်ရွက်တို့ ပြုတ်ကျလာပြီ။*
*မိတ်ဆွေ… ဘာကြောင့် ဆေးငိုင်နေပါသနည်း။*
*သင့် အကြည့်တို့က ဘယ်ဆီမှာ စိုက်ဝင်နေသနည်း။*
*ကမ်းတစ်ဖက်ဆီမှ မျောလာသော အဝေးတေးသံနှင့်*
*လေထုမှာ စီးဆွတ်ပါဝင်လာသည့် ရင်ခုန်သံကို…*
*သင်…*
*မခံစားရလေသလော…။*

*(၇)*

*နေဝင်တော့မည်။*
*အရိပ်တို့လည်း မြေဆီမှာ ညွတ်တွားကြပြီ။*
*ချောင်းသို့သွား၍ ခရားတွင် ရေဖြည့်ရန်*
*ကျွန်တော့်အတွက်ကတော့ အချိန်တန်ပြီ။*
*ညနေခင်း၏လေသည်*
*ချောင်းရေ၏ ဂီတမှုန်ရီကို ခုံမင်နေ၏။*
*ကျွန်တော့်ကို*
*နေ၏ ရွှေခြည်မျှင်ထဲသို့ တိုးဝင်းရန် ခေါ်နေ၏။*

*တိတ်ဆိတ်သောလမ်းမှာ*
*လာသူ သွားသူတို့ မရှိကြချေ။*
*လေထန်၏။*
*မြစ်ထဲမှာ လှိုင်းတွေ ဝှေ့လိပ်ချိုကြွနေ၏။*
*အိမ်သို့ ပြန်နိုင်ပါမည်လော။*
*မည်သူနှင့် ဆုံတွေ့ခွင့် ရနိုင်မည်ကိုလည်း*
*ကျွန်တော် မသိ။*
*ရေတိမ်ဆိပ်မှ လှေငယ်တစ်စင်းပေါ်မှာ*
*အမည်မသိသူ တစ်ယောက်က*
*ပုလွေသံကို ပေးနေလေသည်။*

ခင်္ဂါက... ခေါင်းတဆတ်ဆတ်ညိတ်၏။ မှတ်ချက်တစ်ခုကိုလည်း ပေး၏။

"သြော်... သူ ရင့်ကျက်လာပြီပေါ့..."

"အင်း... အရွယ်လည်း ရလာပြီ..."

"လောကဓံကိုလည်း ကျောကော့အောင် ခံထားရပုံပဲ... တွေ့လား"

"အင်း... တွေ့တယ်... သံဝေဂတွေ ရလို့ပေါ့နော်"

"လူတစ်ယောက်ရဲ့ဘဝပဲဟာ... ပြီးဆုံးခါနီးအချိန်တွေပေါ့"

"သြော်... သြော်... ဒါဖြင့် နင်ဖတ်ခိုင်းတာ ကုန်ပြီလား..."

"ကျန်သေးတယ်... ရော့... ဒါနောက်ဆုံးပဲ"

နောက်ဆုံးပိုင်းကို ဆက်ဖတ်လိုက်ကြသည်။

*(၈)*

*ဦးညွတ်ကာ*
*အားလုံးကို ကျွန်တော် နှုတ်ဆက်ခဲ့ပါသည်။*
*ညီအစ်ကိုတို့...*
*ကျွန်တော့်အားလည်း မေတ္တာပို့ကြပါလေ...။*
*ဟောဒီမှာ...*
*ကျွန်တော့်ရဲ့ အိမ်သော့ကို ပြန်ပေးခဲ့ပါပြီ။*
*ပိုင်ဆိုင်ရာအားလုံးကိုလည်း စွန့်ခဲ့ပါပြီ။*
*ကြင်နာခြင်းနှင့် ပြန်လည်နှုတ်ဆက်ခြင်းကိုသာ*
*သင်တို့ထံမှ တောင်းဆိုလိုပါသည်။*
*ကျွန်တော်တို့သည် အိမ်နီးချင်းများအဖြစ်...*

MCMBOOKSHELF

နှစ်ပေါင်းကြာခဲ့၏။
ကျွန်တော်ကား အပေးထက်၊ အယူ များခဲ့သည်။
နံနက်ခင်း၏အလင်းသည်
ကျွန်တော်ထွန်းသော အမှောင်ထောင့်ချိုးမှ
မီးအိမ်ကို ငြိမ်းစေ၏။
ခေါ်သံကို ကြားရလေပြီ၊
ကျွန်တော်သည်လည်း...
သွားရန် အသင့်ဖြစ်ချေပြီ။

(၉)

အို... ဘုရားသခင်...
စိတ်အာရုံအစည်တို့၌ စီးဝင်ကာ...
လောကကို သင့် ခြေတော်ရင်းမှာ
ထိတွေ့ရပါလို၏။
ကျွန်တော် ဦးနှိမ်ချပါ၏။
အို... ဘုရားသခင်...
စီးသွယ်ခြင်းမရှိသော မိုးရိပ်များဖြင့်
နိမ့်ဝပ်တွဲခိုသော ဂျူလိုင်တိမ်တစ်ဆုပ်လို
ကျွန်တော့်စိတ်နှလုံးသည် သင့်တံခါးဝတွင်
တွဲခို ရပါလို၏။
ကျွန်တော်... ဦးနှိမ်ချပါ၏။
အို... ဘုရားသခင်...
ကျွန်တော်၏
ဂီတရစ်သမ်အထပ်ထပ်ကို
တစ်ခုတည်းအဖြစ်
ရှန်းစုသွယ်ဆက်ကာ တိတ်ဆိတ်သောပင်လယ်မှာ
စီးပျော် ဝင်ရောက်ရပါလို၏။
ကျွန်တော်...ဦးနှိမ်ချပါ၏။
အို... ဘုရားသခင်...
တောင်ပေါ်မှ
မိမိ၏ အသိုက်ရှိရာသို့...
နေ့ရောညပါ...

*ပျံ့သန်းလိုက်ပါလာသည့် ကြိုးကြာအုပ်နယ်...*
*ကျွန်တော့် ဘဝသည်လည်း*
*နားခိုရာဆီ ခရီးဆက်နိုင်ရပါလို၏။*
*ကျွန်တော် ဦးနှိမ်ချပါ၏။*
*ကျွန်တော်... ဦးနှိမ်ချပါ၏။*

ဖတ်၍ ဆုံးသွားသည့်တိုင်အောင် စာရွက်ကို နေဒွန်းဆီ ပြန်မပေးဘဲ ခဂ္ဂါ... ငိုင်နေမိသေးသည်။ လင်းလင်းက သက်ပြင်းတစ်ချက်ချ၏။

"အင်း... လူတစ်ယောက်ရဲ့ ဘဝပဲ..."

ခဂ္ဂါက ညည်းတွားသလို ပြောတော့ နေဒွန်းက ခေါင်းညိတ်သည်။ ခဂ္ဂါကို စူးစူးကြည့်ပြီးမေးသည်။

"နင်... ဘယ်လို ခံစားရသလဲ"

"တစ်မျိုးလေးပဲ..."

"ဘယ်လို တစ်မျိုးလေးလဲ..."

"ဟို... ဟာ... လင်းတစ်ဝက် မှောင်တစ်ဝက် ဖြစ်နေတဲ့ ညနေခင်းတစ်ခုမှာ ဘယ်ကို ခုတ်မောင်းနေမှန်းမသိတဲ့ ရထားတစ်စင်းပေါ် တက်ထိုင်နေရသလိုပဲ..."

နေဒွန်းက ခေါင်းညိတ်ပြန်၏။

"အဲဒီတော့... ငါ... တစ်ခုမေးမယ်ဟာ..."

"ဘာမေးမှာလဲ..."

"ဒီစာသားတွေ ဖတ်ပြီးတဲ့အချိန်မှာ..."

"အင်း..."

"ဘဝကို... နင် ဘယ်လို သဘောပေါက်လဲ..."

"ဘဝကို..."

"အင်း..."

"ဘယ်လိုသဘောပေါက်သလဲ ဆိုတော့ဟာ..."

စကားကို ဆုံးအောင် ဆက်မပြောသေးပဲ ခဂ္ဂါ ရယ်၏။ ပြီး... သူ့စကားကို နေဒွန်းတင်မက လင်းလင်းကပါ အာရုံစိုက်နားထောင်နေမှန်း သိသောကြောင့် ဆက်ပြော၏။

"Life is like this ဆိုတဲ့ အင်္ဂလိပ်ဆိုရိုးစကားလေး အတိုင်းပေ့ါ"

"အိုကေ..."

နေဒွန်းက ကျေနပ်အားရစွာ လက်ဖျောက်တစ်ချက်တီး၏။

"ဒါဆိုရင်တော့... ငါ နင့်ကို ဒီစာရွက်တွေ ပေးဖတ်ရကျိုး နပ်ပြီ... ပြီးတော့..."

"ပြီးတော့... ဘာဖြစ်သလဲ..."

"ပြီးတော့... ငါ့အကြွေးလည်း ကြေပြီပေ့ါဟာ... နင့်ကို ပြန်ဆပ်ပြီးပြီ..."

MCMBOOKSHELF

ခင္ဂါက... နားမလည္သလို လင္းလင္းကို လွည့္ၾကည့္၏။ လင္းလင္းကလဲ ခင္ဂါ၏ကိုယ္စား ဝင္ေမးရသည္။

"ဘယ္အေၾကြးကို နင္က ျပန္ဆပ္တာလဲ... ဒီမွာ ေၾကြးရွင္ကျဖင့္ သိေတာင္ မသိဘူး ျဖစ္ေနတယ္..."

"ဟိုတေလာက... ရဲဘုံအေၾကာင္း ေရးထားတဲ့စာေတြ ယူဖတ္ၿပီး သူစိတ္ညစ္သြားတာေလဟာ..."

"အဲဒါ... ဘာျဖစ္လဲ..."

"ငါ့ဆီက ယူဖတ္တဲ့စာေၾကာင့္ သူ... စိတ္ညစ္သြားရတာ ငါ့မွာ တာဝန္ရွိတယ္ဟ... နဂိုကမွ သူ႔ဘာသာသူ ေလာကႀကီးမွာ ေနလို႔ထိုင္လို႔ မေကာင္းရတဲ့အထဲ ငါက... အေနာင့္အယွက္သြားေပးသလို ျဖစ္ေနတယ္..."

"ေသာ္... ဒီလိုလား..."

"ေအး... အခု... ဒီစာသားေတြကို ျပန္ၿပီးဖတ္လိုက္ေတာ့ သူ႔စိတ္ နည္းနည္းျပန္ၾကည္သြားၿပီ... ေလာကႀကီးကလည္း ဒီလိုပါလား... လို႔ သူ႔မွာ ေအးခ်မ္းတဲ့အသိေတာ့ နည္းနည္းဝင္သြားၿပီ"

"ေသာ္... ေသာ္"

"အခု... ငါ့မွာ အေၾကြးေက်ၿပီ"

ခင္ဂါက ၿပဳံးေလသည္။ သူ႔အၿပဳံးမွာ... ေနဒြန္းအေပၚ ၾကည္ႏူးနားလည္မႈေတြ သက္ေရာက္ ပါဝင္ေနသည္ဟု လင္းလင္း ခံစားရသလိုရွိ၏။

"ေနဒြန္း..."

"ေျပာ... ေျပာ... ခင္ဂါ"

"ဒီစာသားေတြက... နင္ေရးထားတာလား"

"မဟုတ္ဘူး... တ႐ုတ္ရဲ႕ ကဗ်ာ(၉)ပုဒ္ကို စကားေျပနဲ႔ ျပန္ေရးၿပီး... လူတစ္ေယာက္ရဲ႕ဘဝလို စီစဥ္ထားတာ..."

"နင္ လုပ္ထားတာလား..."

"မဟုတ္ပါဘူး... စာေရးဆရာတစ္ေယာက္ လုပ္ထားတာ ငါသေဘာက်လို႔ ကူးလာၿပီး နင့္ကို ေပးဖတ္တာ..."

"ေသာ္..."

ခဏတိတ္ဆိတ္သြားၾက၏။ အတန္ၾကာမွ ေနဒြန္းက...

"ကဲ... ငါျပန္လိုက္ဦးမယ္ဟာ... ငါ့ကို နင့္ရဲ႕ ေမြးေန႔ဖတ္စာတစ္ေစာင္ ေပးဖို႔ မေမ့နဲ႔"

"ဒီလူနဲ႔ ဒီလူက... ဖိတ္စာလိုေသးလို႔လားဟာ..."

ေနဒြန္းက ေခါင္းခါျပ၏။

"ငါ့အတြက္ မဟုတ္ဘူး... မီးဖိုေခ်ာင္ကို ေပးမလို႔"

"မီးဖိုေခ်ာင္ကို... ျမင့္လြင္မိုးကို ေပးမလို႔... ဟုတ္လား... မေပးပါဘူးေနာ္... ရာရာစစ သူ႔ကိုငါက ဘာကိစၥ ဖိတ္ရမွာလဲ"

"ဖိတ္လိုက္ပါ... သူ မလာႏိုင္ပါဘူး"

MCMBOOKSHELF

"ဘာဖြစ်လို့..."

"နင်က... ညေ့သည်တွေကို ဆံပင်အရောင်နဲ့လိုက်တဲ့ ဝတ်စုံ ဝတ်လာခိုင်းမှာပဲဟာ... သူက ကတုံးဖြစ်နေတယ်... ဆံပင်မှ မရှိဘဲ"

"အယ်..."

လင်းလင်းနှင့် ခဂ္ဂါ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြပြန်သည်။

"အဲဒါဆိုရင်..."

"အင်း... မြင့်လွင်မိုးက စဉ်းစားမှာပေါ့...၊ သူ့ကတုံးနဲ့လိုက်အောင် ဘာအရောင် ဝတ်ရမလဲလို့... နောက်မှ သူ သိသွားလိမ့်မယ်... မရှိတဲ့ ဆံပင်နဲ့လိုက်အောင် မရှိတဲ့အဝတ်ကို ဝတ်လာမှ ရမှာ..."

"ဟင်... ဗုဒ္ဓေါ"

"အင်း... သူ့ခမျာ ကိုယ်လုံးတီး လာရမလို ဖြစ်နေတယ်... ဖိတ်သာဖိတ်လိုက်ပါ... ဟဲဟဲဟဲ..."

ခဂ္ဂါ... ငိုရမလို ရယ်ရမလို ဖြစ်နေလေသည်။

*****

MCMBOOKSHELF

*အချစ်ဆိုတာ...*
*နေနဲ့ လမှာ... 'ပန်း' ဘာသာနဲ့ ရေးထိုးထားတဲ့*
*အလျှို့ဝှက်ဆုံး အက္ခရာတစ်လုံးပါပဲ...။*

ညနေခင်းက…ပြေစင် ရှင်းသန့်နေသည်။ ကောင်းကင်က(ရှေးစာဆိုတို့ ပြောသလို) ‘ရည်လျက်မလင်း၊ မဝင်းအုံ့မှိုင်း’ ဆိုတာမျိုး ဖြစ်နေသည်။

အနီတန်းတို့ ဖြူဖျော့ကျသွားခြင်းအားဖြင့် နေရောင်ကလည်း အဝါလျှမ်းလျှမ်းဖြစ်နေသည်။

ကိုခင်ဇော်၏ အဒေးဆိုင်မှာ… သူတို့လေးယောက်သားထိုင်ဖြစ်ကြသည်။ ကျင်းပပြီးခဲ့ပြီဖြစ်သည့် ခင်္ဂါ၏မွေးနေ့ပွဲအကြောင်းကို ပြန်လည်ပြောဆိုကြရင်း… ညနေခင်းကို အေးအေးလူလူ ရယ်ရယ်မောမော ဖြတ်သန်းနေကြသည်။

“ခင်္ဂါ…”

“ဘာလဲ…”

“နောက်နှစ်မွေးနေ့ပွဲကျရင်ကော… ထူးခြားအောင် ဘာလုပ်ဦးမလဲ…”

ရဲအောင်ကမေးတော့ ခင်္ဂါက ပြုံးစိစိ လုပ်နေသည်။ ဘာမှပြန်မဖြေ။ ခင်္ဂါ၏မွေးနေ့အတွက် လက်ဆောင်အဖြစ် ရဲအောင်က ကဗျာတစ်ပုဒ် ရေးပေးသည်။ လင်းလင်းက သိပ်မကြေလည်လှ။ ထို့ကြောင့်…

“ရဲအောင်… နင် အဲဒါတော့ ကပ်စေးနည်းတာ”

“ဟဲ့… မွေးနေ့လက်ဆောင်ပဲဟာ… အမှတ်တရသဘောပဲဟာ… ကဗျာလေးတစ်ပုဒ် ရေးပေးတယ် ဆိုတာ ဘယ်လောက် အလေးအနက်ထားလိုက်လဲ…”

လင်းလင်းကတော့ ခေါင်းခါခါလည်ခါခါ ငြင်းဆန်ဆဲဖြစ်၏။

“ငါကတော့… အဲလို မမြင်ဘူး”

ရဲအောင်က တဟဲဟဲရယ်၏။

“ဒါဖြင့် ပြောပါဦး… နင်က ဘယ်လိုမြင်လဲ…”

“ငါကတော့… နင်… ခင်္ဂါရဲ့မွေးနေ့ပွဲအတွက် လက်ဆောင်ကို (၇၅)ကျပ်ဖိုးပဲ ပေးတာလို့ အောက်မေ့တယ်…”

ရဲအောင်၏မျက်နှာ ပုတ်သွား၏။

“နင်ကလဲဟာ…”

“ဘာ နင်ကလဲ… လဲ”

“ငါ့ကဗျာကို (၇၅)ကျပ်ကနေ ဈေးမတက်တော့ဘူးလို့ နင်က ထင်ထားလို့လား…”

ခင်္ဂါက ရယ်သဖြင့် လင်းလင်းကလည်း လိုက်ရယ်တော့၏။ ပြီးမှ…

“နင်… အခုရေးတဲ့ ကဗျာအရေအတွက်က ဘယ်လောက်ရှိပြီလဲ…”

“နင့်အသက်လောက် ရှိပြီ…”

“ဟင်… ၂၄ပုဒ်ပဲ ရှိသေးတာပေါ့…”

“ငါက… ၂၄ပုဒ်ဆိုတဲ့ သဘောကို ပြောတာမဟုတ်ဘူး”

“ဒါဖြင့်… ဘာကို ပြောတာလဲ”

"ငါရေးထားတဲ့ ကဗျာအရေအတွက်က... နင့်အသက်လိုပဲ နည်းမလိုလိုနဲ့ များပါတယ်လို့ ပြောတာ..."

လင်းလင်း ဒေါပွသွား၏။

"သေချင်းဆိုး..."

နေဒွန်းက ဘေးမှ ဝင်ပြောသည်။

"အေး... နင်... အဲဒီလိုမှ ဆဲပွဲမလားလို့"

"နင်က... ဘာဝင်ပါတာလဲ"

"မဟုတ်ပါဘူး... ရဲအောင်က နင့်ကို အိုးချင်းဆိုးဆိုတဲ့ သဘောမျိုး ပြောနေတာ... နင်သတိထားမိတာကိုး..."

"အောင်မာ... မသာ"

လင်းလင်းလည်း နေဒွန်းကို လှည့်ကျိန်ဆဲလိုက်၊ ရဲအောင်ကို လှည့်ကျိန်ဆဲလိုက်နှင့် မအားနိုင်အောင် ဖြစ်နေတော့သည်။

ခက္ဂါက ဖြတ်ပြောရ၏။ စကားလမ်းကြောင်းကို လွှဲလိုခြင်းဖြစ်သည်။

"ရဲအောင်..."

"ဟေ..."

"နင်ရေးတဲ့ကဗျာ... အခုမှ အစိတ်လောက် ရှိသေးတော့ မနည်းလွန်းဘူးလား..."

"မနည်းပါဘူး..."

"နေဒွန်းပြောသလိုဆိုရင်... မြန်မာစာပေက အတော်ကျယ်ဝန်းတာပဲ... အဲဒါကို နင်က..."

"ဟင်... ငါက... ဘာဖြစ်လို့တုန်း"

"ဒီလောက် ကျယ်ဝန်းတဲ့ မြန်မာစာပေထဲမှာ နင်က အပုဒ်အစိတ်လောက်ပဲ ရေးရသေးတော့ နည်းလွန်းမနေဘူးလား..."

"ဟာ... နင်ကလဲဟာ... စာတစ်ပုဒ်ဆိုတာက အတွေးရော၊ အရေးရော လိုအပ်တာပဲ... ရေးတတ်ရုံနဲ့ ဘယ်ရမလဲ...၊ တွေးတတ်ဖို့လဲ လိုသေးတယ်... အတွေးရှိမှ ကဗျာတစ်ပုဒ် ရေးဖြစ်မှာပေါ့..."

"ဒါဆို... နင်က ၂၅ခါလောက်ပဲ တွေးရသေးတာပေါ့"

"ဒက္ခပါပဲ..."

ရဲအောင် စိတ်ညစ်လာပုံ ရသည်။ လင်းလင်းကလည်း ခက္ဂါ၏ စောဒကတက်မှုထဲမှာ... ထည့်သွင်းပါဝင်သည်။

"ဟဲဟဲ... မြန်မာစာပေက အတော်ကျယ်ဝန်းသလို... မြန်မာဒဿနကလဲ အတော်ကျယ်ဝန်းလို့ နေမှာပေါ့..."

"မြန်မာဒဿန... ဟုတ်လား"

"အေးလေဟာ..."

ထိုစကားလုံးလေးကို ခက္ဂါ စိတ်ဝင်စားသွားပုံရသည်။

"အေး... ပြောစမ်းပါဦးဟ..."

"ဟင်... ဘာပြောရမှာလဲ"

"အဲဒီ... မြန်မာဒဿနအကြောင်းကိုပေါ့..."

"ဟင်..."

လင်းလင်းအတွက် ခက်ရတော့သည်။ ရဲအောင်ဘက်ကို မြားဦးလှည့်ပေးလိုက်၏။

"ရဲအောင်... နင့်ကိစ္စ... နင်ဆက်ရှင်း"

ရဲအောင်ကလည်း နေဒွန်းဆီ လွှဲချလိုက်သည်။

"မြန်မာစာပေအကြောင်း... နင်တို့ကို ဆွေးနွေးသွားတဲ့ ပညာရှိကိုပဲ... မြန်မာဒဿနအကြောင်း ဆက်မေးပေါ့..."

ထိုစကားကို လင်းလင်းကလည်း အချိန်မီ လိုက်လံ အတည်ပြုလိုက်သည်။

"ဟုတ်တယ်... ဟုတ်တယ်... ဟဲ့... နေဒွန်း"

"ဟေ..."

နေဒွန်းက လန့်ဖြန့်ပြီး ပြန်ထူး၏။

သူတို့ ပြောနေသောစကားကို နေဒွန်းက... ကြားလိုက်ပုံမပေါ်။ ကောင်တာမှ ကိုခင်ဇော်နှင့် သူ့ဘာသာ ဘာတွေပြောမှန်း မသိ...။ အခုမှ အူကြောင်ကြောင် လှည့်ကြည့်၏။

"ဘာလဲ..."

လင်းလင်းက ဝံ့ကြွားကြွား ပြုံးပစ်လိုက်၏။

"နင့်ကို မေးနေတာ... ငါတို့ကို ပြောပြပါဦး..."

"ဘာအကြောင်း... ပြောရမှာလဲ"

"မြန်မာ့ဒဿနအကြောင်းလေ..."

"ဗုဒ္ဓေါ..."

"ဘုရားတစရာ မလိုပါဘူးဟာ...၊ နင်ပဲ ငါတို့ကို မြန်မာစာပေအကြောင်း ဆွေးနွေးခဲ့တာပဲ... မြန်မာဒဿနအကြောင်းကို ငါတို့ ဆက်ကြားချင်တယ်..."

"မြန်မာဒဿန..."

"အင်း..."

နေဒွန်း... သူ့ခေါင်း သူ တဖြင်းဖြင်းကုတ်သည်။

"နင့်ကို အတည်မေးနေတာ... ဒီမှာ နင့်ရဲ့ တနလာ်နံလေးက အဲဒီအကြောင်း သိချင်လို့တဲ့..."

"သြော်..."

နေဒွန်းက ခင့်ဂါကို လှည့်ကြည့်သည်။ ခင့်ဂါက ရှက်ကိုးရှက်ကန်းဖြင့် လင်းလင်းကို ဆိတ်ဆွဲ၏။ လင်းလင်းက တခစ်ခစ်ရယ်ရင်း...

"နင် ဆိတ်ဆွဲတာ မနာဘူးဟဲ့... ယားတယ်...၊ ပြီး... ဘာလို့ ဆိတ်ဆွဲရတာလဲ... ငါက နင့်အတွက် ဆောင်ရွက်ပေးနေတာ"

"သွားစမ်းပါ..."

နေဒွန်းက... သူတို့နှစ်ယောက်၏ စကားအဆုံးမှာ...

"အပာမ်း... အပာမ်း..."

ခဂ္ဂါက မျက်စောင်းထိုး၏။

"ဒါ... တမင်တကာ ချောင်းဆိုးတာ မဟုတ်လား"

"ဟော့အေး... မတော်တဆ ချောင်းဆိုးတာပါ၊ တမင်တကာ ချောင်းဆိုးတဲ့ ပုံစံမျိုးနဲ့ တိုက်ဆိုင်သွားလို့..."

"ဟင်း..."

"ဟဲဟဲ... မြန်မာဒဿနအကြောင်း ငါပြောပြမယ်... သေချာနားထောင်..."

ခဂ္ဂါက ဘာမှပြန်မပြောချေ။ နှုတ်ခမ်းစူထား၏။ အစ်ကိုတစ်ယောက်ကို ချွဲ့နွဲ့နေသော ညီမငယ်လေးတစ်ယောက်နှင့် တူ၏။

"နင်က... ခုနက လင်းလင်းကို ပြောတယ်မဟုတ်လား"

"ဘာပြောတာလဲ..."

"လင်းလင်းက နင့်အတွက် ဆောင်ရွက်ပေးနေတယ်...ဆိုတာကို မကျေနပ်တဲ့ ပုံစံနဲ့လေ..."

"အဲဒါ... ဘာဖြစ်လဲ..."

"အဲဒါမျိုးကို မြန်မာဒဿနက လက်မခံဘူးဟ..."

ခဂ္ဂါ မျက်လုံးလေး ဝိုင်းသွားသည်။

"အောင်မာ... ဘာဆိုင်လို့လဲ..."

"လူဆိုတာ... တစ်ခါတစ်ခါ သူများရဲ့ အကူအညီကို ယူရတယ်ဟ...ကိုယ်တစ်ယောက်တည်းနဲ့ လုပ်လို့မရတာတွေ ရှိတယ်... ဥပမာ..."

သူက ဆက်မပြောဘဲ ခဂ္ဂါကို ပြုံးပြုံးကြီး ကြည့်နေ၏။ ခဂ္ဂါက မနေတတ် မထိုင်တတ် ဖြစ်လာပြီး ဘုတောသည်။

"ပြောလေ... ဥပမာ... ဘာဖြစ်လဲ"

"ဥပမာ... နင့်ကိုနင် ချီလို့ ရလား..."

"ဘာရယ်..."

"ဆိုကြပါစို့ဟာ... အခု လင်းလင်းက နင့်ကို ချီလိုက်လို့ရတယ်...၊ နင့်ကိုနင် ပြန်ချီချင်လို့ မရဘူး"

"ဒါက မတော့နဲ့... ဒီဥပမာလေးကိုပဲ ကပ်ပြီး ငြင်းဖို့ မကြိုးစားနဲ့... တခြားသော ဥပမာတွေ အများကြီးရှိတယ်၊ ဒီနေရာမှာ ငါ နင့်ကို မြန်မာဒဿနရဲ့ တစ်စိပ်တစ်ဒေသကို ပြောပြမယ်..."

ခဂ္ဂါက နားကြားပြင်း ကပ်လာပုံရ၏။ သို့သော်... စိတ်ဝင်စားမှုလည်း ရှိနေသဖြင့်... မဲ့ပြုံးနှင့်အတူ...

"အင်း... ပြောပြပါဦးရှင်... ကြားပါရစေ..."

"အေး... နင့်ရဲ့ အရှေ့တောင်ထောင့် ဒီဂရီနည်းနည်းလောက်ကို ငဲ့စောင်းကြည့်လိုက်ရင် ငါတို့ရဲ့ အကြေအရပ်မှာ ရှားရှားပါးပါးနိုင်လှတဲ့ ထန်းပင်ကြီးတစ်ပင်ကို နင်တွေ့ရလိမ့်မယ်"

MCMBOOKSHELF

ခဂ္ဂါကတော့ မပြောတတ်။ ကြားရသော လင်းလင်းတော့ ရယ်ချင်လာသည်။ ထန်းပင်ကြီးက သူ ထိုသို့ မည့္သန်လည်း မြင်နေရပါသည်။ သူပြောမှပင် အူကြောင်ကြောင် ဖြစ်သွားရ၏။

"အဲဒီ...ထန်းပင်ကြီးက ဘာဖြစ်လဲ"

စကားဝိုင်းထဲမှာ...ရဲအောင်က ပါဝင်နိုင်ခြင်း မရှိချေ။ ဆိုင်ရှင် ကိုခင်ဇော်က သူ့ကို ကဗျာအကြောင်း လာဆွေးနွေးသောကြောင့် ဖြစ်၏။

"အဲဒီထန်းပင်ကြီးမှာ... ထန်းလက် ထန်းရွက်တွေ ရှိတယ်။ ဒါပေမဲ့... နေပူပူ မိုးရွာရွာ အဲဒီထန်းရွက်၊ ထန်းလက်တွေက ပင်စည်လုံးကြီးကို လုံအောင် ကာမထားနိုင်ဘူး..."

"ထန်းပင်ကြီးက သူ့ဟာသူ လုံအောင် မရပ်နိုင်ဘူးပေါ့... ဟုတ်လား..."

ခဂ္ဂါက ဖြတ်မေးသည်။

"နီး... နီး... စကားရဲ့အဓိပ္ပာယ်က နည်းနည်းလေး လွဲနေတယ်...၊ ဒီနေရာမှာ ငါပြောချင်တာက... တစ်ခါတစ်ခါ ကိုယ့်ကိုကိုယ် လုံအောင် မကာကွယ်နိုင်တဲ့ အခြေအနေမျိုးဟာ ငါတို့ လူတွေမှာ ရှိတတ်တယ်...၊ အဲဒီအနေအထားကိုလည်း ငါတို့ရဲ့ မြန်မာပညာရှိတွေက ထန်းပင်ကြီးနဲ့ ဥပမာပေးပြီး ဆိုဆုံးမထားဖူးတယ်"

"ဘယ်လို ဆုံးမတာလဲ..."

"ထန်းပင်ကို ထန်းလက်နဲ့ လုံအောင် မမိုးနိုင်ဘူးတဲ့..."

နံဘေးမှ နားထောင်နေသော လင်းလင်းက သဘောကျသွား၏။ နေ့ဒွန်းစကားက သူ့အစီအစဉ်နှင့် သူတော့ ဟုတ်သွားသည်။ ခဂ္ဂါကိုယ်တိုင်ကလည်း သဘောကျသွားပုံ ရသည်။

"ဩော်... အဲဒီလိုလား..."

"အေး... ဒါပေမဲ့ ဆက်ပြောရဦးမယ်..."

"အင်း... ပြော ပြော..."

"ဟို... အိမ်အိုကြီးကို နင်ကြည့်စမ်း..."

အအေးဆိုင်၏ ဓါးလွယ်ခုတ်ခန့်မှ အိမ်အိုကြီးကို ညွှန်ပြသည်။

"အင်း... တွေ့တယ်..."

"အိမ်အိုကြီးဆိုတော့... မခိုင်တော့ဘူး... ယိုင်နေပြီ... ပြိုလဲမသွားအောင် ဝါးတွေ၊ သစ်သားတွေနဲ့ ထောက်ပြီး ကျားကန်ထားရတယ်... တွေ့လား"

"အေး... ကိုယ့်ရဲ့ မခိုင်မာမှုကိုလည်း တခြား အားသာချက်တစ်ခုခုနဲ့ ပြန်ဖြည့်ပေးရတယ်...၊ ကိုယ့်ကိုကိုယ် ဘေးပမ်းအကူအညီနဲ့ ထောက်ပံ့ရတဲ့ သဘောတွေ ရှိတတ်တယ်..."

"အင်း..."

"ငါတို့ရဲ့ ရှေးပညာရှိတွေက... အဲဒီသဘောတရားကို အိမ်အို လူအိုတွေနဲ့ ဥပမာပေးပြီး... ပြောပြသွားဖူးတယ်..."

"ဘယ်လို ပြောသလဲ..."

"အိမ်အိုတော့ ကျားကန်၊ လူအိုတော့ ပန်းပန်တဲ့"

"ဩော်... ဩော်"

MCMBOOKSHELF

"ကိုယ့်ဘာသာ အထီးတည်း ရပ်တည်လို့ရတယ်... ကိုယ့်ဘာသာ ပြီးပြည့်စုံတယ်...၊ တခြားလူ တခြားအရာတွေရဲ့ ကူညီထောက်ပံ့မှု မလိုဘူးဆိုတဲ့သဘောကို ရှေးပညာရှင်ကြီးတွေက ပယ်ကြတယ်ဟ... ဆိုပါစို့..."

အအေးဆိုင်နှင့် ကပ်လျက်မှ မုန့်ဟင်းခါးဆိုင်ကို လက်ညှိုးထိုးပြသည်။ မုန့်ဟင်းခါးသည် အမျိုးသမီးကြီး ထင်းရှူးဆီနှင့် မီးမွှေးနေသည်ကို တည့်တည့်ညွှန်ပြခြင်း ဖြစ်၏။

"နင်... ဘာကို ဆိုလိုချင်တာလဲ..."

"ထင်းရှူးဆီက မီးတောက်လွယ်တယ်လေ... အဲဒါကို မျက်မြင်သက်သေအဖြစ် လှမ်းပြတာ...၊ မြန်မာဒဿန တစ်ချက်ကို ထပ်ပြောပြမလို့... ရှေးပညာရှိကြီးတွေက ဆိုထားတယ်..."

"ဘယ်လို ဆိုပြန်တာလဲ..."

"အဆီရှိမှ မီးတောက်တယ်... အမျိုးရှိမှ ပြီးမြောက်တယ်တဲ့"

"အလဲ့... တယ်ဟုတ်ပါလား"

စိတ်ဆိုးချင်ယောင်ဆောင်နေသော ခင့်ဂ္ဂပင်လျှင် ပြုံးရယ်လာ၏။ နေဒွန်းက ဆက်ပြောသည်။

"လူ့လောကထဲမှာတော့... လူဟာ တစ်ယောက်တည်းခွဲပြီး ရပ်တည်ဖို့ မလွယ်ပါဘူးဟာ... ပတ်သက်ဆက်နွယ်ထားတဲ့ အမျိုးသဟဲတွေ ရှိတာပါပဲ"

လင်းလင်းက မကျေလည်တာလေးတွေ ဝင်မေးလိုက်သည်။

"နေဒွန်း..."

"ဘာလဲ..."

"နင်... အခု ပြောသွားတာတွေကတော့ ဟုတ်ပါပြီ"

"အင်း... ဘာက မဟုတ်တာလဲ"

"အားမရစရာကြီး... ဖြစ်နေသလားလို့..."

"ဘာကို... အားမရတာလဲ..."

"ကိုယ့်အား ကိုယ်ကိုးဖို့ထက်... သူများကို အားကိုးဖို့ချည်းပဲ ဖြစ်နေသလို ငါခံစားရတယ်... အဲဒါကို ငါ အားမရဘူး..."

"အေး... ဟုတ်တယ်... လင်းလင်းပြောတာ ဟုတ်တယ်... နေဒွန်း... အဲဒီအချက်ကို စဉ်းစားရမယ်နော်..."

နေဒွန်းက ပြုံး၏။ ခဂ္ဂါ အသည်းယားတတ်သော အပြုံးမျိုး ဖြစ်သည်။ တခြား ဘာအဓိပ္ပာယ်မှ သက်ဝင် ပါဝင်ခြင်းမရှိသည့် စင်းလုံးချော အပြုံးဖြစ်၏။ စင်ကြယ်သောအပြုံးဟု... တည်တည်တံ့တံ့ သတ်မှတ်၍ ရသော်လည်း... ခဂ္ဂါက (နေထိုင်ကောင်းစဉ် တစ်ချိန်တုန်းက) ထိုသို့သောအပြုံးကို 'ကတုံးအပြုံး' ဟု နောက်ပြောင်ခေါ်ဝေါ်ခဲ့ဖူးသည်။ ပျူးဝါးစမိုင်းကို ဆိုလိုခြင်းဖြစ်၏။

"ဟိုလူ့ကို ကြည့်စမ်း..."

"နင်ကလဲ... လက်ညှိုးတွေပဲ လျှောက်ထိုးပြနေတာပဲ... ဟိုကြည့်ခိုင်း၊ သည်ကြည့်ခိုင်းနဲ့..."

"ဟဲဟဲ... ငါက... နင်တို့ကို မျက်မြင်သက်သေတွေနဲ့ ရှင်းပြမလို့ပါ..."

"အင်း... ထားပါတော့...၊ အခု မုန့်ဟင်းခါးဆိုင်က ထွက်လာတဲ့လူကို ပြောတာလား..."

"အေး... မုန့်ဟင်းခါးထဲကို ငရုတ်သီးတွေ ဘယ်လောက်တောင် ထည့်စားသလဲ မသိဘူး..."

"အေး... မုန့်ဟင်းခါးထဲကို ငရုတ်သီးတွေ ဘယ်လောက်တောင် ထည့်စားသလဲ မသိဘူး၊ ပါးစပ်ကြီး ဟပြီး တဟားဟားနဲ့ စပ်နေတဲ့ လူလေ..."

"အင်း... တွေ့တယ်... ဘာဖြစ်လို့တုန်း"

"အခု... သူ... ဟားတိုက်နေတယ်"

"အင်း..."

"ရှေးပညာရှိကြီးတွေက ပြောသွားတယ်... ဟားတိုက်တိုင်း ရယ်တယ်မမှတ်နဲ့၊ ငရုတ်သီးစပ်လို့... တဲ့"

"အယ်..."

"ဘာကိုမှ တရားသေမှတ်လို့ မရဘူးဆိုတဲ့ သဘောကို ဆိုလိုချင်တာပေ့ါ..."

"သြော်... ဂလိုလား..."

"ဂလို... ဂလို..."

လင်းလင်းနှင့် ခဂ္ဂါတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးဖြစ်ကြသည်။ ဟိုတစ်နေ့က ခဂ္ဂါ 'နေဒွန်းကို မျောက်ပြောင်တစ်ကောင်လို မြင်တယ်' ဟု ပြောဖူး၏။ တစ်ခါတစ်ခါ 'ပြောင်မြောက်' တတ်သောကြောင့်ဟု ဆိုသည်။

ဟုတ်တော့လည်း ဟုတ်သည်။ နေဒွန်းက နည်းနည်းမှ လျော့တွက်၍ မရချေ...။

"ဟိုမှာ ကြည့်စမ်း... ဈေးဆွဲခြင်းနဲ့ အမေကြီးကို..."

အလှူခံမဏ္ဍပ်မှာ ငွေလှူပြီး ထွက်လာဟန်ရှိသော အမယ်အိုကြီးတစ်ယောက်ကို ညွှန်ပြသည်။ အမေးကို မစောင့်တော့ဘဲ... သူ့ဘာသာ ဆက်ရှင်းပြသည်။

"အဲဒီအမေကြီးက... တုန်တုန်ယင်ယင် ဖြစ်နေပြီ၊ အသက်ကြီးလို့ အကြောအချဉ်တွေ မကောင်းတော့ဘူးလေ...၊ ချမ်းလို့၊ တုန်တဲ့ လူနဲ့ မတူဘူးလား... သူ့အနေအထားက မီးလှုံပြီး အကုန်ပျောက်အောင် လုပ်လို့ မရတော့ဘူး..."

"အေး... အဲဒီတော့ ရှေးပညာရှိကြီးတွေက ဘယ်လို ဆိုပြန်သတုံး..."

"ပြောမယ်လေ... မှတ်ထား၊ သိပ်ကောင်းတဲ့စကား..."

"အင်း... ပြောပါဦး"

"နဂိုတုန်ရင် မီးလှုံလို့ မပျောက်ဘူး... တဲ့"

"အဲ..."

"အဲ... အဲဒီတော့ နင်တို့ ဘာပြောချင်သေးလဲ...၊ မြန်မာဒသနက... သူများကိုချည်း အားကိုးခိုင်းတဲ့ ဒသနလို့ ထင်သေးလား..."

ခဂ္ဂါနှင့် လင်းလင်းတို့ ဘာပြောရမှန်းမသိ ဖြစ်နေသည်။

ထိုအခိုက်မှာပင် သူတို့စကားဝိုင်းက ဖြန်းခနဲ ရပ်တန့်သွားရသည်။ အသက်လေးဆယ်အရွယ် လူတစ်ယောက်က သူတို့၏ဝိုင်းမှာ မဖိတ်ခေါ်ဘဲ လာထိုင်သောကြောင့်ဖြစ်သည်။ ပထမတော့ အားလုံးကြောင်သွားသည်။ နောက်မှ... ကိုခင်မောင်ဇော်နှင့် စကားပြောနေသော ရဲအောင်က လှည့်ကြည့်ပြီး...

"ဩော်... ကိုကြီးဝ..."

"အေး... မင်းကို မြင်လို့ ငါဝင်လာတာ..."

"ဟို... ရေကန်နားက အိမ်ကလေ..." ဟု ရဲအောင်က လင်းလင်းတို့အားလုံးကို ပြောသည်။ တလောက အလောင်းဆယ်၍ရသော ရေကန်နားမှအိမ်ကို ဆိုလိုခြင်းဖြစ်သည်။

"ဒီက... ညီလေး... ညီမလေးတို့ကို အားနာတယ်ကွာ... ဒါပေမဲ့ ပေါ့ကောင်... ရဲအောင်... မင်းအစ်ကိုကြီး အရက်နည်းနည်းသောက်လာတယ်ကွာ..."

လင်းလင်း၏မျက်နှာ တင်းကနဲ ဖြစ်သွားသည်။ သို့သော် ရဲအောင်ကို ထောက်ထားစရာ ဖြစ်နေသောကြောင့် စိတ်ကို လျှော့ထားလိုက်ရသည်။ ရဲအောင်ကလည်း... 'ဒီလူက ကိစ္စမရှိပါဘူး' ဟူသော လက်ဟန်ခြေဟန်မျိုးကို လုပ်ပြသည်။

လူကြီးက... ချမ်းသာပုံရသည်။ သူ့ကိုယ်ပေါ်မှာ ဝတ်ကောင်းစားလှတွေကို စွပ်ထား၏။ သောက်လာသည်ကလည်း မည်ရွေ့မည်မျှကြေးကြီးသော အရက်မှန်း မသိ။ မွှေးရှသင်းပျံ့သလိုတောင် ရှိသည်။

သူ့မျက်နှာသွင်ပြင်အရလည်း ပင်ကိုယ်အားဖြင့် ရိုးသားပြီး သဘောကောင်းပုံ ရသည်။ လူငယ်တွေကြားထဲမှာ ရှိုးတိုးရှန့်တန့်ဖြစ်လာပြီး... နေခွန်းကို ရယ်ပြ၏။

"စိတ်မရှိနဲ့နော်... အစ်ကိုကြီးက လူငယ်တွေကို ခင်တတ်လို့..."

"ဩော်... ဟုတ်ကဲ့"

"အစ်ကိုကြီးက ပျော်ပျော်ပဲ နေတတ်တယ်... အိမ်ထောင်လည်း မရှိဘူး... လူပျိုကြီး..."

နေခွန်းက... သိသိဝှက်ဝှက်ပြုံးပြီး...

"ဩော်... လုလင်ကြီးပေါ့..."

ကိုကြီးဝ ဆိုသောပုဂ္ဂိုလ် ကြောင်အမ်းသွားသည်။

"ဟေ... ဘာလုလင်ကြီးလဲ..."

"လုလင်ဆိုတာ... လူပျိုကို ခေါ်တာလေ... ပေါရာဏစာလုံး လူပျိုကြီးဆိုတော့ လုလင်ကြီးပဲပေါ့..."

"ဩော်... အဟေးဟေး... ဟုတ်တယ်ကွ... အဲဒီလိုဆိုရင်တော့ အစ်ကိုကြီးဟာ လုလင်ကြီးပဲ..."

သဘောကျသွား၏။ နေခွန်းကိုလည်း ခင်ခင်မင်မင် ဖြစ်သွားပုံရသည်။

"လုလင်ကြီးဆိုပေမယ့်လည်း အသည်းတွေ ဘာတွေတော့ ကွဲဖူးရမှာပေါ့နော်..."

"ဩော်... ငယ်ကျွမ်းဆွေ ဆိုတာကတော့ ရှိကြတာပဲပေါ့ ညီလေးရယ်..."

ထိုလုလင်ကြီးကို ကြည့်ပြီး လင်းလင်းနှင့် ခက္ဂါ ရယ်ချင်လာသည်။ ဘာမှတော့ ဝင်မပြောချေ...။ နေဒွန်းနှင့် အပြန်အလှန်ပြောကြသည်ကိုသာ နားထောင်နေလိုက်၏။

"ညီလေးရာ... အစ်ကိုကြီးရဲ့ ငယ်ကျွမ်းဆွေက အရမ်းလှတယ်ကွာ... အခု ဒီညီမလေးတွေ အတိုင်းပဲ"

"သြော်... သြော်... အဲလိုအရမ်းလှတယ် ဆိုရင်တော့ အစ်ကိုကြီးရဲ့ ငယ်ကျွမ်းဆွေက 'မိညက်ကြည်း' ပေါ့..."

"ဘာ... မီးညှပ်ကြီး... ဟုတ်လား"

"မီးညှပ်ကြီး မဟုတ်ဘူး... မိညက်ကြည်း"

"ဘာ... မိညှက်ကြီး... ဟုတ်လား... သူက ဘယ်သူလဲ၊ သူကရော တော်တော်လှလို့လား..."

"အင်း... ရှေးအလင်္ကာတစ်ပုဒ်ထဲမှာတော့ တော်တော်လှတဲ့ မိန်းကလေးကို 'မိညက်ကြည်း' လို့ သုံးထားတယ်..."

"ဟုတ်လား... ဘယ်လို သုံးထားတာလဲ"

"ကျွန်တော် ရွတ်ပြမယ်... ဒီလို...

***ပုံပြင်နတ်တူလျော၊ ဖြူနွဲ့ချောလျှင်***

***တင့်မောလွန်ကျစ်လစ်၊ ပုလဲနှစ်သို့***

***ပြေပြစ်တင့်ဆုံဆည်း၊ မိညက်ကြည်း... သည်...*** တဲ့"

"ဟေ... ဟုတ်လား... ငါရဲ့ ငယ်ကျွမ်းဆွေကလည်း အဲလိုပဲ လှတယ်ကွ... မင်းပြောတာ မှန်တယ်...၊ ငါ့အတွက်တော့ သူက မိညှက်ကြည်းပဲ... ဟဲဟဲ"

လုလင်ကြီးက မနောခွေ့နေလေသည်။ လင်းလင်းနှင့် ခက္ဂါက ရယ်ချင်နေသည့် လျှာကို ကိုက်ထားကြရ၏။ နေဒွန်းကလည်း စပ်ဖြီးဖြီးနှင့်...

"ဒါဖြင့်... အစ်ကိုကြီးက သူနဲ့ သမီးရည်းစား ဖြစ်ခဲ့သေးတာပေါ့နော်..."

"မဖြစ်ပဲ ဘယ်နေမလဲ ညီမလေးရယ်... အစ်ကိုကြီးက သူ့ကို ကိုယ့်ရဲ့ သခင်တစ်ပါးလို သတ်မှတ်တာ..."

"ဟုတ်လား... ဒါဆို အစ်ကိုကြီးက သူ့ကို... 'ပြဘူး' လို့ ခေါ်ဖို့ ကောင်းတယ်..."

"ဘာ... ပြဘူး... ဟုတ်လား... ဘာတုန်း"

"ပြဘူး ဆိုတာ... ပြဘူး... ဆိုတဲ့ သက္ကတက ဆင်းသက်လာတာ... အရှင်သခင်လို့ အဓိပ္ပာယ်ရတယ် အစ်ကိုကြီးရဲ့..."

လုလင်ကြီးက အင်တင်တင်ဖြစ်နေသည်။

ပြီးမှ... နဖူးကြောရှုံ့ပြီး...

"ဟာ... အဲလိုခေါ်လို့ မကောင်းဘူးထင်တယ် ညီလေးရာ၊ အစ်ကိုကြီးက သူ့ကို 'ပြဘူး၊ ပြဘူး' သွားခေါ်လို့... သူက 'ပြရမယ်၊ ပြရမယ်' ပြန်ပြောရင် ဘယ်နှယ့်လုပ်မလဲ..."

ထိန်းထားသည့်ကြားမှ... အုန်းခနဲ ထရယ်မိလိုက်ကြသဖြင့် စကားဝိုင်း ပျက်သွားလေသည်။

MCMBOOKSHELF

တစ်ဖက်မှာ သူတို့ဘာသာ ကဗျာအကြောင်း ဆွေးနွေးနေသည့် ရဲအောင်နှင့် ကိုခင်ဇော်တို့ကပါ... လှည့်ရယ်ကြခြင်းဖြစ်သည်။

အပြန်လမ်းမှာ လင်းလင်းက ခဂ္ဂါကို ပြုံးစိစိနှင့် မေးကြည့်၏။

"ခဂ္ဂါ... နေဒွန်းအတွက်တော့ နင်ကလဲ မိညက်ကြည်းပဲ ထင်တယ်နော်..."

"အို... သွား..."

ခဂ္ဂါ ရှက်သွားသည်။ လင်းလင်းက ဆက်၍...

"တကယ်လို့... နေဒွန်းက နင့်ကို... ပြဘူး ပြဘူးနဲ့ လာလုပ်နေရင်ကော..."

"ဟာ... သွားဆို..."

ခဂ္ဂါက ရဲတွတ်နေသော မျက်နှာနှင့် လင်းလင်းကို ဆောင့်တွန်း၏။ ပြီးမှ...

"ငါ အိမ်မြန်မြန်ပြန်မလို့..."

"ဘာဖြစ်လို့လဲ..."

ခဂ္ဂါက ချစ်စဖွယ်အပြုံးလေးနှင့် ဖြေသည်။

"အိမ်က စဥ့်အိုးကြီးထဲမှာ မျက်နှာအပ်ပြီး နေဒွန်း ငပေါ... နေဒွန်း ငပေါ... လို့ အော်မလို့..."

စကားအဆုံးမှာ... သူ့ဘာသာ ရှက်ရယ် ရယ်သည်။ ရယ်သံက ချိုလွင်သည်နှင့်အမျှ လင်းချင်း တောက်ပနေသည်ဟုလည်း ခံစားရလေသည်။

ဘယ်လိုကျမ်းအစောင်စောင်ကမှ...

ချစ်သူနဲ့တွေ့ရှိချိန်ကို မိုးမျှောင်ကြီးကျမပစ်ခဲ့ပါဘူး...။

MCMBOOKSHELF

"ဟောတော့… အဲဒါက… ဘယ်လိုဖြစ်တာလဲ…"

ခဂ္ဂါ၏ ပုံစံကိုကြည့်ပြီး… လင်းလင်း အံ့သြသွားရသည်။ ခဂ္ဂါက သွားကလေး ဖြဲပြ၏။

"အဟဲ…"

"နေပါဦး… နင်က… ဘာစိတ်ကူးပေါက်လို့ ဒီလိုဝတ်ထားရတာလဲ…"

ခဂ္ဂါက နံဘေးမှာထိုင်နေသော နေဒွန်းကို လက်ညှိုးထိုးပြ၏။

"သူ ဝတ်ခိုင်းတာ…"

"အလိုလေးရှင်…"

ခဂ္ဂါက တောသူမလေးတစ်ယောက်လို ဝတ်ဆင်ထားသည်။ ထိုသို့သော အဝတ်အစားများ သူ့ဆီမှာရှိသည်ဟု လင်းလင်းမသိခဲ့။ မတွေ့ဘူး မမြင်ဘူးခဲ့။ ကြည့်ရတာ… အိမ်ဖော်မလေး ခင်သီတာဝင်း၏ အဝတ်အစားကို ယူဝတ်ထားပုံရသည်။

လင်းလင်းက ခေါင်းကို ရမ်းလျက်… ခဂ္ဂါ၏ တစ်ကိုယ်လုံးကို ခြုံငုံကြည့်ရှုနေမိသည်။ ရိုးအ,၍ ချစ်စဖွယ် တောသူမလေးအသွင် ဖြစ်နေသော ခဂ္ဂါကို ရယ်ချင်ပက်ကျိလည်း ဖြစ်မိသည်။

"ဟဲ့… နေဒွန်း"

ကုလားထိုင်ကြီးမှာ (အိမ်ဖြူတော်မှ အီဗရာဟင်လင်ကွန်း ရုပ်တုလို) ထိုင်နေသော နေဒွန်းကို လှမ်းခေါ်လိုက်သည်။

"ဘာလဲ"

နေဒွန်းက ဣန္ဒြေသိက္ခာအပြည့်နှင့်ပင် အေးအေးဆေးဆေး ပြန်ထူးသည်။

"နင်… ဘာတွေကြောင်တာလဲ"

"ဘာကြောင်လို့လဲ"

"ငါ့သူငယ်ချင်းကို ဘာတွေဝတ်ခိုင်းထားတာလဲ…"

"မြင်တဲ့အတိုင်းပဲလေ…"

"အေး… မြင်ပါတယ်… မြင်ပါတယ်…၊ ငါသိချင်တာက ဘာကိစ္စ အဲဒီလို ဝတ်ခိုင်းထားတာလဲ"

"နင့်ဘာသာ သူ့ကိုပဲ မေးကြည့်ပေါ့…"

လင်းလင်း၏အကြည့်က ခဂ္ဂါဘက် ပြန်ရွှေ့လိုက်၏။

"ခဂ္ဂါ…"

"အေး… ပြော…"

"နင်ပြောရမှာ…၊ ဘာကိစ္စ အဲဒီလို ဝတ်ထားရတာလဲ"

ခဂ္ဂါ၏ မျက်နှာက ရယ်ကျဲကျဲ ဖြစ်နေသည်။

"ဒီလိုဟ…"

"အင်း…"

"နေဒွန်းနဲ့ ငါ အလောင်းအစားတစ်ခု လုပ်ထားတယ်…၊ အဲဒီအလောင်းအစားအတွက် ငါ ခုလို ဝတ်ထားရတာ…"

MCMBOOKSHELF

"ဘာ အလောင်းအစားလဲ..."

လင်းလင်း စိတ်ဝင်စားသွားသည်။

"ဒီကောင်က ငါ့ကို ပြောတယ်..."

"အင်း..."

"ရိုးရိုးအေးအေး တောသူမတစ်ယောက်လို ဝတ်ပြီးတော့တဲ့..."

"အင်း..."

"လိပ်စာကတ်ပြားလေးတစ်ခုကို လိုက်ပြကြည့်တဲ့...၊ အဲဒီကို သွားချင်တယ်ဆိုတဲ့ သဘောနဲ့ လိုက်ပြကြည့်တဲ့..."

"အင်း..."

"ဘာစကားမှ ပါးစပ်က ထုတ်ပြောစရာ မလိုဘူးတဲ့..."

"အဲဒါဆို ဘာဖြစ်မလဲ..."

"အများဆုံး လူခုနစ်ယောက်ကိုပဲ ပြရမယ်တဲ့...၊ တစ်ယောက်ယောက်က အိမ်တိုင်ရာရောက် လိုက်ပို့လိမ့်မယ်... တဲ့၊ အဲဒါ စိတ္တဗေဒနည်းပဲ... တဲ့"

လင်းလင်း ဇဝေဇဝါဖြစ်သွားသည်။

"စိတ္တဗေဒနည်း... ဟုတ်လား..."

"မသိဘူးလေ... သူပြောတာပဲ..."

လင်းလင်းက သူ့နှာခေါင်းကို လက်ကလေးနှင့်ကာရင်း...

"ငါကတော့ မကြားဖူးဘူး..."

နေဒွန်းဘက်သို့ လှည့်ကာ...

"နေဒွန်း... နင်တကယ်ပြောတာလား..."

နေဒွန်းက သူတို့၏စကားဝိုင်းကို စိတ်မဝင်စားသလို ဒူးနန့်ပြီး သီချင်းလေးညည်းနေရာမှ...

"နင်... မယုံဘူးလား..."

"မယုံဘူး"

"မယုံရင်... ခုလိုက်ကြည့်လေ..."

"ဘယ်ကို လိုက်ကြည့်ရမှာလဲ..."

နေဒွန်းက တဟဲဟဲရယ်၏။

"အခု ခဂ္ဂါနဲ့ ငါ လောင်းထားတယ်..."

"အင်း..."

"ဒီအိမ်က ကားနဲ့ပဲ လူစုစုရှိတဲ့နေရာ... ဥပမာ ဘတ်စ်ကားမှတ်တိုင် ခပ်ကြီးကြီးတစ်ခုလိုမျိုးကို သွားကြမယ်..."

"ပြီးတော့..."

MCMBOOKSHELF

"ပြီးတော့... ခင်္ဂါက ဒီအိမ်လိပ်စာကို ရေးထားတဲ့ စာရွက်လေးတစ်ရွက်ကို လူတွေကို လျှောက်ပြမယ်...၊ အလွန်ဆုံးပြရင် လူခုနစ်ယောက်ပဲ...၊ တစ်ယောက်ယောက်က... သူ့ကို ဒီလိပ်စာအတိုင်း အိမ်ပြန်ပို့ပေးလိမ့်မယ်..."

"သေချာလား..."

"သိပ် သေချာတာပေါ့... သူ့ပါးစပ်ကတောင် ဘာစကားမှ ပြောစရာမလိုဘူး..."

"နေပါဦး... ဒီဆိုက်ကိုနည်းက ဘယ်စာအုပ်ထဲမှာ နင်တွေ့တာလဲ..."

"အဲဒါကို ပြီးမှပြောမယ်..."

လင်းလင်း မရိုးမရွဖြစ်သွားသည်။ ခင်္ဂါကိုရော နေဒွန်းကိုပါ ချုံငုံကြည့်ပြီး...

"နင်တို့က အဲဒါကို ဘယ်တော့စလုပ်ကြမှာလဲ..."

"ခုပဲ... စလိုက်ကြတာပေါ့"

"အေး... ကောင်းပြီ၊ ငါလဲ လိုက်ခဲ့မယ်..."

ပျော်ပျော်ရွှင်ရွှင် စိတ်ပါလက်ပါဖြင့်ပင် သုံးယောက်သား ကားမောင်းပြီး ထွက်ခဲ့ကြ၏။ ကားကို ခင်္ဂါက မမောင်းဘဲ နေဒွန်းက ဝင်မောင်းပေးသည်။

လူစည်ကားသလိုရှိနေသော ဘတ်စ်ကားမှတ်တိုင်တစ်ခုကို တွေ့တော့... နေဒွန်းက...

"ခင်္ဂါ... ဒီမှာပဲ စမ်းမလား..."

"အေး... ရတယ်"

ဘတ်စ်ကားမှတ်တိုင်ကို ကျော်ကာ ခပ်လှမ်းလှမ်းမှာ သွားရပ်လိုက်၏။

"ဆင်း... မသိမသာဆင်း...၊ နင် ဒီကားပေါ်က ဆင်းလာတာတော့ ဘတ်စ်ကားမှတ်တိုင်က လူတွေ မမြင်စေနဲ့..."

"အေးပါ..."

ခင်္ဂါ ဆင်းသွားပြီးနောက်... နေဒွန်းက ကားကို စက်သပ်လိုက်၏။

"ကဲ... လင်းလင်း၊ အေးအေးဆေးဆေး စောင့်ကြည့်ပေတော့..."

လင်းလင်းက မယုံမရဲဖြစ်နေသည်။

"ဟုတ်ပါ့မလား... နေဒွန်းရယ်..."

"ကြည့်နေလေ... နင် မျက်ဝါးထင်ထင် မြင်ရမှာပေါ့..."

"ခုနစ်ယောက်အထိ ပြလို့ ရတယ်နော်..."

"အင်း... ဒါပေမဲ့ ခုနစ်ယောက်အထိတောင် ရောက်ချင်မှ ရောက်မှာပါ... ကြည့်ကြည့်... စောင့်ကြည့်၊ စကားမများနဲ့..."

"အောင်မာ..."

မကျေမနပ်နှင့် လင်းလင်း ငြိမ်သက်လိုက်ရ၏။

ခင်္ဂါက ကားမှတ်တိုင်ကြားရှိ လူများကြားသို့ ရောက်နေပြီ ဖြစ်သည်။

MCMBOOKSHELF

အသက်ငါးဆယ်အရွယ်ခန့် လူကြီးတစ်ယောက်ကို ဗလာစာရွက်မှာ ရေးထားသော သူ့လိပ်စာကို သွားပြ၏။

ထိုလူကြီးက ခဂ္ဂါကို ကြည့်လိုက်၊ လိပ်စာကိုကြည့်လိုက်နှင့် အံ့ဩပုံလည်း ရသည်။ ပြီး... လက်ကို ဆန့်တန်းဝှေ့ယမ်း၍ အရှေ့၊ အနောက်၊ တောင်၊ မြောက် တစ်နေရာရာကို ညွှန်ပြမည် ပြုပြီးမှ... မသိဘူးဟူသော သဘောဖြင့် ခေါင်းခါပြ၏။

ခဂ္ဂါကတော့ စကားတစ်လုံးမှ မပြောချေ...။

မိန်းမ ဝဝကြီးတစ်ယောက်ကို ပြပြန်သည်။

မိန်းမကြီးက... လိပ်စာကိုဖတ်ပြီး ခဂ္ဂါကို တစ်စုံတစ်ရာမေးနေသည်။ ဘာတွေ မေးမှန်းတော့ မသိ...။ ထပ်ခါထပ်ခါ မေးနေ၏။

ခဂ္ဂါက ဘာမှ ပြန်မပြောချေ...။

မိန်းမကြီးက အနီးအပါးမှ လူတစ်ယောက်ကို ညွှန်ပြသည်။

ထိုလူက သားသားနားနားဖြင့် ပွဲစားတစ်ယောက်၏ အနေအထားမျိုး ရှိသည်။ တည်ကြည်သည်ဟု ပြောရန် ခက်သလို မတည်ကြည်ဟု ပြောရန်လည်းခက်သော ပုံသဏ္ဌာန်မျိုးဖြစ်၏။

ထိုလူက... ခဂ္ဂါလာပြသော လိပ်စာကို ဖတ်ပြီး...၊ ဘာမှလည်း မဆိုင်ပဲ ပြုံးရယ်နေသည်။ ခဂ္ဂါက ဘာမှ မပြောသလို သူကလည်း ဘာမှ မပြော...၊ ရယ်မြဲ ရယ်နေသည်။

ထို့ကြောင့် ခဂ္ဂါက အနားမှ မိန်းမငယ်တစ်ယောက်ကို လိပ်စာ စာရွက်ကလေးကို ထိုးပြပြန်သည်။ ထိုမိန်းကလေးကမူ မျက်မှောင်ကြီး ကျုံ့ကာ လိပ်စာကို အကြာကြီးဖတ်နေ၏။ စာရွက်ကို ဟိုဘက်ထောင်လိုက်၊ သည်ဘက်လှည့်လိုက်ဖြင့် ဖတ်နေသည်။

ထိုမိန်းမငယ်၏အနားမှာ...ဆံပင်ဖြူဖြူ လူကြီးတစ်ယောက်က လိပ်စာ စာရွက်ကို ငုံ့ကိုင်းကြည့်၏။ ပြီး... 'သူ့ဆီပေး' ဟူသော အမူအယာနှင့် ဆွဲယူ၏။

ပြီး... ခဂ္ဂါကို စကား တစ်ခွန်းနှစ်ခွန်း မေး၏။ ခဂ္ဂါက စည်းကမ်းအတိုင်း ဘာမှ ပြန်မပြော...။ လိပ်စာ စာရွက်ကို ကိုင်ပြီး ထိုလူကြီး တွေဝိုင် စဉ်းစားနေသည်။ ထို့နောက်မှ...

MCMBOOKSHELF

မောင်းလာသော တက္ကဆီကားတစ်စီးကို လက်တား၏။ ဒရိုင်ဘာနှင့် စကားပြောသည်။ ဈေးတည့်သွားပုံ ရသည်။ ခင္ဂါကို ကားပေါ် တက်ခိုင်းပြီး သူက ရှေ့ခန်းမှာ ဝင်ထိုင်၏။

အငှားကားလေးက တရှူးထိုး မောင်းထွက်သွားသည်။

"ဟဲ့... နေဒွန်း"

"ဟေ..."

"လိုက်လေ..."

"အေးပါ..."

"သူတို့က ဘယ်သွားမှာလဲ မသိဘူး..."

"စိတ်မပူပါနဲ့...၊ လိပ်စာထဲကအိမ်ကို သွားတာပါ..."

"လိပ်စာထဲက အိမ်ဆိုတော့... ခင္ဂါရဲ့ အိမ်ပေါ့နော်..."

"အေး... နင်တောင် အတွေးအခေါ် တိုးတက်လာပြီ..."

"သူတောင်းစား..."

သူတို့ကားကလေးက ခင္ဂါတို့၏ ကားနောက်မှ လိုက်ပါသွားသည်။ လမ်းကြောင်းက ခင္ဂါတို့ အိမ်ဘက်ဆီ ဦးတည်နေသည်ဖြစ်၍ လင်းလင်း စိတ်အေးသွားသည်။

တစ်ဖက်မှလည်း မရှင်းလင်းသောစိတ်တို့ဖြင့် ရှုပ်ထွေးတွေဝေနေမိသည်။

"နေဒွန်း..."

"ဘာလဲ..."

"အခု... သူ လိပ်စာပြရတာ ခုနစ်ယောက်တောင် မပြည့်လိုက်ဘူးနော်..."

"အင်း..."

"ငါးယောက်ပဲ ပြလိုက်ရတယ်..."

"အင်း..."

"နင့် နည်းစနစ်က တယ်ဟုတ်ပါလား..."

"ဟဲ ဟဲ ဟဲ..."

"ရုရှားနည်းလား... ဥရောပနည်းလား..."

"ဟဲ ဟဲ ဟဲ..."

"ဒီကောင်စုတ်ဟာ..."

"ဟဲ ဟဲ ဟဲ..."

စိတ်တိုလာသဖြင့် လင်းလင်းက ဘာမှ မပြောတော့ချေ...။

ရှေ့မှ အငှားကားက ခင္ဂါတို့အိမ်ရှေ့မှာ ရပ်သည်။ အိမ်ဖော်မလေး ခင်သီတာဝင်းက ကပျာကယာ ပြေးဆင်းလာသည်။

MCMBOOKSHELF

အငှားကားထဲမှ ဆင်းလာသော ခဂ္ဂါကို ကြည့်ပြီး...

"အိုး... ဗဲရီးဝမ်းဒါးဖိုးလ်..." ဟု အော်၏။

ပြီးမှ... မြန်မာလို ဆက်ပြောသည်။

"မမက...ဘယ်လိုလုပ် ဒီကားနဲ့ ပြန်လာတာလဲ..."

နောက်မှ လိုက်ဝင်လာသော သူတို့အိမ်မှကားကို မြင်ပြန်တော့လည်း...

"ဝှက်စ်ဟတ်ပန်း..." ဟု ရေရွတ်ပြန်သည်။

ခဂ္ဂါကို လိုက်ပို့သော ဦးလေးကြီးက...

"ကဲ... ကလေးမ..."

ခဂ္ဂါက ပြုံးပြီး ခေါင်းညိတ်ပြသည်။

"ညည်းလာချင်တာ ဒီအိမ်မဟုတ်လား..."

ခေါင်းညိတ်ပြသည်။

ဦးလေးကြီးက အငှားကားထဲ ပြန်ဝင်မည်ပြုရိုန်မှာ...

"ကျေးဇူးပဲနော်... ဦးလေးကြီး..."

ဦးလေးကြီးက ကားထဲမဝင်သေးဘဲ...အံ့အံ့သြသြဟန်ဖြင့် ပြန်လှည့်ကြည့်၏။

"ဒါဖြင့်... ညည်းက စကားပြောတတ်တယ်ပေါ့..."

"အင်း.. တတ်ပါတယ်"

"စာကျတော့ မတတ်ဘူးလား..."

"ဟင်... စာလည်း တတ်တာပါပဲ"

"ဟာ... ဒါနဲ့များကွာ..."

ဦးလေးကြီး ဒေါကန်သွား၏။

"စကားလည်း မပြောဘဲ လိပ်စာ စာရွက်ကိုပဲ လိုက်ပြနေတော့ ငါက သနားပြီး လိုက်ပို့ပေးတာ...၊ စကားလည်း မပြောတတ်ဘူး၊ စာလည်း မဖတ်တတ်ဘူး မှတ်လို့ လိုက်ပို့ပေးတာ... ဟွန်း"

မျက်နှာကြီး နီရဲလျက် ကားထဲသို့ ဆောင့်ကြီး အောင့်ကြီး ပြန်ဝင်သွားသည်။

"မောင်းမယ်..."

အငှားကားကလေးက ဂူးကနဲအထွက်မှာ...

ထိုလူကြီး၏ ဖျစ်တောက်ဖျစ်တောက် ရေရွတ်သံက ကျကျန်ရစ်ခဲ့၏။

"အဲဒါကြောင့် ခြေနစ်ချောင်းကို မကယ်ကောင်းဘူးလို့ ပြောတာ..."

"ဟောတော့..."

ခဂ္ဂါက မျက်လုံးလေးဝိုင်းလျက် ကျန်ရစ်ခဲ့၏။ ပြီးမှ... မျက်နှာလေး စူပုပ်လာကာ နေဒွန်းကို လှည့်ကြည့်၏။ နေဒွန်းက မသိချင်ယောင်ဆောင်နေ၏။

"ဟား... ဟား..."

အခြေအနေကို သဘောပေါက်သွားပြီး လင်းလင်းက အော်ရယ်ပစ်လိုက်တော့သည်။

MCMBOOKSHELF

"ဟဲ့... ခဂ္ဂါ"

"ဘာလဲ..."

"နေဒွန်းရဲ့ ဆိုက်ကိုနည်းက တကယ်ကောင်းပါလားဟ"

ခဂ္ဂါက မျက်စောင်းထိုးလိုက်၏။ သို့သော်... ထိုမျက်စောင်းက နေဒွန်းကို ထိုးရမလို...လင်းလင်းကို ထိုးရမလို ဖြစ်နေသောကြောင့် နည်းနည်းတော့ ကောက်ကွေးသွားသည်။ အားပျော့သွားသည်။

"ခဂ္ဂါ... ဘာပဲပြောပြော... အလောင်းအစားမှာတော့ နင်ရှုံးသွားပြန်ပြီနော်..."

"အေး..."

ခဂ္ဂါက မကျေမချမ်းလေသံနှင့် ပြန်ပြောသည်။

"နင်က စာတောင် မတတ်ဘူးဘဲ..."

"ဟုတ်ပတော်..."

"ပြီးတော့... အ,အမ"

"အင်း... တော်တော်ဆိုးတဲ့ ဘဝပဲ"

နေဒွန်းက ခဂ္ဂါကို ဝင်ပြော၏။

"အဲဒါကြောင့် နင့်ဘဝမှာ သနားချစ်ဆိုတာကို ကြုံလိုက်ရတာပေါ့ဟာ... ဟိုဦးလေးကြီးမှာလည်း တတိယအရွယ်၏ ဒသမဝေဒနာတွေ ဘာတွေ ဖြစ်သွားသလားတောင်မသိဘူး... ဟူးဟူးဟူး"

လင်းလင်းကပါ လိုက်ရယ်မိသည်။ စိတ်ဆိုး မာန်ဆိုး အံကြိတ်ထားသော ခဂ္ဂါကလည်း ပြုံးစူစူဖြစ်လာပြီး လိုက်ရယ်တော့၏...။

"ကောင်စုတ်... ကောင်နာ"

နေဒွန်းကတော့ တဟဲဟဲနှင့် ရယ်နေဆဲပင်။ ထိုကြားထဲမှာ ခင်သီတာဝင်းကလည်း တမှောင့်။

"မမက... ကျွန်မအဝတ်အစားတွေ ဝတ်သွားတာကိုး..."

"အေး... ဟုတ်တယ်၊ ကိစ္စ ရှိလို့"

"ဘာကိစ္စလဲဟင်..."

"ဘာကိစ္စဖြစ်ဖြစ်... နေဦး... နင့်အဝတ်တွေကို ပြန်လဲလိုက်ဦးမယ်"

ခဂ္ဂါ... အိမ်ထဲသို့ လှစ်ခနဲ ဝင်၏။ နှစ်လှမ်း... သုံးလှမ်းမျှ လှမ်းရသေးသည်... အင်္ကျီကြယ်သီးတစ်လုံးကို ကိုင်ပြီး ရပ်သွား၏။

"မမ... ဘာဖြစ်လို့လဲ..."

ခဂ္ဂါက ဘာမှ ပြန်မပြောသေးဘဲ ငြိမ်သက်နေသည်။

ခင်သီတာဝင်း လန့်လာပုံပေါ်သည်။

"မမ... ဘာဖြစ်တာလဲ..."

ခင်သီတာဝင်းကို စွေကြည့်ကာ...

"သီတာ..."

"ရှင်... မမ"

"နင်... ဒီအင်္ကျီကို ဘယ်ကရလဲ..."

ခင်သီတာဝင်းက အိုးတိုးအတ ဖြစ်နေသည်။

"ဟို... ဟို..."

"နင့် ဒီဝတ်စုံကို ဇော်မြင့် ဝယ်ပေးတာ မဟုတ်လား..."

ခင်သီတာဝင်း အံ့သြသွားပြီး...ခေါင်းညိတ်သည်။

"ဟုတ်... ဟုတ်"

ရှေးခေတ် ရုပ်ရှင်ကားထဲမှ စကားတစ်ခွန်းကိုလည်း ဆက်ပြောသည်။

"ဟို... ကျွန်မနဲ့ ကိုဇော်မြင့်နဲ့ ... လူငယ်ချင်း မေတ္တာမျှနေကြတာ ကြာပါပြီ မမ..."

ခဂ္ဂါက ဘာမှမပြောတော့ဘဲ အိမ်ထဲသို့ ဆက်ဝင်သွားသည်။

"နေပါဦး... မမက ဘယ်လိုလုပ် သိတာလဲ..."

နောက်မှ တကြော်ကြော်လိုက်မေးရင်း... ခင်သီတာဝင်းပါ အိမ်ထဲ ပါသွား၏။

"မမ... ဘယ်လိုလုပ် သိလိုက်တာလဲ ဟင်..."

အိမ်တံခါးဝမှာ ကျန်ရစ်ခဲ့သော လင်းလင်းနှင့် နေဒွန် မျက်လုံးချင်း ဆုံဖြစ်ကြ၏။ နေဒွန်းက... လက်ဝါးနှစ်ဖက်ကို ဖြန့်ပြ၏။ လင်းလင်းက ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

ခဏကြာတော့... လင်းလင်းရော နေဒွန်းပါ ခဂ္ဂါကို နှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့ကြသည်။

လမ်းမှာ နေဒွန်းက ပြော၏။

"ငါ... သူ့ကို ပျော်စေချင်လို့ပာ...၊ သူ့ရောဂါကို မေ့ပြီး ရွှင်ရွှင်ပျပျဖြစ်နေတာကို ငါမြင်ချင်လို့...၊ အဲဒါကြောင့်... အလောင်းအစားတွေ ဘာတွေ အဲလို လုပ်လိုက်တာ..."

လင်းလင်းက နားလည်မှုရှိစွာ ပြန်ပြုံးပြလိုက်သည်။

"အေးလေ... ငါတို့အားလုံး သူ့ကို ပျော်အောင် ထားနေကြတာပါပဲ...၊ နောက်မယ် ပြောင်မယ် မွေးနေ့ပွဲ လုပ်ပေးမယ်၊ အားလုံးက သူ့ကို စေတနာရှိကြပါတယ်"

"အင်း..."

"ဒါပေမဲ့... သူ့ဘဝမှာ နင်ရှိလာတာ ကောင်းပါတယ်၊ သူ့ကို ပျော်အောင် ကျန်တဲ့လူတွေထက်စာရင် နင်က ပိုလုပ်တတ်တယ်..."

နေဒွန်း... ဘာမှပြန်မပြော...။ လမ်းပေါ်မှာလည်း လူသူရှင်းလင်းနေသည်။ လမ်းတစ်ဖက်တစ်ချက်မှ ဆိုင်းမှိုင်းသော သစ်ပင်ကြီးများကြောင့် နေရိပ်အေးအေးအောက်မှာ စကားတပြောပြောနှင့် လမ်းလျှောက်လာခဲ့ကြသည်။

"နေဒွန်း..."

"ဟင်..."

"နင်... နင်... ခဂ္ဂါကို ချစ်လား..."

"အေး..."

နေဒွန်းက ထိုတစ်လုံးပဲ ပြန်ဖြေသည်။ သူ၏ ပွင့်လင်းပြတ်သားမှုကြောင့် လင်းလင်းပင် ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားရ၏။

ခဏကြာမှ...

"နင်... သူ့ကို ဘယ်ခွဲနိုင်မလဲနော်..."

"အေး..."

ထိုသို့ ခေါင်းညိတ်ပြပြီးမှ အပြုံးတစ်ဝက်ဖြင့် ဆက်ပြောသည်။

"မြန်မာစကားရဲ့ ကျယ်ဝန်းမှုအတိုင်း ပြောရရင်တော့... တစ်ဗီဇနာလောက်တောင် မခွဲချင်ဘူး ဆိုပါတော့ဟာ..."

"ဟာ... နင်ကလဲ အဲဒီစကားကြီးက ရိုးအီမနေဘူးလား"

"ဟင့်အင်း... အဓိပ္ပာယ်ကို သေချာတွေးမိရင် မရိုးပါဘူး"

"အဲ..."

ထိုစကားကြောင့် လင်းလင်း အကြပ်ရိုက်သွားသည်။

"နေဒွန်း..."

"ပြော..."

"ငါ... ရိုးရိုးသားသား ဝန်ခံရရင် တစ်ဗီဇနာဆိုတာ... ဘယ်လောက်ဝေးလဲ မသိဘူး..."

"ရော်..."

"တကယ်ပြောတာ... တစ်ဗီဇနာဆိုတာ ဘယ်လောက် အကွာအဝေးကို ပြောတာမှန်း မသိဘူး..."

"သြော်..."

"ပြောပါဦး... တစ်ဗီဇနာဆိုတာ ဘယ်လောက်အကွာအဝေးလဲ...၊ သိပ်ရှည်ရှည်လျားလျားတော့ မဖြစ်နိုင်ဘူး၊ တစ်ပေလား...၊ တစ်လံလား..."

နေဒွန်းက ရယ်သည်။

"လွဲပြီဟ..."

"အေး... ပြောပါဦး၊ အမှန်ကို..."

"အဟင်း... တစ်ဗီဇနာဆိုတာ... ခရီးအကွာအဝေးကို ပြောတာမဟုတ်ဘူး... အချိန်အကွာအဝေးကို ပြောတာ..."

"ဟင်... ဟုတ်လား..."

"နင်... မမှတ်မိဘူးလား...၊ ပထမနှစ်တုန်းက မြန်မာစာမှာ သင်တယ် ထင်တယ်..."

"ဟင့်အင်း... မသိဘူး... မမှတ်မိပါဘူး..."

"အေး... ဘယ်နှစ်တုန်းက သင်လဲတော့ ငါလဲ မသေချာဘူးဟာ... ထားပါတော့... တစ်ဗီဇနာဆိုတာ... တစ်မိနစ်လောက်ရှိတဲ့ အချိန်ကလေးကို ပြောတာ..."

"သြော်..."

"တစ်ဗီဇနာလောက်တောင် မဝေးချင်ဘူးဆိုတော့ အချိန်တိုင်း သူနဲ့အတူ ရှိနေချင်တယ်လို့ ပြောတာ..."

"အင်း... အင်း..."

"ကိုယ်ရယ်... ချစ်သူရယ်... အချိန်ကာလရယ်... တစ်ထပ်တည်း ကျနေချင်တယ်လို့ ပြောတာ..."

"အင်း… မြင့်တယ်နော်"

နေဒွန်းက ဘာမှ ပြန်မပြောချေ…။

နေဒွန်း လမ်းခွဲပြီး ကိုယ့်အိမ်ကိုယ် ပြန်ရောက်ချိန်မှာ…

လင်းလင်း စိတ်တွေ ထွေပြားနေသည်။

နေဒွန်းနှင့် ခဂ္ဂါကို လိုက်ဖက်ညီသည်ဟု သူ မြင်သည်။ နေဒွန်း၏ ပေ့ါပါးသော ဘဝနေထိုင်မှုက… ခဂ္ဂါ အလွန်လိုလားသော နေထိုင်မှုမျိုးဖြစ်နေ၏။ နေဒွန်းက ခဂ္ဂါကို တွဲခေါ်သွားနိုင်လိမ့်မည်ဟု ထင်သည်။

ရေမိုးချိုးပြီးချိန်မှာ ညနေစာ တစ်ခါတည်း ဝင်စားရတော့၏။ အိမ်မှလူတွေကို နေဒွန်းနှင့် ခဂ္ဂါတို့၏ အလောင်းအစားအကြောင်း ပြောပြတော့ အားလုံးက တဝါးဝါး ဖြစ်ကုန်ကြသည်။

"ကြီးကြီး"

"ဟေ…"

"ကျွန်မ အခန်းထဲမှာ စာဝင်ဖတ်မလို့… တော်ရုံတန်ရုံ သင်သန်းသားကလေးတွေ လာရင် မအားဘူးသာ ပြောထားလိုက်"

"အေး… အေး…"

သူ့ဆီမှာ ကရာတေးလာသင်နေသော ကလေးငယ်များကို ဆိုလိုခြင်းဖြစ်သည်။

အခန်းထဲဝင်… ကုတင်ပေါ် ပစ်လှဲပြီး စိတ်ပညာစာအုပ်တွေနှင့် နပမ်းလုံးရတော့၏။

ခဂ္ဂါ၏ စိတ်ကျန်းမာရေးကို အထောက်အကူပြုစေမည့်စာအုပ်များကို ဤရက်ပိုင်းအတွင်းမှာ သဲကြီးမဲကြီး ဖတ်နေမိ၏။ စိတ်တန်ခိုး Psi နှင့် ပတ်သက်သော အပိုင်းတွင် ကွန်မြူနစ်နိုင်ငံထုတ် စာအုပ်များကလည်း အတော်အရေးပါသည်။ စိတ်ဝင်တစားဖြင့် လှန်လှောဖတ်ရှုနေလိုက်၏။

အချိန်မည်မျှကြာသွားသည် မသိ။ အိမ်ရှေ့အိမ်မှ လှမ်းအော်သံကို ကြားလိုက်ရသည်။

"သမီးရေ… လင်းလင်း… ဖုန်းလာတယ်"

လင်းလင်းတို့အိမ်မှာ ဖုန်းမရှိချေ။

အိမ်ရှေ့အိမ်ဆီ ကူးသွားပြီး ဖုန်းခွက်ကို ကောက်နားထောင်လိုက်တော့…

"လင်းလင်းလား…"

တုန်ယင်ခြောက်ခြားနေဟန်ရှိသော ခဂ္ဂါ၏အသံကို ကြားလိုက်ရသည်။ ရင်ထဲမှာ ထိတ်ကနဲ ဖြစ်သွားပြီး…

"ခဂ္ဂါလား… ဘာဖြစ်လို့လဲ…"

"ငါ… ငါ…"

"ပြောလေ ခဂ္ဂါ… ငါ နားထောင်နေတယ်…"

"ငါ… အာရုံထဲမှာ နေဒွန်းကို မြင်တယ်…"

"ဟင်… ဟုတ်လား… ဘယ်လိုမြင်တာလဲ…"

"နေ့ခွန်း... နေ့ခွန်း... ရက်ပိုင်းအတွင်းမှာ... သေ... သေ လိမ့်... မယ်..."

"ဟင်..."

"ငါ့... အာရုံထဲမှာ...နေ့ခွန်းရဲ့အလောင်းကို... မြင်တယ်"

"အို..."

လင်းလင်း၏လက်ထဲမှ ဖုန်းခွက် ပြုတ်ကျသွား၏။

ပတ်ဝန်းကျင်တစ်ခုလုံး တစပြင်နယ် တိတ်ဆိတ်သွားသည်ဟု... တရှိုင်းနက်နက် ခံစားလိုက်ရလေသည်။

*****

MCMBOOKSHELF

မစားဖူးဘဲနဲ့...
ကျွန်တော့်အာရုံထဲမှာ
ပန်းတွေကိုဆာတယ်။

MCMBOOKSHELF

*"ချစ်ကြိုက်ခြင်းဆိုသည်မှာ သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် အချစ်ဆုံးဟု ထင်နေကြခြင်း ဖြစ်ပါသည်။ အိမ်အတွင်း၌ နေရာတွေ အကျယ်ကြီးရှိသော်လည်း တစ်နေရာ၌ အတူတွဲ၍ ထိုင်ရသည်ကို ချစ်သူတို့က အရသာယူနေကြပါသည်။ အချစ်သည် လူငယ်များအဖို့ လိုအပ်သည်ဟု ထင်နေကြသော်လည်း လူအိုကြီးများအဖို့ အရသာ မယူတော့ပါ။ အကြောင်းသော်ကား အဘိုးကြီး၊ အမယ်ကြီးများ၌ ပိတုန်းရောင်ကေသာ၊ သမင်မျက်လုံး၊ နီထွေးသောပါးပြင်၊ မွှေးစရာပါးချိုင့်နှင့် ပုလဲသွယ်သွား ကလေးများ မရှိသောကြောင့်ဟု ထင်ပါသည်။ မိန်းမနှင့် ယောကျ်ားသည် ချစ်သောအခါ၌ တိတ်ဆိတ်စွာ ကြည်နူးနေကြပါသည်။ စိတ်ဆိုးသောအခါတွင်လည်း တိတ်ဆိတ်ကာ တခြားစီ နေကြပါသည်။ ချစ်၍ပြောသော စကားများသည် အိပ်မက်နှင့်တူပါသည်။ ထိုကြောင့် ကျွန်တော် ကြီးလာလျှင် အချစ်ကို လုံးဝမယုံပါ၊ လိမ်နေမှန်း သိပါသည်။ သို့သော်... ကျွန်တော့်ကိုချစ်သော မိန်းကလေးများ လာ၍ ပူးပူးကပ်ကပ် နေပါမူ ကျွန်တော် ချစ်မိလိမ့်မည်ဟုလည်း ထင်မိပါသည် ဆရာမခင်ဗျား..."*

စာကိုဖတ်၍ အဆုံးမှာ ရဲအောင်က ပြုံးသည်။ မချိုမချဉ် ကြည့်ရင်း 'နေခွန်း' ကို ပြန်မေး၏။

"ဒါလေးက ဘာလေးတုံးဟ..."

နေခွန်းက သူ့ထုံးစံအတိုင်း ရယ်ကျဲကျဲ ပြန်ဖြေသည်။

"စာစီစာကုံးလေကွာ..."

"ဘယ်က စာစီစာကုံးလဲ...၊ ဘယ်က ရလာတာလဲ..."

"ဟာသ အဘိဓာန်ထဲက ကူးလာတာ"

"သဘောကျတယ်ပေါ့လေ..."

"အေး..."

နှစ်ယောက်သား ရယ်ကြသည်။

"စာစီစာကုံးထဲမှာ အမှန်တရားတွေ ပါတယ်ကွ"

"ဒါပေ့ါကွာ၊ ကလေးပြောတဲ့စကားက တကယ်မှန်တတ်တာပဲ"

"ငါ နိုင်ငံတကာ ဟာသဖြစ်ရပ်လေးတွေကို ဖတ်နေတာ ကြာပြီ၊ အချို့ဟာသလေးတွေက အတွေးအခေါ် ပါတယ်ကွ"

ရဲအောင်က ခေါင်းညိမ့်ပြီး ထောက်ခံ၏။

"အေးလေ...၊ အခုလိုဟာမျိုး ဆိုပါစို့"

"ဒါပေ့ါကွ၊ ဒီမှာ ငါပြမယ်ကွာ..."

"အင်း..."

ရဲအောင်က စ,ပေးမိတာ ငှါးအမှားပဲဟူသော မျက်လုံးမျိုးဖြင့် အအေးဆိုင်နံရံမှ ပိုစတာများဆီ အကြည့်လွှဲသွားသည်။ ပိုစတာထဲမှ ထက်ထက်မိုးဦးက သူ့ကို အားပေးနှစ်သိမ့်သလို ပြုံးပြနေသည်။

နေခွန်းက...

"ဒီမှာ သူရေးထားတယ်ကွာ...

***ချစ်၍ပြောသောစကားများသည်***

***အိပ်မက်နှင့်တူပါသည်...*** တဲ့"

"အင်း... အဲဒါဘာဖြစ်လဲ"

"ဘာမှတော့ မဖြစ်ဘူးပေါ့ကွာ..."

"ဟင်... မင်းဟာကလဲ ဘာမှမဖြစ်ဘဲနဲ့များ ပြောနေရသေးလား"

"ငါက ရှင်းပြစရာမှ မလိုဘဲကွ၊ သူ့အမြင်ကို သူ တိုက်ရိုက်ပြောထားတယ်လေ၊ ငါက မင်းကို ထုတ်နှုတ်ပြတာ"

ရဲအောင်က ခေါင်းတဆတ်ဆတ်ညိမ့်၏။

"ငါ့ အမြင်ကတော့..."

"အင်း... ဆိုစမ်းပါဦး ကလေးနဲ့ ပြိုင်ငြင်းဦးမလို့လား"

မေးစေ့ကို လက်နှင့်ပွတ်ရင်း ရဲအောင်က ပြုံးစိစိ ဆက်ပြောသည်။

"ချစ်၍ပြောသောစကားတွေက ထီလက်မှတ်နဲ့ တူတယ်ကွ..."

သူ့စကားကြောင့် နေဒွန်း မျက်လုံးပြူးသွားရသည်။

"ဘာဖြစ်လို့လဲ"

"အဲဒီစကားအားလုံးကို မျှော်လင့်ချက်တွေ၊ ယုံကြည်မှုတွေတော့ ထားထားရတာပဲ...၊ ဒါပေမဲ့ နောက်ဆုံးမှာ လွဲတာတွေက လွဲသွားတယ်၊ ဖြစ်ချင်မှ ဖြစ်လာတတ်တယ်၊ ကိုယ့်ဘက်က ထီပေါက်စဉ်နဲ့ တိုက်ကြည့်ဖို့ လိုတယ်..."

ထိုစကားကြောင့် နေဒွန်း ပြုံးပြုံးကြီး လုပ်နေသည်။

"ထားပါတော့... ထားပါတော့၊ အဲဒါက မင်းအမြင်ပေါ့၊ ဒါနဲ့ မင်းရဲ့ထီပေါက်စဉ်က ဘယ်မှာလဲ..."

နေဒွန်း၏ အမေးစကားကြောင့် ရဲအောင် အဖြေရ ကြပ်သွားသည်။ ခေါင်းကို တပြင်းပြင်းကုတ်ရင်း...

"အင်း... အဲဒါကတော့..."

နေဒွန်း တဟားဟား ထရယ်သည်။

နေ့လယ်ခင်းဖြစ်၏။ အအေးဆိုင်ထဲမှာ လူရှင်းနေသည်။ ရဲအောင်က ကုမ္ပဏီအလုပ်အားရက်ဖြစ်၍ နေဒွန်းဆီ လာလည်ခြင်းလည်း ဖြစ်သည်။ သူတို့နှစ်ယောက်ဆုံလျှင် အအေးဆိုင်တွင် ထိုင်နေကျ။ ဆိုင်ရှင် ကိုခင်ဇော်က အားအားယားယား သူတို့စကားဝိုင်းထဲ ဝင်ပါသည်။

"ကိုနေ... ကျွန်တော် ဝင်ဆွေးနွေးလို့ ရမလား"

ရဲအောင်က ဆီးကြို ဘုတော၏။

"အားနေရင်တော့ ဝင်ဆွေးနွေးပေါ့ဗျာ..."

ကိုခင်ဇော်ကလည်း တား၍မရချေ။

"အားပါတယ်... ဆိုင်မှာလည်း ခင်ဗျားတို့တစ်ဝိုင်းထဲဟာ ကျွန်တော် အလုပ်မှ မရှုပ်ဘဲ"

MCMBOOKSHELF

"ကဲ... ဒါဆိုလဲ ဆိုပါဦး... ခင်ဗျား ဘာတွေဆွေးနွေးချင်လို့လဲ"

နေဒွန်းဆီမှ ခွင့်ပြုချက်ရသည်နှင့် ကိုခင်ဇော်က အမှိုက်ကားနောက် တပင်တပန်း ပြေးလိုက်ခဲ့ရသူပမာ သူ့အယူအဆကို သွန်ချလိုက်ပါတော့သည်။

"ကျွန်တော့်အမြင် ပြောရရင်..."

"အင်း..."

"ချစ်လို့ပြောတဲ့စကားတွေဟာ..."

"အင်း... ဆိုပါဦး"

"ရေခဲတုံးနဲ့ တူတယ်..."

"ဟင်..."

"အဲ..."

နေဒွန်းရော ရဲအောင်ပါ ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။ နေဒွန်းက လက်မခံချင်သလို အမူအယာဖြင့် သူ့ခါး သူကုတ်ရင်း မျက်နှာလွှဲလိုက်သည်။ ပြီး...

"ခင်ဗျားကလဲဗျာ..."

"ဘာဖြစ်လို့လဲ..."

"အအေးရောင်းတဲ့သူလို့ မပြောရဘူး၊ ချစ်လို့ပြောတဲ့ စကားကိုတောင် ရေခဲတုံးနဲ့ တူသလေး ဘာလေးနဲ့..."

ရဲအောင်ကလည်း ထောက်ခံသည်။

"အေးလေ..."

"အဲ... မဟုတ်သေးဘူးလေဗျာ၊ အအေးဆိုင်ဖွင့်တာကတော့ စီးပွားရေးအရပေါ့ဗျ၊ အခုဟာကတော့ ဒဿနအရပြောတာ..."

"ဒုက္ခပဲ..."

"ဒီလိုဗျ...၊ ကျွန်တော်ရှင်းပြမယ်"

"ပြဿနာပဲ..."

"ရေခဲတုံးဆိုတာ သူတို့အချိန်တန်ရင် အရည်ပျော်ကျသွားတတ်တယ်ဗျ"

"အင်း..."

"သူ... အဲဒီလို အရည်ပျော်မကျဖို့အတွက် ရေခဲသေတ္တာထဲမှာပဲ အမြဲသိမ်းထားဖို့ လိုတယ်"

"ဪ... ဂလိုလား"

"ဟုတ်တယ်... ဂလို၊ ချစ်သူက ချစ်လို့ပြောတဲ့စကားကို ကိုယ့်နားထဲမှာ အမြဲရှိနေချင်ရင်..."

သူ့စကားမဆုံးခင်မှာ နေဒွန်းကဖြတ်၍...

"ခင်ဗျားပြောချင်တာကို ကျွန်တော်သိပြီ..."

"အဲ... ဟုတ်ကဲ့"

နေဒွန်းမျက်နှာကို ကိုခင်ဇော်က မျှော်လင့်ချက်ကြီးစွာဖြင့် ကြည့်နေ၏။ နေဒွန်းက...

"ခင်ဗျားဆိုလိုချင်တာက..."

"ဟုတ်ကဲ့"

"ချစ်သူက ချစ်လို့ပြောတဲ့စကားကို ကိုယ့်နားထဲမှာ အမြဲရှိနေချင်ရင်..."

"ဟုတ်ကဲ့"

"ကိုယ်တိုင် ရေခဲသေတ္တာထဲ ဝင်နေရမယ် ဟုတ်တယ် မဟုတ်လား..."

"ဗျာ... ဟုတ်၊ အဲ... မဟုတ်"

ရဲအောင်က နိဂုံးချုပ်စကားဖြင့် ဝင်အုပ်၏။

"ရေခဲသေတ္တာက ကျဉ်းပါတယ်ဗျာ၊ ရေခဲတိုက်ထဲ ဝင်လိုက်တော့ ပိုကောင်းတာပေါ့...၊ ဟုတ်တယ် မဟုတ်လား..."

"ဟာ... ဟင်... မဟုတ်"

နေဒွန်းနှင့် ရဲအောင် ဝါးကနဲ ထ,ရယ်လိုက်ကြသည်။ ကိုခင်ဇော်ကလည်း ခေါင်းကို ကုတ်ရင်း မချင့်မရဲနှင့် လိုက်ရယ်သည်။

ရယ်သံများအဆုံး နေဒွန်းက...

"ကဲကဲ... ဒီကိစ္စ ဒီမှာပဲ ထားလိုက်ပါတော့၊ ကိုခင်ဇော် ခင်ဗျားလည်း မစွံသေးဘူး၊ အိမ်ထောင်မရှိ၊ ကျွန်တော်တို့နှစ်ယောက်ကလည်း ရည်းစားတောင် မရှိဘူး၊ ဒီကိစ္စကို ဆွေးနွေးဖို့ ကျွန်တော်တို့ ဉာဏ်မမီဘူး ထားလိုက်ပါတော့..."

ထိုအခိုက်မှာပင် ကျောင်းသားလေးတစ်ယောက် ရေခဲခြစ်ဝင်ဝယ်၍ ကိုခင်ဇော် အလုပ်ပြန်ရှုပ်သွားသည်။ နေဒွန်းနှင့် ရဲအောင်တို့ ထွေရာလေးပါးစကားများ ဆက်ပြောနေကြ၏။

ထိုအခိုက်မှာပင်...

"ဟိုလူ..."

နှစ်ယောက်သား ကျောတွန့်ပြီး လန့်သွားကြ၏။ ခေါ်လိုက်သည်က ချိုနွဲ့မာကျောသော မိန်းကလေးသံ ဖြစ်နေသောကြောင့်ပင်။ လှည့်ကြည့်လိုက်တော့ သူတို့အရွယ် ကောင်မလေး တစ်ယောက်...။

ဖြူဖြူချောချောကလေး...။ ရုပ်အင်္ကျီ အကွက်ပွပွကြီးကို အနက်ရောင် ပြောင်လုံချည်နှင့် တွဲ၍ ဝတ်ဆင်ထားသဖြင့် အသားအရောင်က ဝင်းလဲ့နေ၏။

ကောင်မလေးက နေဒွန်းကို ခပ်စူးစူးကြည့်နေသည်။

'ဟိုလူ' ဟူသော အသံကတော့ ချစ်၍ခေါ်သော အသံမျိုးမဟုတ်...။ ကိုခင်ဇော် ဒဿနနှင့် ယှဉ်ရိုင်းကြည့်လိုက်လျှင် နေဒွန်းဘဝက ရေခဲစ ချွန်ချွန်ကြီးနှင့် ချိန်ရွယ်ခံထားရသလို ဖြစ်နေသည်။

"ကျွန်တော့်ကို ခေါ်တာလား..."

"ဟုတ်တယ်... ရှင့်ကို"

နေခွန်း အူကြောင်ကြောင်ဖြင့် ရဲအောင်ကို လှည့်ကြည့်သည်။ ရဲအောင်က လက်ကလေး ခါပြပြီး မျက်နှာလွှဲသည်။

"ငါ... ထီထိုးမထားဘူး၊ ငါ့ထီလက်မှတ် မဟုတ်ဘူး"

ကိုခင်ဇော်ကလည်း...

"ကျွန်တော့်မှာ ရေခဲတွေရှိသေးတယ်၊ ထပ်မှာမထားဘူး"

သို့နှင့်ပင် နေခွန်းက ထိုကောင်မလေးဘက်သို့ မျက်နှာမူလိုက်ရ၏။

"ကျွန်တော့်ကိုခေါ်တာ ဘာကိစ္စရှိလို့လဲ..."

"မြင့်လွင်မိုးဆိုတာ ရှင်မဟုတ်လား..."

"ဗုဒ္ဓေါ..."

"ရှင်... ဟုတ် မဟုတ် ပြောပါ"

အမှန်တော့ ကောင်မလေးမှာ လူမှားနေခြင်းဖြစ်၏။ တမင် တင်းထားသောမျက်နှာက မှုန်တေနေ၏။ နေခွန်းက ဘာမှ ပြန်မပြောသောအခါ...

"ဖြေလေ..."

နေခွန်းက စိတ်ပျက်လက်ပျက် အမူအယာဖြင့်...

"ကျွန်တော့်ဘာသာ သူငယ်ချင်းနဲ့ အအေးထိုင်သောက်နေတာဗျာ...၊ လင့်စင်လည်း ထိုးမနေရပါဘူး..."

"ဘာတွေ လျှောက်ပြောနေတာလဲ၊ ဘယ်က လင့်စင်လဲ"

"မြင့်လွင်မိုးက လင့်စင် ထိုးနေမှာပေါ့ဗျာ၊ ကျွန်တော်ကတော့ မဟုတ်ဘူး"

"ရှင်... အခုမှ ပြောင်ငြင်းမနေပါနဲ့"

"ဟောဗျာ..."

"ကျွန်မမေးတာကို ဖြေပါ၊ ရှင်... ကျွန်မသူငယ်ချင်းကို ကွန်ပျူတာသင်တန်းက ပြန်လာတိုင်း လိုက်နှောင့်ယှက်တယ်ဆိုတာ ဟုတ်သလား..."

နေခွန်း မျက်မှောင်ကြုတ်သွားရလေသည်။

"နေပါဦး...၊ ခင်ဗျားသူငယ်ချင်းက ဘယ်သူတုံး..."

"ဘယ်သူဖြစ်ဖြစ်..."

"ရော်..."

နေခွန်း သူ့ကို စေ့စေ့ကြည့်တော့လည်း သူ မခံနိုင်။

"ဘယ်သူလဲဆိုတာ ကျွန်မ ပြောနေစရာမလိုဘူး...၊ ရှင့်ဘာသာ ရှင်သိတယ်၊ ဟုတ်တယ် မဟုတ်လား..."

စိတ်ပျက်လက်ပျက်ဖြင့် ပြန်ဖြေလိုက်သည်။

"အင်း... ထားပါတော့"

"အဲဒီလို ဝန်ခံမှပေါ့၊ ဒီမှာ ရှင့်ကို ကျွန်မပြောမယ်..."

"ဟုတ်ကဲ့..."

"နောက်တစ်ခါ သူ့ကို မနှောင့်ယှက်ပါနဲ့..."

"ကျွန်တော် မနှောင့်ယှက်ရပါဘူး..."

ကောင်မလေး၏ ဂုတ်ဝဲဆံပင်များက ခါကနဲ ဖြစ်သွား၏။

"ဘာ... မနှောင့်ယှက်ရပါဘူးလဲ၊ သူ ကွန်ပျူတာသင်တန်းက ပြန်လာတိုင်း လိုက်လိုက် စကားပြောတယ်ဆိုတာ နှောင့်ယှက်တာပေါ့..."

မသိ၍ မေးရသေးသည်။

"ဆိုပါဦး... ကျွန်တော်က သူ့ကို ဘာပြောတယ်တဲ့လဲ..."

"ဘယ်လိုပြောရမှာလဲ... ချစ်ကြောင်း၊ ကြိုက်ကြောင်းပြောတာပေါ့"

"ဪ..."

နေဒွန်းနဲ့ ရဲအောင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ ခေါင်းတဆတ်ဆတ် ညိတ်ရင်း သံပြိုင်ရေရွတ်လိုက်ကြသည်။

"ဂလိုကိုး..."

ကောင်မလေး ဒေါဖောင်းသွားပြန်၏။

"ဘာ... ဂလိုလဲ"

နေဒွန်းတို့ ရယ်ချင်လာသည်။ နေဒွန်းက မျက်နှာငယ်လေးဖြင့်...

"ကျွန်တော် သူ့ကို နှောင့်ယှက်တာ မဟုတ်ပါဘူးဗျာ..."

"အဲလိုစကားတွေကို လိုက်ပြောတာ နှောင့်ယှက်တာပေါ့"

"အဲလို မရည်ရွယ်ပါဘူးဗျာ...၊ ကျွန်တော် သူ့ကို တကယ်မေတ္တာစစ်နဲ့ ချစ်တာပါ"

"အိုး... ဒီလိုပဲ ပြောကြတာပဲ"

"အပြောသက်သက် မဟုတ်ပါဘူးဗျာ၊ လက်တွေ့လုပ်ဆိုလည်း လုပ်ပြမယ်"

"အောင်မာ... ရာရာစစ၊ သူက ရှင့်ကို နည်းနည်းမှ ကြည့်လို့မရဘူး၊ နားလည်လား..."

သက်ပြင်းကြီးချပြီး ခေါင်းခါပြနေလိုက်သည်။ ပြီးမှ ခေါင်းကို ဆတ်ခနဲပြန်မော့ပြီး ကောလိပ်ဂျင်နေဝင်း လေသံဖြင့်...

"ကျွန်တော် မယုံဘူး..."

"မယုံဘူး...၊ ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်တော် နည်းနည်းမှ မယုံဘူး..."

"ဪ... ဘယ်လိုဆိုမှ ရှင်က ယုံမှာလဲ..."

"ကိုယ်တိုင်ကြားရမှ ယုံမယ်ဗျာ..."

"ကိုယ်တိုင်ကြားရမှ...၊ ဟုတ်လား"

"ဟုတ်တယ်၊ သူ့နှုတ်ခမ်းက အတိအကျ ထွက်လာတာကို ကြားရမှသာ ကျွန်တော် ယုံနိုင်မယ်"

ကောင်မလေးက မဲ့ပြုံး ပြုံးသည်။

"သူကိုယ်တိုင် လာပြောရမယ်ပေါ့...၊ ဟုတ်လား"

"မဟုတ်ဘူးလေ..."

ခေါင်းခါပြရင်း ဆက်ပြောလိုက်၏။

"သူ... လာစရာ မလိုဘူး"

"ရှင့်ကို သူ့အိမ် ဖိတ်ကြားရဦးမှာလား..."

"သူ အလုပ်ပိုပါတယ်ဗျာ...၊ အဲဒါမျိုးလည်း မဖြစ်ချင်ပါဘူး၊ ကျွန်တော့်ဘာသာ သူ့ကို တွေ့လိုက်ပါ့မယ်"

"လာလာချည်သေး...၊ ရှင်က သူ့ကို ဘယ်မှာတွေ့မှာလဲ"

"ခင်ဗျားပဲ ခုနကပြောပြီးတော့ ကွန်ပျူတာသင်တန်းက အပြန်မှာလေ..."

ကောင်မလေးက နေခွန်း၏မျက်နှာကို ထိုးထိုးစွဲစွဲ ကြည့်ရှုသည်။ ခေတ္တ စကားဆွံ့အနေပြီးမှ...

"ကိုယ့်အခြေအနေ ကိုယ်သဘောပေါက်ရင် အကောင်းဆုံးပဲ...၊ ဒါပဲ"

စကားအဆုံးမှာ ချာကနဲ လှည့်ထွက်သွားတော့သည်။ နေခွန်းနှင့် ရဲအောင်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ဖြစ်ကြပြန်၏။

ရဲအောင်က လက်ညှိုးတစ်ချောင်းထောင်ပြီး...

"သူလာတာက သူ့ရဲ့သူငယ်ချင်းကို ကွန်ပျူတာသင်တန်းကအပြန်မှာ စကားလိုက်မပြောရအောင် လာတားတာ..."

ရဲအောင်ပြောသမျှကို နေခွန်းက နားထောင်ရင်း...

"အခု... နောက်ဆုံးပြီးဆုံးသွားတဲ့ အခြေအနေက..."

"အင်း..."

"မင်းက... သူ့ရဲ့သူငယ်ချင်းကို ကွန်ပျူတာသင်တန်းကအပြန်မှာ စကားသွားပြောရမယ်"

"အေး..."

ဝါးကနဲ ထရယ်ဖြစ်ကြ၏။ ကိုခင်ဇော်က...

"သူက ကိုနေ့ကို လူမှားနေတာကိုးဗျ..."

"အေးဗျာ...၊ ခင်ဗျားရော သိလား၊ ဘယ်လမ်းထဲကလဲ၊ မြင့်လွင်မိုး... တဲ့"

"သိပါဘူးဗျာ...၊ လင့်စင် ထိုးနေမှာပေါ့"

ရယ်ဖြစ်ကြပြန်သည်။

ခဏအကြာမှာ ရဲအောင်က နှုတ်ဆက်ပြီး ပြန်သွား၏။ အအေးဆိုင်က အထမှာ နေခွန်းက...

"ကိုခင်ဇော်... မြင့်လွင်မိုးကို မသိရင်နေပါ၊ အခု လာရန်တွေ့သွားတဲ့ ကောင်မလေးကို သိချင်တယ်"

"ဟုတ်ကဲ့..."

"ပြီး... သူ့သူငယ်ချင်းဆိုတဲ့ ကောင်မလေးကို သိချင်တယ်၊ သူ တက်တယ်ဆိုတဲ့ ကွန်ပျူတာ သင်တန်းကိုလည်း သိချင်တယ်"

ကိုခင်ဇော်က အားတက်ဖွယ်ရာ ပြန်ပြောသည်။

"အအေးဖိုး ပေးသွားဦးလေ..."

*****

MCMBOOKSHELF

*မွေ့ရာပေါ်မှာ အိပ်မှ မပျော်ပါဘူး။*
*ကျောက်လမ်းပေါ်မှာ အိပ်သူကလည်း...*
*နတ်သမီး အိပ်မက် မက်ခွင့်ရှိတယ်။*

"ကိုနေက... ဘာဖြစ်လို့ အဲဒီနေ့က မငြင်းတာလဲ"

"ဘာကိုလဲ..."

"သူပြောတဲ့ မြင့်လွင်မိုး မဟုတ်ဘူးဆိုတာလေ..."

"သြော်..."

နောက်နေ့မှာ နေဒွန်းတစ်ယောက်တည်း ကိုခင်ဇော့်ဆိုင်မှာ ထိုင်ဖြစ်ပြန်သည်။ ထုံးစံအတိုင်း ကိုခင်ဇော့်ဆိုင်က ရှင်းလင်းတိတ်ဆိတ်လျက်...။

အအေးပုလင်း လာချပြီး ကောင်တာဆီ လှည့်အထွက်မှာ ကိုခင်ဇော်က ထိုကိစ္စကို ပြန်လည် အစဖော် မေးမြန်းခြင်းဖြစ်၏။

"ကျွန်တော် မငြင်းတာ မဟုတ်ဘူးဗျ..."

ဆက်ပြောရန် စကားလုံး ရွေးရသေးသည်။

"ကျွန်တော် ငြင်းဖို့ ကြိုးစားသေးတယ်...၊ မအောင်မြင်လိုက်တာ"

ကိုခင်ဇော်က နားခေါင်းကို လက်နှင့်ကုတ်ပြီး နေဒွန်း၏မျက်နှာကို စိုက်ကြည့်နေသည်။ ဆက်ပြောမည့်စကားကို နားစွင့်နေ၏။

"သူနှင့် ကျွန်တော်က 'ကီး' လွဲနေတာ၊ သံတမန်နဲ့ အပျိုမစကားပြောသလို ဖြစ်နေတာ..."

ကိုခင်ဇော်က နားရှုပ်သွားဟန် ရှိသည်။

"ဘာဖြစ်တယ်၊ သံတမန်နဲ့ ခိုမ... ဆိုတာ"

"ခိုမ မဟုတ်ဘူး၊ အပျိုမ..."

"အဲ... အင်း... ထားပါတော့၊ အဲဒီ သံတမန်နဲ့ အပျိုမက ဘာဖြစ်လို့တုန်း..."

ကိုခင်ဇော်က စိတ်ဝင်စားနေပုံရသဖြင့် ဈေးကိုင်လိုက်ရသေးသည်။

"သံပုရာသီး တစ်စိတ်လောက် ပေးစမ်းပါဗျာ"

"သြော်... အင်း... ဘာလုပ်မလို့လဲ၊ အဲဒီ အပျိုမနဲ့မှ မဆိုင်တာ"

"မဆိုင်မှန်း သိပါတယ်...၊ ခုဟာက သံပုရာသီး တစ်စိတ်လောက် ငုံထားချင်လို့"

"သြော်... အင်း... ရမယ်"

"ဆားလေးပါ နည်းနည်းသုတ်လာခဲ့"

"အင်း... အင်း"

ကိုခင်ဇော်က မှာတာတွေ လာချပေး၏။ ကောင်တာဆီပြန်မသွားဘဲ နေဒွန်း၏ဝိုင်းမှာ ခုံတစ်လုံးဆွဲကာ ဝင်ထိုင်၏။

"အင်း... ဆက်ပါဦး၊ စောစောက သံတမန်က အပျိုမနဲ့တွေ့တော့..."

"နေဦးဗျ...၊ အဲဒါက ရှင်းအောင် ပြောမှရမှာ"

"အင်းလေ...၊ ပြောပါ"

MCMBOOKSHELF

"သာမန်လူတွေက 'ရက်စ်' ဆိုရင် 'ရက်စ်'၊ 'နီး' ဆိုရင် 'နီး' လို့ ပြောလေ့ရှိကြတယ်ဗျ...။ ဖြစ်နိုင်ပါတယ်... 'မေဘီ' ဘာညာကို သိပ်မသုံးကြဘူး"

"အင်း... အဲဒီတော့"

"သံတမန်တွေက တစ်မျိုးဗျ..."

"ဆိုပါဦး..."

"သံတမန်တွေက 'ရက်စ်' ဆိုရင်တော့ 'ရက်စ်' ပါပဲ၊ ဒါပေမဲ့ 'နီး' လို့ ငြင်းရမယ့် ကိစ္စမျိုးနဲ့ ကြုံရင်တောင် 'မေဘီ' ဘာညာပဲ ပြောလေ့ရှိကြတယ်။ ကြားကောင်းအောင် ယဉ်ကျေးအောင် သုံးနှုန်းတာပေ့ါ။ 'နီး' လို့ တိုက်ရိုက်မငြင်းဘူး၊ ငြင်းလိုက်ရင်လည်း အဲဒီလူဟာ သံတမန် မဟုတ်တော့ဘူး"

"အော်... အင်း... ဟုတ်သားပဲ၊ အပျိုမကကော..."

"အဲဒီ အပျိုမတွေကကျတော့ တစ်မျိုးဖြစ်ပြန်ရောဗျ..."

ကိုခင်ဇော်က သူထိုင်နေသောခုံကို နေဒွန်းနှင့်နီးအောင် တိုးရွှေ့လိုက်လေသည်။ စိတ်ဝင်စားမှု အရှိန်မြင့်နေ၏။

"အပျိုမကတော့ 'နီး' လို့ငြင်းရင် 'နီး' ပဲဗျ၊ သံတမန်တွေက ပြောလေ့မရှိပေမယ့် သူ့အတွက်ကတော့ အတော်အရေးကြီးတဲ့ စကားပဲ..."

"ဟုတ်..."

"ပြီး... တစ်ခါ 'ရက်စ်' ကို 'ရက်စ်' လို့ တန်းမပြောဘဲ စကားအလှကလေးနဲ့ 'မေဘီ' ဘာညာသုံးပြီး ပြောတယ်...၊ အဲဒီတော့ 'မေဘီ' ဆိုတာ 'ရက်စ်' ပါပဲ"

"သြော်... အင်း၊ ဟုတ်ပြီ"

"ခု... ဟိုတစ်နေ့က ကိစ္စမှာ..."

"ဟုတ်ပါပေ့ဗျာ..."

"ကျွန်တော်ကတော့ ကိုယ့်ကို လာဆက်ဆံတဲ့ လူတစ်ယောက်ကို သံခင်း၊ တမန်ခင်းအရ ပြန်ပြောဆိုလိုက်တာပါပဲ"

"ကိုနေက သံတမန်ကြီးပေ့ါ..."

"ဒါပေ့ါ..."

"အဲ... ကျွန်တော် သဘောမပေါက်သေးဘူး၊ အဲဒါနဲ့ ကျွန်တော်မေးတဲ့မေးခွန်းနဲ့ ဘာဆိုင်လို့တုန်း..."

"လာမယ်လေ..."

ထိုသို့ပြောပြီးမှ နေဒွန်းမှာ နဝေတိမ်တောင် ဖြစ်သွားရသေးသည်။ မေးခွန်းကို မေ့သွားသောကြောင့် ဖြစ်၏။

"နေပါဦး...၊ ခင်ဗျား ကျွန်တော့်ကို ဘာမေးတာလဲ"

"ကိုနေ... အဲဒီနေ့က သူပြောတဲ့ မြင့်လွင်မိုး မဟုတ်ဘူးဆိုတာကို ဘာလို့ မငြင်းတာလဲလို့..."

"သြော်... ဟုတ်ပြီ၊ အဓိက,က 'မေဘီ' ပြဿနာဗျ"

ကိုခင်ဇော့်ဘက်မှ ရှင်းလင်းဟန် မပေါ်သေး။ ထို့ကြောင့်...

"ကျွန်တော်က သံတမန်လို ဆက်ဆံတာ ဆိုတော့ဗျာ...၊ သူပြောတဲ့ မြင့်လွင်မိုးဆိုတာ မဟုတ်ကြောင်းကို သံတမန်လိုပဲ ငြင်းတယ်... 'မေဘီ' ပေါ့"

"ဟုတ်..."

"သူကတော့ အပျိုမကိုးဗျ...၊ အပျိုမလိုပဲ တွက်တဲ့အခါ 'မေဘီ' ဆိုတာ ကျိမ်းသေပေါက် သေချာတဲ့ကိစ္စ ဖြစ်နေပြီ"

"ဪ... အင်း... ဟုတ်သားပဲ"

"အဲဒါပေါ့... အဲဒါပေါ့၊ သူနဲ့ ကျွန်တော်နဲ့ လွဲချော်လိုက်ကြတာ ပြောင်းပြန်ကြီး ဖြစ်နေတာ"

"သဘောပေါက်ပြီ၊ သဘောပေါက်ပြီ"

ကိုခင်ဇော် ဘဝင်ကျသွားဟန်ရှိ၏။ အတင်းအဓမ္မ ဆက်စပ် ရှင်းပြလိုက်သော နေဒွန်းကိုလည်း အတော် အထင်ကြီးသွားပုံရသည်။

နေဒွန်းက သူ့ကို သတိပင် ပေးလိုက်ရသေးသည်။

"ခင်ဗျားလည်း ဂရုစိုက်ဦး..."

"ဗျာ... ဘာလဲ"

"မေဘီ က သိပ်ပြဿနာတက်တယ်၊ ခင်ဗျားဆိုင်မှာ လိမ္မော်ရည်လာမေးလို့ မေဘီတွေ ဘာတွေ လုပ်မနေနဲ့၊ သောက်မယ့်သူက အူကြောင်ကြောင်နဲ့ လှည့်ပြန်သွားလိမ့်မယ်"

"ဟားဟား... ဟားဟား... မလုပ်ပါဘူးဗျာ ကိုနေကလဲ"

ကိုခင်ဇော်က သူ့ဘာသာ ဘာတွေသဘောကျနေမှန်း မသိ၊ သဘောတော့ ကျနေသည်။ သူ့မျက်နှာက အလကားနေရင်း ကျေနပ်နေသူမျက်နှာမျိုး ဖြစ်၏။

သီချင်တာကို ပခုံးတွန့်ပြီး မေးလိုက်ရသေးသည်။ သွယ်တတ်မှစီး၊ ရွယ်တတ်မှ နီးသည်ကိုး...။

"ဟော့လူ... ကိုခင်ဇော်"

"ဗျ..."

"အဲဒီကောင်မလေးနဲ့ ပတ်သက်ပြီး ကျွန်တော်စုံစမ်းခိုင်းထားတာတွေ ဘယ်လိုအခြေအနေရှိလဲ..."

"အင်း... အခုပဲ ပြောတော့မလို့..."

နေဒွန်း စိတ်ဝင်စားသွားသည်။

"အင်း... လုပ်စမ်းပါဦးဗျ"

"ဒီလိုဗျ..."

ထို့နောက်... စကားသံ တော်တော်နှင့် ထွက်မလာ။ အဝေးကို ငေးပြီး စဉ်းစားနေ၏။ နဖူးကြောကြီးလည်း ရှုံ့နေသည်။ ကိုလန်ဘို လိုလို၊ ရှားလော့ဟုမ်း လိုလို သူ့ကိုယ်သူ ဒီဇိုင်းဆင်နေ၏။ (အမှန်တော့ ကိုခင်ဇော် ဖြစ်သည်)

"ပြောရရင်တော့ဗျာ..."

"ဟုတ်ကဲ့..."

ငါခံရမယ့် အလှည့်ပဲဟု နေဒွန်း တွေးမိပါသည်။ သို့သော် ကိုခင်ဇော်က သိပ် ဖွဲ့နွဲ့တတ်သူမဟုတ်...၊ သူ သက်သာရာ ရလိုက်သည်။

"အဲဒီကောင်မလေးနာမည်က လင်းလင်းမြတ်... တဲ့"

"ဟုတ်လား..."

"လင်းလင်းလို့ပဲ ခေါ်ကြတယ်"

"အဲဒါကောင်းတာပေါ့...၊ လင်းလင်းမြတ်ဆိုရင် လတ်လတ်ရဲ့ မြင်း ဖြစ်နေဦးမယ်"

"စိတ်ပညာအဓိကနဲ့ ကျမ်းပြုနေတယ်တဲ့..."

"အားပါး... အဆင့်က မသေးပါလား"

ကိုခင်ဇော်က ပဟေဠိဆန်စွာ ပြုံး၏။

"ဟိုတစ်နေ့က ကိုနေ့ကို သူလာပြီး ရန်တွေ့ရဲတာ ဘာကြောင့်ထင်လဲ..."

"အင်း... ပြောပါဦး၊ ဘာကြောင့်လဲ"

"ကရာတေး ခါးပတ်နက်တဲ့ဗျ၊ ယောကျ်ားလေးနှစ်ယောက်၊ သုံးယောက်လောက်ကိုတော့ အပျော့ပဲတဲ့..."

နေဒွန်း လန့်သွားသည်။ မဆီမဆိုင် ကိုခင်ဇော့်ကို ရယ်ပြရင်း ဖြေရှင်းချက် ပေးမိသေးသည်။

"ကျွန်တော်က အဲလို ရန်မဖြစ်တတ်ပါဘူးဗျာ၊ ကျွန်တော်က သံတမန်ပဲဟာ၊ အဟီး... ပြေလည်အောင် ကြည့်ဆက်ဆံရတာပေါ့၊ အဟဲ..."

"ကွန်ပျူတာသင်တန်း တက်နေတဲ့ သူ့သူငယ်ချင်းဆိုတဲ့ ကောင်မလေးကို အလွန်ချစ် ဆိုဘဲ"

"အင်း... အဲဒါကတော့ သိသာပါတယ်"

"ပြီး... အဲဒီကောင်မလေးကလဲ အရမ်းလှ ဆိုဘဲ..."

"ရော်... ဟုတ်လား"

"အဲလို ကြားတာဘဲ"

"အဲဒီကောင်မလေး နာမည်ကရော ဘယ်သူတဲ့တုန်း..."

အသံထွက်မလာဘဲ ကိုခင်ဇော့်နှုတ်ခမ်းက တလှုပ်လှုပ် တရွရွ ဖြစ်နေသည်။ သတိကြီးစွာဖြင့် နေဒွန်း စောင့်နားထောင်နေဆဲမှာပဲ...

ကိုခင်ဇော်က...

"မသိဘူးဗျ"

"ဟာဗျာ..."

စိတ်ပျက်သွားပုံရသော သူ့ကို ကြည့်ကာ ကိုခင်ဇော် နှစ်သိမ့်၏။

"ကိုနေ... အဲလို စိတ်ပျက်သွားမှာစိုးလို့ ကျွန်တော်ကလည်း မသိတဲ့အကြောင်းကို 'မေဘီ' လို့ ပြောမလား စဉ်းစားသေးတယ်၊ ဒါပေမဲ့ ခွင် မဝင်ဘူး ထင်တယ်နော်"

"အစစ်ပေါ့ဗျာ...၊ ဟုတ်ပါတယ်... ဟုတ်ပါတယ်"

မသက်မသာ ပြုံးပြရင်း ခေါင်းကိုလည်း ထပ်ခါထပ်ခါ ညိတ်ပြလိုက်၏။ ကိုခင်ဇော်က သူ့ကောင်တာစားပွဲဆီ ပြန်သွားသည်။ အအေးပုလင်းကို လက်ကျန်ရှင်းနေဆဲ အချိန်မှာပဲ...

MCMBOOKSHELF

"ဟိုလူ"

နောက်ကျောမှ ဝင်ရောက်လာသော အသံလေး...။ နေဒွန်း၏တစ်ကိုယ်လုံး တောင့်ကနဲ ဖြစ်သွား၏။ ကောင်မလေးကို လှည့်မကြည့်ခင်မှာ ကောင်တာမှ ကိုခင်ဇော်ကို 'လုပ်ပါဦးဗျာ' ဟူသော အကြည့်မျိုးဖြင့် ကြည့်လိုက်မိသေးသည် ထင်သည်။

"ကိုခင်ဇော်ရေ...၊ ဟိုတစ်နေ့က မြင်းကလေး မဟုတ်လား၊ လတ်လတ်ရဲ့ မြင်းကလေးလေ..."

ခပ်တိုးတိုးမေးတော့ ကိုခင်ဇော်က ခေါင်းညိတ်ပြသည်။

"ကျွန်တော့်ကို မှုန်ကုတ်ကုတ်နဲ့ ကြည့်နေတယ် မဟုတ်လား..."

ခေါင်းညိတ်ပြပြန်သည်။

"ဒီနေ့ကျတော့ ဘောင်းဘီရှည် ဝတ်လာတယ် မဟုတ်လား"

ကိုခင်ဇော် မျက်လုံးပြူးသွား၏။

"ခင်ဗျား လှည့်မကြည့်ဘဲနဲ့ အကုန်သိနေတာကိုး..."

"ကျွန်တော်က အကြားအမြင် ရနေတယ်ဗျ"

အမှန်တော့ ဆိုင်ထဲက ဗီရိုမှန်ချပ်တွင် ကောင်မလေး၏ ပုံရိပ်ကို မြင်နေရသောကြောင့် ဖြစ်သည်။

သက်ပြင်းတစ်ချက် ကြိတ်ချပြီး အလိုမတူဘဲ လှည့်မျက်နှာချင်းဆိုင်လိုက်ရ၏။

"ဟုတ်ကဲ့...၊ ပြောပါ"

လင်းလင်းက ယောကျ်ားလေးဆန်ဆန် ဝတ်စားဆင်ယင်ထားသည်။ 'လှသည်' ဟု စကားနစ်လုံးတည်းဖြင့် စိတ်ထဲမှ သတ်မှတ်ဝန်ခံရန် အပန်းကြီးလှခြင်း မရှိပါ။ ထို့ကြောင့် နေဒွန်း ဝန်ခံလိုက်သည်။

"ဒီကောင်မလေး... လှတယ်"

"ရှင့်ကို ကျွန်မ ဟိုတစ်နေ့ကပဲ သတိပေးခဲ့သေးတယ် မဟုတ်လား..."

"အဲ... ဟို"

ကိုယ်နှင့်လည်းမသိသည့် မြင့်လွင်မိုး ဆိုသည့်ကောင် ဘာလုပ်ထားပြန်သည် မသိ။

"ရှင်က... ရှင့်ဓာတ်ပုံကို စာတိုက်ကနေ ကျွန်မသူငယ်ချင်းဆီ ထည့်လိုက်ပြန်တယ်ဆို..."

"ဟုတ်လား..."

"ဘာ... ဟုတ်လားလဲ၊ ခုမှ မခုတ်တတ်တဲ့ ကြောင်လိုလို လုပ်မနေနဲ့၊ ရှင့်ဓာတ်ပုံကို သူက ဘာလုပ်ရမှာလဲ၊ ရှင့်ကိုရှင်ရော ဘာအောက်မေ့လို့ အဲဒီဓာတ်ပုံ ပို့ရတာလဲ"

"နေ... နေပါဦး၊ ကျွန်တော် တစ်ခုမေးပါရစေဦး"

ကောင်မလေးက ခါးထောက်ပြီး သူ့ကို စေ့စေ့ကြည့်သည်။

"ဘာမေးချင်လို့လဲ..."

"ဓာတ်ပုံဆိုတာ ဖိုတိုဂရပ်ဖ်ကို ပြောတာလား..."

"တခြား... ဘာကို ပြောရဦးမှာလဲ"

သူက ခပ်ငေါ့ငေါ့တုံ့ပြန်၏။

"မဟုတ်ဘူးလေ…၊ မြန်မာစကားဆိုတာ အင်မတန် ကျယ်ဝန်းပါတယ်၊ ဥပမာ… ကြောင်ဆိုပါတော့…"

မျက်မှောင်ကြုတ်ပြီး ကြည့်နေလေသည်။

နေဒွန်းက ဆက်ပြောလိုက်၏။

"အိမ်မွေးတိရိစ္ဆာန်ထဲမှာ 'ကြောင်' ရှိသလို၊ ကျောက်မျက်ရတနာတွေထဲမှာလည်း 'ကြောင်' ဆိုတာ ရှိတယ်"

နေဒွန်း၏ စကားဦးတည်ချက်ကို ဒင်းကလေးက မသင်္ကာဖြစ်လာဟန် ရှိ၏။

"ရှင်… စကားကို ကပ်ဖို့ မကြံနဲ့နော်"

"ဟို… ကပ်တာတော့ မဟုတ်ပါဘူး၊ ရှင်းအောင် မေးချင်တာပါ၊ ဓာတ်ပုံဆိုတာက ဖိုတိုဂရပ်ဖ်ကို ပြောတာအပြင် အခြားအဓိပ္ပာယ်လည်း ရှိပါသေးတယ်။ ဓာတ်ဆင်းတယ်တို့၊ ဓာတ်သွားတယ်တို့၊ ဓာတ်လျှော့တယ်တို့၊ ဓာတ်ချုပ်တယ်တို့ ဆိုတာ ကြားဖူးတယ် မဟုတ်လား"

ကောင်မလေး ရှုံ့ရှုံ့ရှဲရှဲ ဖြစ်သွား၏။

"အဲဒီဓာတ်ပုံကို ပြောတာ မဟုတ်ဘူး"

"ဟုတ်ကဲ့… ကျွန်တော်လည်း အဲဒါစဉ်းစားနေတာ၊ အဲဒီဓာတ်ပုံကိုတော့ စာတိုက်ကလည်း ပို့လို့မရဘူး ထင်ပါတယ်"

ကောင်မလေး ရှေ့ကို တစ်လှမ်းတိုးလာသည်။

"ရှင့်ကို ကောင်းကောင်းမွန်မွန် ပြောဆိုတားမြစ်နေတာကို ရောင့်မတက်နဲ့နော်၊ ကျွန်မကို ပေါ့သေးသေး အောက်မေ့နေလား"

ပြောရင်း နောက်တစ်လှမ်း ထပ်တိုးလာပြန်သည်။

"ခင်ဗျားနော်…၊ ရှေ့ထပ်တိုးမလာနဲ့ ဘာလုပ်မလို့လဲ၊ ကျွန်တော် အော်လိုက်မှာ…"

နေဒွန်း၏စကားကြောင့် ကောင်မလေး ကြောင်သွားသည်။ ကိုခင်ဇော်ကလည်း ကောင်တာ စားပွဲဆီမှနေ၍ 'ကျော်မကောင်း၊ ကြားမကောင်းတော့ ဖြစ်တော့မယ်' ဟု တီးတိုးရေရွတ်၏။

"ရှင်က အခုလိုကျတော့ ကြောက်တတ်သလား…"

"ကြောက်တာထက် ခင်ဗျားကို မကျေနပ်ဘူးဗျ၊ စိတ်ထဲမှာ ဘဝင်မကျဘူး…"

ထိုစကားကြောင့် ကောင်မလေး တုံ့ခနဲ ဖြစ်သွားရလေသည်။

"ရှင်က… ကျွန်မကို ဘာမကျေနပ်တာလဲ"

"ခင်ဗျားက ကြားက ကဲလွန်းနေတယ်လို့ထင်တယ်၊ ခင်ဗျားသူငယ်ချင်းဆိုရင်တောင် ကျွန်တော့်ကို ဒီလို မဆက်ဆံဘူးလို့ အောက်မေ့တယ်"

မခံချင်အောင်ပြောသော စကားသက်သက်မဟုတ်…။ ပြောသင့်သည်ထင်၍ နေဒွန်း ပြောလိုက်သော စကားဖြစ်သည်။

"ရှင်… ပြောနိုင်လား"

"ပြောနိုင်တယ်"

"ဘာကြောင့် ပြောနိုင်တာလဲ"

MCMBOOKSHELF

"အို… ပြောနိုင်တယ်ဗျာ… ကျွန်တော်က အကြားအမြင်ရတယ်၊ အခုတောင် သူ ခင်ဗျားနောက် လိုက်လာပြီထင်တယ်"

ထိုအချိန်မှာပဲ…

လမ်းထောင့်ရှိ အလှူခံမဏ္ဍပ်မှ ကြေငြာသံ ထွက်လာသည်။

"ကဲ… ကျွန်တော်တို့ရဲ့ ကိုယ်ထူကိုယ်ထ လမ်းပြင်ဆင်ရေးအတွက် မခင်ဂွီဦးက အလှူငွေ တစ်ရာကျပ် ထည့်ဝင်လှူတန်းပါတယ်၊ ဤသို့ပြုရသော ကုသိုလ်ကောင်းမှုကြောင့်…"

လင်းလင်းမြတ်၏မျက်နှာ တစ်မျိုးဖြစ်သွား၏။ အလှူခံမဏ္ဍပ်ဘက်သို့လည်း မသိမသာ လှည့်ကြည့်သည်။ နေ့ဒွန်း၏ ရင်ထဲထိတ်ခနဲ ဖြစ်သွားသည်။ တစ်စုံတစ်ရာကို ရိပ်မိလိုက်သလိုလည်း ခံစားရ၏။

ထိုကောင်းမှုကုသိုလ်ပိုင်ရှင် မခင်ဂွီဦးသည် လက်ရှိ ပြဿနာ၏ ဗဟိုချက်ကလေးဖြစ်ကြောင်း…။

တွေနေသော လင်းလင်းမြတ်ကို လှမ်း၍ ပြောလိုက်သည်။

"ဟုတ်တယ် မဟုတ်လား… ကျွန်တော်ပြောတာ၊ မှန်တယ်မဟုတ်လား၊ သူ လိုက်လာပြီ မဟုတ်လား"

ချက်ချင်းဆိုသလိုပင် လင်းလင်းမြတ်က တုံ့ပြန်၏။

"ဘာမှ မထူးဆန်းဘူး၊ လာကတည်းက အတူတူလာတာ၊ သူ စတိုးဆိုင်မှာ ပစ္စည်းဝယ်နေတုန်း ကျွန်မက ရှင့်ကို မြင်လို့ ထွက်လာတာ"

"ကဲ… ထားပါဦး၊ နောက်တစ်ခု ထပ်မေးရဦးမယ်"

"အောင်မယ်… ရှင်က ကျွန်မကို စစ်ဆေးနေတာလား"

"ပြောစရာရှိတာတော့ ပြောရမယ်လေ၊ စာတိုက်ကလာတဲ့ ဓာတ်ပုံဆိုတာကို ခင်ဗျား ကြည့်ပြီးပြီလား၊ ကျွန်တော်နဲ့ တူလို့လား"

"အဲ…"

ကောင်မလေး အမ်းသွား၏။ ဟုတ်သည်လေ…၊ နေ့ဒွန်းကလည်း မေးရမည်။ ထိုဓာတ်ပုံက ကိုယ်နှင့် တူလို့လား၊ ဓာတ်ပုံကိုကြည့်ပင် မကြည့်ရသေးဘဲ ရမ်းသမ်းစွပ်စွဲနေသည်လား…။

"ကဲ… ပြောလေ၊ အဲဒီဓာတ်ပုံက ကျွန်တော်နဲ့ တူလို့လား"

ဒင်းကလေး မဖြေနိုင်ချေ။

"ကျွန်တော့်ဓာတ်ပုံကိုရော ခင်ဗျားကြည့်ဦးမလား"

ရှုံ့ရှုံ့ရှဲ့ရှဲ့ ဖြစ်သွားပြန်သည်။ လက်သီးကလေး ဆုပ်လိုက်တာကို တွေ့လိုက်ရသဖြင့် ကမန်းကတန်း ပြန်ဖြေရှင်းရသည်။

"မဟုတ်ဘူးလေ…၊ ဓာတ်ပုံဆိုတာ ဖိုတိုဂရပ်ဖ်ကို ပြောတာပါ၊ ဟို… ဓာတ်ပုံကလည်း ပါမလာပါဘူး"

"အောင်မာ… ရှင်… ဘာ…"

"ဟော့ဟော့… ခင်ဗျား ရှေ့ဆက်မတိုးနဲ့နော်၊ ခင်ဗျားသူငယ်ချင်း ခင်ဗျားကိုလိုက်ရှာနေပြီ၊ ပြန်တော့…"

MCMBOOKSHELF

ထိုအခိုက်မှာပဲ အလှျုခံမဏ္ဍပ်မှ အော်သံထွက်လာပြန်၏။

"မလင်းလင်းမြတ်တဲ့... ခင်ဗျား၊ လူချင်းကွဲသွားလို့တဲ့ အိမ်ပြန်ကြမယ်တဲ့ မခင်္ဂါဦးက ခေါ်ပါတယ်"

"ကဲ... ကြားတယ်မဟုတ်လား၊ ပြန် ပြန်"

ကောင်မလေးက စိတ်မရှည်သလို မဏ္ဍပ်ဘက်ဆီ လှည့်ကြည့်၏။ 'ကျွတ်' ခနဲလည်း စုတ်သပ်၏။ ပြီး...နေဒွန်းဘက် မျက်နှာပြန်မူကာ...

"မပြန်ဘူး"

"ပြန်ပါတော့ဆို...၊ အိမ်က စိတ်ပူနေလိမ့်မယ်"

"ရှင်နဲ့ မဆိုင်ဘူး... မပြန်ဘူး၊ ရှင့်ကို တစ်ခုခုလုပ်သွားရမှ ကျေနပ်မယ်"

"ဟာ..."

မဏ္ဍပ်မှ အော်သံ ထွက်လာပြန်သည်။

"မလင်းလင်းမြတ်တဲ့... ခင်ဗျာ"

သူဆက်ကြေငြာသည်ကိုပင် ဆုံးအောင် စောင့်မနေတော့၊ မဏ္ဍပ်ဆီ ဦးတည်ကာ နေဒွန်းက အသံကုန် အော်လိုက်သည်။

"ဒီမှာဗျို့... မလင်းလင်းမြတ် ဒီမှာဗျို့"

"ဟယ်..."

ကောင်မလေး မျက်လုံးပြူးသွား၏။ သူ့ကို ဂရုမထားနိုင်အား။ နေဒွန်းက မဏ္ဍပ်မှကြားအောင် အသံကုန် အော်မြဲ အော်လိုက်သည်။

"မလင်းလင်းမြတ် ဒီမှာဗျို့...၊ ခင်ဗျော့် အဒေးဆိုင်ထဲမှာ အဒေးလဲမသောက်ဘဲ လာနေတယ်ဗျို့၊ ပြန်လွှတ်တာ မသွားဘူးဗျို့၊ လာခေါ်ပါဗျို့"

စတီရီယို သီချင်းများထဲမှ စကားအတိုင်း ပြောရလျှင်တော့ နေဒွန်းဖက်မှ ရိုက်ချက်ပြင်းသွားသည်။ ကွက်တိ ပြီးဆုံးသွားသည်။ ဒင်းကလေး ခြေမကိုင်မိ ဖြစ်သွားလေသည်။

"မအော်နဲ့လေ... မအော်နဲ့လေ"

"အော်မှာပဲ...၊ ဟောဒီမှာဗျို့"

နေဒွန်းကိုကြည့်လိုက်၊ မဏ္ဍပ်ဖက် လှည့်ကြည့်လိုက်၊ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်နှင့် ရှက်ကိုးရှက်ကန်း ဖြစ်နေတော့သည်။

ထိုအခိုက်မှာပင်...

"လင်းလင်း"

ချိုမြကြည်လင်သော ခေါ်သံလေးတစ်ခုက ဆိုင်ရှေ့မှ ထွက်ပေါ်လာသည်။ မျက်လုံးအစုံ မှိတ်ပြီး အသံကုန်အော်နေခြင်းဖြစ်၍ အသံရှင်ကလေးကို နေဒွန်း မမြင်ရသေး။ သို့သော် သိလိုက်သည်လေ၊ ကျေးဇူးတင်ပါရဲ့... ပျားရည်ခါးကလေးရယ်...။

လေပူကြီးတစ်ချက်ကို မှုတ်ထုတ်ပြီး သူမတို့ကို ကျောပြန်ပေးလိုက်၏။

"ဟဲ့... လင်းလင်း၊ နင် ဘာလုပ်နေတာလဲ"

MCMBOOKSHELF

လင်းလင်းဆီမှ ဖြေသံမကြားရ။

"နင်လူမှား နေပြီ၊ သူက ဟိုကောင် မဟုတ်ဘူး"

ဒါပဲ...။

"ဟင်... မဟုတ်ဘူးလား"

"ဟာ... ဘယ်က ဟုတ်ရမှာလဲ၊ တခြားစီ... နင် လူမှားပြီး သွားရန်တွေ့နေတာ"

"ဟယ်..."

အသံကလေးတွေ ပျောက်သွားပြီး လူတွေလည်း ပျောက်သွားကြတော့၏။ သူတို့ မရှိတော့တာ သေချာမှ နေဒွန်းလည်း ကျုံ့ထားသောခါးကို ဆန့်ထုတ်လိုက်ရ၏။

ကိုခင်ဇော်က...

"ကိုနေ..."

"ဗျာ..."

"လာခေါ်တဲ့ ကောင်မလေးလည်း..."

သူ့စကားမဆုံးမီ နေဒွန်းက ဖြတ်ပြောလိုက်၏။

"သိပ်လှတာပဲ မဟုတ်လား"

"အေးဗျာ..."

*****

MCMBOOKSHELF

တံစဉ့်ကိုင်ထားတဲ့ လယ်သမားရဲ့ ရှေ့မှာ
စပါးပင်ကလေး ခါးကိုင်းပေးပြီး
အခုတ်ခံရသလိုမျိုး
ရိုကျိုးသိမ်မွေ့စွာ…
ကျွန်တော်…
သူ့ကို ချစ်သွားမှာပါ…။

MCMBOOKSHELF

တကယ်တမ်းကျတော့လည်း နေဒွန်း မေးချင်နေသောမေးခွန်းကို ရဲအောင်က လက်တွေ့ မေးဖြစ်သွားလေသည်။

"ခင်္ဂါဦး... ဆိုတဲ့နာမည်ကို ဘယ်သူကပေးတာလဲ"

ခင်္ဂါက မျက်လုံးတစ်ချက် လှန်ကြည့်ရင်း...

"ဖေဖေ... ပေးတာ"

"ခင်္ဂါဆိုတာ... နာမည်သက်သက်ပဲလား၊ ဒါမှမဟုတ် အဓိပ္ပာယ် ရှိသေးလား"

ခေါင်းညိတ်ပြ၏။

"ဘာများလဲ မသိဘူး..."

ခင်္ဂါက နဖူးပေါ်မှ ဆံနွယ်ခက်ကလေးကို သပ်တင်သည်။ နေဒွန်းဘက်ကို ပြုံးလဲ့လဲ့ဖြင့် တစ်ချက်ငဲ့စောင်းကြည့်ပြီးမှ ရဲအောင်၏မေးခွန်းကို ပြန်ဖြေသည်။

"ခင်္ဂါဆိုတာ ပါဠိလို 'ဓား' ကို ပြောတာလေ"

"ဗုဒ္ဓေါ..."

နေဒွန်း မျက်လုံးပြူးသွားသည်။ လွှတ်ကနဲ ပြောလိုက်မိ၏။

"ခင်္ဂါဦးဆိုတော့ ဓားဦးပေါ့..."

ရှက်ရယ် ရယ်ရင်း ပြန်ဖြေသည်။

"အင်းပေါ့..."

"အလိုလေး...ထိုးမိမှာတောင် ကြောက်တယ်"

ခင်္ဂါက ခပ်တိုးတိုး ရယ်လေသည်။ လင်းလင်းက နံဘေးမှ ဝင်ပြောသည်။

"သူ့သမီးကို ဓားလို ထက်မြက်စေရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သူ့အဖေက ဒီနာမည် ပေးထားတာ"

"အင်း... ကောင်းပါတယ်၊ လှပါတယ်"

ရဲအောင်က ဖြည့်ပြော၏။

"ရှားလည်းရှားတယ်...၊ ဒီနာမည်မျိုး ကျွန်တော်တော့ တစ်ခါမှ မကြားဖူးသေးဘူး..."

ကာရက်ရှင်ကိုယ်တိုင်က သဘောတူစွာ ခေါင်းညိတ်ပြလေသည်။

"အင်း... ဟုတ်တယ်၊ လူတိုင်းက အဲလိုပြောကြတယ်"

အင်းလျားရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ဖြစ်သည်။ မတော်တဆ စားပွဲချင်း ကပ်ရက် ဆုံမိကြရာမှ ခင်္ဂါနှင့် လင်းလင်းက သူတို့ဝိုင်းသို့ ကူးလာခြင်းဖြစ်သည်။ အစပထမမှာ နေဒွန်းက မျက်လုံးပြူးနေသေးသော်လည်း သူတို့က ရန်လုပ်ရန် လာခြင်းမဟုတ်...၊ တောင်းပန်ရန် လာခြင်းဖြစ်သည်။

"ပြဿနာကတော့ အဲဒီ... မြင့်လွင်မိုးပဲဗျ"

နေဒွန်း၏စကားကြောင့် အားလုံးက ရယ်ဖြစ်ကြသည်။ နေဒွန်းက ဆက်ပြောလိုက်သည်။

"အဲဒီ မြင့်လွင်မိုးဆိုတဲ့လူကို ကျွန်တော်က နာမည်လည်း မကြားဖူးဘူး၊ လူလည်း မမြင်ဖူးဘူး..."

လင်းလင်းကလည်း ခေါင်းကို ဆတ်ခနဲ ညိတ်၏။

"ကျွန်မလည်း ခုထိ အဲဒီလူကို မမြင်ဖူးသေးဘူး၊ ခင်္ဂါပြောပြလို့သာ ကြားကြားနေတာ..."

ရဲအောင်က ဝင်မေးသည်။

MCMBOOKSHELF

"နေပါဦး…၊ မလင်းလင်းက ဒီကောင့်ကိုမှ ဘာဖြစ်လို့ မြင့်လွင်မိုးလို့ ထင်ရတာလဲ"

လင်းလင်းက သူ့နားသယ်စပ်မှ ဆံပင်များကို ကုတ်၏။

"အင်း… ကျွန်မလည်း ဘယ်လိုလုပ်မှားမှန်းကို မသိဘူး"

"ခင်ဗျာ…"

နေဒွန်း၏ အာမေဋိတ်ကြောင့် လင်းလင်းက အားတုံ့အားနာဖြင့် ကြည့်သည်။

"ဒီလိုလေ…"

"ဟုတ်ကဲ့"

"ခဂ္ဂါပြောလို့ မြင့်လွင်မိုးအကြောင်း ကြားပြီးတဲ့အချိန်မှာ ကျွန်မက ရပ်ကွက်ထဲက လူတစ်ယောက်ကို မေးကြည့်တယ်"

"အင်း…"

"မြင့်လွင်မိုးဆိုတာ ဘယ်သူလဲဆိုတော့ သူက လမ်းပေါ်ကို လက်ညှိုးထိုးပြတယ်"

နေဒွန်းက ကပျာကယာမေး၏။

"ဘာလဲ…၊ အဲဒီလူက ကျွန်တော့်ကို လက်ညှိုးထိုးပြလိုက်လို့လား"

"အင်း… အဲဒါက"

လင်းလင်း ဇဝေဇဝါဖြစ်နေသည်။ သူ့အထင်ကို ဆက်ပြော၏။

"ပြတဲ့သူကတော့ မမှားလောက်ဘူး၊ မြင့်လွင်မိုးလည်း တကယ်ဖြတ်သွားလိမ့်မယ်၊ ဒါပေမဲ့… ကျွန်မကြည့်လိုက်တော့ ကိုနေဒွန်းကို တွေ့တယ်၊ အဲဒါကြောင့်…"

နေဒွန်းနှင့် ရဲအောင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။

"ဂလိုကိုး…"

"အေး… ဂလိုတဲ့ကွ"

ခဂ္ဂါနှင့် လင်းလင်းက သူတို့ကိုကြည့်ကာ ရယ်ကြလေသည်။

ထို့နောက်မှာ လင်းလင်းက နေဒွန်းကို အကျိုးအကြောင်း ရှင်းပြသည်။

"ကိုနေဒွန်းဘက်က ပြောမယ်ဆိုရင် ပြောစရာပဲ၊ ကာယကံရှင်ထက်စာရင် ကျွန်မက ကြားက ပိုကဲနေတယ် ဆိုတာလေ…"

"အမ်… အဲ…"

ပြောတုန်းက ပြောခဲ့ပြီး ခုတော့လည်း နေဒွန်း အနေရကြပ်နေသည်။

"ကိုနေဒွန်းပြောတာ မှန်ပါတယ်…၊ အဲလို မြင်စရာဖြစ်နေတယ်၊ ဒါပေမဲ့… ကျွန်မဘက်မှာလည်း အကျိုးအကြောင်း ရှိနေတယ်"

"ဟုတ်ကဲ့"

လင်းလင်းက စကားကို ချက်ချင်းဆက်မပြော၊ အင်းလျားဘက်ဆီ မျှော်ကြည့်စဉ်းစားနေသည်။ အင်းလျားရေပြင်က ငြိမ်သက်နေ၏။ မငြိမ်သက်နိုင်သော တိမ်တိုက်များက ကောင်းကင်မှာ လွင့်ကာမျောကာ…။

MCMBOOKSHELF

တိတ်ဆိတ်နေသော ခဂ္ဂါကို နေဒွန်းက တစ်ချက်ခိုးကြည့်သည်။ ခဂ္ဂါ၏ ချောမောလှပသော မျက်နှာလေးဆီမှာ နက်ရှိုင်းသော အမိပ္ပာယ်တစ်စုံတစ်ရာ ရှိနေသည်ဟု ထင်ရ၏။

ခဂ္ဂါက ဘယ်သူ့ကိုမှ မကြည့်...။

ရေပြင်ကိုလည်း မကြည့်၊ ကောင်းကင်ကိုလည်း မကြည့်၊ သူ့ရှေ့မှ ကော်ဖီပန်းကန်ကိုသာ ငေးကြည့်နေသည်။

လင်းလင်း၏စကားသံက ပြန်လည်ထွက်ပေါ်လာသည်။

"ကျွန်မတို့ သူငယ်ချင်းနှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် အရမ်းချစ်ကြတာလေ..."

နေဒွန်းရော၊ ရဲအောင်ရော ခေါင်းညိတ် ထောက်ခံလိုက်ကြသည်။

"အာ... အဲဒါတော့ ပြောနေစရာ မလိုပါဘူး၊ သိသာပါတယ်"

"ခဂ္ဂါက အရမ်းတော်တယ်...၊ အရမ်း ကြိုးစားတယ်"

"ဟုတ်ကဲ့..."

"ပြီးခဲ့တဲ့လပိုင်းထဲမှာ သူ့အတွက် အရေးကြီးတဲ့ စာမေးပွဲတစ်ခု မဖြေဖြစ်လိုက်ဘူး...၊ နိုင်ငံခြား သံရုံးတစ်ကနေ လှမ်းတက်နေတာပါ"

"ဩော်..."

နေဒွန်းက ခဂ္ဂါကို ခိုးကြည့်မိပြန်သည်။ ဒီတစ်ခါတွင်တော့ ခဂ္ဂါကလည်း နေဒွန်းကို ကြည့်နေသည်နှင့် ဆုံ၏။ မျက်လုံးချင်း ဝတ်မှုန်ကူးမိကြသည်။

"ခေါင်းမှာ ဒဏ်ရာရသွားတာလေ..."

"ဟင်... ဘာဖြစ်လို့လဲ"

"မရမ်းပင်ပေါ်က လိမ့်ကျတာလေ..."

"ဗျာ..."

"သူကလည်း ယောကျ်ားလေးလိုပဲလေ...၊ အိမ်မှာဆို ဘောင်းဘီရှည်ဝတ်ပြီး ခြံထဲမှာ ဟိုသစ်ပင်တက်၊ ဒီသစ်ပင်တက်နဲ့ သစ်ပင်ပေါ်မှာ စာတက်ဖတ်ရတာ ဇီလင်ပဲတဲ့၊ အဲဒီလိုနဲ့ ပြုတ်ကျတာလေ..."

"ဩော်... ဒီလိုလား"

သူနဲ့ ရဲအောင် နောက်နေကျအတိုင်း လင်းလင်းက...

"ဟုတ်တယ်...၊ ဂလို... ဂလို"

ရယ်ကြရသေးတော့၏။

ထို့နောက် နေဒွန်းက ဂရုတစိုက် မေးဖြစ်သည်။

"ဒဏ်ရာက တော်တော်ပြင်းသွားလား..."

အမေးစကားအဆုံးမှာ ခဂ္ဂါကို လှမ်းကြည့်၏။ ခဂ္ဂါက ခေါင်းညိတ်သည်ဆိုရုံသာ ညိတ်ပြသည်။ လင်းလင်းကပဲ ဆက်ဖြေသည်။

"အင်း... ပြင်းတယ်၊ တော်တော်ပြင်းသွားတယ်၊ တစ်လလောက် ကုယူရတယ်"

နေဒွန်းရော၊ ရဲအောင်ပါ အမှန်တကယ် စိတ်မကောင်း ဖြစ်မိကြသည်။

"ဒဏ်ရာက သက်သာပြီးနောက်ပိုင်းမှာလဲ ခေါင်းက မကြာမကြာ ကိုက်နေတယ်...၊ တစ်ခုခုကို အာရုံပြုလို့ မရဘူး...နေရထိုင်ရတာလည်း မရွှင်လန်းဘူး၊ ညအိပ်လို့ အိပ်မက်,မက်ရင်တောင် မခံနိုင်ဘူး၊ အဲဒီဝေဒနာတွေက ခုထိ ခံစားနေရတုန်းပဲ..."

"ဪ... အင်း... တော်တော်ဆိုးတာပဲ"

ညည်းတွားသံနှင့်အတူ နေဒွန်း သက်ပြင်းချမိသည်...။ ရဲအောင်ကလည်း သူ့လက်နှစ်ဖက်ကို အပြန်အလှန် ပွတ်နေ၏။

"နောက်တစ်ခု ရှိသေးတယ်၊ ကျွန်မက စိတ်ပညာ ကျမ်းပြုကျောင်းသူတစ်ယောက် ဖြစ်နေတဲ့အချက်ပဲ"

ရဲအောင် ခေါင်းညိတ်ပြီး စကားကို ဝင်ထောက်ပေး၏။

"အင်း... သူ့ဝေဒနာက မလင်းလင်းရဲ့ ကျောင်းပညာနဲ့ သက်ဆိုင်နေတာပေါ့"

"ဟုတ်တယ်...၊ တခြားလူထက်စာရင်တော့ သူ့ကို ကျွန်မက ပိုစာနာမိတယ်၊ ပိုလည်း ဂရုစိုက်မိတယ်လေ..."

"အင်း... ဒါပေါ့၊ ဒါပေါ့"

"သူ့ဘာသာ ဝေဒနာနဲ့ မရွှင်မပျဖြစ်နေရတဲ့ကြားထဲ အဲဒီမြင့်လွင်မိုးဆိုတဲ့လူက အလိုက်ကမ်းဆိုး မသိပဲ နောက်ယှက်လွန်းနေတော့ ကျွန်မက ဘေးကနေ မခံနိုင်တော့ဘူး၊ ဒီကိစ္စကို ငါ ကြားဝင်မယ်လို့ ဆုံးဖြတ်လိုက်ပြီး ကိုနေဒွန်းနဲ့ ခုလို တွေ့ကြတာပါပဲ"

"အင်း... သဘောပေါက်ပြီ၊ သဘောပေါက်ပြီ"

ရဲအောင်ရဲ့ စကားအဆုံးမှာ နေဒွန်းက...

"အင်း... အခုတော့ ကျွန်တော်လည်း ဇာတ်ရည်လည်ပြီပေါ့ဗျာ..."

လင်းလင်းက နေဒွန်းကို ပြုံးကြည့်ရင်း မေး၏။

"ကိုနေဒွန်း...၊ ကျွန်မကို တော်တော် စိတ်ဆိုးသလား"

"ဟာ... မဆိုးပါဘူးဗျာ၊ ကျွန်တော်က နားမလည်နိုင်တာ တစ်ခုပါပဲ၊ အခုတော့လည်း သိသွားပြီပေါ့လေ၊ မလင်းလင်းကိုကတော့ အစကတည်းက စိတ်မဆိုးပါဘူး၊ ကိုယ် ကံနိမ့်နေလို့ လို့ပဲ သဘောထားပါတယ်၊ ဟဲဟဲ... နောက်တာနော် အလကား"

"ကျွန်မ ကိုနေဒွန်းကို တောင်းပန်ပါတယ်"

"အာ... မလိုပါဘူး"

ထိုအချိန်မှာပဲ ငြိမ်သက်နေသော ခင်ဂျီထံမှ... မေးသံလေးတစ်ခွန်း ထွက်လာသည်။

"အကြွေများ ပါကြသလား မသိဘူး"

အားလုံးက သူ့ကို ဝိုင်းကြည့်မိကြ၏။

"ဘာဖြစ်လို့လဲ..."

ခင်ဂျီက သူ့ပိုက်ဆံအိတ်ကလေးကို ပြန်ပိတ်ပြီး၊ ဆိုင်တွင်းတစ်နေရာကို မေးငေါ့ပြ၏။

MCMBOOKSHELF

ဆိုင်ထဲမှ စားသောက်နေသော ဝိုင်းများထံ လူတစ်ယောက် ငွေတိုငွေစများ လိုက်တောင်းနေခြင်း ဖြစ်၏။ ကိုယ်တို့ဝိုင်းဆီတော့ မရောက်သေးပါ။ ရှေ့ဝိုင်းများမှာ တောင်းနေခြင်း ဖြစ်သည်။

နေဒွန်းက...

"နေ... နေ မလိုဘူး၊ ပိုက်ဆံထုတ်မနေနဲ့"

လင်းလင်းကလည်း...

"အေးလေ...၊ ပေးမနေပါနဲ့"

"မဟုတ်ဘူး... ပေးစရာ၊ မပေးစရာ မလိုဘူး...၊ သူ ကျွန်တော်တို့ဝိုင်းကို လာမတောင်းပါဘူး"

ရဲအောင်က နေဒွန်းကို စောင်းကြည့်၏။

"မင်းက ဘယ်လိုလုပ် သိလဲ..."

"ငါက အကြားအမြင် ရထားတယ်လေကွာ"

ရဲအောင်က ရယ်ကျဲကျဲဖြင့် ကြိမ်းမောင်း၏။

"အေး...၊ ဟုတ်ရင်တော့ ဟုတ်ပေ့ါကွာ"

နေဒွန်းကလည်း ရယ်ကျဲကျဲ...

"ဟဲဟဲ... စောင့်ကြည့်နေ"

အနေအထားကို စိတ်ဝင်တစား စောင့်ကြည့်နေလိုက်ကြ၏။

အမှန်တကယ်ပင် သူတို့ဝိုင်းမှာ လာမတောင်းချေ။ သူတို့ဝိုင်းဆီ လျှောက်တော့ လျှောက်လာသေး၏။ အနားရောက်မှ ကွေ့ထွက်သွားခြင်းဖြစ်သည်။

ထိုသူတောင်းစား ဆိုင်ပြင်ထွက်သွားပြီးမှ နေဒွန်းက...

"ကဲ... ငါပြောတယ် မဟုတ်လား"

"ဟုတ်တယ်လေ..."

"ယုံရတော့ မလိုပဲ..."

"ယုံသာ ယုံလိုက်စမ်းပါကွာ"

ရဲအောင်က အထွေအထူး ထပ်မမေးသော်လည်း လင်းလင်းက နေနိုင်ဟန်မတူ...။

နေဒွန်းမျက်နှာကို စူးစူးကြည့်ပြီး မေး၏။

"တကယ်သိတာလား..."

လေးနက်စွာ ခေါင်းညိတ်ပြလိုက်သည်။

"ဟင်... ဘယ်လိုသိတာလဲ"

"ဒီလိုဗျ..."

"ဟုတ်ကဲ့"

"အဲဒီလူက... ဟိုတစ်လောက ကျွန်တော့်ဆီ ပိုက်ဆံလာတောင်းဖူးတယ်"

"ဟုတ်ကဲ့"

MCMBOOKSHELF

"သူက ရိုးရိုးမတောင်းဘူးဗျ..."

"ဘယ်လိုတောင်းလို့လဲ..."

"နယ်ပြန်စရာ စရိတ်မရှိလို့တဲ့..."

လင်းလင်းက လက်မခံချေ...၊ နှာခေါင်းလေး ရှုံ့ပြ၏။

"အလကား... လျှောက်ပြောနေတာ"

"အဲဒါနဲ့ ကျွန်တော်က ဘယ်နယ်လည်းလို့ မေးတယ်"

"အဲဒီတော့..."

"ဖြေတယ်ဗျ...၊ မင်းဘူးတဲ့"

ရဲအောင်က စိတ်မရှည်သလို ဖြတ်မေးသည်။

"မင်း ပေးလိုက်သလား..."

"ဟိုကွာ... မင်းဘူးဆိုတော့လည်း သူက ပြန်ရမှာ တော်တော်ဝေးတယ်၊ ကိုယ့်ကို အကူအညီလာတောင်းတော့လည်း ငါက မနေတတ်ဘူး"

"အဲဒီတော့..."

"ငါ ကူညီလိုက်ပါတယ်"

လင်းလင်းက နမြောတသစွာ ဝင်မေးသည်။

"ဟယ်... ဘယ်လောက်တောင် ပေးလိုက်သလဲ"

"ဗျာ..."

"ပိုက်ဆံ ဘယ်လောက်တောင် ပေးလိုက်လဲလို့..."

"ဟင့်အင်း...၊ ကျွန်တော် ငွေမပေးလိုက်ပါဘူး ကူညီလိုက်တာပါ"

"ဘယ်လို ကူညီလိုက်တာလဲ..."

"ကျွန်တော် သူ့ကို မင်းဘူးကို သွားဖို့ အနီးဆုံးဖြတ်လမ်း ပြပေးလိုက်တယ်"

ပထမတော့ သူတို့တွေ 'အမ်း' သွားကြ၏။ ပြီးမှ တသောသော ထရယ်သည်။ ငြိမ်းချမ်းသော ခဏ္ဍကပါ ပါးစပ်ကလေးပိတ်ပြီး ဝင်ရယ်ခြင်းဖြစ်၏။

လင်းလင်းက...

"ကိုနေဒွန်းက တော်တော်နောက်တာပဲ"

ခဏ္ဍက ဝင်ပြောသည်။

"သူတို့တွေကလည်း အဲဒီလို ခံရဦးမှပဲ..."

နေဒွန်းက စကားစကို ပြန်ဆက်ပြောသည်။

"အဲဒါနဲ့ နောက် အဲဒီလူ လမ်းမှာ ကျွန်တော့်ကိုတွေ့ရင် မတောင်းရဲတော့ဘူး"

"အင်းပေါ့...၊ အခုလည်း ကိုနေဒွန်းကိုတွေ့လို့ လာမတောင်းတာဖြစ်မယ်"

"အစစ်ပေါ့ဗျာ"

ရယ်ဖြစ်ကြပြန်သည်။

MCMBOOKSHELF

ရဲအောင်က အရယ်တစ်ဝက်ဖြင့် ပြောသည်။

"မင်းရဲ့ အကြားအမြင်က ဒီလိုကိုး..."

"အောင်မာ... ပော့ကောင်၊ ဒီထက်ပိုပြီး အကြားအမြင်ရတာတစ်ခု ပြောဦးမယ်"

"ဘာလဲ..."

"မင်းဆီက ချေးတဲ့ငွေနှစ်ထောင်ကို နီကိုရဲ လာပြန်ဆပ်သွားပြီ မဟုတ်လား"

ရဲအောင်က ကမန်းကတမ်း ထောက်ခံသည်။

"အာ... အေး ဟုတ်တယ်၊ မနက်ကပဲ လာပြန်ပေးသွားတယ်၊ မင်းက ဘယ်လိုလုပ် သိလဲ..."

"ဟဲဟဲ... အကြားအမြင်လေ"

"အကောင်းပြောစမ်းပါကွ၊ ငါ တကယ်မေးနေတာ"

"မင်းက အဲဒီပိုက်ဆံ ပြန်လိုချင်နေပြီ မဟုတ်လား"

"ဟာ... ကိုယ့်ငွေ ကိုယ်ပြန်လိုချင်တာပေါ့၊ အားနာလို့ သူ့ဘာသာ ပြန်လာပေးတာကို စောင့်နေတာ"

"အေး... ဟိုတစ်နေ့က ငါ ဒင်းကိုတွေ့တယ်၊ ရှုတင်က ပြန်လာတာတဲ့..."

"အင်း..."

"အဲဒီမှာ ငါက ပြောလိုက်တယ်၊ ခင်ဗျား ရဲအောင်ဆီက ငွေခြောက်ထောင် ချေးထားတာ ပြန်ပေးလိုက်ဦးလေလို့..."

"နှစ်ထောင်ပါကွ"

"ငါသိပါတယ်...၊ တမင်ပြောလိုက်တာ၊ နီကိုရဲကလည်း မင်းလိုပဲ ပြန်ပြောတယ်၊ ဟာ... ခြောက်ထောင် မဟုတ်ပါဘူးဗျာ၊ နှစ်ထောင်တည်းပါ၊ နက်ဖြန်ဝင်ပေးလိုက်မယ်လို့ ပြာပြာသလဲ ပြောသွားတယ်လေ"

ရဲအောင်က တဟဲဟဲရယ်သည်။

"လက်စသတ်တော့ ဒီငွေတွေ ငါပြန်ရတာ မင်းကြောင့်ကိုး၊ လန့်ဖျန့်ပြီး သူ လာပြန်ပေးတာပေါ့"

"ငါဘက်က ကြည့်တော့လည်း ဒီငွေတွေ မင်းပြန်ရမှ ဖြစ်မယ်လေ၊ ဒီဝိုင်းကို မင်းရှင်းရမှာ မဟုတ်လား"

ရယ်သံများ စီညံထွက်သွားပြန်သည်။ လင်းလင်းက...

"ကိုနေဒွန်းက တော်တော် ပျော်တတ်တာပဲ"

"ဟာ ဒီကောင်က အလကားနေရင်းကို ပျော်နေတဲ့အကောင် မခင့်ကို သူနဲ့သာ တွဲပေးလိုက်... ရောဂါမေ့သွားလိမ့်မယ်"

"အင်း... အဟုတ်ပဲ၊ တကယ်မေ့သွားလောက်တယ်၊ ကဲ... ကိုနေဒွန်း..."

"ခင်ဗျ..."

"ကျွန်မရဲ့ သူငယ်ချင်း ခင့်ကို ရှင့်ဘက်က အပျော်လက်ဆောင် မမျှနိုင်ဘူးလား"

"သီချင်းထဲကအတိုင်းပေါ့...၊ ပေးချင်ပေမယ့်လည်း ယူသူရှိမှ ပေးဖြစ်မယ်လေ"

*****

MCMBOOKSHELF

လေတွေက ဂူးဂူးဝါးဝါး
အော်ဟစ်တိုက်ခတ်နေတယ်။
မိုးပေါ်မှာလည်း
ငှက်တွေက အတောင်ပံတွေနဲ့ လျှော်ခတ်ကြ။
ပန်းဆိုတာကတော့...
သနပ်ခါးလိမ်းထားတဲ့ မြက်ပင်လှလှလေးတွေပေါ့...။

MCMBOOKSHELF

"အဲဒါဆို ဘာဝယ်ပေးရင် ကောင်းမလဲ..."

"မသိဘူးလေ...၊ နင် ဘာစဉ်းစားထားလဲ"

"ဟင့်အင်း...၊ ငါက ဘာမှ မစဉ်းစားထားဘူး၊ အချိန်တန်ရင် နင် ကြည့်ဝယ်လိုက်မှာပဲဆိုပြီး အေးအေးဆေးဆေး နေနေတာ"

"ကောင်းရော...၊ ငါကလည်း ဘာမှ စဉ်းစားထားတာ မဟုတ်ဘူး"

လင်းလင်းက စိတ်ရှုပ်ပြီး နားသယ်စပ်ကို လက်ဖျားကလေးနှင့် ကုတ်သည်။ သူ့ကိုကြည့်ပြီး ခဂ္ဂါ ရယ်နေလိုက်၏။ လင်းလင်းက ခဂ္ဂါကို မျက်စောင်းလှဲ့လှဲ့ထိုးသည်။ ပြီး... ဝယ်သင့်သည့်ပစ္စည်းများကို မျက်လုံးကလေး ပေကလပ် ပေကလပ်ဖြင့် စဉ်းစားနေသည်။

ထိုအခိုက်မှာပင်...

"ခဂ္ဂါရေ... ငါလာပြီဟေ့"

အော်သံနှင့်အတူ အိမ်ထဲသို့ နေဒွန်း ဝင်လာသည်။ ဘာရယ်မဟုတ်ဘဲ ခဂ္ဂါ ပျော်သွားသည်။

"ဩော်... လင်းလင်းပါ ရောက်နေတာကိုး"

"အေး...၊ ငါ မနက်ကတည်းက ရောက်နေတာ"

နေဒွန်းက ခဂ္ဂါနှင့် လင်းလင်းတို့၏ အသွင်အပြင်ကို ကြည့်ပြီး...

"ငါက အခုမှရောက်တာ... နင်တို့က ဘယ်သွားကြမလို့တုန်း"

"အပြင်..."

"အေးလေ...၊ ဒီလို ပြင်ဆင်ထားပုံနဲ့ နင်တို့ အထဲသွားမှာ မဟုတ်ဘူးဆိုတာ ငါသိပါတယ်၊ ဘယ်အပြင်လဲ..."

ခဂ္ဂါ ပြုံးမိ၏။

လင်းလင်းက ပြန်ပြောသည်။

"သူငယ်ချင်းတစ်ယောက်ရဲ့ မွေးနေ့ပွဲကို..."

"ဩော်... အေးအေး၊ ဘယ်တော့သွားကြမှာလဲ၊ အခု ထွက်မှာလား..."

"မဟုတ်ဘူးဟ၊ ဒီမှာ သူ့အတွက် မွေးနေ့လက်ဆောင် ဘာဝယ်ပေးရရင် ကောင်းမလဲလို့ ငါတို့ စဉ်းစားနေတာ..."

"လက်ဆောင်က မဝယ်ရသေးဘူးလား..."

"အေး၊ အသွားကျမှ တစ်ခါတည်း ဝယ်သွားမလားလို့"

ခဂ္ဂါက လင်းလင်းကို တစ်ချက်ကြည့်ပြီး နေဒွန်းဘက်လှည့်ပြောလိုက်သည်။

"နင်လည်း ကူစဉ်းစားစမ်းပါဦး နေဒွန်းရယ်...၊ ငါတို့ ဘာလက်ဆောင်ဝယ်ပေးရင် ကောင်းမလဲလို့"

"အင်း..."

နေဒွန်း တစ်ချက်တွေသွားသည်။ ခုံပေါ်မှာ ခပ်လျော့လျော့ထိုင်ရင်း စဉ်းစား၏။

ခုတော့လည်း သူတို့တွေ အရင်းနှီးကြီး ရင်းနှီးခဲ့ကြပြီ။ ရှင်တွေ၊ ကျွန်မတွေ၊ ခင်ဗျားတွေ၊ ကျွန်တော်တွေ လုပ်မနေတော့။ နင်နဲ့ ငါနဲ့ပဲ ပြောကုန်ကြပြီ။

ခဏကြာမှ နေခွန်းက...

"နင်တို့ရဲ့ မွေးနေ့ရှင်သူငယ်ချင်းက မိန်းကလေး မဟုတ်လား..."

"အေး...၊ နင်နဲ့တော့ သိမှာ မဟုတ်ဘူး၊ အဲလစ်သဇင်... တဲ့"

နေခွန်းက သိသလို ပြန်မေးသည်။

"အဲဒီကောင်မလေးက နင်တို့နဲ့ ရွယ်တူပဲလား"

ခဂ္ဂါနှင့် လင်းလင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။

ပြီးမှ လင်းလင်းကပဲ...

"အမှန်တော့ ငါတို့ထက် နည်းနည်းငယ်တယ်ဟ၊ ဒါပေမဲ့ ရွယ်တူလို့ ပြောရင် ရပါတယ်"

"ဖြူဖြူချောချော ပော့ရှော့လေး မဟုတ်လား..."

ခဂ္ဂါ ဇဝေဇဝါ ဖြစ်လာသည်။ နေခွန်းက သိနေနှင့်ရော့သလား...။

"အေး...၊ နင် သိလို့လား"

"မသိပါဘူး...၊ ငါက အကြားအမြင်နဲ့ ပြောနေတာ"

"လာပြန်ပြီ..."

လင်းလင်းက မျက်စောင်းနှင့်အတူ ဝင်ပြော၍ ရယ်ကြရသေး၏။ ရယ်သံများဆုံးမှ...

"အောင်မယ် ငါထပ်ပြောလိုက်ဦးမယ်၊ အဲဒီကောင်မလေးက စကားပြောရင် ဟိုလေ 'ဘယ်လိုပြောရမလဲ မသိဘူး' ဆိုတာမျိုး ခဏခဏ ထည့်ထည့်ပြောတယ် မဟုတ်လား"

ခဂ္ဂါတို့ မျက်လုံးပြူးကြရပြန်သည်။

"အေး...၊ ဟုတ်တယ် ပြောတယ်"

နေခွန်းက တဟဲဟဲ ရယ်ပြန်သည်။

လင်းလင်းက ခပ်မဲ့မဲ့ ဝင်ပြော၏။

"နင့်အကြားအမြင်ကလဲ တယ်ဟုတ်ပါလား"

"ဘာမှ မခက်ပါဘူးဟ၊ ခုခေတ် မိန်းကလေးတော်တော်များများက စကားပြောရင် အဲလို ပြောနေကြတာပဲ ငါ နားကြားပြင်း ကပ်တယ်"

"အောင်မာ...၊ နင်က ဘာကိစ္စ နားကြားပြင်းကပ်တာလဲ"

နေခွန်းက ခုံပေါ်မှာ သူ့ကိုယ်ကို ပြင်ထိုင်၏။

ခဂ္ဂါကို တစ်ချက်ခိုးကြည့်ပြီးမှ လင်းလင်းကို ဆက်ပြောသည်။

"ဒီလိုရှိတယ်ဟ...၊ မြန်မာစကားက အလွန်ကျယ်ဝန်းတယ်"

ထိုသို့ပြောလိုက်သဖြင့် လင်းလင်းက မျက်စောင်းထိုးသည်။ ခဂ္ဂါက နံဘေးမှ ပြုံးမိ၏။

"မဟုတ်ပါဘူး...၊ ဓာတ်ပုံအကြောင်း ပြောမလို့ မဟုတ်ပါဘူး...၊ အကောင်းပြောမလို့ပါ"

သူ ထပ်ဖြေရှင်းကာမှ ခဂ္ဂါက ရယ်မိတော့၏။

နေခွန်းကတော့ ခပ်တည်တည်ပဲ ဖြစ်သည်။

MCMBOOKSHELF

"ငါ နင်တို့ကို ဥပမာ ဖြစ်ရပ်လေးတစ်ခု ပြောပြမယ်"

"အောင်မယ်...၊ ဆိုစမ်းပါဦး"

"အင်္ဂလိပ်ခေတ်တုန်းကပေါ့ဟာ..."

"အင်း..."

"လမ်းဘေးဈေးသည်တစ်ယောက်ကို အင်္ဂလိပ်အရာရှိကြီးတစ်ယောက်က မေးတယ်...၊ မောင်မင်း ဘာရောင်းတာလဲတဲ့"

"အဲဒီတော့..."

"အဲဒီတော့ ဈေးသည်ကြီးက ပြန်ဖြေတယ်၊ 'တို့ထိ တို့ထိ' ပါပဲတဲ့..."

"အင်း..."

"အဲဒီ 'တို့ထိ တို့ထိ' ဆိုတာကို အင်္ဂလိပ်ကြီးက မသိဘူး၊ ထပ်မေးတယ်၊ 'တို့ထိ တို့ထိ' ဆိုတာ ဘာလဲတဲ့"

"အင်း..."

"ဈေးသည်ကြီးက ပြန်ဖြေတယ်၊ 'တို့ထိ တို့ထိ' ဆိုတာ 'ပြုတ်စပြင်းတောင်း' ကို ခေါ်တာပါတဲ့"

"ပိုဆိုးသွားမှာပေါ့"

"အေးပေါ့ ပိုဆိုးသွားတာပေါ့...၊ အင်္ဂလိပ်ကြီးက နားပိုဝေးသွားတယ်၊ ထပ်မေးပြန်ရော၊ 'ပြုတ်စပြင်းတောင်း' ဆိုတာက ဘာတုန်းတဲ့..."

"အဲဒီတော့..."

"အဲဒီတော့ ဈေးသည်ကြီးက ဖြေရှင်းတယ်၊ 'ရောကောသောကော' ကို ဆိုလိုတာပါတဲ့..."

"သေပြီ..."

"အင်း... ဟုတ်တယ်၊ အင်္ဂလိပ်ကြီး စိတ်ညစ်သွားပြန်ရော၊ 'ရောကောသောကော' ကို ရှင်းအောင် ပြောပါလို့တောင် ဆိုတယ်"

"ဈေးသည်ကြီးက ဘယ်လိုရှင်းလဲ..."

" 'ရောကောသောကော' ဆိုတာ 'ထွေလီကာလီ' စုံနေတာကို ပြောတာပါတဲ့..."

သူ့ပုံပြင်လေး ဆုံးမဆုံး မသိပါ။ ခင့်ဂါနှင့် လင်းလင်းတို့ ရယ်မိကြတော့၏။ နေဒွန်းက လိုက်မရယ်ဘဲ သူတို့ကို ပြုံးပြုံးကြီးကြည့်နေသည်။

"အဲဒီတော့ ပုံပြင်ကို ထားလိုက်ပါတော့၊ ငါပြောချင်တာက မြန်မာစကားဟာ အင်မတန် ကျယ်ဝန်းတယ်ဟ..."

"အဲဒါ... ဘာဖြစ်လဲ"

"အဲလိုကျယ်ဝန်းတဲ့ မြန်မာစကားမှာမှ ပြောစရာစကားလုံး မရှိသလို လုပ်နေတဲ့ ကောင်မလေးတွေကို ငါ ကြည့်မရဘူး"

"ဩော်... သူတို့ကလည်း ဘာရယ်မဟုတ်ပါဘူးဟာ..."

"ဘာရယ်ဟုတ်ဟုတ်၊ မဟုတ်ဟုတ် အဲလို ကောင်မလေးမျိုး ဆိုရင်တော့ လက်ဆောင် ဝယ်ပေးသင့်တဲ့ ပစ္စည်း ရှိတယ်...၊ ငါ စဉ်းစားလို့ ရပြီ"

MCMBOOKSHELF

ခဂ္ဂါတို့ စိတ်ဝင်စားသွားကြသည်။ နားရွက်ကလေးတွေ ကိုယ်စီထောင်ပြီး ပြိုင်တူ မေးလိုက်မိကြသည်။

"ဘာဝယ်ရမလဲ..."

နေဒွန်းက ဆရာကြီး ပုံစံ တမင်ဖမ်းပြီး...

"ငါက စေတနာနဲ့ပါ"

"အေးပါ..."

"မြန်မာစာပေ ကျယ်ပြန့် မြင့်မားစေချင်လို့ရော၊ သူပြောချင်တာကို ရှင်းရှင်းလင်းလင်း ပြောတတ်အောင်ရော ကူညီရာရောက်အောင်ပါ..."

ခဂ္ဂါက မျက်ခုံးကို အတွန့်ချိုးပြီး လိုရင်းကို ဝင်မေးလိုက်သည်။

"လေရှည်လိုက်တာဟာ...၊ ပြောမှာပြော"

နေဒွန်းက တဟဲဟဲရယ်ပြီး...

"နင်တို့ သူ့ကို မွေးနေ့လက်ဆောင်အဖြစ်..."

ဆက်မပြောဘဲ ရပ်နေသဖြင့် စိတ်တိုပြီး ငေါက်ငမ်းရပြန်၏။

"ပြောလေဟာ... အချိန်မရှိဘူး"

"မြန်မာဝေါဟာရ အဘိဓာန်တစ်အုပ်ရယ်၊ လျှာပွတ်ဆေး တစ်ပုလင်းရယ် ဝယ်ပေးသင့်တယ်"

"ဗုဒ္ဓေါ..."

"အဲဒါမှ 'ဟိုလေ... ဘယ်လိုပြောရမလဲ မသိဘူး' ကနေပြီး 'ဒီလိုလေ... ဘယ်လိုပြောရမလဲဆိုတော့' အဆင့်ကို ကူးပြောင်းရောက်ရှိသွားလိမ့်မယ်၊ သူ့ဘဝ အဆင်ပြေသွားလိမ့်မယ်"

ခဂ္ဂါတို့နှစ်ယောက် မျက်မှောင်ကြုတ် စဉ်းစားနေရသေး၏။ ပြီးမှ...

"သွား..."

တစ်ပြိုင်တည်း အော်ထုတ်လိုက်ကြသည်။

နေဒွန်းက သူတို့ အော်ထုတ်လိုက်သော အသံလှိုင်းကြောင့် မူးမိုက်ယိမ်းထိုးသွားဟန် လုပ်ပြရင်း...

"ငါက စေတနာနဲ့..."

သူ့စကား မဆုံးလိုက်... ခဂ္ဂါက...

"ဘာစေတနာနဲ့လဲ...၊ အဲဒါသာ သွားပေးရင် သဇင်က ငါ့ကို လျှာပွတ်ဆေးပုလင်းနဲ့ ကောက်ပေါက်လိမ့်မယ်"

လင်းလင်းကလည်း ရှေ့ရေးကို ပူပန်၏။ ခဂ္ဂါ၏ စကားကိုထောက်ခံကာ...

"အေးလေ...၊ ငါ့ကိုလည်း အဲဒီ အဘိဓာန်နဲ့ လိုက်ထုလိမ့်မယ်"

"ဟဲဟဲ... ဟဲဟဲ"

"ကဲ... သွားစရာရှိ သွားကြရအောင် လင်းလင်းရယ်...၊ တော်ကြာ နောက်ကျလိမ့်မယ်"

"အေး... သွားကြစို့၊ နေပါဦး နေဒွန်းကို ခေါ်သွားမလို့လား..."

ထိုစကားကြောင့် ခဂ္ဂါ ကြောင်စီစီလေး ဖြစ်သွားသည်။ နေဒွန်းကို မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ် လုပ်ရင်း ကြည့်၏။

MCMBOOKSHELF

"အေး... နင်လိုက်မလို့လား"

"မလိုက်ပါဘူး...၊ ငါနဲ့မှ မသိတာ၊ ကားကြုံတော့ လိုက်မယ်၊ ရှေ့မှာ ကားထုတ်ထားတာတွေ့တယ်၊ နင် မောင်းမလို့လား ခက္ခ..."

"အေး...၊ ငါမောင်းမှာ လိုက်ခဲ့လေ၊ နင်က ဘယ်နားမှာ ဆင်းမှာလဲ၊ ငါတို့ ဘယ်သွားမယ်မှန်း မသိပဲနဲ့"

"အေးလေ..."

နေဒွန်းက ခပ်မာမာပဲ ဖြစ်၏။

"ငါ့ဘာသာ ဘယ်မှာဆင်းဆင်း၊ နင်တို့အပူ မပါဘူး၊ နင်တို့က မွေးနေ့လက်ဆောင် လမ်းမှာ ဝယ်ရဦးမှာ မဟုတ်လား၊ ဆင်းစရာနေရာ အများကြီးပါ"

"ကဲ... ဒါဖြင့်လည်းလာ သွားကြမယ်"

ခက္ခါတို့ ကားလေးဖြင့် မြို့ထဲဘက်ကို ဦးတည်ထွက်ခဲ့ကြသည်။

နေဒွန်းက နောက်ခန်းမှာ တစ်ယောက်တည်း ထိုင်၏။ နောက်ကြည့်မှန်ထဲမှ မြင်ရသော ခက္ခါ၏မျက်နှာလေးကို ခိုးခိုးကြည့်သည်။ ခက္ခါက မသိချင်ယောင်ဆောင်သည်။ ထို့ကြောင့် သိသည်...။

လင်းလင်းကတော့ စီလိုင်းဒီယွန်၏သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး ညည်းရင်း လိုက်ပါလာသည်။ ရုံးပိတ်ရက်ဖြစ်၍ လမ်းပေါ်မှာ ကားအသွားအလာ ရှင်း၏။ နေ့လည်ခင်းသည် နွေးရှင်း ရှုတနေသည်။

လေအတိုးမှာ ခက္ခါ၏ဆံနွယ်မျှင်များ လူးလွန့်လွင့်မျောနေတာကို နေဒွန်း တစိမ့်စိမ့် ရင်ခုန်နေပုံရ၏။ ခက္ခါ မသိချင်ယောင်ဆောင် နေလိုက်သည်။

ထို့ကြောင့် သိသည်...။

တစ်နေရာမှာ ခက္ခါက ကားကို အရှိန်လျှော့ရင်း...

"လင်းလင်း..."

"ဟင်..."

"ညာဘက်က အင်္ကျီအညိုနဲ့ကောင်ကို ကြည့်..."

ကားလမ်းဘေးမှ လမ်းလျှောက်သွားနေသည့် လူငယ်တစ်ယောက်ကို ညွှန်ပြခြင်းဖြစ်သည်။ လင်းလင်းက ငဲ့စောင်းကြည့်ပြီး...

"အေး...၊ ဘာဖြစ်လို့တုန်း"

"မြင့်လွင်မိုးဆိုတာ သူလေ..."

"ဩော်..."

လင်းလင်းထံမှသာမဟုတ်၊ နေဒွန်းထံမှပါ အာမေဋိတ်သံ ထွက်လာသည်။

လင်းလင်းက...

"သူလား…၊ ငါ မမြင်ဖူးဘူး"

နေဒွန်းက…

"ဒီကောင်လား…၊ သိတာပေါ့"

ထိုစကားကြောင့် လင်းလင်းက နေဒွန်းကို လှည့်ကြည့်သလို၊ ခင်္ဂါကလည်း နောက်ကြည့်မှန်မှ တဆင့် နေဒွန်းဆီ အကြည့်ရွှေ့လိုက်သည်။

"ခဏနေဦး…၊ ပြီးမှ ဆက်ပြောမယ်၊ ရပ်… ရပ်"

ခင်္ဂါ အမှတ်တမဲ့ဖြစ်ပြီး ကားရပ်ပေးလိုက်မိစဉ်မှာ လင်းလင်းက ဖြတ်ခနဲ ဆင်းသွား၏။

"ဟဲ့… လင်းလင်း"

ခင်္ဂါ လှမ်းခေါ်သော်လည်း မမီလိုက်၊ လင်းလင်းက မြင့်လွင်မိုးနောက်သို့ ရောက်သွားပြီ။

"ဟိုလူ…"

မြင့်လွင်မိုး ကျောတုံ့ပြီး လန့်သွား၏။

"ကျွန်တော့်ကို ခေါ်တာလား…"

"ဟုတ်တယ်…၊ ရှင့်ကို"

မြင့်လွင်မိုးက နဝေတိမ်တောင်ဖြင့် ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်၏။ ပြီး…လင်းလင်းဘက်သို့ မျက်နှာပြန်မူ၏။

"ကျွန်တော့်ကိုခေါ်တာ ဘာကိစ္စရှိလို့လဲ…"

"မြင့်လွင်မိုးဆိုတာ 'ရှင်' မဟုတ်လား"

"ဗုဒ္ဓေါ…"

"ရှင်… ဟုတ်၊ မဟုတ် ပြောပါ"

"ကျွန်တော့်ဘာသာ အေးအေးဆေးဆေး လမ်းလျှောက်နေတာဗျာ၊ ခင်ဗျားနဲ့ ဘယ်လို ပတ်သက်နေတုန်း…"

"ရှင်… ကျွန်မ သူငယ်ချင်းကို ကွန်ပျူတာသင်တန်းက ပြန်လာတိုင်းမှာ လိုက်နှောင့်ယှက်တယ် ဆိုတာ ဟုတ်သလား…"

"ဩော်… အင်း… ကျွန်တော် မနှောင့်ယှက်ရပါဘူးဗျာ"

"ဘာ မနှောင့်ယှက်ရပါဘူးလဲ၊ သူ ကွန်ပျူတာသင်တန်းက ပြန်လာတိုင်း လိုက်လိုက် စကားပြောတယ်ဆိုတာ နှောင့်ယှက်တာပေါ့"

"အဲဒီလို မရည်ရွယ်ပါဘူးခင်ဗျာ…၊ ကျွန်တော် သူ့ကို မေတ္တာစစ်နဲ့ ချစ်တာပါ"

"အို… ဒီလိုပဲ ပြောကြတာပဲ"

"အပြောသက်သက် မဟုတ်ပါဘူးဗျာ၊ လက်တွေ့ပြဆိုလည်း ပြပါ့မယ်"

"အောင်မာ… ရာရာစစ၊ သူက ရှင့်ကို နည်းနည်းမှ ကြည့်လို့မရဘူး၊ နားလည်လား"

မြင့်လွင်မိုးက သက်ပြင်းကြီးချပြီး ခေါင်းကိုခါ၏။

ကားထဲမှ တစေ့တစောင်း အကဲခတ်နေသော နေဒွန်းက တခိခိရယ်၏။ ခင့်ဂျ်က လှည့်မေးလိုက်သည်။

"ဘာရယ်တာလဲ..."

"ငါနဲ့ ပြောခဲ့တဲ့အတိုင်းပဲ တစ်ထေရာတည်းပဲ... ခိခိ"

ခဂ္ဂါ ပြုံးမိ၏။

"မြင့်လွင်မိုးပြောခဲ့တဲ့ စကားတွေကို နင်က ကြိုပြောခဲ့တယ်ပေ့ါ"

"အေး...၊ ငါက အကြားအမြင်ရနေတဲ့ဟာပဲ၊ ဟဲဟဲ..."

ခဂ္ဂါပင် ရယ်ချင်လာသည်။

"အေး...၊ အဲဒါဆိုရင်တော့ လင်းလင်းကလည်း တွေးမိမှာပဲ၊ ဟိုကောင့်ကို ပြောနေရင်းက စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေလိမ့်မယ်၊ ခစ်ခစ်... ရယ်ရတယ်"

ထိုနေရာမှာပဲ ကားကို ခဏရပ်ထားရ၏။ မြင့်လွင်မိုးကို စိတ်တိုင်းကျ ပြောပြီး လင်းလင်း ကားပေါ်ပြန်တက်လာမှပဲ ခဂ္ဂါ ပြုံးထေ့ထေ့ဖြင့် မောင်းထွက်လိုက်၏။

ကားက သူ့ဘေးမှအဖြတ် မြင့်လွင်မိုးက ကားထဲသို့ စောင်းငဲ့ကြည့်သည်။

နေဒွန်းက အပြင်သို့ ခေါင်းပြူလိုက်ရင်း...

"ဟေ့ကောင်... မီးဖိုချောင် ငါနဲ့ မပတ်သက်ဘူးနော်"

ခဂ္ဂါက ကားကို အရှိန်မြှင့်ပြီး ဝူးခနဲ မောင်းထွက်လိုက်၏။ လင်းလင်း၏မျက်နှာက အရှိန်မသေသေးပဲ မှုန်တေတေ ဖြစ်နေ၏။

"လင်းလင်း..."

နေဒွန်း နောက်မှ လှမ်းခေါ်ခြင်းဖြစ်သည်။

"ဘာလဲ"

"ဘယ်လိုလဲ... အဆင်ပြေရဲ့လား"

"မပြေလို့ ရမလား၊ ဒါပေမဲ့ အဲဒီမသာပြောတာတွေက နင်ပြောထားတဲ့ အတိုင်းတွေချည်း ဖြစ်နေတယ်"

သူ့စကားကြောင့် ခဂ္ဂါနှင့် နေဒွန်းတို့ ရယ်မိကြ၏။ လင်းလင်းကပါ လိုက်ရယ်သည်။ ရယ်သံအဆုံးမှာ စကားမပြောဖြစ်ဘဲ ခဏတိတ်ဆိတ်သွားကြ၏။ ပြီးမှ ခဂ္ဂါက...

"နေဒွန်း"

"ဟေ..."

"နင်က ဒီကောင့်ကို သိလား"

"အာ... သိတာပေ့ါ၊ မြင့်လွင်မိုးဆိုလို့ ကြောင်နေတာ၊ ငါတို့က ဒီကောင့်ကို မီးဖိုချောင်လို့ပဲ ခေါ်တယ်"

"ဘာဖြစ်လို့လဲ၊ ခုနကလည်း နင် သူ့ကို အဲဒီလို နှုတ်ဆက်လိုက်တာ ကြားတယ်"

"မြင့်လွင်မိုးဆိုတာ သူ့နာမည် အမှန်ဖြစ်မှာပေါ့ဟာ၊ ငါက သူ့ရဲ့ အိမ်ခေါ်နာမည်အတိုင်း မီးဖိုချောင်လို့ ခေါ်တာ..."

"သူ့အိမ်နာမည်က မီးဖိုချောင်တဲ့လား...၊ ပေါက်ပေါက်ရှာရှာ"

နေဒွန်းက တဟဲဟဲ ရယ်ပြန်သည်။

"သူ့အိမ်က လူကြီးတွေက သူ့ကိုအိမ်မှာ မောင်ဘိုကြီး ခေါ်တယ်၊ အဲဒါကြောင့် ငါတို့က စကားလိမ်နဲ့ လှမ်းပြီး မီးဖိုချောင် လို့ ခေါ်တာ"

သဘောကျမိသဖြင့် ခဂ္ဂါရော၊ လင်းလင်းရော ရယ်ကြရသည်။

"နင်နဲ့ သူနဲ့က သိတာ ကြာပြီလား"

"ကြာပြီပေါ့ဟ...၊ ဆယ်တန်းဖြေကတည်းက ကျူရှင်အတူတူ"

"ဒါဆို... နင်တို့ချင်း ရင်းနှီးကြတယ်ပေါ့..."

"ရင်းနှီးပါတယ်၊ ဒါပေမဲ့ မတွဲဘူး... ငါက ဒီကောင်ကို သိပ်သဘောမကျဘူး"

ခဂ္ဂါက ဟက်ခနဲ တစ်ချက်ရယ်သည်။

"ဘာဖြစ်လို့လဲ..."

"ဟာ... ငါ ဒီကောင့်ကို မကြိုက်ဘူး၊ ဒီကောင်က လူ့အံစာတုံးဟ"

"ဘာပြောတယ်...၊ လူ့အံစာတုံး... ဟုတ်လား"

လင်းလင်းက ဝင်ပြောသည်။

"လူ့ဂွစာတို့၊ လူ့ပေသီးတို့၊ လူ့ငနွားတို့၊ လူ့ပေါက်ပန်းတို့ပဲ ကြားဖူးပါတယ်ဟာ၊ လူ့အံစာတုံးလို့ မကြားဖူးပါဘူး"

နေဒွန်းက လင်းလင်းကို လက်သီးနှင့် လက်ဝါးအုပ်ပြီး အရိုအသေပြု၏။ နှုတ်မှလည်း...

"ဝေါမိတော်ဖော်" ဟု ရေရွတ်၏။ ပြီး တစ်ဆက်တည်းဆက်ပြောသည်။

"ဒီလောက်ကြားဖူးထားတယ်ဆိုရင် မဆိုးဘူး၊ နင့် မြန်မာစာက အတော်ကျယ်ဝန်းတာပဲ"

ခဂ္ဂါတို့ ရယ်ကြပြန်သည်။ နေဒွန်းဆိုသည့်ကောင်နှင့် ဆက်ဆံရသည်က အပျင်းတော့ ပြေလေသည်။ ဘာမှန်းကို မသိ။ အတူးအဆန်းတွေချည်း ကြားနေရ၏။

ခဂ္ဂါက စကားလမ်းကြောင်းကို ပြန်တည့်ပေးရ၏။

"ကဲ... ထားလိုက်ပါတော့၊ ခုနကစကားကို ဆက်ပါဦး၊ လူ့အံစာတုံးဆိုတာက ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ"

"ဒီကောင်က ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် တွဲတယ်ဟ..."

"အင်း... အဲဒါဘာဖြစ်လဲ"

"မျက်နှာအရမ်းများတယ်၊ အဲဒါကြောင့် လူ့အံစာတုံးလို့ခေါ်တာ... အံစာတုံးမှာ မျက်နှာခြောက်ဘက် ရှိတယ်လေ..."

လင်းလင်းက တဝါးဝါး ထရယ်၏။ ခဂ္ဂါကတော့ စိတ်မသက်မသာနှင့်ပင် ပြုံးနေမိသည်။ လင်းလင်းက အရယ်တစ်ဝက်နှင့် မေးသည်။

"ဒဿဂီရိလို မျက်နှာများတယ်ပေ့ါ… ဟုတ်လား"

"အင်း… များတယ်၊ ဒါပေမဲ့ ဒီကောင်က လူ့အံ့စာတုံးဆိုတော့ ဒဿဂီရိ မဟုတ်ဘူး…၊ ဆဋဂီရိ"

လင်းလင်းက တခစ်ခစ် ရယ်ပြန်သည်။ ပြီး…

"ဒါနဲ့… ခု သူက ဘယ်ကို သွားမလို့တုန်း"

"ဟ… ဒါတော့ ငါ ဘယ်သိမလဲဟ"

လင်းလင်းက ပုခုံးတွန့်ပြ၏။

"ဒါနဲ့များနင်က အကြားအမြင် ရတယ်ဆို"

နေဒွန်းက ခေါင်းတစ်ချက် ညိတ်၏။

"ဩော်… ဂလိုမေးတာလား"

"အေး… ဂလိုမေးတာပေ့ါ"

"ငါ့ အကြားအမြင်အရ ပြောရရင်တော့ ဒီကောင် နွာခေါင်းဦးတည်ရာအရပ်ကို သွားတာဖြစ်မယ်"

"ဟယ်… လုပ်ပြန်ပြီ၊ ခြေဦးတည့်ရာပဲ ကြားဖူးပါတယ်ဟာ"

"ဒီကောင်က နွာဘူးဟ…၊ ခြေဦးတည့်ရာ မသွားဘူး၊ နွာခေါင်းဦးတည့်ရာကို သွားတာ…"

ပြီး တစ်ဆက်တည်း ခင္ဂါကိုလည်း ပြောလိုက်သေး၏။

"ခင္ဂါ"

"ဘာလဲ…"

"နင်… အဲဒီကောင်ကိုတော့ ပြန်မကြိုက်လိုက်နဲ့နော်"

"အို… ဝေးသေး၊ ဘာလို့ ကြိုက်ရမှာလဲ"

"ငါက နင့်အတွက် ပြောတာပါ၊ ဒီကောင်က ကျောထောက်နောက်ခံ တောင့်တယ်၊ ဒါပေမဲ့ သူ့ကိုယ်၌က မကောင်းဘူး၊ အဲဒါကြောင့် ငါက သဘောမတူချင်တာ၊ **ဟင်း ကောင်းလို့ကတော့ စလောင်းနဲ့ပဲ ထည့်လာ ထည့်လာ** ငါက ဘာမှမပြောဘူး…"

နေဒွန်း၏ အသုံးအနှုန်းက ကြားရတာ နားထဲမှာ ဆန်းလေသည်။

လင်းလင်းက…

"အေး… ဟင်းကောင်းကို စလောင်းနဲ့ ထည့်မလာပဲ ဇလားနဲ့ ထည့်ယူလာရင်ကော…"

"နင့်ကို လာကျွေးလိုက်မှာပေ့ါ"

"သူတောင်းစား…"

သူတို့၏ အငြင်းအခုန်ကြားမှာ ခင္ဂါ ပြုံး၍သာနေလိုက်သည်။ ပြီးမှ တစ်ခွန်းပြောလိုက်၏။

"ကျန်တာတွေ ဖယ်ထားပါဟယ်…၊ ငါ သူ့ကို နည်းနည်းမှ လက်မခံနိုင်တဲ့အချက်တွေထဲမှာ သူ့ရဲ့ ခေါင်းလိမ်းဆီတွေလည်း ပါတယ်၊ ငါ့နားကပ်လာရင် အဲဒီ အနံ့ကို ငါ မခံနိုင်ဘူး"

မီးပွိုင့်မှာ ကားကို ခဏရပ်နေရ၏။ နေဒွန်းက…

"အေး… အကြားအမြင်အရ ငါ တစ်ခု ကြိုဟောလိုက်ဦးမယ်၊ မကြာတော့မယ့် ရက်ပိုင်းအတွင်းမှာ ဒီကောင် ကတုံးဖြစ်လိမ့်မယ်"

"ဘာလဲ…၊ ဒုလ္လဘ ဝတ်မလို့လား"

MCMBOOKSHELF

"မဟုတ်ပါဘူး..."

"ဒါဖြင့်... ဘာဖြစ်လို့လဲ"

"ဟဲဟဲ... စောင့်ကြည့်ပေါ့ဟာ"

ထိုအခိုက်မှာ မီးပွိုင့်က မီးပြန်စိမ်းပြီဖြစ်၏။ ခဂ္ဂါတို့၏ ကားက မထွက်ဖြစ်သေး။

"တီ... တီ... တီ..."

"ပေါ်... ပေါ်... ပေါ်..."

နောက်ကားများကတီးသည့် ဟွန်းသံတို့ ဆူညံထွက်ပေါ် လာသည်။ ခဏကြာမှ ခဂ္ဂါ၏ကားက ဝူးခနဲ စထွက်၏။

လင်းလင်းက...

"ဘာဖြစ်လို့လဲ ခဂ္ဂါ"

"မဟုတ်ဘူးဟ... ဘာမှမဖြစ်ပါဘူး၊ ကားကို ဘယ်လိုမောင်းရမလဲဆိုတာ ငါ ခဏကလေး မေ့သွားလို့"

"ဗုဒ္ဓေါ..." ဟု နေဒွန်း မရေရွတ်ပါ။ လင်းလင်းနှင့်သာ မျက်လုံးချင်းဆုံမိ၏။ တိတ်ဆိတ်သွားသည်။ နေဒွန်း သက်ပြင်းချဖြစ်သည်။

*****

MCMBOOKSHELF

ထိုသို့ပင်
သူတို့တွေ...
သိကျွမ်းခဲ့ကြခြင်းဖြစ်သည်။

MCMBOOKSHELF

ထိုနောက်မှာတော့ ………………………………………

………………………………………

………………………………………

*နီးလျက်နဲ့ မဆုံဆည်းခြင်းဟာ...*
*အဝေးကြီး ဝေးနေခြင်းနဲ့*
*ဘာမှ မထူးခြားလှပါဘူး။*

MCMBOOKSHELF

ဧည့်ခန်းထဲမှာ တိတ်ဆိတ်နေကြသည်။

ခင့်ဂျိုကိုယ်တိုင်က ဘာမှ စ,မပြောသေး။ လင်းလင်းနှင့် ရဲအောင်ကလည်း အလိုက်သိစွာ တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေလိုက်ကြသည်။

ခင့်ဂျိုတို့၏ ဧည့်ခန်းထဲမှာပင်ဖြစ်သည်။ အတန်ကြာ ငြိမ်သက်နေကြပြီးမှ တိတ်ဆိတ်မှုကို ရဲအောင်က စတင်ဖြိုခွင်းလိုက်၏။

"တော်ကြာ...၊ နေဒွန်း ပေါက်ချလာမလား မသိဘူး"

ထိုစကားကြောင့် လင်းလင်းနှင့် ခင့်ဂျိုလည်း အိပ်ရာမှ လန့်နိုးလာသူများလို ဖြစ်သွားကြသည်။

"ဟုတ်တယ်...၊ ခင့်ဂျို သူမရှိတုန်း တို့ ပြောစရာရှိတာ ပြောကြရအောင်..."

"အေး... ဒီလိုဟ"

ခင့်ဂျိုက သူ့စကားကို စသည်။ တိုးသဲ့လွန်းသဖြင့် မနည်းပင် အားစိုက်နားထောင်ရ၏။

"ငါ့ အာရုံထဲမှာ လူသေအလောင်းတစ်လောင်းကို စမြင်တယ်...၊ ပထမတော့ ဝိုးတဝါးပဲ"

"အင်း..."

"အာရုံထဲမှာ ‌မျောနေတယ်...၊ မြုပ်သွားလိုက် ပြန်ပေါ်လာလိုက် ဖြစ်နေတယ်၊ ဘယ်သူ့အလောင်းလဲဆိုတာ သေသေချာချာ မမြင်ရသေးဘူး..."

"အင်း..."

"နောက်မှ အာရုံရုပ်က ငြိမ်လာတယ်၊ အလောင်းကို ပီပီပြင်ပြင် မြင်လာရတယ်"

"နေဒွန်း ဖြစ်နေတယ်လား..."

"အင်း..."

ထိုစကားလေးတစ်လုံးကို ခင့်ဂျိုက အတော်ပင် အားယူ ပြောလိုက်ရခြင်းဖြစ်၏။ ရှိုက်နစ်သံ ပါဝင်နေ၏။ လင်းလင်းနှင့် ရဲအောင်လည်း ခေတ္တ ငိုင်ကျသွားရသည်။

ထို့နောက်မှ လင်းလင်းက...

"ခင့်ဂျို..."

"ဟင်..."

"ပြောစရာရှိတာကို အကုန်ပြောရအောင်"

"အင်း..."

"ဒီတော့... ငါမေးမယ်၊ နင် တစ်ခုချင်း သေချာဖြေစမ်းပါ..."

"အင်း..."

"ဘယ်လိုပုံစံ သေနေတာလဲ"

"ငါ... မြင်သလို ပြောပြမယ်နော်"

"အင်း... ပြောသာပြော"

"နေဒွန်းက အညိုရောင်ကုတ်အင်္ကျီကြီးတစ်ထည် ဝတ်ထားတယ်"

"အင်း..."

"သူ့တစ်ကိုယ်လုံးလည်း ရေတွေ ရွှဲနစ်နေသလိုပဲ"

ရဲအောင်က ဖြတ်မေး၏။

"ရေနစ်သေတာများလား..."

"သူ့အလောင်းကို ငါတွေ့တာကတော့ ကုန်းမြေပေါ်မှာ လဲနေတာပါပဲ"

"အင်း... ဆက်ပြောပါဦး"

"မြက်တွေကြားထဲမှာ လဲနေတယ်"

"ပြီးတော့ရော..."

"သူ့ဘေးမှာ သစ်ပင်ကြီးတစ်ပင်လည်း ရှိတယ်"

"ဘာပင်လဲ..."

"ဟင့်အင်း... အဲဒါတော့ ငါမသိဘူး၊ သစ်ပင်ကြီးဆိုတာပဲ သိတယ်၊ အတော်ကြီးတယ်"

"မျက်နှာကို နင်သေချာမြင်ရလား"

ခင့်ဂါက နှုတ်ဖြင့်မဖြေပဲ ခေါင်းညိတ်ပြ၏။

"နေဒွန်းဆိုတာ သေချာလား..."

"အာ... ငါ... ထပ်မပြောချင်တော့ဘူးဟာ"

စကားဝိုင်းက ခေတ္တ တိတ်ဆိတ်သွားသည်။ ရဲအောင်က သက်ပြင်းရှည်ကြီးကို ချ၏။

လင်းလင်းက လက်ချောင်းကလေးများကို တဖျောက်ဖျောက် ချိုးနေသည်။ ခင့်ဂါက မျက်နှာမကောင်း။ မျက်လုံးထဲမှာ နာကျည်းကြေကွဲမှု အရိပ်အယောင်တွေ ထင်ဟပ်နေသည်။

ရဲအောင်က...

"ခင့်ဂါ..."

"ပြောလေ..."

"အဲဒီကိစ္စတွေက နင့်အာရုံထဲမှာ မြင်ပြီးရင် ဘယ်နှစ်ရက်လောက်အကြာမှာ တကယ်ဖြစ်လာတာလဲ"

"မသိဘူး..."

"ဟင်..."

"မသိဘူး...၊ ငါ မပြောတတ်ဘူး"

လင်းလင်းက ဝင်ဖြေ၏။

"အဲဒါက ပုံသေပြောလို့ မရဘူးဟ၊ အမျိုးမျိုးရှိတာပါပဲ၊ ဒါပေမဲ့..."

"ဒါပေမဲ့... ဘာဖြစ်လဲ"

"ဒါပေမဲ့ သိပ်တော့ မကြာလောက်တော့ဘူးပေ့ါဟာ၊ ခင့်ဂါ သုံးသပ်သလို ဒီရက်ပိုင်းအတွင်းမှာပါပဲ"

"ဒါဖြင့် ဒီရက်ပိုင်းအတွင်းမှာပဲ နေဒွန်းဟာ"

"ဟုတ်တယ်..."

MCMBOOKSHELF

စကားစ ပြတ်တောက်သွားကြပြန်၏။ အတန်ကြာမှ ရဲအောင်က ကုလားထိုင်လက်ရမ်းကို လက်ဝါးဖြင့် ဖြန်းကနဲရိုက်ပြီး...

"ကဲ..."

လင်းလင်းနှင့် ခင်္ဂါတို့၏ မျက်လုံးအစုံက သူ့အပေါ်သို့ ကျရောက်လာသည်။ ရဲအောင်က လက်ကိုမြှောက်ရမ်းလိုက်ပြီး ပြော၏။

"ဒါဖြင့် ငါတို့ ဘယ်လိုလုပ်ကြမလဲ..."

"စဉ်းစားကြလေ...၊ ဘာလုပ်လို့ရမလဲ"

ရဲအောင်က အံကြိတ်ထားရင်း စကားကို တစ်လုံးချင်း ပြောသည်။

"လင်းလင်း"

"ဟင်..."

"ငါ... တစ်ခုမေးမယ်၊ ဖြေစမ်းပါ"

"မေးလေ..."

"မသေအောင်ဆိုပြီး တားလို့ ရမလား"

"မလွယ်ဘူးထင်တယ်"

"ဆိုင်ကိုမေထရီ ဖြစ်နေတဲ့ လူတွေက အဲလို အာရုံနိမိတ်ဖြစ်လို့ရှိရင် အဲဒီလူတွေက သေတာပဲလား"

"အင်း... အဲဒီအတိုင်းပဲ ဖြစ်နေတတ်တယ်၊ အဲဒါကြောင့် ငါလည်း စိတ်ညစ်နေတာပေါ့ ရဲအောင်ရယ်"

"မဟုတ်သေးဘူးလေ..."

ရဲအောင်က ခေါင်းကို ခပ်လေးလေး ရမ်းခါနေသည်။ လင်းလင်းက သူ့ကို စူးစူးကြည့်ပြီး...

"နင်က ဘယ်လိုမြင်လို့လဲ"

"နင်ပဲ ပြောဖူးတယ်..."

"ဘာပါလိမ့်..."

"ပီတာဟားကို့စ်က ရှစ်ဆယ့်ငါးရာခိုင်နှုန်းပဲ မှန်တယ်ဆို၊ သူ့အာရုံနိမိတ်တွေက ရာနှုန်းပြည့် မမှန်ဘူးဆို..."

"အင်းလေ...၊ အဲဒါ ဘာဖြစ်လို့လဲ"

"အခု... ခင်္ဂါလည်း ပီတာဟားကို့စ်လိုပဲဆို"

"နင်ဆိုလိုချင်တာကို ငါ သဘောပေါက်ပါတယ်"

ရဲအောင်က ခင်္ဂါဘက်သို့ လှည့်ပြော၏။

"ခင်္ဂါ"

"ဟင်..."

"အခု အခြေအနေအတိုင်းဆိုရင် အကြမ်းဖျင်း တို့ တွက်လို့ရမှာက..."

"နေဒွန်းဟာ သေဖို့လမ်း (၈၅)ရာခိုင်နှုန်း ရှိပြီး ရှင်ဖို့လမ်း (၁၅)ရာခိုင်နှုန်းရှိတယ်"

MCMBOOKSHELF

ခဂ္ဂါက ဘာမှပြန်မပြော…၊ ရဲအောင်က ဆက်ပြော၏။

"အဲဒီ (၁၅)ရာခိုင်နှုန်းထဲကပဲ ငါတို့သူ့ကို ရှင်အောင် လုယူကြမလား…"

"လုပ်ချင်တာပေါ့…"

ခဂ္ဂါ၏အသံက ငိုသံပါနေသဖြင့် ကြားရတာ နားထဲမှာ ရှင်းလင်းမှုမရှိလှ။ လင်းလင်းနှင့် ရဲအောင်တို့က နေဒွန်းအတွက် ဝမ်းနည်းရသည်နှင့်အတူ ခဂ္ဂါအတွက်လည်း ဝမ်းနည်းနေရ၏။

"တစ်ခုတော့ ရှိတယ်…"

ရဲအောင်က လက်ညှိုးတစ်ချောင်းထောင်ပြီး ဆိုသည်။

"သူ့ကိုတော့ အသိမပေးသင့်ဘူး ထင်တယ်…၊ ဒီကိစ္စက ကာယကံရှင် မသိသင့်ဘူးလို့ ထင်တယ်"

"အေးပေါ့…၊ အဲဒါကတော့ တို့ဘာသာတို့ပဲ ဖုံးဖိထားရမှာပေါ့"

"အင်း… (၁၅)ရာခိုင်နှုန်းဘက်က ပြန်လုချင်ရင်လဲ တို့ဘာသာ သူ့ကို အသိမပေးဘဲ လုပ်သွားကြတာပေါ့၊ အခြေအနေကို မသိမသာ ထိန်းသွားကြတာပေါ့"

"အေးပါ…"

လင်းလင်းက ပိုင်းဖြတ်ထားသော လေသံဖြင့်…

"ခုချိန်က စပြီး ငါတို့ သူ့ကို ဂရုစိုက်ရမယ်"

"အင်း… မျက်ချေမပြတ်ကို ရှိနေရမယ်"

ခဂ္ဂါကလည်း…

"ငါတို့ သူ့ကို စိတ်ချမ်းသာအောင် ထားကြရအောင်ဟာ"

"အင်း… ဟုတ်တယ်"

သုံးယောက်စလုံး ကိုယ်အတွေးနှင့်ကိုယ် ငေးသွားကြပြန်သည်။ လင်းလင်း၏စိတ်ထဲမှာ တအုံ့နွေးနွေးကြီး ဖြစ်နေ၏။

ယခင်က သူတို့သူငယ်ချင်းများသည် ခဂ္ဂါ၏ ပျော်ရွှင်မှုကို ဦးစားပေးခဲ့ကြ၏။ ယခုတော့ နေဒွန်း၏ ပျော်ရွှင်မှုကို ဦးစားပေးကြရတော့မည့် အခြေအနေသို့ ရောက်လာသည်။

သို့သော် ဤအခြေအနေက ဘယ်ရွေ့ဘယ်မျှအထိ ကြာမြင့်မည်လဲ၊ ရက်ပိုင်းအတွင်းမှာ ပြီးဆုံးနိုင်သည်။ ဆွဲထားနိုင်ပင် ရလိမ့်မည် မထင်…။

အို… မြတ်သောဘုရားသခင်။ ရိုးသားပျော်ရွှင်တတ်သည့် တပည့်တော်မတို့၏ သူငယ်ချင်းကို ကယ်တင်တော်မူပါ။

*****

MCMBOOKSHELF

ထိုအချိန်မှာပဲ…

"အတော်ပဲ လူစုံနေကြတာကိုး…"

စကားသံနှင့်အတူ နေဒွန်း ဝင်လာသည်။ သုံးယောက်သား အနေရ အထိုင်ရ ခက်သွားသလို ရှိသည်။ နေဒွန်းကတော့ သတိထားမိပုံ မပေါ်။

"မင်းတို့ သုံးယောက်လုံးရှိတာ အတော်ပဲ၊ ငါ ပြောစရာရှိလို့…"

တစ်ယောက်ကိုတစ်ယောက် မသိမသာ ဝေ့ကြည့်မိကြသည်။

'နေဒွန်းက ဘာများ ထူးထူးခြားခြား ပြောစရာရှိနေလို့လဲ'

ရဲအောင်က လင်းလင်းကို တိုးတိုးခေါ်သည်။

"လင်းလင်း"

"ဟင်…"

"နင်ပြောဖူးတာ ရှိတယ်နော်"

"ဘာလဲ…"

"သူ့ရက် သူ ကြိုသိတယ်ဆိုတာလေ…"

"သြော်… အေး"

တိုးတိုးကလေး ခိုးပြောနေကြရခြင်း ဖြစ်၏။ နေဒွန်းက ခဂ္ဂါကို နောက်ပြောင်နှုတ်ဆက်နေသဖြင့် သူတို့ကို မကြည့်အား။

"အဲဒါ… နင် နေဒွန်းကိစ္စမှာ နည်းနည်း လေ့လာကြည့်စမ်းပါ၊ အားလုံးအတွက် အကျိုးရှိမယ့် သဲလွန်စတစ်ခုခုကို ရရင် ရလိုက်မှာပေါ့"

လင်းလင်း ခေါင်းညိတ်လိုက်သည်။

ထိုအခိုက်မှာပဲ နေဒွန်းက သူတို့ဘက်သို့ လှည့်လာသည်။

"ဟေ့ကောင်… ရဲအောင်"

"ဟေ…"

"ဒီမှာ မင်းပါ လာနားထောင်သင့်တယ်"

"ဘာများလဲ…"

"မင်းတို့လို ကဗျာချစ်တဲ့ လူတွေရှေ့မှာ ငါ အပြစ်ဝန်ခံစရာ တစ်ခုရှိတယ်"

"ဘာဖြစ်လို့လဲ…"

"အင်မတန်မြင့်မြတ်တဲ့ ကဗျာလေးတစ်ပုဒ်ကို ငါ အထင်သေး ကဲ့ရဲ့ခဲ့မိလို့…"

"ဟုတ်လား…"

"ခုမှ ငါ့အပြစ်ကို ငါ ပြန်မြင်တယ်၊ အဲဒီအကြောင်း ပြောပြချင်လွန်းလို့ မင်းတို့ဆီ ဝင်လာတာ"

"အင်း…"

ရဲအောင်က ခဂ္ဂါကို လှမ်းကြည့်တော့ ခဂ္ဂါကလည်း သူ့အတိုင်းပင် သိပ်စိတ်ဝင်စားဟန် မရှိ။

သို့သော်…

MCMBOOKSHELF

ချက်ချင်းပင် ရဲအောင် သတိရလိုက်သည်။

ချစ်သောသူငယ်ချင်းကို ဤအချိန်မှာ ဂရုစိုက်ရမည်။ အလိုလိုက်ရမည်။ ပျော်အောင်ထားရမည်။ ခင့်ဂါနှင့် လင်းလင်းကလည်း ရဲအောင်လိုပင် ချက်ချင်းအသိဝင်လာကြသည်။

"အေး... ပြောလေသူငယ်ချင်း၊ နားထောင်ရတာပေါ့"

"အေး အခုပြောမယ့်စကားလေးက နယ်နယ်ရရ မဟုတ်ဘူးကွ"

"ဟုတ်လား..."

"အခုလို အမှန်တရားလေးတစ်ချက်ကို ပြောနိုင်ဘို့အတွက် ငါ့မှာ နှစ်ပေါင်းများစွာ မှားခဲ့ရတယ်"

လင်းလင်းက အပြုံးနှင့်အတူ ခပ်သွက်သွက် ဝင်ပြောသည်။

"ဆိုပါဦးဟ... နင်ပြောတာနဲ့တင် ငါတို့တောင် အတော် စိတ်ဝင်စားနေပြီ"

နေခွန်းက သူ့အိတ်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်ပြီး သူတို့သုံးယောက်ရှေ့ ချပေးလိုက်သည်။ ခင့်ဂါက ဝမ်းနည်းရိပ်တို့ကို ဖယ်ဖျောက်ပြီး 'လုပ်ပြန်ပြီ' ဟု ချစ်စဖွယ် အမူအယာကလေးနှင့် နောက်၏။

နေခွန်းက တဟဲဟဲရယ်သည်။ ပြီး...

"အဲဒီ ဂျပန်ကဗျာလေးကို နင်တို့ ဖတ်ကြည့်ကြစမ်းပါ"

သုံးယောက်သား ခေါင်းချင်းဆိုင်ပြီး ဖတ်လိုက်တော့ ကဗျာကို အောက်ပါအတိုင်း တွေ့လိုက်ရသည်။

*Fure ike ya*

*Kawazu tobikomu*

*Mizu no oto.*

"ဟင်..."

"ဗုဒ္ဓေါ..."

"ဘာတွေလဲဟ..."

ခင့်ဂါက နေခွန်းကို မျက်လုံးပြူးပြပြီး ပြောသည်။

"ငါတို့ကမှ ဂျပန်လို မတတ်ဘဲဟ..."

"ဂျပန်လို မဟုတ်ပါဘူးဟ... အင်္ဂလိပ်စာပါ၊ ဂျပန်အသံထွက်တွေကို အင်္ဂလိပ်စာနဲ့ ပေါင်းထားတာ"

"အေးလေ...၊ ဘာပဲဖြစ်ဖြစ်၊ ငါတို့မှ နားမလည်ပဲ"

နေခွန်းက ပြုံးပြုံးကြီး လုပ်နေ၏။

"လာမယ်လေဟာ..."

"အေး... လာ"

ရယ်ကြရသည်။

လင်းလင်းတို့သုံးယောက် စိတ်ထဲမှာ အတန်ငယ် ပေါ့ပါးသွားကြသည်။ နေဒွန်းက သူ့ကိစ္စသူ ဆက်ရှင်း၏။

"အဲဒါ ဂျပန်က နာမည်ကျော်ဆရာကြီး 'ဗရှိုး' ရေးတဲ့ ကဗျာဟာ..."

"အင်း... ဘာအဓိပ္ပာယ်လဲဆိုတာ ပြောပါဦး"

"အေး... ပြောမှာပေါ့၊ ဆရာကြီး မင်းသုဝဏ်က သူရဲ့ 'ဟိုက္ကူကဗျာ မြည်းစရာ' ဆိုတဲ့ စာအုပ်ထဲမှာ အဲဒီကဗျာကို ဟောဒီလို ဘာသာပြန်ပေးထားတယ်"

သူ့ထုံးစံအတိုင်း စာရွက်တစ်ရွက် ထပ်ထုတ်ပြ၏။ ကိုယ်တို့ ထုံးစံမပျက်ပါပဲ ယူဖတ်ကြရပြန်သည်။

*အိုင်အိုကြီးပါလား*
*အလို ရွှေဖား ခုန်ဆင်းသွား*
*ပလုံ ရေသံကြား။ ။*

"ဩော်..."

"ဒီကဗျာလား... ဒီကဗျာဆိုရင် သိတယ်"

"ဖတ်ဖူးတယ်..."

နေဒွန်းက ရှုတည်တည်ဖြင့် ဆက်ရှင်း၏။

"ငါ... မှန်တာပြောမယ်ကွာ၊ အဲဒီ မြန်မာပြန် ကဗျာကလေးကို ငါ ဆယ်တန်းကျောင်းသားဘဝမှာ စဖတ်ဖူးတာ"

"အင်း..."

"ကဗျာကြီးက ဘာကြီးမှန်းလည်း မသိဘူးလို့ ငါ တွေးမိတာ"

"အေးပေါ့...၊ တွေးစရာပဲပေါ့"

"သူငယ်ချင်းတွေ ကြားမှာတောင် ငါ လျှောက်နောက်သေးတယ်"

"နောက်သေးတယ် ဟုတ်လား...၊ ဘယ်လို လျှောက်နောက်တာလဲ"

"ဟိုကွာ... ဗရာကြော်ကုလားကြီး လမ်းဖြတ်ကူးတယ် ဆိုပါတော့ကွာ..."

"အင်း..."

"ငါ့သူငယ်ချင်းတွေကို ငါနောက်ပြီး ရွတ်ပြတယ်"

"ဘယ်လို ရွတ်ပြတာလဲ..."

နေဒွန်းက ဟိုတုန်းက သူနောက်ပြောင်ရွတ်ခဲ့သည်ဆိုသော စာသားကို ဟန်နှင့်ပန်နှင့် ရွတ်ပြ၏။

*ဗရာကြော် ကုလားကြီးပါလား*
*အလို... ဟိုဘက်ဖြတ်ကူးသွား*
*တူတူရေဝါး...။*

ရယ်ကြရသေးတော့၏။

“မင်း... တော်တော်နောက်တဲ့ကောင်ပဲ”

“အေးလေ...၊ နင်ဟာ အမြဲတမ်း ကပ်သီးကပ်သပ်နိုင်တဲ့ကောင်ပဲ”

“စော်ကားတဲ့စိတ်နဲ့တော့ မဟုတ်ဘူးဟ၊ ကလေးသာသာ ရှိသေးတဲ့အရွယ်ကိုး...”

“အေးပါ...၊ တို့ သဘောပေါက်ပါတယ်”

“ဒါပေမဲ့ တစ်ခုတော့ ရှိတယ်ကွ၊ ငါက ဆရာကြီး မင်းသုဝဏ်ကို အရမ်းလေးစားတာ၊ ဆရာကြီးက ဘာသာပြန်ထားတဲ့ ကဗျာဆိုတော့ ညံ့စရာတော့ မရှိဘူးထင်တယ်”

“အင်း... ဒါပေါ့”

“နောက်ပိုင်းမှာလည်း အဲဒီကဗျာနဲ့ ပတ်သက်လာရင် ငါနည်းနည်း သတိထားကြည့်တယ်”

ရဲအောင်က လေးနက်စွာ ထောက်ခံသည်။

“အေးပေါ့...၊ သတိထားကြည့်ရမှာပေါ့၊ အဲဒါက ဗရှိုးရဲ့ နာမည်ကျော်ကဗျာပဲ”

“နောက်ပိုင်းကျတော့ အင်္ဂလိပ်ကဗျာစာအုပ်တွေထဲမှာ ငါ သွားတွေ့တယ်၊ အင်္ဂလိပ်လို ဒီလိုရေးထားတယ်”

စာရွက်တစ်ရွက် ထပ်ထုတ်ပြ၏။

*The old pond:*

*A forg jump in:*

*The sound of water:*

“ဒီကဗျာကျတော့လည်း ငါ့ကို မတိုးပြန်ဘူးကွ...၊ Aိုင်Aိုကြီးရယ်၊ ဖားခုန်ဆင်းလာတာရယ်၊ ရေသံရယ်၊ တခြားလည်း ဘာမှ မကျန်ပါပဲနဲ့ မျက်စိထဲမှာတောင် မြင်ယောင်နေမိပါရက်နဲ့ ငါ... ခံစားလို့ မရပြန်ဘူး”

A ၁းလုံးက သူဆက်ပြောမှာကိုပဲ စိတ်ဝင်တစား နားထောင်နေလိုက်ကြသည်။

“A`ဒီနဲ့ ငါလည်း A`ဒီကဗျာကို မေ့မေ့ပျောက်ပျောက်ပဲ ထားလိုက်တော့တယ်...၊ ဒါပေမဲ့ ဟိုတစ်နေ့က ‘ဂျပန်ဗုဒ္ဓဘာသာA မြင်’ A ကြောင်း ရေးထားတဲ့စာAုပ်တစ်Aုပ်မှာ ဒီကဗျာကို A ဂ်လိပ် ဘာသာပြန်ပုံတစ်မျိုးနဲ့ တွေ့ရပြန်ရော...”

“ဘယ်လိုပုံစံနဲ့ ပြန်ထားတာလဲ”

စာရွက်ထုတ်ပြ၏။ တစ်ခုခု ထူးခြားတော့မည်ဟု သိလာ၍ သုံးယောက်လုံး စေ့စေ့စပ်စပ် ဖတ်လိုက်ကြသည်။

*An old pond:*

*A frog jumps in*

*Plop!*

MCMBOOKSHELF

"ဪ... တစ်မျိုးလေးပါလား"

"အေး... ဟုတ်တယ်"

"ဒီလိုရေးထားတာကိုရော မင်း ဘဝင်ကျလား"

"အို... ကျပါပြီကောလား သူငယ်ချင်းရယ်"

"ပြောပါဦး..."

နေဒွန်းက ခေါင်းမော့ပြီး ခဏစဉ်းစားနေသည်။ မျက်လုံးအစုံက တစ်နေရာကို ငြိမ်သက်စွာ စိုက်ကြည့်နေ၏။ ပြီး...

"အဲဒါလေးကို ဘာသာပြန်ကြည့်ရင် ခုနက အဓိပ္ပာယ်တွေပဲ ပြန်ထွက်တာပါပဲ"

***အိုင်အိုကြီးတစ်ခု***

***ဖားတစ်ကောင်ခုန်ချ...***

***ပလုံ်!...***

"စာအသွားအလာ နည်းနည်းပဲ ကွဲတယ်၊ ဟုတ်တယ် မဟုတ်လား..."

"အေး..."

"နောက်ဆုံးစာသားကို ဘာသာပြန်တဲ့ နေရာမှာ 'ရေသံ' လို့ မပြန်ပဲ 'ပလုံ' (Plop!)လို့ ပြန်ထားလိုက်တာက တော်တော်ထိရောက်သွားတယ်၊ စဉ်းစားမိသလား..."

"အေးလေ... နင်ပဲဆက်ပြောပြပါဦး၊ ငါတို့လည်း သဘောတော့ ပေါက်လာပါပြီ"

"ပလုံဆိုတဲ့အသံလေးက အားပါတယ်၊ ပြင်းထန် ထိရောက်တယ်ဟ...၊ အခြေအနေတစ်ရပ်လုံးကို ရှင်းရှင်းလင်းလင်း ထင်ဟပ်သွားနိုင်တယ်"

"အင်း..."

"ပလုံဆိုတာ အမှန်တော့ ရေပွက် ပွက်သံလေးတစ်ခုပါပဲ၊ ရေပွက်လေးတစ်ခုပါပဲ"

"အင်း..."

"ဒါပေမဲ့ ဒီနေရာမှာတော့ သူဟာ သူ့အပေါ်မှာ ရေကန်ကြီးတစ်ခုကိုရော၊ ဖားတစ်ကောင်ကိုရော ထမ်းထားတယ်"

"အင်း... ဟုတ်ပြီ"

"ကန်အိုကြီးက... လူ့လောကကြီးလို့ ဆိုကြပါစို့၊ ဖားက သက်ရှိလူသားတစ်ယောက်လို့ ဆိုကြပါစို့၊ ခုန်ချလိုက်တဲ့ဖြစ်စဉ်ကို ဘဝဖြတ်သန်းမှုတစ်ခုလို့ ဆိုကြပါစို့..."

"အင်း..."

"နောက်ဆုံးကျတော့ 'ပလုံ' ပဲကွ၊ စုန်းစုန်းမြုပ်သွားတာပဲ"

"အေး... မြန်လိုက်တာနော်"

"မြန်တယ်၊ တိုတောင်းတယ်၊ မခိုင်မြဲမှုက ရှင်းရှင်းပြတ်ပြတ် သိသာတယ်၊ အနိစ္စ၊ အနတ္တတရားကို ဘွားဘွားကြီး တွေ့ရတယ်၊ သံဝေဂ ရစရာပဲပေါ့ကွာ..."

MCMBOOKSHELF

"အင်း… ဟုတ်သားပဲ"

"တကယ်တော့ ငါတို့လမ်းလျှောက်နေတာ၊ သီချင်းဆိုနေတာ၊ အိပ်မက်တွေ မက်နေတာ၊ စစ်မက်တွေ ခင်းကျင်းနေတာ အဲဒါတွေအားလုံးဟာ ပထဝီမြေကြီးပေါ်မှာ မဟုတ်ဘူးကွ၊ ရေပွက်ကလေးတစ်ခုပေါ်မှာ…"

ခဂ္ဂါက နေဒွန်းမျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း ခေါင်းကလေးညိတ်ပြ၏။

"တော်တော်လေးနက်တဲ့ ကဗျာလေးပဲနော်"

"အင်း… ငါ အဲဒါကြောင့် မနေနိုင်မထိုင်နိုင်ဖြစ်ပြီး နင်တို့ကို စကားပြောဖို့ လာခဲ့တာ၊ တစ်ခါက မှားခဲ့တဲ့ ငါ့အဖြစ်ကိုလည်း သက်သေတွေရှေ့မှာ ဝန်ခံချင်လို့ ဒီလိုကဗျာမျိုးကို ငါက မနောက်ပြောင်သင့်ဘူးလေ…"

"အေး… ဟုတ်ပါတယ်"

စကားပြောရတာ မောသွားဟန်နှင့် နေဒွန်းက ကုလားထိုင်နောက်မှီကို ကျောတစ်ပြင်လုံး မှီချလိုက်သည်။ လင်းလင်းတို့ သုံးယောက်ကလည်း တိုက်ဆိုင်လွန်းသည့် ကံကြမ္မာကို အံ့သြနေမိကြတော့သည်။

"နေဒွန်းရယ်… ဒီလိုနေ့မျိုးမှာမှ ဒီလိုစကားတွေ လာပြောရတယ်လို့…"

ဟိုဟိုသည်သည်အကြောင်းကိစ္စများဆီ စကားလမ်းကြောင်းပြောင်းသွားသည်။ နေဒွန်းကတော့ သူ့သဘာဝအတိုင်း နောက်လိုက် ပြောင်လိုက်၊ ရယ်လိုက် မောလိုက်…။

"တကယ်တော့ ကြံ့သာ အစဉ်ချိုတာ၊ ကြံ့သကာက အစဉ်မချိုဘူးကွ"

"လူက အစဉ်မချိုတာ မဟုတ်ဘူးလားကွ…"

"မဟုတ်ဘူး… ကြံ့သကာ"

"ကြံ့သကာက ကြံ့ကလုပ်တာပဲ ချိုရမှာပေါ့"

"မဟုတ်ဘူး…၊ ဆေးသကြားများရင် ခါးသွားတယ်ကွ၊ ဟား… ဟား…"

ထို့နောက် နေဒွန်းက ရဲအောင်နှင့် အတူတူ လိုက်ပြန်သွားသည်။

ခုတော့လည်း လင်းလင်းနှင့် ခဂ္ဂါ နှစ်ယောက်တည်း…။ ရင်ထဲမှာ တစ်မျိုးကြီး ခံစားနေကြရသည်။ နေဒွန်း၏ ချိုရွှင်သောမျက်နှာ၊ ပျော်စရာ စိတ်ဝင်စားစရာ စကားများ…။

အားလုံးက နားထဲ၊ မျက်စိထဲမှာ စွဲကျန်ရစ်ခဲ့သလို…။

"လင်းလင်း"

"ဟင်…"

"နင်ပြောတော့ သေမယ့်လူက သူ့ကိုယ်သူ ကြိုသိတယ်ဆို"

"အင်း… ခုနက ရဲအောင်ကလည်း အဲဒါကိုပဲ ကပ်မေးနေတယ်"

"အခု နေဒွန်းရဲ့အနေအထားကို နင် ဘယ်လိုခန့်မှန်းမလဲ"

စိတ်နွမ်းနယ်လှစွာ မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ခပ်ညည်းညည်း ပြန်ပြောလိုက်သည်။

"ငါလည်း မမှန်းဆတတ်တော့ပါဘူး ခဂ္ဂါရယ်…"

MCMBOOKSHELF

ခင့်ဂါက... နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ပြီး...

တစ်စုံတစ်ရာကို နာကျည်းသလို ပြုံးနေသည်။

*****

MCMBOOKSHELF

*လူတစ်ယောက်က လူတစ်ယောက်ကို*
*တကယ်ချစ်လာပြီဆိုရင်...*
*မာရ်နတ်ရဲ့ လက်တစ်ထောင်ကလည်း*
*ကြားကနေ*
*ဖြန့်ကာ တားဆီးလို့မရပါဘူး။*

MCMBOOKSHELF

စားသောက်ဝိုင်းမှာ နေဒွန်းတို့ ထိုင်ကာစရှိသေး ခဂ္ဂါတို့အုပ်စုက သုတ်သုတ်ပြာပြာ ရောက်ရှိလာသည်။

"ဟိုမှာ... နေဒွန်း"

လင်းလင်းက နေဒွန်းတို့ဝိုင်းကို တွေ့သွားပြီး လက်ညှိုးထိုးပြ၏။ သူကိုယ်တိုင် ရှေ့မှ ဦးဆောင်ပြီး လျှောက်လာ၏။ ခဂ္ဂါနှင့် ရဲအောင်တို့ကလည်း နောက်မှ ကပ်ပါလာသည်။

"ဟဲ့... နေဒွန်း"

"စိတ်ပူလိုက်ရတာ နေဒွန်းရယ်..."

ရဲအောင်က ကိုကြီးဝ နံဘေးမှ ကုလားထိုင်တွင် ဝင်ထိုင်ပြီး နေဒွန်းကို အကဲခတ်သလို ကြည့်သည်။ ခပ်မောမောလေသံဖြင့် ပြောသည်။

"နေဒွန်း"

"ဟင်..."

"အခု... ဘယ်လိုနေသေးလဲ"

"ကောင်းပါတယ်..."

"ငါတို့မှာဖြင့် လန့်သွားတာပဲ၊ သတင်းကြားကြားခြင်း လိုက်လာတာ..."

ကိုကြီးဝက ခဂ္ဂါနှင့် လင်းလင်းကို...

"ညီမလေးတို့လဲ ထိုင်ကြလေ..."

"ဟုတ်..."

ခဂ္ဂါနှင့် လင်းလင်းက နေဒွန်း၏ တစ်ဘက်တစ်ချက်မှာ ဝင်ထိုင်ကြသည်။ နီကိုရဲကို မသိမသာ စွေစောင်းကြည့်ကြသည်။ နီကိုရဲက သူတို့အတွက် မျက်နှာစိမ်း ဖြစ်နေသည်။

"ကဲကဲ... စကားပြောတာ အေးအေးဆေးဆေးမှ ပြောလို့ရပါတယ်၊ အစားအသောက်တွေ မှာကြဦးလေ..."

ရဲအောင်ကပဲ သင့်တော်သည့် အစားအသောက်များကို မှာလိုက်သည်။ ခဂ္ဂါနှင့် လင်းလင်းက စားသောက်ဖွယ်ရာများကို စိတ်ဝင်စားမှု သိပ်မရှိလှ။ သူ့ကိုသာ ကွက်ကြည့် ကွက်ကြည့် လုပ်နေသဖြင့် နေဒွန်း ပြုံးပြနေရသည်။

ခဂ္ဂါက...

"နေဒွန်း"

"ဟေ..."

"ဘယ်လိုများ ဖြစ်ရတာတုန်း"

"အခန့်မသင့်တော့လည်း ဒီလိုပေါ့ဟာ"

"နင့်နယ်ဟာ"

"ဟဲဟဲ..."

ပြုံးပြသည့်အဆင့်မှ ရယ်ပြသည့်အဆင့်သို့ နေဒွန်းပြောင်း လဲလိုက်ရသည်။

MCMBOOKSHELF

ကိုကြီးဝက ပြုံးပြုံးကြီးဆို၏။

"ပြီးသွားပါပြီ… အခုတော့ အားလုံး ပြီးသွားပါပြီ၊ ဘာမှ စိုးရိမ်စရာ မရှိတော့ဘူး"

ဆိုင်မှာ လူရှင်းသွားသဖြင့် အစားအသောက်များက လျှင်မြန်စွာရောက်လာသည်။

"ကဲကဲ… အားလုံး သုံးဆောင်ကြပါဦး"

"ကိုကြီးဝ"

"ဟေ…"

ရဲအောင်က ခေါ်လိုက်ခြင်း ဖြစ်သည်။

"အခု စားသောက်ဝိုင်းက အထိမ်းအမှတ်သဘော ပါသေးလား"

"ဟာ… ပါတာပေါ့ကွ"

"ဘာအထိမ်းအမှတ်လဲ…"

ကိုကြီးဝက နီကိုရဲ၏ကျောကို သိုင်းဖက်လိုက်ရင်း…

"ဒီက ညီလေးကို ဂုဏ်ပြုတဲ့ပွဲလေ"

ရဲအောင်က နီကိုရဲကို စောင်းငဲ့ကြည့်ကာ…

"အောင်မာ… ဒီကောင့်ကို"

"အေး… သူ့ကို"

နီကိုရဲက ရဲအောင်ကို မခိုးမခန့်ရယ်ပြတော့…

"ဟော့ကောင်… ငရဲ"

"ဘာလဲ… ငါ့ကို ငရဲ… ငရဲ လာခေါ် မနေနဲ့၊ မင်းလဲ ငရဲပဲ"

"အေး… ထားပါတော့၊ အခု ဒီဝိုင်းမှာ ငါတို့က မင်းကို ဂုဏ်ပြုရမယ်ပေါ့"

"အေး…"

"သင့်တော်ရဲ့လားကွာ"

နီကိုရဲက ရင်ဘတ်ကို ကော့လိုက်၏။

"ပူဇော်ထိုက်သူကို ပူဇော်တာ မင်္ဂလာတစ်ပါးပဲ မဟုတ်လား သူငယ်ချင်းရာ…"

ရဲအောင်က မဲ့ပြ၏။

"အေးပေါ့လေ၊ မိုးကောင်းတုန်း ရွာထားဦးပေါ့"

"ဟော့ကောင်တွေ… ဟော့ကောင်တွေ"

ကိုကြီးဝက ဝင်အော်၏။ ရဲအောင်နှင့် နီကိုရဲတို့ ပြုံးဖြဲ ပြုံးဖြဲလုပ်ကာ ငြိမ်သွားသည်။

"ဘာကောင်လေးတွေမှန်း မသိဘူး…၊ ဂုဏ်ပြုမယ့်လူနဲ့ ဂုဏ်ပြုခံရမယ့်လူက ဒီလို ဆက်ဆံနေကြရသလား…"

ခင္ဂါက နေဒွန်း၏ လက်မောင်းတစ်ဘက်ကို ဆုပ်ကိုင်ထား၏။ နေဒွန်းက ခပ်တောင့်တောင့် ထိုင်နေသည်။ လင်းလင်းကတော့ တစ်ဝိုင်းလုံးကို စောင့်ကြည့် အကဲခတ်နေသည်။

"ကိုကြီးဝ"

"ပြော… ရဲအောင်"

MCMBOOKSHELF

"နည်းနည်းပါးပါး စကားပြောလေဗျာ"

ကိုကြီးဝက ငြင်းရခက်ပုံ ပြုပြီးမှ...

"အေး... ပြောဆိုလည်း ပြောတာပေါ့ကွာ"

"လို... တို... ရှင်း... နော်"

ကိုကြီးဝ အောင့်သက်သက် ဖြစ်သွားပုံရ၏။ ရဲအောင်ကို ဘုကြည့် လှည့်ကြည့်ပြီး...

"အဟမ်း... အဟမ်း..."

စကားပြောရန် ချောင်းဟန့်၏။ ပြီး...

"ဒီ... စားသောက်ဝိုင်းလေး ဖြစ်ရတဲ့အကြောင်းရင်းက ဒီလိုပါ..."

အားလုံး၏မျက်လုံးများက ကိုကြီးဝဆီ ရောက်ရှိနေသည်။ ကိုကြီးဝက နီကိုရဲကို လက်နှင့် လှမ်းလှမ်းတို့ရင်း စကားကိုလည်း ဆက်ပြောရန် ပြင်သည်။

ကိုကြီးဝ တို့လိုက်တိုင်း နီကိုရဲက တွန့်တွန့်သွား၏။ ကသိကသာအောက် ဖြစ်ဟန်နှင့် ပြောသည်။

"ဘာလုပ်တာတုန်း"

ကိုကြီးဝက နီကိုရဲကို ငဲ့စောင်းကြည့်ပြီး...

"ထလေ..."

"ဟင်..."

နီကိုရဲ အံ့သြသွား၏။

"ထ... ဆို၊ မင်းကို ထ ခိုင်းတာ"

"ဟင်... ဘာဖြစ်လို့တုန်း"

"ဂုဏ်ပြုခံရမယ့် ပုဂ္ဂိုလ်ကို ထရပ်ပြခိုင်းနေတာကွာ၊ ဒီမှာ စကားဆက်ပြောမလို့..."

"ဟင်...၊ မမြင်ကြရရှာဘူးကိုး..."

တစ်ဝိုင်းတည်း အတူထိုင်နေသည့် နီကိုရဲက တစ်ဝိုင်းတည်း အတူထိုင်နေသော ကျန်လူများကို မတ်တပ် ထရပ်ပြရရှာသည်။ သို့သော်...

လူက ပုသောကြောင့် ထိုင်နေသည်နှင့် သိပ်မထူးလှချေ။ ရင်ထဲမှာ ကလိကလိဖြစ်မိသော်လည်း နေဒွန်းက ထ ဟား၍မဖြစ်။ ကြွေနွေကို ချုပ်ထိန်းထားလိုက်ရသည်။

"အဟမ်း... ဒီက ညီလေးနီကိုရဲကို ဂုဏ်ပြုချီးမြှင့်တဲ့အထိမ်းအမှတ်ပွဲလေးပါပဲ...၊ သူက ရေနစ်နေတဲ့ မောင်နေဒွန်းကို သက်စွန့်ဆံဖျား ဝင်ရောက်ကယ်တင်ပေးခဲ့တယ်၊ သူ့စိတ်ဓာတ်နဲ့ သူ့အရည်အချင်းက အင်မတန် လေးစားစရာ ကောင်းတယ်၊ သူ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီစားသောက်ပွဲလေးကို ကျွန်တော် ကျင်းပပေးတာပါ"

ကိုကြီးဝက လိုတိုရှင်းပဲ ပြောသွားသဖြင့် စကားတစ်ပြိုင်တည်းနှင့် ပြီးသွားသည်။ စားသောက်ဝိုင်းမှ နားထောင်နေသူများက လက်ခုပ်တီးရကောင်းနိုးနိုး...၊ မတ်တပ်ရပ်ပြနေသော နီကိုရဲကို လှည့်ပတ်ကြည့်ရ ကောင်းနိုးနိုး... ဖြစ်သွားသည်။

MCMBOOKSHELF

ကိုကြီးဝ စပြောစဉ်ကပင် နားထောင်ရန်(ခုံရွှေ့ရင်း) ဟန်ပြင်နေသော ရဲအောင်က သူ ထိုင်ကနန်းကျချိန်မှာ ကိုကြီးဝ၏စကားဆုံးသွားသည်နှင့် ကြုံသည်။

သူ ဘာမှန်း... ကောင်းကောင်းမကြားလိုက်ခြေ။

ကိုကြီးဝကို လို တို ရှင်းပြောရန် သူကပဲ တောင်းဆိုထားခြင်းဖြစ်၍ အကျပ်ရိုက်သွားသည်။ နေဒွန်းကို အူကြောင်ကြောင်နှင့် လှမ်းကြည့်သဖြင့် ပခုံးတွန့်ပြလိုက်ရသည်။

"အစ်ကိုကြီး..."

နီကိုရဲက ကိုကြီးဝကို လှမ်းခေါ်ခြင်းဖြစ်သည်။

"ဟေ... ပြော... ညီလေး"

"ကျွန်တော် ထိုင်လို့ရပြီလား..."

"ထိုင်လေ...၊ ထိုင်စားမှ မင်း အဆင်ပြေမှာပေ့ါ"

"ဩော်... အဲလိုလား..."

"အေးလကွာ"

"ကျေးဇူးပဲ"

နီကိုရဲက ခုံမှာ ပြန်ထိုင်၏။

"ကဲ... စားကြ သောက်ကြရအောင်၊ လိုတာရှိ ထပ်မှာပါ၊ အားနားနားစရာမလိုဘူး"

ဖွန်းသံ၊ ခရင်းသံများနှင့်အတူ စားသောက်ပွဲက အသက်ဝင်သွားသည်။ ခဂ္ဂါက နေဒွန်းကို ကရုဏာမျက်လုံးများနှင့် တိမ်းငဲ့ကြည့်ရင်း...

"နေဒွန်း"

"ဟင်"

"နင်က ပုဇွန်အစိမ်းသုတ် ကြိုက်တယ်မဟုတ်လား..."

"နင်က ဘယ်လိုလုပ် သိတုန်း"

"ဘယ်လိုသိသိပေ့ါဟာ...၊ ဟုတ်တယ် မဟုတ်လား"

"သိပ်ဟုတ်တာပေ့ါ"

"ငါ... ထည့်ပေးမယ်"

ခဂ္ဂါက နေဒွန်း၏ပန်းကန်ထဲသို့ ဟင်းများ ခပ်ထည့်ပေး၏။ နီကိုရဲက ထိုမြင်ကွင်းကို ကြည့်ကာ...

"ဂုဏ်ပြုခံရသူကိုကျတော့ ဘယ်သူကမှလဲ ထည့်မပေးကြပါလား"

"ဟုတ်သားပဲ..."

ထိုစကားနှင့်အတူ နီကိုရဲ၏ပန်းကန်ထဲကို ကိုကြီးဝက ဟင်းများ ခပ်ထည့်ပေးလိုက်သည်။ 'စိတ်တိုင်းကျစား' ဟုလည်း ပြောသည်။ ထည့်ပေးထားသည်ကတော့ နည်းနည်းလေးဖြစ်နေသဖြင့် နီကိုရဲ၏ မျက်နှာက ရှုံ့မဲ့နေ၏။

ခုနက ကိုကြီးဝပြောသွားသည်များကို မကြားလိုက်မိသော ရဲအောင်ကလည်းတမှောင့်။ ဖွန်းကိုင်လိုက်၊ ခရင်းကိုင်လိုက် လုပ်နေရင်းက...

"ကိုကြီးဝ"

"ဟေ..."

"ခုနကတော့ အကျဉ်းပြောပြီးသွားပြီပေ့ါဗျာ..."

"အေးလကွာ..."

"ခု စားရင်းသောက်ရင်း အေးအေးဆေးဆေးနဲ့ပဲ အကျယ် ပြောစမ်းပါဦးဗျ"

"သြော်... အေး၊ ပြောတာပေ့ါ"

ကိုကြီးဝက ဂဏန်းကင်တစ်ကောင်ကို ဓားနှင့်လှီးဖြတ်ရင်း ဆက်ပြော၏။

"ဒီလိုကွာ..."

"ဟုတ်ကဲ့"

"ငါ့အိမ်က ရေကန်ကြီးဘေးနား ရောက်နေတယ်"

"ဟုတ်"

"ရေကန်ကြီးမှာ... ရေလာလာကူးကြတာတွေ ရှိတယ်၊ နစ်ပြီး သေကြတာတွေ ရှိတယ်၊ ကန်ဘေးမှာ အိမ်ဆောက်နေရတဲ့ ငါက စိတ်မချမ်းသာဘူး"

"ဒါပေ့ါ... ဟုတ်တာပေ့ါ"

"ကပ်သီးကပ်သပ် ကြုံရတာမျိုးတွေလည်း ရှိတယ်၊ အင်း... နည်းနည်းဝွကျတယ်"

ရဲအောင်က ပလုပ်ပလောင်းဖြင့် မေးသည်။

"ဘာများလဲဗျ"

"ဒီလိုကွာ..."

"ဟုတ်"

"ရေနစ်သေသူတွေရဲ့ မိဘဆွေမျိုးတွေက ငါ့ကို တိုင်တည်ပြီး ငိုကြတာမျိုး ခဏခဏ ကြုံရတယ်"

"ဘယ်လို... ဘယ်လို"

"မောင်ဝရဲ့... ငါ့သားလေးအဖြစ်ကို ကြည့်ပါဦးလားတို့၊ ဦးလေးဝရဲ့... ကျွန်မယောကျ်ားကို မကယ်နိုင်တော့ဘူးလားတို့ အဲဒါမျိုးတွေပေ့ါ"

"သြော်... အင်း အင်း..."

"ငါက စိတ်ညစ်တယ်ကွ၊ အနေလည်း ကျပ်တယ်၊ သူတို့ကိုလည်း ဘာပြန်ပြောရမလဲ မသိဘူး"

တစ်ချိန်လုံး ငြိမ်နားထောင်နေသော လင်းလင်းက ကိုကြီးဝ၏အဖြစ်ကို မျက်စိထဲမှာမြင်ယောင်မိပြီး ရယ်ချင်လာသည်။

နေဒွန်းကလည်း လင်းလင်းလိုပင် ခံစားရ၏။ စကားဝိုင်းထဲ ဝင်လိုက်သည်။

"ဟုတ်တာပေ့ါ...၊ ကိုကြီးဝရဲ့အဖြစ်က တော်တော် ဝွကျတာပေ့ါ"

ကိုကြီးဝက လည်ပင်းကလေးလှုပ်ရုံကလေး ခေါင်းညိတ်ပြ၏။

MCMBOOKSHELF

"အေးလကွာ..."

"ဟဲဟဲ... ကိုကြီးဝရဲ့အဖြစ်က အလှူခံပိုက်ဆံ ကောက်ရသလို ဖြစ်နေတယ်"

"ဘာ..."

သူ၏စကားကို ကိုကြီးဝက နားမလည်ချေ။ ရယ်ကျဲကျဲဖြင့် ဆက်ရှင်းပြလိုက်၏။

"ဖလားကြီး တစ်ဂျောက်ဂျောက်ခေါက်ပြီး လူတကာ၊ ကားတကာကို လိုက်အလှူခံတဲ့ပုဂ္ဂိုလ်တွေကို ကိုကြီးဝလည်း သတိထားမိမှာပေါ့"

"ထားမိတာပေါ့ဟ၊ ဘယ်နယ့်မေးလိုက်ပါလိမ့်"

"အဲဒီ ဖလားကိုင်ထားတဲ့ အလှူခံပုဂ္ဂိုလ်ကြီးက လမ်းဘေးမှာ ငါးရာတန်တစ်ရွက်လောက် ကောက်ရတယ် ဆိုပါတော့..."

"အေး..."

"အမှန်တော့ သူကောက်ရတဲ့ ပိုက်ဆံဗျ၊ သူလည်း ပွပြီဟေ့ဆိုပြီး ဝမ်းသာအားရ ကောက်တာပဲ"

"အေး... ဒါပေါ့"

"ဒါပေမဲ့ ခက်တာက သူကောက်ရတဲ့ ပိုက်ဆံလို့ ဘယ်သူကမှ လက်ခံမှာ မဟုတ်ဘူး၊ ကားတစ်စီးစီးက ပစ်ချပေးတဲ့ပိုက်ဆံလို့ပဲ ထင်ကြမှာ..."

"အော်... အေး"

"သူ့အိတ်ထဲကို မသိမသာ ထည့်လိုက်ရအောင်ကလည်း တစ်ယောက်ယောက်မြင်သွားရင် အလှူခံရတဲ့ ငွေကို သူ ဘုန်းတယ်ထင်မယ်"

"အေးပေါ့..."

"အဲဒီငါးရာတန်ကြီးကို ငါးကျပ်တန်နဲ့ တစ်ဆယ်တန်တွေပဲရှိတဲ့ အလှူခံဖလားကြီးထဲ ကောက်ထည့်လိုက်ဖို့ကလည်း အမှန်ဆို သူ့ဘာသာသူ ကောက်ရတဲ့ ပိုက်ဆံဗျ"

"အေးလေ...၊ သူနဲ့ထိုက်လို့ သူရတာ"

"ဒါပေမဲ့... ခက်တာက၊ သူများတွေကိုကျတော့ လိုက်အလှူခံပြီး ကိုယ်ကောက်ရတဲ့ ပိုက်ဆံကျမှ ကိုယ့်အိတ်ထဲ ကိုယ်ထိုးထည့်ရမှာလည်း မသင့်တော်ဘူး၊ အဲလိုလုပ်ဖို့ဆိုတာက အတော့်ကို မလွယ်တဲ့ကိစ္စပဲ"

"အေး... သူနဲ့ မထိုက်တန်လို့ မရသလို ဖြစ်နေတာပေါ့"

"စဉ်းစားသာကြည့်ပါတော့ ကိုကြီးဝရယ်၊ အလှူခံ ပိုက်ဆံကောက်ရတယ်ဆိုတဲ့ ကိစ္စက အတော်ဂွကျတဲ့ကိစ္စပါပဲ...၊ ကြေကွဲဝမ်းနည်းစရာလည်း ကောင်းပါတယ်"

"အေးကွ... နော်"

"အခု ကိုကြီးဝပြောတဲ့ အဖြစ်ကလည်း အဲဒီလိုမျိုးပဲ တော်တော်ဂွကျတာပေါ့"

"အေးလကွာ၊ ငါ့ဘာသာ ကိုယ့်အိမ်မှာ ကိုယ်နေတာ သူတို့ဆွေမျိုးတွေက ကိုယ့်အိမ်ဘေးနား လာလာသေ၊ သူတို့က ကိုယ့်ကိုလက်ညှိုးကြီးထိုးလိုက်၊ ပုဆိုးစ လှမ်းဆွဲလိုက်နဲ့ လာလာငိုကြ...၊ ကိုယ်က ဘာလုပ်ရမလဲမသိ၊ အဟေးဟေးဟေး... အရမ်း စိတ်ညစ်ရတာပဲ"

"ကိုကြီးဝ... ကိုကြီးဝ"

MCMBOOKSHELF

ရဲအောင်က သတိပေးသံနှင့် လှမ်းခေါ်ပြီး…

"စကားကို ရှေ့ဆက်ပါဦးဗျာ…၊ ဒီနေ့အဖြစ်အပျက်ကိုရောက်တဲ့အထိ ဆက်ပြောပါဦး…"

"အေး၊ အဲဒီလို အိမ်ဘေးကရေကန်မှာ အနိဋ္ဌာရုံတွေ များစွာဖြစ်တဲ့ဒဏ်ကို ကြာတော့ ငါ မခံနိုင်တော့ဘူး၊ အဲဒါနဲ့ပဲ အစီအစဉ်တစ်ခုကို လုပ်ရပါလေရော…"

"ဘာ အစီအစဉ်လဲ…"

"ငါက အားလုံးကို ကြေငြာစကားတစ်ခွန်း ပြောရတယ်၊ အိမ်ဘေးရေကန်ထဲမှာ ရေနစ်တဲ့လူကို ကယ်ရင် ဂုဏ်ပြုမယ်လို့"

"ဩော်… ဩော်…"

"ငါ့ ကြေငြာချက်ကလေး အောင်မြင်တယ်လို့ ဆိုရမယ်၊ ဒီနေ့ နေဒွန်းက ရေနစ်တယ်၊ ဒီက ညီ နီကိုရဲက သူ့အသက်ကို ပဓာနမထားပဲ ဆင်းကယ်တယ်၊ အဲဒါကြောင့်… ငါက ခု နီကိုရဲကို ဂုဏ်ပြုပွဲလေး ကျင်းပပေးတယ်… ဒါပဲ"

ရဲအောင်၏ခေါင်းက နေဒွန်းဘက် လှည့်လာသည်။

"မင်းက မကြီးမငယ်နဲ့ ရေထဲ ဘာဆင်းလုပ်တာလဲ"

"အေး… ငါလဲ အဲဒါကို သိချင်နေတာကွ၊ ရေမကူးရဆိုတဲ့ကြားက ကလေးတွေ လာလာကူးတာ ထားပါတော့၊ ရေချိုး အဝတ်လျှော် လာလုပ်တဲ့သူတွေ ရေထဲပြုတ်ကျတာက ထားပါတော့…၊ ဒီကောင်က ဘယ်နယ့်လုပ်ပြီး ရေထဲကို ယက်ကန်ယက်ကန် ရောက်နေသလဲ မသိဘူး…"

အားလုံးက နေဒွန်းကို အဖြေတောင်းသလို ဝိုင်းကြည့်နေကြသည်။ နေဒွန်းက ဘာမှမဟုတ်သလို ပေါ့ပျက်ပျက်ရယ်လိုက်ပြီး…

"ဘာရယ် မဟုတ်ပါဘူး ကိုကြီးဝရာ… ကျွန်တော့်ဘာသာ ရေကန်ဘေးထိုင်ပြီး ဟိုစဉ်းစား၊ ဒီစဉ်းစား လုပ်နေတာ…"

"အင်း…"

"အတွေးဝင်သွားတယ်လေ…၊ ကျွန်တော်အသိပြန်ဝင်တော့ ရေထဲပြုတ်ကျနေပြီ"

အားလုံးဝိုင်းရယ်ကြ၏။

"နေဒွန်းရယ်…"

လင်းလင်းက စိတ်ရှုပ်ထွေးသော အမူအယာဖြင့် သူ့ကိုကြည့်ပြီး ရေရွတ်သည်။ ခင်္ဂါက ပင့်သက်ရှည်ကြီးတစ်ခုကို မှော့ရှိုက်လိုက်၏။ ဘာမှတော့ မဝေဖန်…။

"သူ ရေထဲနစ်နေတာကို ကိုကြီးဝက တွေ့လား…"

"နစ်နစ်ခြင်းမှာတော့ မတွေ့ဘူး၊ ငါတွေ့တော့ ယက်ကန်ယက်ကန် ဖြစ်နေပြီ၊ ငါက အပေါ်ထပ် ပြတင်းပေါက်ကနေ လှမ်းတွေ့တာ၊ အောက်ထပ်ပြေးဆင်းမယ် ကြံနေတုန်း နီကိုရဲ ဆင်းကယ်တာကို ထပ်တွေ့ရတာပဲ"

အားလုံးမျက်လုံးများက နီကိုရဲဆီ ရောက်သွားကြသည်။

"ဟော့ကောင်…၊ မင်းကရော ပြောစမ်းပါဦး"

ရဲအောင်နှင့် နီကိုရဲတို့က ပြောမနာ ဆိုမနာများ ဖြစ်ကြလေသည်။

"ဘာပြောရမှာတုန်း..."

"မင်းက ဒီကောင်ရေနစ်နေတာကို ဘယ်လိုတွေ့ပြီး ဘယ်လို ကယ်ရတာတုန်း..."

"တိုက်ဆိုင်သွားတာပါ"

"ဘယ်လို တိုက်ဆိုင်တာတုန်းဟ"

"ငါ့ ဘာသာ ရေကန်ဘေးက ဖြတ်သွားတာ၊ ဒီကောင်က တစ်ခုခုထိုင်ပြီး တွေးခေါ်နေတာကို ခပ်လှမ်းလှမ်းကတည်းက မြင်သားပဲ၊ ဒီကောင်နဲ့ငါနဲ့လည်း အေးအေးဆေးဆေး စကားမပြောရတာ ကြာပြီ...၊ အဲဒါနဲ့ လမ်းကိုကွေ့ပြီး သူ့ဆီဦးတည်လျှောက်နေတုန်း သူက ရေထဲကို ဝုန်းခနဲ ပြုတ်ကျသွားတာပဲ"

ရဲအောင်က နေဒွန်းကို တွေးတွေးဆဆဟန်နှင့် မေးသည်။

"မင်းက ရေမကူးတတ်လို့လား နေဒွန်းရ"

ထိုအမေးကို နီကိုရဲက ဖြတ်ဖြေ၏။

"မဟုတ်ဘူးကွ၊ ရေကူးတတ်လည်း မရဘူး"

"ဟင်... ဘာဖြစ်လို့တုန်း"

"ဒီကောင်က ရေထဲပြုတ်ကျနေတဲ့အထိ သူ့ကိုယ်သူ ဘာဖြစ်နေမှန်း သိပုံမပေါ်ဘူး၊ အတွေးတွေ အရမ်းလွန်နေတယ်လေ၊ သူ့ကိုယ်သူ ပြန်သတိရမိတဲ့အချိန်မှာ အတော်နောက်ကျနေပြီ၊ ဝူးဝူးဝါးဝါး ယက်ကန် ယက်ကန် ဖြစ်သွားရတာပေါ့"

"အင်း... အဲဒါနဲ့ မင်းက ဆင်းကယ်လိုက်ရတယ် ဆိုပါတော့"

"မကယ်လို့ ရမလားဟ"

စကားလမ်းကြောင်းက ရပ်တန့် ပြတ်တောက်သွားသည်။ ရဲအောင်ကလည်း ဘာမှ ဆက်မမေးတော့၊ မှာထားသည့် အအေးဗူးများလည်း ရောက်ရှိလာပြီဖြစ်သည်။

"ကဲ... အအေးသောက်ကြပါဦး"

ဆန်းကစ်တစ်ဗူးသောက်နေရင်း... နေဒွန်းက ကိုကြီးဝကို အကြံပေး၏။

"ကိုကြီးဝ"

"ဟေ..."

"အဲဒီကန်ကိုဖြတ်ပြီးတော့ တံတားတစ်ခု ထိုးပါလား ကိုကြီးဝရယ်..."

"ဟေ... ဘယ်ကပိုက်ဆံနဲ့ ထိုးရမှာလဲ"

"ကိုကြီးဝက ချမ်းသာတဲ့ဟာပဲ"

"ငါချမ်းသာတာက သူများတွေ ရေကန်ပေါ် လမ်းလျှောက်အပန်းဖြေဖို့ မဟုတ်ဘူးဟ၊ တံတားခင်းဖို့ဆိုတာ လွယ်တယ်အောက်မေ့လို့လား"

"မလွယ်တာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုကြီးဝက လုပ်နိုင်တဲ့အင်အား ရှိတာပဲဗျာ"

"ဟာ... ဒီကိစ္စက ထားစမ်းပါဦး နေဒွန်းရာ..."

"ထားမနေနဲ့ ကျွန်တော်က ကိုကြီးဝအတွက် ပြောနေတာ"

"ဟေ... ငါ့အတွက်..."

MCMBOOKSHELF

"အင်း..."

"ငါ့အတွက် ဘာပါလို့လဲ၊ ပြောစမ်းပါဦး"

"ကိုကြီးဝ နာမည်ကြီးသွားမှာပေါ့ဗျာ၊ နောင်လာနောင်သားတွေရဲ့ ပါးစပ်ဖျားမှာ မှတ်တမ်းဝင်ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သွားမှာပေါ့"

ကိုကြီးဝက နာခေါင်းရှုံ့နေ၏။

"သိပ်... မဆိုင်သလိုပါလားကွာ"

"ဆိုင်တာပေါ့ဗျ၊ မန္တလေးက ဦးပန်တံတားနဲ့အပြိုင် ရန်ကုန်က ဦးဝတံတားပေါ့၊ ဘယ်လောက်အဆင်ပြေလဲ"

"ဟာကွာ..."

အားလုံးက ဝိုင်းရယ်ကြ၏။

ကိုကြီးဝလည်း သူ့ခေါင်းကို သူ ကုတ်ဖွရင်း ရယ်သည်။ အရယ်တစ်ဝက်ဖြင့်လည်း ပြော၏။

"ငါလည်း ရေကန်ဘေးမှာ အိမ်ဆောက်နေမိတာ ဒုက္ခပါပဲကွာ..."

ငြိမ်နေသော နီကိုရဲက ဝင်ပြောသည်။

"ဒီလိုပါပဲဗျာ...၊ ဝယ်မိတဲ့ကား ဓားပြပဲ တားတားပေါ့"

"ဟေ..."

သူတို့လူစုနှင့် စကားပြောရတာ ကိုကြီးဝခမျာလည်း တဟေဟေနှင့်ချည်း ဖြစ်နေရတော့၏။

"တည်မိတဲ့ဘုရား လင်းတပဲနားနား... လို့ ပြောစမ်းပါဟာ"

"သဘောသဘာဝ အတူတူပါပဲဗျာ..."

စားသောက်ဆိုင်မှ ထပြန်လာကြတော့ ညခုနစ်နာရီကျော်နေပြီ။ ဆိုင်ပြင်အရောက်မှာ နီကိုရဲက...

"ငါ ကိုကြီးဝကားနဲ့ပဲ လိုက်သွားလိုက်မယ်"

"အေး... အေး"

နေဒွန်းတို့အုပ်စုက ခဂ္ဂါ၏ကားပေါ် တက်လိုက်ကြ၏။ ကားကို ခဂ္ဂါပဲ မောင်းသည်။ နေဒွန်းက ရှေ့ခန်းမှာထိုင်သဖြင့် ခဂ္ဂါ၏ သင်းပျံ့သော ကိုယ်ရနံ့မွှေးမွှေးကို ရှူရှိုက်နေရသည်။

"ခဂ္ဂါ"

"ဟင်..."

"နင် ဖြစ်ရဲ့လား၊ မောင်းရတာ အဆင်ပြေရဲ့လား"

"ရတယ်၊ ငါ့ကို ပူစရာမလိုဘူး၊ နင့်အတွက်သာ ငါတို့က ရင်မအေး ဖြစ်ဖြစ်နေတာ"

နောက်ခန်းမှ လင်းလင်းကလည်း စူပွပွဝင်ပြော၏။

"အေးလေ...၊ ငါတို့မှာ စိတ်ပူလိုက်ရတာ၊ ဒါနဲ့ နေဒွန်း"

"ဟေ..."

"ဘာပဲပြောပြော ရေနစ်တယ်... ဘာညာဆိုတာ မကောင်းဘူးဟ၊ နင် ကံနိမ့်နေတယ်၊ လုပ်တာကိုင်တာတွေ အသွားအလာတွေ သတိထားစမ်းပါဟာ..."

နေဒွန်းက တဟဲဟဲ ရယ်၏။ ခဂ္ဂါက မကျေနပ်သလို လှည့်ကြည့်သည်။ လင်းလင်းကလည်း ထိုနည်းအတိုင်း။ ရဲအောင်က…

"ရယ်မနေနဲ့ အကောင်းပြောနေတာ၊ မင်းအတွက် စိုးရိမ်လို့ ပြောနေတာ"

"မင်းကလဲကွာ…၊ ငါ ရေကူးတတ်ပါတယ်"

"အခု နစ်တယ် မဟုတ်လား…"

"မဟုတ်ပါဘူး…"

"ဘာ… မဟုတ်တာလဲ"

"ရေနစ်တဲ့သူကို ဆယ်ရင် ကိုကြီးဝက ဂုဏ်ပြုမယ်လို့ ပြောတယ်လေ…၊ သူ ဘယ်လိုဂုဏ်ပြုမှာလဲ ဆိုတာ ငါက သိချင်တယ်၊ ငါ့လိုပဲ နီကိုရဲကလည်း သိချင်တယ်"

"ဟေ…"

"အဲဒါနဲ့ပဲ ငါက ရေနစ်သလို သရုပ်ပြ…၊ နီကိုရဲက ငါ့ကို ကယ်တဲ့ပုံ သရုပ်ဆောင်၊ ကိုကြီးဝက ငါတို့ကို အမှန်တကယ်လိုက်ကျွေး၊ မင်းတို့က ကူညီပြီး ဝင်ရောက်စားသောက်၊ ဒါပေါ့ကွာ…"

နေဒွန်း၏ စကားအဆုံးမှာ သုံးယောက်သား ဟာခနဲ ဟယ်ခနဲ ဖြစ်သွားကြ၏။ ခပ်တိုးတိုး ရေရွတ်ဆဲဆိုကြ၏။ လင်းလင်းက…

"ကိုကြီးဝသာ အဲဒါကို အမှန်အတိုင်းသိသွားရင် နေဒွန်းရယ်"

နေဒွန်းက တဟဲဟဲရယ်ပြီး ပြန်ပြော၏။

"နင်တို့သုံးယောက်ကိုပါ ကြံရာပါတွေလို့ ထင်မှာပေ့ါ၊ ဟဲဟဲဟဲ… အား…"

ခဂ္ဂါက ဆိတ်ဆွဲလိုက်ခြင်း ဖြစ်၏။ 'နာနာလေးသာ ဆိတ်ထည့်လိုက်' ဟု လင်းလင်းက ဝဇီကံနှင့် ပါဝင်သေးသည်။

*****

သူ

MCMBOOKSHELF

*ကိုချစ်လို့ သီဝရီအသစ်တွေနဲ့*

*ပြန်ဆောက်ထားတဲ့လူ…။*

*လေးကိုင်းမှာ စောင်းကြိုးအသွယ်သွယ်တပ်ပြီး…*

*များပလိုင်းမှာလည်း*

*ပန်းတွေကို အပြည့်အမောက် ထည့်ခဲ့မိပေါ့။*

MCMBOOKSHELF

ရနံ့ချိုတဲ့
ဘယ်လို ပန်းတစ်ပွင့်ကိုမှ
ငါ့ရဲ့ အနက်ရောင်ခေါင်းတလားပေါ်
ပေါက်ကြဲမချနဲ့။

ငါ့အလောင်း
ငါ့အရိုးတွေပစ်မယ့်နေရာမှာ...
ဘယ် သူငယ်ချင်းကမှ
နှုတ်ဆက်စကား လာမပြောကြားစေနဲ့။

ငါ့ရဲ့...  ချစ်မြတ်စင်ကြယ်သူလေးဟာ
ငါ့အုတ်ဂူကို ရှာမတွေ့စေနဲ့
သူ... မငိုကြွေးစေနဲ့...။

သက်ပြင်းတို့ အုံ့ဖွာဝေညွှတ်ခြင်း...
...ကင်းတဲ့နေရာ...
အဲဒီနေရာမှာ...
ငါ့ကို မြှုပ်နှံပေးပါ...။

"ဘယ်လိုလဲ... ကဗျာလေးကို ခံစားရရဲ့လား"

နေဒွန်းက ကဗျာကို တစ်ခေါက်ထပ်ဖတ်ပြီး ခေါင်းညိတ်သည်။

"အင်း... ကောင်းတယ်၊ မင်း ရေးထားတာလား..."

"ဘာသာပြန်ထားတာကွ"

"ဟင် ဟုတ်လား...၊ ဘယ်သူ့ကဗျာလဲ"

"ဒီလောက်မော်ဒန်ဆန်နေမှတော့ ဘယ်သူရှိဦးမလဲ... ရှိတ်စပီယားပေါ့"

ရဲအောင်၏စကားကြောင့် နေဒွန်းက ရယ်သည်။ ကော်ဖီခွက်ကို မော့သောက်ပြီးမှ...

"ရှိတ်စပီယားရဲ့ ဘယ်စာအုပ်ထဲက ကဗျာလဲ"

"TWELFTH NIGHT ပြဇာတ်ထဲက ကဗျာတစ်ပုဒ်ကို ဘာသာပြန်ထားတာကွ၊ အပြည့်အစုံတော့ မဟုတ်ဘူး၊ သူ့အထက်မှာ တစ်ပိုင်းရှိသေးတယ်"

"အင်း... မင်းဘာသာပြန်ထားတာ ကောင်းတယ်ကွ၊ ရှိတ်စပီးယားက မော်ဒန်ဖြစ်တာ မဟုတ်ဘူး၊ မင်းက မော်ဒန်ဖြစ်နေတာ"

ရဲအောင်က ခပ်ဟဟရယ်သည်။ သူ့ခေါင်းမှဆံပင်တို့ကို လက်နှင့်သပ်နေရင်း...

"အေး... အဲဒါတွေထားပါဦးကွာ၊ ဒီကဗျာလေးမျိုးကို ဘာသာလဲပြန်ပြီးရော ငါ့မှာ ခံစားချက်တစ်မျိုး ရလာတယ်"

"ဘာခံစားချက်လဲ..."

"ဒီကဗျာထဲမှာ သူက သူ့ချစ်ပနအတွက် သူလိုချင်တဲ့ပုံစံကို ပြောထားတယ်လေ"

"အဲဒါ ဘာဖြစ်တုန်း"

"ငါ... လန့်သွားတယ်၊ အဲဒါကြောင့် မင်းကို အဖော်လာစပ်တာ၊ ငါသေရင် ဘယ်လို လုပ်ပေးရမယ်ဆိုတာ မင်းကို မှာထားမယ်၊ မတော်တဆ မင်းသေသွားရင် ဘယ်လိုလုပ်ပေးရမယ်ဆိုတာ ငါ့ မှာထားခဲ့... အဲဒါပြောမလို့"

နေဒွန်းက ရဲအောင်ကို မချိုမချဉ် ကြည့်လိုက်သည်။

"မင်းက အခု သေတော့မှာမို့လို့လား..."

"မပြောနိုင်ဘူးလေ သူငယ်ချင်းရာ...၊ ကွေးသောလက်မဆန့်မီ ဆန့်သောလက် မကွေးမီတဲ့"

"အဲဒီတော့... ငါသေရင် ဘာလုပ်ပေးရမယ်ဆိုတာ ငါက မင်းကို ပြောပြရမယ်ပေါ့"

"အေးလေ...၊ ငါလည်းပြောမယ်၊ မင်းလည်း ပြောလေ"

"ငါရော သေခါနီးပြီမို့လို့လား..."

"ဟာ... အဲလိုတော့လည်း မဟုတ်ဘူးပေါ့ နေဒွန်းရာ"

"ဟဲဟဲဟဲ..."

နေဒွန်းကရယ်သည်။ ရဲအောင်၏ မျက်နှာကို စုံချည်ဆန်ချည် ကြည့်ပြီး...

"ရဲအောင်"

ရဲအောင်က ဇဝေဇဝါ ဖြစ်လာပုံရသည်။

"ဟေ..."

MCMBOOKSHELF

"အချင်းချင်းကို မင်းက ပတ်ချင်သေးတယ်ကွာ"

"ဘာ... ပတ်လို့လဲ"

"မင်းတို့ ငါ့ကို ဝိုင်းညာထားကြတယ်"

"ဘာညာလို့လဲဟ..."

"ငါသေတော့မှာ မဟုတ်လား၊ အဲဒါ ဘာလို့ငါ့ကို ပွင့်ပွင့်လင်းလင်း မပြောကြတာလဲ၊ မင်းတို့ မပြောပေမယ့် ငါက သိပါတယ်"

"ဟာ... ဟေ့ကောင်... မင်း..."

"မင်း... လျှို့မနေပါနဲ့တော့၊ ငါ အကုန်သိပြီးပြီ၊ မင်းတို့ဟာတွေက ရှေ့ကဖုံး နောက်ကပေါ်တာ မဟုတ်ဘူး...၊ ရှေ့ကဖုံးပြီး ရှေ့ကပဲ ပေါ်နေတာ"

"ဟာ..."

"ခင္ဂါက အာရုံထဲမှာ ငါ့အလောင်းကို မြင်တယ်ဆိုတာ ငါ သိပြီးပါပြီကွာ...၊ ဒီနေ့လား... မနက်ဖြန်လား၊ ဒီရက်ပိုင်းအတွင်းမှာ ငါသေမယ်ဆိုတာ ငါသိပါတယ်ကွာ"

"ဟေ..."

ရဲအောင် ပါးစပ်အဟောင်းသားဖြစ်နေသည်။ နေဒွန်းကိုလည်း မယုံနိုင်လောက်အောင် အံ့သြသော မျက်လုံးမျိုးဖြင့် ပြူးကြည့်နေ၏။

ပြီးမှ... အကြည့်လွှဲပြီး သူ့ရှေ့မှ လက်ဖက်ရည်ခွက်ကို ဂွပ်ခနဲ မော့သောက်သည်။ နင်မလိုပင် ဖြစ်သွားသေးသည်။ နေဒွန်းကို ခပ်လေးလေး မေးသည်။

"နေဒွန်း"

"ဟေ..."

"မင်း... တကယ်သိတာလား"

"တကယ်သိတာပါကွာ..."

"ဘယ်လိုလုပ် သိတာတုန်း..."

"မင်းတို့က ငါ့ကို ဖုံးတော့ ဖုံးထားကြတာပဲ၊ ဒါပေမဲ့ ယုတ္တိရှိအောင် နည်းနည်းတော့လည်း ဖွင့်ပြောကြတယ်၊ မင်းတို့ ဖွင့်ပြောတဲ့ နည်းနည်းတွေကို စုလိုက်တော့ ငါက တစ်ခုလုံးကို သိသွားတယ်"

ရဲအောင်က နဖူးကြော၊ ပါးကြောတွေ ရှုံ့တွလာသည်အထိ စဉ်းစား၏။ လက်ခံချင်ပုံ မပေါ်ချေ။

"မဟုတ်သေးပါဘူး... နေဒွန်းရာ"

"ဟုတ်မှ ဟုတ်ပါ... ရဲအောင်ရာ"

"ကဲ... ဒါဖြင့်ပြော၊ ဘယ်လိုလုပ် သိလဲ"

နေဒွန်းက တဟဲဟဲရယ်နေပြန်သည်။

ဇော်မြင့်ကဖီးမှာ သူတို့ လက်ဖက်ရည်သောက်နေကြခြင်း ဖြစ်သည်။ ဇော်မြင့်ဆိုသည်ကား အခြားလူ မဟုတ်ချေ။ ခင္ဂါတို့အိမ်မှ အိမ်ဖော်မလေး ခင်သီတာဝင်းနှင့် လူငယ်ချင်း မေတ္တာမျှနေသူ ဖြစ်သည်။

"အေးပါ... ငါ ပြောပြပ့်မယ်...၊ ခဂ္ဂါ ငါ့ကို အာရုံရပြီး နောက်နေ့မနက်မှာ လင်းလင်းဆီ ငါက ဖုန်းခေါ်ဖြစ်တယ်"

"အင်း... အဲဒီတော့"

"လင်းလင်းက ပြောတယ်...၊ ညတုန်းက လူတစ်ယောက်သေမယ့် အာရုံရုပ်ကို မြင်လို့ ခဂ္ဂါ စိတ်မချမ်းမသာ ဖြစ်နေတယ်တဲ့၊ မရွှင်မလန်း ဖြစ်နေတယ်တဲ့၊ ငါရယ်လို့တော့ မပြောဘူး..."

"အဲဒါကြောင့် ငါက ခဂ္ဂါဆီ လှမ်းဖုန်းဆက်တယ်၊ ပျော်ရွှင်အောင် အားပေးလိုက်ဦးမယ်ဆိုတဲ့ သဘောပေါ့"

"အင်း... ဟုတ်ပြီ"

"ခဂ္ဂါက ငါ့ကို အေးအေးဆေးဆေး စကားပြန်ပြောပါတယ်။ ညကတောင် သူ ငါ့ကို အာရုံထဲမှာ ရှိုးတိုးရိပ်တိတ် တွေ့လိုက်သေးတယ်တဲ့၊ ငါ့ကို သူ သတိရတတ်တဲ့အကြောင်း ပြောတာပါ၊ ဒါပေမဲ့ ငါက ဆက်စပ်မိသွားတယ်"

"ဩော်... အေးပေါ့"

"အပြတ်သားဆုံးသိရတာကတော့ ခင်သီတာဝင်းဆီကကွ"

"ဟေ..."

ရဲအောင် အံ့သြသွားသည်။ ကပျာကယာ ပြန်ငြင်းသည်။

"ဟော့ကောင်၊ အဲဒါတော့ မဟုတ်ဘူးထင်တယ်"

"ဘာလို့ မဟုတ်ရမှာလဲ"

"ခဂ္ဂါမှာ အဲလို ကြိုမြင် ကြိုသိနေတဲ့ စိတ်ရှိမှန်း ခင်သီတာဝင်းက သိမှ မသိပဲ"

"အေးလေ...၊ အဲဒါကို သူ မသိပါဘူး"

"ဒီလိုကွာ..."

"အင်း..."

"ခင်သီတာဝင်းနဲ့ ငါနဲ့က မနက်မနက် ဒီလက်ဖက်ရည်ဆိုင်မှာ ဆုံတတ်တယ်၊ ငါက လက်ဖက်ရည် ထိုင်သောက်နေတာ သူက ပလာတာ ဝင်ဝယ်တာ"

"အင်း... အဲဒါတော့ ငါရှင်းတယ်"

"ခဂ္ဂါ ငါ့ကို အဲလိုအာရုံမြင်ပြီး နောက်နေ့မနက်မှာ ခင်သီတာဝင်းက ငါ့ကို ပြုံးတူးပြာတာ ပြောပါလေရော..."

"ဘာတဲ့လဲ..."

"ခဂ္ဂါနဲ့ လင်းလင်းနဲ့ ညက ဖုန်းပြောနေတာကို သူနောက်က ကြားတယ်တဲ့"

"သူ... သဘောပေါက်လို့လားကွာ"

"သူသဘောပေါက်သလိုတော့ ငါ့ကို ပြောတယ်လေ"

"ဘယ်လိုပြောသလဲ..."

"ခဂ္ဂါက ငါသေမယ်ဆိုပြီး ညက အိပ်မက် မက်တယ်တဲ့၊ လင်းလင်းကိုတောင် အဲဒီအကြောင်း လှမ်းပြောနေသေးတယ်တဲ့"

MCMBOOKSHELF

"သြော်..."

"အဲဒီကတည်းက ငါက သေသေချာချာ သိနေပြီ"

"အင်း..."

"အခု မင်းက အသားလွတ်ကြီး ငါ့ကို လာမေးပြန်တယ်၊ ငါသေရင် ဘယ်လိုလုပ်ချင်သလဲတဲ့...၊ ဟားဟား... ဟော့ကောင်... ရဲအောင်"

"ဟေ..."

"ငါ... မှာခဲ့မယ်ကွာ"

"အေး... ပြော"

"ငါသေရင် လုပ်ချင်သလိုသာ လုပ်ကြ"

"ဟင်..."

"အကောင်းပြောနေတာ... ငါသေရင် လုပ်ချင်သလိုသာလုပ်ကြ၊ ဘာမှမလုပ်လည်း ရတယ်၊ စိတ်မဆိုးဘူး၊ ငါ... အေးအေးဆေးဆေးပဲ"

နေဒွန်းက စကားကို အပြီးအပြတ် ပိတ်ပြောလိုက်၏။ ရဲအောင် ဘာမှပြန်မပြော...။ မျက်နှာမှာ စိတ်မကောင်းဖြစ်နေဟန် ပေါ်သည်။ ငူငူငိုင်ငိုင်လည်း ဖြစ်နေ၏။ ခဏကြာမှ...

"နေဒွန်း"

"ဟင်..."

"မင်း သေရမှာကိုတော့ မင်းသိသားပဲ"

"အေးလေ... သိပါတယ်ဆို..."

"မင်း... မတုန်လှုပ်ဘူးလား"

"မတုန်လှုပ်ပါဘူး"

နေဒွန်း၏မျက်နှာကို ရဲအောင်က ထိုးထိုးဖောက်ဖောက် ကြည့်လာသည်။ လေသံပြတ်ပြတ်ဖြင့် ဆက်မေးသည်။

"မင်း... မကြောက်ဘူးလား"

နေဒွန်းက ခပ်တိုးတိုးရယ်၏။

"မကြောက်ပါဘူး"

"တကယ် မကြောက်တာလား..."

"တကယ်ပါကွ... ငါက ကြောက်နေတဲ့ပုံ ပေါ်လို့လား"

ရဲအောင် ဝန်မခံပဲနေ၍ မရ။ ဝန်ခံရသည်။

"မပေါ်ပါဘူးကွာ၊ မင်းပုံစံက ဘာမှ မဖြစ်သလိုမျိုးပဲ"

"အဲဒါများ..."

"အေး... အဲဒါကြောင့်ကို မေးနေရတာပေါ့"

နေဒွန်းက ခေါင်းကို နောက်လှန်၍ရယ်တော့သည်။ ရယ်မောအပြီးမှာ သူ့မျက်နှာက အနည်းငယ် တည်သွားသည်။

MCMBOOKSHELF

"ရဲအောင်"

"ဟင်..."

"သေခြင်းတရားဆိုတာကို ငါ သိပ်မကြောက်ဘူးကွ၊ စေ့စေ့တွေးလေ မကြောက်လေပဲ"

ရဲအောင်က ဘာမှပြန်မပြော၊ စားပွဲပေါ်မှ ရေနွေးခရားအိုးကြီးကို စိုက်ကြည့်နေသည်။

"ငါ့ကို ကပ်သီးကပ်သပ်သမားလို့တော့ မမြင်နဲ့ပေါ့ကွာ၊ မင်းကို ငါ ပြောပြမယ်"

"ငါတို့ လူတွေမှာ လက်ရှိ ရှိထားတဲ့ ကိုယ်ပိုင်ပစ္စည်းတွေနဲ့စာရင် သေခြင်းတရားက ပိုပြီး သစ္စာရှိတယ်ကွ"

"ဘာ..."

"ငါတို့ပိုင်တဲ့ ပစ္စည်းတွေဆိုတာက အချိန်မရွေး သူများပိုင် ဖြစ်သွားနိုင်တယ်၊ ငါတို့ပိုင်ဆိုင်တဲ့ ပစ္စည်းတွေထဲမှာ သေခြင်းတရားလည်း ပါတယ်၊ တခြားပစ္စည်းတွေထက်စာရင် သူက ကိုယ့်အပေါ် သစ္စာကြီးတယ်၊ ကိုယ့်ကိုယ်စား သူများက ဝင်သေလို့ မရဘူး၊ သေခြင်းတရားဟာ ကိုယ့်ပစ္စည်းကနေ သူ့ပစ္စည်း ဖြစ်မသွားဘူး၊ လူဆိုတာက မွေးလာကတည်းက အသက်တစ်ချောင်းစာ တန်ဖိုးရှိတဲ့ သေခြင်းတရားကို ပိုင်ဆိုင်ထားပြီးသားပဲလေ..."

ရဲအောင်က ရေနွေးခွက်ကို မော့သောက်ဟန်ဆောင်ပြီး စိတ်ရှုပ်ထွေးစွာ နားထောင်နေ၏။

သူ... ဆက်ပြောလိုက်သည်။

"သဘောကျစရာကောင်းတာက သေခြင်းတရားဟာ ပြည်သူပိုင်ပစ္စည်းဖြစ်သလို... ပုဂ္ဂလိကပိုင် ပစ္စည်းလည်း ဖြစ်တယ်ကွ ဟဲဟဲ..."

ရဲအောင်က သက်ပြင်းချ၏။

"သေခြင်းတရားကို လူသားအားလုံးက ပိုင်တယ်၊ ကိုယ့်သေခြင်းတရားကိုလည်း ကိုယ်ပိုင်တယ်၊ ငါ့အနေနဲ့ကတော့ ငါ့သေခါနီးအချိန်ကို စိတ်ဝင်တစားနဲ့ ဖြတ်သန်းသွားရမှာပဲ"

"စိတ်ဝင်တစားနဲ့... ဟုတ်လား"

"အေး..."

"ဘာကို စိတ်ဝင်စားတာလဲ"

"ငါတို့လူသားတွေမှာ ရှင်ခြင်းနဲ့ သေခြင်းဆိုတာ ရှိတယ် မဟုတ်လား၊ မွေးဖွားခြင်းနဲ့ သေဆုံးခြင်းလို့ ဆိုပါစို့..."

"အေး...၊ အဲဒါဘာဖြစ်လဲ"

"ငါ့ကို မွေးတဲ့အချိန်၊ ငါ စရှင်တဲ့အချိန်မှာ... ရှင်ခြင်းတရားကို ငါ ကောင်းကောင်း မတွေ့လိုက်ရဘူးကွ၊ ငါ့မှာ ဘာအသိဉာဏ်မှ မရှိသေးဘဲ"

"အဲဒါကတော့ မင်းမှ မဟုတ်ပါဘူးကွာ၊ လူတိုင်းအဲလိုချည်းပါပဲ"

"ဘာပဲ ဖြစ်ဖြစ်လေ..."

"ပြော... ဆက်ပြော"

MCMBOOKSHELF

"ရှင်ခြင်းတရားကို ကောင်းကောင်းမတွေ့လိုက်ရတဲ့ ငါဟာ အခု သေခြင်းတရားကိုတော့ သေသေချာချာ လေ့လာသွားဖို့ ငါ စိတ်ကူးထားတယ်၊ ရှင်ရာကနေ သေသွားတဲ့ကိစ္စကို ငါ စိတ်ဝင်စားတယ်၊ သေခြင်းတရားကို ငါ သေသေချာချာ စောင့်ကြည့်ရင်ဆိုင်သွားမှာပဲ၊ မကြောက်ပါဘူး၊ နည်းနည်းရင်ခုန်တာလောက်ပဲ ရှိတယ်"

"ဟေ..."

ရဲအောင်၏မျက်နှာမှာ အရိပ်အယောင်အမျိုးမျိုး ဖြတ်ပြေးနေသည်။ သူ့ကိုလည်း နားလည်ရခက်သလို ကြည့်၏။

နေဒွန်း... ပြုံးရုံပဲ ပြုံးနေလိုက်တော့သည်။

"ဗုဒ္ဓဝါဒအရဆိုရင် ရှင်မယ်... ပြီး သေမယ်၊ ပြီး... ဘုံဘဝတစ်ခုခုကို ကူးပြီး ပြန်ရှင်မယ်၊ ထပ်သေမယ်... ဘုံဘဝတစ်ခုခုကို ထပ်ကူးပြီး ထပ်ရှင်သန်ကြဦးမယ်၊ သံသရာမဆုံးသရွေ့ပေါ့ သူငယ်ချင်းရယ်"

ရဲအောင် သက်ပြင်းချသည် ထင်သည်။

"နေခြင်းတရားကို လက်ခံထားရင်တော့ သေခြင်းတရားကိုလည်း လက်ခံရမှာပဲ၊ သံသရာတစ်ခွင် တစ်ပြင်လုံးကို နေလိုက် သေလိုက်နဲ့ ဖြတ်သန်းနေရဦးမှာပဲ...၊ ငါ... တွေးမိတာ တစ်ခုရှိတယ်"

"အင်း..."

"နေခြင်းတရားက စကားပြောတတ်တဲ့ လောကကြီးတစ်ခုကို ပေးတယ်၊ ပျော်စရာပါပဲ၊ သေခြင်းတရားကတော့ တိတ်ဆိတ်တတ်တဲ့ လောကကြီးတစ်ခုကို ပေးတယ်၊ အဲဒါလည်း စိတ်ဝင်စားစရာပါပဲ"

"အင်း... ဆိုပါဦး"

"အခု... ငါသေတော့မယ်ဆိုပါစို့..."

"အင်း..."

"ငါဟာ... စကားပြောတတ်တဲ့ရင်ခွင်ကို စွန့်ခွာပြီး တိတ်ဆိတ်နေတတ်တဲ့ ရင်ခွင်ဆီ ပြေးဝင်တာပဲ၊ ဟဲဟဲ... မင်းကို ငါရှေ့ပိုင်းမှာ ပြောခဲ့တဲ့အတိုင်းပါပဲ၊ သေရတာ ကြောက်စရာ မဟုတ်ပါဘူး...၊ စိတ်ဝင်စားစရာတောင် ကောင်းပါတယ်၊ ငါလည်း စိတ်ဝင်စားတယ်"

"ဒါ... မင်းရဲ့ ရင်ထဲက စကားလား..."

"ဒါ... ငါ့စကား မဟုတ်ဘူး"

"ဟင်..."

"ဒီစကားကကို ငါပဲ ဖြစ်တယ်...၊ ငါကကို ဒီစကားပဲ ဖြစ်တယ်"

ရဲအောင်က လေပူကြီးတစ်ချက်ကို မှုတ်ထုတ်၏။ ပြီး... ပြုံးသည်။

အားယူ၍ပြုံးသော အပြုံးဟုထင်သည်။ သို့သော် ကြည်လင်ခိုင်မာသော အပြုံးဖြစ်နေသည်။

"နေဒွန်း"

"ဟင်..."

"ရှိတ်ဟန်းဒါ... ကွာ"

MCMBOOKSHELF

သူ့လက်ကို ကမ်းပေး၏။ နေဒွန်းက ပြန်လည်ဆုပ်ကိုင်လိုက်သောအခါ တင်းတင်းဖြစ်ညှစ်သည်။ အချစ်ဆုံးသူငယ်ချင်းတစ်ယောက်ကို ကြည့်သလို ကြည့်ပြီး… တစ်ခါမှ မမြင်ဘူးသော လူတစ်ယောက်ကို ကြည့်သလို ကြည့်သည်။

"မင်းအတွက် ငါ… ဂုဏ်ယူပါတယ်၊ မင်းဟာ ငါထင်တာထက် ပိုပြီးတော့ သတ္တိရှိတယ်"

နေဒွန်းက တဟဲဟဲ… ရယ်တော့၏။

"ဟာ… ဒီလောက်လဲ မဟုတ်ပါဘူးကွာ၊ ဒါတွေထားစမ်းပါ…၊ ဟော့ကောင် ရဲအောင်"

"ဟေ…"

"မင်းကို ငါ… ပြစရာတစ်ခုရှိတယ်"

"ဘာလဲ…"

"ကဗျာတစ်ပုဒ်ကွ"

ရဲအောင်၏မျက်လုံးများက အရောင်တောက်သွားသည်။

"ဘာလဲ…၊ မင်းရေးထားတာလား"

"အဲဒါတွေ မမေးနဲ့ဦးကွာ… အရင်ဖတ်ကြည့်စမ်း"

"အေး… ပေးလေ"

နေဒွန်းက ထုံးစံအတိုင်း အိတ်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်ပေး၏။ ရဲအောင်က အငမ်းမရ ဖတ်သည်။ ဖတ်ရင်းနှင့်ပင် သူ့မျက်လုံးတွေ အရောင်လဲ့လဲ့ ပြေးနေသည်။

နှစ်ခေါက်သုံးခေါက် ပြန်ဖတ်သည်။ ပြီး စိတ်လှုပ်ရှားဟန်ဖြင့် ပြောသည်။

"နေဒွန်း"

"ပြော… သူငယ်ချင်း၊ ကဗျာကို ဘယ်လိုမြင်လဲ"

"ကောင်းတယ်ဟ"

"မင်းသဘောကျလား"

"အင်း…၊ ကဗျာက မြင့်တယ်"

"မော်ဒန်ကဗျာတစ်ပုဒ်လို့ မင်း မခံစားရဘူးလား"

"ခံစားရတာပေ့ါ…၊ မော်ဒန်ဟန်နဲ့ ရေးထားတာပဲဟာ…"

နေဒွန်းက ရယ်၏။

"မဟုတ်ဘူးကွ၊ ဒီကဗျာက အေဒီ ငါးရာကျော်လောက်ကတည်းက ပေါ်ထားတဲ့ကဗျာ…"

"ဟင်… ဟုတ်လား"

"ဟုတ်တယ်…၊ ဖုဒါရရှီ ဆိုတဲ့ ဂျပန်ဘုန်းကြီးတစ်ပါးရေးတာ၊ ငှါအတွေးအခေါ်နဲ့ သွေးချင်းနီးတယ်ထင်ပြီး ငါ… ကူးထားတာ"

"ဟေ… အဲဒီလိုလား"

ရဲအောင်က စာရွက်ပေါ်မှ ကဗျာကို တစ်ခေါက်ပြန်ငုံ့ဖတ်သည်။ နေဒွန်းက လမ်းမဆီလှမ်းငေးရင်း ထိုကဗျာကို နှုတ်ဖျားမှ တီးတိုးရေရွတ်နေလိုက်၏။

MCMBOOKSHELF

မွန်းလွဲနေရောင်က လိမ္မော်ရင့်ရင့်တို့ဖြင့် စွန်းကွက် လှပနေသည်။

*****

MCMBOOKSHELF

လက်ချည်းသက်သက် ငါသွားနေတယ်...
ကြည့်လေ...
ငါ့ရင်ထဲမှာ ပေါက်တူးပါလာတယ်။

ခြေလျင်သက်သက် ငါသွားနေတယ်...
ဒါပေမဲ့...
နွားတစ်ကောင်ရဲ့ ကျောကုန်းပေါ်မှာထိုင်လို့...

တံတားကို ငါဖြတ်ကျော်တဲ့အခါ...
ကြည့်လေ...
ရေတွေက စီးဆင်းမနေဘူး...
ဒါပေမဲ့...
တံတားကတော့ စီးဆင်းနေလေရဲ့...။

MCMBOOKSHELF

ပန်းကန္တာရမှာ၊ ကျောက်တုံးအိုတွေ လှဲပြိုကွဲအက်...
ငါဟာ...
ကိုယ့်ကိုယ်ကို ပြန်တူးနေတဲ့ ပေါက်ချွန်းတစ်လက်ကွဲ။
သိရဲ့လား...။

ဆိုင်က ခန်းနားသပ်ရပ်မှု ရှိ၏။ တိတ်ဆိတ်အေးဆေးပြီး ချစ်သူစုံတွဲများ အလာများသည့် အအေးဆိုင်ကြီး ဖြစ်သည်။

"နေဦး...၊ နင်က ငါ့ကိုစောင့်လိုက်ရတာ အတော်ကြာသေးလား"

"ဟင့်အင်း...၊ သိပ်မကြာသေးပါဘူး"

ခဂ္ဂါ၏ကွန်ပျူတာသင်တန်းကို နေဒွန်းက လိုက်သွားပြီး စောင့်နေခြင်း ဖြစ်သည်။ သင်တန်းပြီး၍ ထွက်လာသော ခဂ္ဂါက သူ့ကိုမြင်တော့ အံ့ဩဝမ်းသာ ဖြစ်သွားသည်။

"နင်... ဘာလာလုပ်တာလဲ"

"နင့်ကို လာစောင့်တာ"

"ဟင်... ကိစ္စအထူးရှိလို့လား"

"မရှိပါဘူး...၊ နင် ကွန်ပျူတာသင်တန်းကအပြန်မှာ လိုက်စကားပြောဖူးတယ် ရှိအောင်လို့"

"ခွေးကောင်နော်..."

ခဂ္ဂါက ဒရိုင်ဘာကို ပြန်လွှတ်လိုက်သည်။ မြင့်လွင်မိုး၏ နှောင့်ယှက်မှုကြောင့် နောက်ပိုင်းရက်များတွင် အိမ်ကကားနှင့်ပင် ကွန်ပျူတာသင်တန်းကို အသွားအပြန်လုပ်ရ၏။

နေဒွန်းက...

"နင်... မောင်းမှာလား"

"အေး..."

"ဘယ်သွားမှာလဲ"

"ငါက ဘယ်မှသွားစရာမရှိဘူး...၊ နင်က ဘယ်သွားချင်သလဲ"

"အဲဒါဆိုရင်လည်း ငါ့ကို မြို့ထဲဘက် တစ်ချက်ပို့ပေးဟာ၊ ငါ ပစ္စည်းဝယ်စရာတွေ ရှိတယ်"

"သွားလေ..."

နေဒွန်းလိုချင်သောပစ္စည်းများ ဝယ်ခြမ်းအပြီးမှာ အအေးဆိုင်တစ်ဆိုင် ထိုင်မည်ဟူသော စိတ်ကူးဖြင့် ဤဆိုင်သို့ ရောက်ရှိလာခြင်း ဖြစ်သည်။

ခဂ္ဂါကပဲ ဆိုင်အသွင်အပြင်ကို အထင်ကြီးပြီး ဘုမသိ၊ ဘမသိ မောင်းဝင်ခဲ့ခြင်း ဖြစ်သည်။ ဆိုင်ထဲမှာ သမီးရည်းစားစုံတွဲတွေ များနေမှ ဒင်းကလေး ရှက်ကိုးရှက်ကန်း ဖြစ်သွား၏။

"ခဂ္ဂါ"

"ဟင်..."

"နင်... ဘာရည်ရွယ်ချက်နဲ့ ငါ့ကို ဒီဆိုင် ခေါ်လာတာလဲဟာ..."

"အောင်မယ်..."

"ပေါက်တဲ့နဖူး မထူးတော့ပါဘူးဟာ၊ တို့နှစ်ယောက်လည်း တစ်ဝိုင်းဝိုင်းမှာ ထိုင်လိုက်ကြတာပေါ့"

"ဖြစ်ပါ့မလားဟယ်...၊ နင် နစ်နာနေပါဦးမယ်"

"နစ်နာရအောင် ငါက ဖောင်တိန်မှ မဟုတ်ပဲ"

ထိုသို့ဖြင့် စားပွဲတစ်ဝိုင်းမှာ သူတို့ ဝင်ထိုင်ဖြစ်ကြ၏။

"နင်ကလည်းဟာ..."

အအေးများ မှာအပြီးမှာ ခဂ္ဂါက အလိုမကျဟန်နှင့် ပြော၏။

"ဘာဖြစ်လို့လဲ..."

"နင့်အထုပ်ကြီးကို ဒီထဲထိ ယူလာသေးတယ်၊ ကားထဲမှာ ထားခဲ့တာ မဟုတ်ဘူး"

"အေး... ဟုတ်ပါရဲ့"

နေခွန်းဝယ်လာသော ပစ္စည်းထုပ်ကြီး ဖြစ်၏။ ဝါးလက်ခုပ်ကြီးတစ်ချောင်းလည်း ပါသဖြင့် ထိုးထိုးထောင်ထောင် ဖြစ်နေသည်။

အအေးကို တစ်ငုံနှစ်ငုံသောက်အပြီးမှာ ခဂ္ဂါက သူသိချင်ရှုရှုဖြစ်နေသော မေးခွန်းကို မေးပါလေတော့သည်။

"နေပါဦး...၊ ဒီပစ္စည်းတွေ နင်က ဘာလုပ်ဖို့ဝယ်တာလဲ"

"ကိစ္စရှိလို့"

"ဘာကိစ္စလဲ..."

"မသိချင်ပါနဲ့ဟာ..."

"သိချင်တယ်ဟာ..."

ခဂ္ဂါ၏ စူပွပွပြောဟန်ကြောင့် နေခွန်းကြည်နူးစွာ ပြုံးမိလေသည်။ ခဂ္ဂါက အလွန်ချစ်ဖို့ ကောင်းသည်။

"ကဲ... ဒါဖြင့်လည်း ပြောပြမယ်"

"အင်း..."

"ဒီခေါင်းလိမ်းဆီဘူးက..."

"အင်း..."

"မြင့်လွင်မိုးကို လက်ဆောင်ပေးဖို့"

ခဂ္ဂါ ဆတ်ခနဲ ဖြစ်သွားသည်။

"ဟင်... နင်လုပ်ပြန်ပြီလား"

"မဟုတ်ပါဘူး...၊ စေတနာနဲ့ပါ၊ ဒီခေါင်းလိမ်းဆီဘူးက အစစ်ပဲလေ၊ အကောင်းစားလေ၊ နင်ရှေ့တင် ဝယ်လာတာပဲ"

ခဂ္ဂါက သူ့မျက်လုံးစူးစူးလေးဖြင့် နားမလည်သလို ကြည့်၏။

"ဘာဖြစ်လို့ ပေးမှာလဲ..."

"ဩော်... ငါ နောက်ပြီးပေးတဲ့ ခေါင်းလိမ်းဆီဘူး အတုကြောင့် သူ ကတုံး တုံးပစ်လိုက်ရတယ် မဟုတ်လား၊ ကိုယ့်ကြောင့် သူနစ်နာခဲ့ရတာကိုး...၊ အဲဒါကို အခု အစစ်တစ်ဗူးပြန်ပေးပြီး ကိုယ့်အပြစ်ကိုယ် ခြေမလို့..."

"ငါကတော့ အပြစ်လို့ မမြင်ပါဘူးဟာ..."

"ဘာပဲပြောပြောဟာ… ငါ့စိတ်ထဲမှာ ရှင်းသွားချင်တယ်၊ အဲဒါကြောင့် ငါ သံသရာကြွေး အတင်မခံနိုင်ဘူး"

သူ့စကားကြောင့် ခက္ခ ငြိမ်သွား၏။ နေဒွန်းကလည်း ဆက်ပြောစရာ စကားမရှိသလို ဆွံ့အသွားသည်။ နှစ်ယောက်သား ရင်ထဲမှာ လေးလံသွားကြသလို ရှိ၏။

"ဂျိမ်း… ဂျိမ်း…"

မိုးခြိမ်းသံကြောင့် ခက္ခ လန့်သွားသည်။

"ဟင်… သူ့ရာသီလည်း မဟုတ်ဘဲနဲ့ မိုးတွေ ခြိမ်းလို့ပါလား၊ ဘယ်လိုဖြစ်တာလဲ…"

"မိုးရွာလိမ့်မယ်… မုန်တိုင်းရှိတယ်လေ၊ မိုးလေဝသအထူးသတင်း ကြေညာထားတယ်"

ခက္ခ စိတ်ညစ်သွားသည်။

"ပြဿနာပဲ…"

"ဘာဖြစ်လို့လဲ…"

"မိုးရွာရင် ငါက ကားသိပ်မမောင်းချင်ဘူး၊ သိပ်လည်းမမောင်းတတ်တော့ဘူး…"

"ထားပါ…၊ အဲဒါက ငါ ဝင်မောင်းလို့ ဖြစ်ပါတယ်"

ပြောရင်းဆိုရင်း မိုးတဖျောက်ဖျောက်ရွာလာ၏။

မိုးရိပ် မိုးရောင်သန်းသော ကောင်းကင်သည် အဖြူညိုးညိုး ဖြစ်နေသည်။

ခက္ခ သူ့စကားကို ပြန်ဆက်၏။

"ကဲ… ထားပါတော့၊ နောက်ပစ္စည်းတွေ ကျန်သေးတယ်၊ ဘာဖြစ်လို့ ဝယ်တယ်ဆိုတာ ဆက်ပြောပါဦး…"

"အင်း…"

နေဒွန်းက ပစ္စည်းတစ်ခုကို ထုတ်ပြပြီး…

"ဒီလှျပ်စစ်ခေါင်းလောင်းကတော့ ကိုကြီးဝကို ပေးဖို့"

"ဘာလုပ်ဖို့လဲ…"

"သူ့ရေကန်မှာ အက်ဆီးဒင့်တစ်ခုခုဖြစ်ခဲ့ရင် အရေးပေါ် ခေါင်းလောင်းအဖြစ် သုံးဖို့ပေါ့"

"ဩော်… ဩော်…"

"ငါက ရေနစ်ချင်ယောင်ဆောင်ပြီး သူ့ဆီက ညာစားဖြစ်ထားတယ်လေ၊ သူ့အတွက် တစ်ခုခု ငါပြန်ဝယ်ပေးချင်တယ်၊ ဒါကြောင့် ငါ ဝယ်လာတာ"

"အင်း… မဆိုးပါဘူး၊ ဟိုမုန့်ကြီးကရော…"

"အဲဒါက ငါ့ သူငယ်ချင်းတစ်ယောက်ရဲ့ညီ၊ မိုးအောင်ဆိုတဲ့ ကောင်လေးအတွက်"

"သူက မုန့်ကြိုက်လို့လား…"

"အဲလိုတော့ မဟုတ်ဘူးဟ"

"သူ့အိမ်မှာ မုန့် မရှိလို့လား"

"အဲဒါလည်း မဟုတ်ဘူးဟ"

"ဟာ… နင်ကလဲ"

MCMBOOKSHELF

ဒင်းကလေး စိတ်တိုလေသည်။

"ငါ ပြောပြမယ်လေ...၊ အရင်နားထောင်ဦးမှပေါ့"

"အင်း... ပြော"

"ဒီကောင်လေးက စာ အရမ်းကြိုးစားတယ်ဟ"

"အင်း..."

"အပြိုင်အဆိုင်စိတ် အရမ်းကြီးတယ်၊ သူ့ပြိုင်ဘက်တွေက သူ့ကို သာသွားမှာကိုလည်း အရမ်းကြောက်တယ်"

"ဘယ်နှစ်တန်းလဲ"

"ဆယ်တန်း"

"သြော်... ဒီအရွယ်ကတော့ ဒီအတိုင်းပါပဲဟာ"

"ဟင့်အင်း...၊ ငါ ကြည့်မနေနိုင်တော့ဘူးဟ"

"ဘာဖြစ်လို့လဲ..."

"စာတွေစွတ်ကျက်ပြီး ကြောင်တောင်တောင် ဖြစ်နေပြီ"

"ဟုတ်လား..."

"အင်း... သူ့ကို နည်းနည်းတော့ ထိန်းမှ ဖြစ်တော့မယ်"

"အဲဒါနဲ့ ဒီမှန်နဲ့ ဘာဆိုင်လို့လဲ..."

"လာမယ်လေ..."

"လာလေ..."

ရယ်ဖြစ်ကြ၏။

"ငါက သူ့ကို သူများတကာနဲ့ ပြိုင်တဲ့စိတ်ကို လျော့စေချင်တယ်ဟ၊ အဲဒီစိတ်က မကောင်းဘူး၊ ပြိုင်ချင်ရင် ကိုယ့်ကိုယ်ကို ပြန်ပြိုင်လို့ရတယ်၊ မနေ့က ငါ စာဘယ်လောက် ကျက်ခဲ့မိတယ်၊ ဒီနေ့ ဘယ်လောက်ကျက်မယ်၊ အဲဒါမျိုးပေါ့..."

"အင်း..."

"သူ့ရဲ့ပြိုင်ဘက်အစစ်ဟာ...၊ သူကြည့်နေတဲ့ မှန်ထဲမှာ ရှိတယ်"

"သြော်... ဟောဟော... ဒီလိုကိုး"

ခင်္ဂါက သဘောကျသွား၏။ ခပ်သောသောလေး ဆိုသည်။

"အဲဒါကြောင့် နင်က သူ့ကို ဒီမှန်လက်ဆောင်ပေးမှာပေါ့"

"အေးပေါ့၊ ရှင်းပြပြီးမှ ပေးမှာပါ၊ ငါက ဒီမှန်ကို ပြိုင်ဘက်ကင်းမှန်လို့ နာမည်ပေးထားတယ်"

ခင်္ဂါ ဆံပင်လေးတွေ ခါလွင့်ထွက်သွားသည့်အထိ ရယ်၏။ နေခွန်း ငပေါ ဟုလည်း ရေရွတ်သည်။ ပြီး...

"ကဲ... ငါအခု အသိချင်ဆုံးကတော့ အဲဒီ ဝါးလက်ခုပ်ကြီးပဲ"

နေခွန်းက ဝါးလက်ခုပ်ကို တစ်ချက် ငုံ့စောင်းကြည့်ပြီး...

"ဒီဟာက သိပ်အရေးမကြီးပါဘူးဟာ..."

MCMBOOKSHELF

"မကြီးလဲ ပြောဟာ... သိချင်တယ်"

"အဲဒါ... ငါ့အသိ ကိုတင်မောင်ညွှန့်ဆိုတဲ့လူကို ပေးမလို့"

"သူက ဒိုးပတ်ဝိုင်း ထောင်ထားလို့လား..."

"မဟုတ်ဘူး...၊ သူ့အဖြစ်က လွမ်းစရာလေး၊ ဒီလိုဟ"

ခင်ဂျို စိတ်ဝင်စားသွားပုံရသည်။ ခေါင်းလေးကို မသိမသာရှေ့တိုးပြီး နားထောင်သည်။

"တက္ကသိုလ်က မိန်းကလေးဆောင်ရှေ့မှာ သူက ညညဆို ဂစ်တာသွားတီးတယ်၊ သီချင်းဆိုပြီး ဖိုသံပေးတယ်"

"အဲဒီတော့..."

"ခက်တာက... သူ့လို လာတဲ့ အခြားအဖွဲ့တွေကလည်း ရှိတာကိုး... အကုန်လုံးက သူ့ထက်သာတဲ့ သူတွေချည်းပဲ၊ ဂစ်တာလည်း သူ့ထက် တီးတတ်တယ်၊ သီချင်းလည်း သူ့ထက် ဆိုတတ်တယ်"

"သူ မျက်နှာငယ်တာပေါ့နော်... ခစ်ခစ်..."

"အင်း... အဲဒါ ငါ့ကို အကူအညီတောင်းတယ်၊ ဘယ်လိုလုပ်ရင် ကောင်းမလဲတဲ့၊ အဆောင်သူတွေ ရှေ့မှာ မျက်နှာပွင့်ချင်တယ်တဲ့..."

ခင်ဂျို သဘောပေါက်လာသလို ရှိ၏။

"သြော်... နင်က ရွှဲ့နိုင်းတော့မယ်ပေါ့"

နေဒွန်းက တဟဲဟဲရယ်သည်။

"မထူးတော့ဘူးလေဟာ...၊ မိန်းမသွားပိုးဖို့အတွက်များ ဂစ်တာအတီး ကျင့်ပါတို့၊ သီချင်းအဆို ထပ်ကျင့်ပါတို့ ငါ အကြံပေးမနေချင်တော့ဘူး။ ဝါးလက်ခုပ်နဲ့ပဲ သွားခိုင်းလိုက်မယ်"

"ခိခိခိ... ရယ်စရာကြီး"

"အဟဲ... ဘာပဲပြောပြော ထူးခြားသွားမှာပေါ့ဟာ၊ သူ့ကိုလည်း အကုန်လုံးက သတိထားမိမှာ သေချာတယ်၊ အဲလိုလူမျိုးကိုမှ ကြိုက်တတ်တဲ့ မိန်းကလေးတွေလဲ ရှိပါတယ်"

"အလဲ့..."

ခင်ဂျိုက ပြုံးသည်။ ချိုမြမြ အပြုံးဖြစ်သလို ခပ်ရှားရှား အပြုံးလည်း ဖြစ်သည်။ လှောင်သလို လေသံနှင့်လည်း ပြော၏။

"ဆရာကြီးက မိန်းမကျမ်း ကြေတယ်ပေါ့လေ...၊ ကောင်မလေးတွေအကြောင်း အတော် နားလည်တယ်ပေါ့... ဟုတ်လား"

နေဒွန်း အကျပ်ရိုက်သွားသည်။ ရှက်ရယ်ရယ်ရင်း...

"ဘာမှ နားမလည်ပါဘူးဟာ...၊ ကြားဖူးတာကတော့ မိန်းမဆိုတာ ကမ္ဘာကြီးနဲ့ တူတယ်တဲ့"

ခင်ဂျိုက မျက်မှောင်ကြုတ်ကာ ကြည့်သည်။

"ဘာအဓိပ္ပာယ်လဲ..."

"ဟဲ... ဟဲ... ဒီလိုဟ"

"အင်း... ပြောပါဦး၊ ဟုတ်ရင်တော့ ဟုတ်ပေါ့"

လုလုပပ အံကလေးကြိတ်ပြသဖြင့် နေဒွန်း အသက်ရှူမှားမတတ် ဖြစ်သွားသည်။

MCMBOOKSHELF

"အသက် ၆၀ အရွယ် မိန်းမတွေဟာ ဆိုက်ဘေးရီးယားနဲ့ တူတယ်တဲ့..."

"ဘာဆိုင်လို့လဲ..."

"ဘယ်နေရာမှာရှိမှန်း လူတိုင်းသိတယ်၊ ဒါပေမဲ့... ဘယ်သူကမှ မသွားချင်ကြဘူးတဲ့"

"ဩ... အဲလိုလား"

"အသက် ၅၀ အရွယ် မိန်းမတွေကျတော့... ဥရောပနဲ့ တူတယ်တဲ့"

"ဘာဖြစ်လို့လဲ..."

"အားလုံး... ပျက်စီးနေလို့တဲ့"

ခဂ္ဂါ မျက်စောင်းထိုး၏။

"အောင်မာ...၊ စော်စော်ကားကား"

"ဩော်... ဒါကတော့ ဒီလိုပေါ့ဟာ..."

"ကဲပါ... ကဲပါ... ဆက်ပြောပါဦး"

"အသက် ၄၀ အရွယ် မိန်းမကိုကျတော့ အမေရိက... လို့ သတ်မှတ်တယ်ဟ"

မျက်ခုံးလေးပင့်ကြည့်၍ ပြန်မေးသည်။

"အကြောင်းပြချက်က..."

"အတတ်ပညာတွေ စုံနေပြီတဲ့"

ခဂ္ဂါ မခံချင် ဖြစ်လာပုံရသည်။ သို့သော် စကားစကျန်နေသေး၍ အောင့်အီးသည်းခံပြီး နားထောင်နေပုံလည်း ပေါ်သည်။

"ဆက်ပါဦး... အသက် ၃၀ အရွယ်ကရော..."

"အသက် ၃၀ အရွယ် မိန်းမကကျတော့ အိန္ဒိယတဲ့... နွေးထွေးတယ်၊ ရင့်ကျက်တယ်၊ ပြီးတော့ လျှို့ဝှက်နက်ရှိုင်းတယ်"

"အံမယ်..."

နေခွန်းက ဆက်ပြောသည်။

"နင်တို့အရွယ် ရောက်လာပြီ ၂၀..."

"ငါက ၂၄ နှစ်... ဟဲ့"

"အေး... ဒါဖြင့်ရင်... အိန္ဒိယတစ်ပိုင်း၊ အာဖရိကတစ်ပိုင်း"

"ဘာ..."

ခဂ္ဂါ နားရှုပ်သွားပုံရသည်။ ရှင်းရှင်းလင်းလင်း ဖြစ်သွားအောင်...

"အသက် ၂၀ အရွယ် ကောင်မလေးတွေက အာဖရိကနဲ့ တူတယ်တဲ့၊ တစ်ဝက်တစ်ပျက်ပဲ ဖော်ထုတ်နိုင်သေးလို့... တဲ့"

"ဩော်... ဩော်... တစ်ပိုင်းတစ်စကပဲ မြင်သာတယ်ပေါ့၊ ပုန်းကွယ်နေတဲ့အပိုင်းတွေ ရှိသေးတယ်ပေါ့"

"အင်း..."

နေခွန်းက အောင်မြင်ပြည့်ဝသလို ပြုံးသည်။ ဆိုချင်သော စကားကလည်း ဆုံးပြီကိုး...။

MCMBOOKSHELF

"သြော်... အဲဒါကြောင့် မိန်းမဟာ ကမ္ဘာနဲ့တူတယ်လို့ ပြောတာပေါ့...၊ ဟုတ်လား နေခွန်း"

"အေး...၊ THE WOMEN IS LIKE THE WORLD တဲ့..."

"နေပါဦး... ပြောတဲ့သူက ဘယ်သူလဲ"

"အမည်မသိ ကဗျာဆရာတစ်ယောက်ဟ"

"ဟုတ်ရဲ့လားဟာ..."

"ဟုတ်တယ်..."

"ဒါဖြင့် တရားခံ မပေါ်တော့ဘူးပေါ့"

သူ့အပြောကြောင့် နေခွန်း ရယ်ရသေးတော့၏။ မကျေမချမ်း ဖြစ်နေပုံရသည်။ ပြန်လည် မပြောတတ်၍ ခက်နေသည်။

"ဟဲ့... နေခွန်း"

"ဟင်"

"နင်တို့ယောက်ျားတွေက ဆိုက်ဘေးရီးယားနဲ့ ဥရောပကိုတော့ စိတ်မဝင်စားဘူးပေါ့နော်"

"ဟဲဟဲ... ဒါပေါ့ဟ"

"အမေရိက ကိုရော..."

"အမေရိကကိုလည်း စာရင်း သိပ်မသွင်းဘူး"

"သြော်... သြော်... တော်တော် တရားကျဖို့ ကောင်းတယ်နော်"

"ဒါကတော့ဟာ ကမ္ဘာမြေကြီးထဲ လှည့်လည်သွားလာမှတော့ ရေကြည်ရာ မြက်နုရာကို ရွေးရမှာပေါ့"

"အောင်မယ်... အသည်းယားဖို့ကောင်းလိုက်တာနော်၊ နွားအိုကြီးတွေ ကျနေတာပဲ..."

"ထားလိုက်ပါတော့...၊ နွားအိုကြီးလို လျှောက်နေရတာကမှ မြက်အိုကြီးလို ပေါက်နေရတာထက် သာပါသေးတယ်"

ပြောရင်းဖြင့် နေခွန်းရင်ထဲမှာ ကလိကလိဖြစ်နေသည်။ ခင့်ဂါ၏ဒေါကန်နေသည့် မခံမရပ်နိုင် မျက်နှာပေးလေးကို တရှိုက်မက်မက် ငေးကြည့်နေရသောကြောင့် ဖြစ်သည်။

ခင့်ဂါက မျက်စောင်းတစ်ဝက်နှင့် ရောကြည့်ရင်း ထပ်မေးသည်။

"အိန္ဒိယနဲ့ အာဖရိက ကတော့ အတော်စွဲဆောင်မှု ရှိမှာပဲနော်..."

"ဟဲဟဲ... ပြောကြတာပဲ၊ ငါကတော့ မရောက်ဖူးသေးပါဘူး ဟဲဟဲ..."

"သြော်... ရှင်က ရောက်ဖူးချင်တယ်ပေါ့လေ...၊ ဟုတ်လား"

"သြော်... ခင့်ဂါရယ် ဒေသန္တရ ဗဟုသုတဆိုတာက လေ့လာဆည်းပူးသင့်တယ်လေ..."

ခင့်ဂါ၏မျက်နှာက ဘယ်လိုကလေး ဖြစ်သွားမှန်းပင် မသိ။ နီတွတ်တွတ်နှင့် လှပနေသည်။ နာခေါင်းလေးကို ဆွဲလိမ်ချင်စရာ ဖြစ်သည်။ ကြည့်ဦးလေ...

ကိုယ့်ဘာသာကိုယ် ရည်းစားထားချင်တာများ သူက ဝင်စစ်ဆေးရတာနဲ့ ဝင်စိတ်ဆိုးရတာနဲ့...။

"နေပါဦး နေခွန်းရဲ့... ငါ မေးပါဦးမယ်"

"မေးလေ…၊ ဘာမေးမှာလဲ"

"ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်ကို နားလည်နိုင်ဖို့ အတော်အရေးကြီးသလား"

"အင်း… အရေးကြီးတာပေါ့"

"မိန်းမကို နားလည်တတ်ဖို့ထက် အချစ်ကို နားလည်တတ်ဖို့က ပိုအရေးမကြီးဘူးလား"

နေဒွန်းက မင်သက်မိသွားသည်။ ပြီးမှ အံ့ဩချီးကျူးသလို မျက်လုံးနှင့် ဒင်းကလေးကို ကြုံးရုန်းကြည့်ပစ်လိုက်သည်။

"ကောင်းလိုက်တဲ့ မေးခွန်းပဲ ခဂ္ဂါရယ်…"

ခဂ္ဂါက နှုတ်ခမ်းစေ့ပြီး ထွေ့ထွေ့ပြုံးလေ၏။

"အင်း… မေးတာကို ဖြေဦးလေ"

"ဖြေစရာမလိုဘူး…၊ ငါကလည်း နင့်လိုပဲ ထင်တာပါပဲ"

"ဘယ်လိုလဲ"

"သြော်… အချစ်ကို နားလည်ဖို့က ပိုအရေးကြီးတာပေါ့ဟာ"

ဆိုင်ထဲမှာက စုံတွဲသီဆိုထားသည့် အချစ်သီချင်းလေးများကိုသာ ထပ်ခါထပ်ခါ ဖွင့်နေသည်။ ရင်ခုန်မိန်းမောဖွယ်ရာကောင်းသော အနေအထားလေးတစ်ရပ်ဖြစ်၏။

"နေဒွန်း"

"ပြော…"

"မိန်းမအကြောင်းတော့ နင် အတိုက်အလျောက် သိပါတယ်၊ ခုနက နင်ပြောသွားတာပဲ၊ အချစ်အကြောင်းသိအောင်ရော ကြိုးစားခဲ့ရဲ့လား၊ ငါမေးချင်တာက အချစ်ဆိုတဲ့အရာအကြောင်း နားလည်တတ်အောင် လေ့လာခဲ့ရဲ့လား"

"ငါ… ရည်းစားမထားဖူးဘူး"

"မဟုတ်ဘူး…၊ ငါသိချင်တာက ဒီ… အချစ်ဆိုတဲ့ အရာအကြောင်းကို နင်ဆင်ခြင်သုံးသပ်ဖူးလား၊ အဲဒါကို မေးတာ"

နေဒွန်းက ခေါင်းကုတ်၏။ မျက်လုံး ကလည်ကလည်လုပ်ပြီး စဉ်းစားသည်။ ပြီး… ဟီးခနဲရယ်ပြီး ပြော၏။

"အေး…၊ ဆင်ခြင်သုံးသပ်ဖူးတာပေါ့၊ တွေးဖူးတာပေါ့"

"ဘယ်တုန်းကလဲ"

မနက်က…"

"ဟင်…"

ခဂ္ဂါ အမ်းသွားသည်။ နေဒွန်း၏မျက်နှာကို တစ်ချက် စိုက်ကြည့်ပြီး ရယ်ကျဲကျဲ ဖြစ်လာ၏။

"ပြောပါဦး…၊ နင့် တွေးခေါ် စဉ်းစားပုံလေးကို…"

MCMBOOKSHELF

နေဒွန်းရင်ထဲ လှုပ်ရှားလာသည်။ အခြားစားပွဲဝိုင်းများမှ ကြည်နူးသာယာနေကြသည့် ချစ်သူများကို လိုက်ကြည့်နေမိသည်။ ပင့်သက်တစ်ချက်ကို အသံမထွက်အောင် ရှိုက်ယူ၏။ ခဂ္ဂါ၏ မျက်နှာကိုလည်း မကြည့်ပဲ မျက်လုံးလွှဲထားလိုက်မိသည်။

**ရင်ထဲမှာ. . .**

**ရင် ထဲ မှာ . . .**

**ရင် ထဲ မှာ . . .**

**ခ ဂ္ဂါ ရ ယ် . . .**

ခဂ္ဂါကတော့ ငြိမ်သက်စွာထိုင်ရင်း နေဒွန်းကို မမှိတ်မသုန် စိုက်ကြည့်နေ၏။ နေဒွန်း၏ မျက်လုံးထဲအထိ ထိုးဖောက် လှန်လှောကြည့်နေခြင်း ဖြစ်သည်။

"နေဒွန်း"

"ဟင်..."

"ပြောလေဟာ..."

အခြေအနေကို ပြောင်းလဲပစ်နိုင်ရန် နေဒွန်း ကြိုးစားရတော့၏။ ငါ့ကို ခွင့်လွှတ်ပါ...။ ငါ့ကို ခွင့်လွှတ်ပါ... ကောင်မလေးရယ်။

"ငါ စဉ်းစားမိတာက ဒီလိုဟ... အဟဲ"

"အင်း... ပြောပါဦး"

"အချစ်ဆိုတဲ့အရာနဲ့ မတွေ့ခင်မှာ... လူတစ်ယောက်ရဲ့ ရင်ခွင်ဟာ ဘာမှမရှိပဲ စင်ကြယ်နေတယ်၊ ဟောဒီ မှန်ကြီးလိုပေါ့"

"အင်း"

"ဒါပေမဲ့ အရွယ်ရောက်လာတဲ့အခါ နှလုံးသားက စကားပြောလာတယ်၊ ဒီလျှပ်စစ်ခေါင်းလောင်းကို တဂျီဂျီ ထအော်တော့တာပဲ"

"အင်း"

"နှလုံးသားရဲ့အလိုကို ဦးနှောက်က မလွန်ဆန်နိုင်ဘူး၊ ဦးခေါင်းဟာ အချစ်အကြောင်းကိုချည်းပဲ တမြေ့မြေ့တွေးနေမိတယ်၊ ဦးခေါင်းကတွေးတဲ့ အချစ်အကြောင်းတွေကို ပေါင်းခံယူရင် ဟောဒီလို ခေါင်းလိမ်းဆီပုလင်းတွေတောင် ထွက်လာနိုင်တယ်၊ မွှေးကြိုင်လို့...၊ နူးညံ့လို့..."

ခဂ္ဂါ ကသိကအောက် ဖြစ်သွားသည်။ 'လုပ်လာပြီ' ဟု ရေရွတ်သည်။ ပြုံးစိစိနှင့်ပဲ နေဒွန်း ဆက်ပြောလိုက်သည်။

"တွေးမိသမျှ အချစ်ကိစ္စကို လက်တွေ့ အကောင်အထည်ဖော်ဖို့ ကြိုးစားတဲ့အခါမှာ အချက်တစ်ချက်ကို သိထားရတယ်"

"ဘာအချက်လဲ..."

"ဩော်... ကိုယ်က ချစ်နေရုံနဲ့ မပြီးပါလား၊ သူက ပြန်ချစ်ဖို့လည်း လိုအပ်နေတယ်၊ အချစ်ဆိုတာ ဟောဒီဝါးလက်ခုပ်ကြီးနဲ့ တူတယ်၊ နှစ်ဘက်တီးမှ မြည်တယ်လေ..."

ခင္ဂါ စိတ်ပျက်လက်ပျက် ရယ်လေတော့သည်။

"သိပ်ခံစားရတာပဲ... သိပ်ခံစားရတာပဲ၊ နင့်အထုပ်ထဲက ပစ္စည်းတွေ ကုန်ပြီလား"

"ခံစားရမယ်လေ...၊ အချစ်အကြောင်း ပြောနေတာပဲဟာ၊ ဒါတောင် အထုပ်ထဲမှာ ရှိသလောက်ပဲ ပြောလိုက်တာ"

နှုတ်ခမ်းစူပြီး 'နေဒွန်း ငပေါ' ဟု ရေရွတ်၏။ ပြီး... လွယ်အိတ်ကလေးကို ဆွဲယူလွယ်ကာ...

"ပြန်ကြရအောင်..."

အအေးဖိုးရှင်းတော့ ခင္ဂါကို မထုတ်ခိုင်း၊ နေဒွန်းက အတင်းထုတ်ရှင်းသည်။ အိတ်ထဲမှ ပိုက်ဆံများကိုထုတ်ယူရင်း စာရွက်ခေါက်ကလေးတစ်ခု ပြုတ်ကျသည်။

"ဘာစာရွက်လဲ..."

ခင္ဂါက ငုံ့ကောက်ပြီး...ဖွင့်ဖတ်သည်။

အရင်လို စာတစ်ပိုဒ်ပိုဒ်၊ ကဗျာတစ်ပုဒ်ပုဒ် ရေးထားသည် အောက်မေ့သောကြောင့် ဖြစ်၏။

"ဟင်... စာရွက်အလွတ်ကြီး"

နေဒွန်းက စာရွက်ကလေးကို ပြန်ဆွဲယူသည်။

"အေး...၊ ဘာမှရေးမထားပါဘူးဟ၊ ဗလာစာရွက်ကြီးပါ"

ခင္ဂါက ပေးမည်ပြုပြီးမှ မပေးသေးပဲ ဖျတ်ခနဲ ပြန်ဆွဲယူသွားသည်။ လက်ထဲမှာ အားစိုက်၍ ဖြစ်ညှစ်ဆုပ်ကိုင်လိုက်ရင်း ငြိမ်သက်နေ၏။

မျက်လုံးကလေးတွေက အရောင်တောက်နေသည်။ ပြီးမှ လေသံမာမာဖြင့်...

"နေဒွန်း"

"ဟင်..."

"ဒါ... နင့်ရဲ့ သေတမ်းစာပဲ"

နေဒွန်းရင်ထဲမှာ ဒိန်းကနဲ ဖြစ်သွားသည်။

"ဟို... ဟို..."

ခင္ဂါပြောတာ မှန်သည်။ ညက သေတမ်းစာရေးမည်ဟု ရည်ရွယ်ကာ ထိုစာရွက်ကလေးကို ရှေ့ချပြီး ဖောင်တိန်တစ်လက်နှင့် ထိုင်သည်။ အတွေးတွေ ဝေသည်။

ရေးချင်တာတွေက အရမ်းများနေပြီး နောက်ဆုံးမှာ ဘာမှ မရေးဖြစ်လိုက်။ ထိုစာရွက်ကလေးကို ပိုက်ဆံအိတ်ထဲ ပြန်ထည့်ထားမိလိုက်ခြင်း ဖြစ်၏။

ခင္ဂါက စာရွက်ခေါက်ကလေးကို ပြန်ဖွင့်ကြည့်လိုက်ပြီး...

"စာနဲ့ရေးထားတာတော့ မဟုတ်ဘူး၊ စိတ်နဲ့ရေးထားတာ၊ နင့်သေတမ်းစာကို ငါဖတ်ချင်တယ်၊ ငါယူသွားမယ်"

"ဟာ... မဟုတ်ဘူး... ဟို..."

"ဘာလဲ...၊ နင်က မပေးချင်ဘူးလား"

"မဟုတ်ပါဘူး...၊ ဒီသေတမ်းစာကြီးဖတ်ပြီး ဘာလုပ်မှာလဲ၊ နိမိတ်မကောင်း၊ နမာမကောင်း ပေးပေး... ငါ လွှင့်ပစ်မလို့"

"အို... ဘာလို့ လွှင့်ပစ်ရမှာလဲ"

နေဒွန်းပြန်လုမည်ဆိုး၍ ခဂ္ဂါက လက်ကိုပင် နောက်ပြန်ရုတ်လိုက်သေးသည်။

စားပွဲထိုးကလေးက သေတမ်းစာလုနေသူ နှစ်ယောက်ကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေသည်။ အသံအနည်းငယ် ကျယ်သွားသဖြင့် တခြားဝိုင်းမှစုံတွဲများကလည်း သူတို့ကို စူးစူးစမ်းစမ်း လှမ်းကြည့်နေကြ၏။

နေဒွန်းက ခေါင်းကို ကုတ်နေမိ၏။

"ခဂ္ဂါရယ်... ဂျစ်မတိုက်စမ်းပါနဲ့"

"ဘာလဲ၊ နင်က ငါ့ကို မဖတ်စေချင်ဘူးလား"

"အဲဒီလိုတော့ မဟုတ်ပါဘူး"

ထိုသို့ ညာပြောလိုက်ရသော်လည်း ရင်ထဲမှာ လှိုက်မောလာသည်။ အမှန်တကယ်ပင် ဤသေတမ်းစာကို ခဂ္ဂါ မဖတ်စေချင်ပါ။ ခဂ္ဂါဖတ်၍ မဖြစ်ပါ...။

အဘယ်ကြောင့်ဆိုသော်...

ဤသေတမ်းစာသည် ခဂ္ဂါကိုဦးတည်၍ ရေးထားသော စာဖြစ်သည်။ စိတ်ထဲမှ ရေးလိုက်မိသည်များက ခဂ္ဂါကို သူအလွန်ချစ်ကြောင်း...

ထို့အပြင်...

ခဂ္ဂါနှင့်လက်တွဲပြီး ဘဝကို ရင်ဆိုင်လိုကြောင်း၊ တစ်သက်လုံး ပျော်ရွှင်နေနိုင်အောင် အနားမှ ဖေးကူလိုကြောင်း၊ သို့သော်... ကံအကြောင်းမညီညွတ်၍ ဤလောကကြီးနှင့်အတူ ခဂ္ဂါကိုပါ စွန့်လွှတ်ရတော့မည်ဖြစ်ကြောင်း...

မည်သို့ပင်ဖြစ်စေ တမလွန်မှနေ ဆက်ချစ်နေမည်ဖြစ်ကြောင်း၊ ချမ်းမြေ့ပျော်ရွှင်စွာ ဆက်လက်ရှင်သန် နေထိုင်နိုင်ရေး၊ ချစ်သောခဂ္ဂါအတွက် သူ ဆုတောင်းခဲ့ပါကြောင်း...

စသည်... စသည်...

ခဂ္ဂါ၏လက်များက ဗလာစာရွက်ကလေးကို ပို၍ တင်းကျပ်သည်ထက် တင်းကျပ်စွာ ဆုပ်ကိုင်နေသည်။ မျက်နှာလေးက ဖြန်းခနဲ ရှက်ရိပ် ရှက်ရောင်တစ်ချက် ပြေးသွားသည်။

MCMBOOKSHELF

*အချစ်... အလွမ်း...*

*နှင်းဆီပန်းတွေ...*

"ကဲ... နင်ယူရင်လည်း ယူသွားပါ၊ လာ... သွားကြမယ်၊ အဲဒီစာရွက်ကလေးကို နင့်အိတ်ထဲထည့် အိမ်ကျမှဖတ်..."

ရှေ့မှ ဦးဆောင်ပြီး ထွက်လာခဲ့လိုက်၏။ ရင်ထဲမှာ... အိပ်မက်ခိုးငှက်တွေ အုံ့ဖြာနေသလို...၊ ငါ့မှာ ဒါပဲပြောစရာရှိတယ်။ နားလည်... နားလည်... နားလည်စေချင်တယ်။

အပြန်လမ်းမှာ နှစ်ယောက်လုံး နှုတ်ဆိတ်နေကြသည်။ အတွေးကိုယ်စီနှင့် ကားကို နေဒွန်းက မောင်းသည်။

သွားနေကျမဟုတ်သည့် လမ်းကြောင်းတစ်ခုမှ ကွေ့ပတ်ပြီး အိမ်သို့ပြန်သည်။ တစ်နေရာ အရောက်မှာ ကားခဏရပ်ပြီး ခင်္ဂါကို လက်ညှိုးညွှန်ပြလိုက်၏။

"ခင်္ဂါ... ဟိုသစ်ပင်ကြီးကို တွေ့လား"

"တွေ့တယ်၊ ဘာဖြစ်လို့လဲ..."

လမ်းဘေး မြက်ရိုင်းခင်းကြီးတစ်ဖက်ရှိ သစ်ပင်ကြီးတစ်ပင်ကို ညွှန်ပြခြင်း ဖြစ်သည်။ သစ်ပင်ကြီးက ပုံပြောကောင်းသော မော်ဆရာကြီးလို ရင့်ရော်မှိုင်းအိုကာ ရပ်တည်နေသည်။

"လှမ်းကြည့်တော့ နီးနီးလေးလိုပဲနော်...၊ တကယ်သွားရင် အဝေးကြီး သွားရတယ်၊ ကွေ့ပတ်သွားရတယ်"

"ဟင်... နင်က သွားဖူးလို့လား"

"အဲဒီသစ်ပင်ကြီးနဲ့ ငါနဲ့က သူငယ်ချင်း၊ သူ့ဆီ ငါ ခဏခဏ ရောက်တယ်"

"ဘာသွားသွားလုပ်တာလဲ..."

"ကိုယ့်မှာ အဖော်မရှိသလို ခံစားရတဲ့အခါမှာ သူနဲ့အတူ သွားသွားနေတယ်၊ ဘေးလူ ဝင်ကူလို့မရဘဲ ကိုယ်တစ်ယောက်တည်း ခက်ခဲတဲ့ ပြဿနာကြီးတွေကို ရင်ဆိုင်ရမယ့်အချိန်မှာ အဲဒီသစ်ပင်ကြီးကို ငါ စကားတွေ သွားသွားပြောတယ်"

"အံမယ်..."

"သူငယ်ချင်းပေါင်း ပေါင်းတာဆိုပေမယ့် သူက ငါ့ထက်အသက်အများကြီးကြီးတယ်၊ သူက အိုနေပြီလေ...၊ အဲဒါကြောင့် ငါက သူ့ကို 'ဆည်းဆာသစ်ပင်' လို့ နာမည်ပေးထားတယ်"

ထုံးစံအတိုင်း "နေဒွန်း ငပေါ" ဟု ရေရွတ်လေတော့၏။

*****

MCMBOOKSHELF

မြင်ကွင်းက ဝိုးတဝါးပါပဲ။
ဒါပေမဲ့...
ကျွန်တော့်နှလုံးသားမှာ
ကြယ်တွေ ပွင့်ဝေဖြာထွက်သွားတယ်။
ကျွန်တော့်ရင်ခွင်ထဲကို မီးနဲ့ရေနဲ့ ရောပြီး
ကြဲပက်လိုက်သလို...
ပူလောင်အေးစက်သွားတယ်။

MCMBOOKSHELF

"ဟော…သမီး လာလေ…"

အခန်းအပြင်မှ အမေ့အသံကို ကြားလိုက်ရ၏။ နေခွန်း လန့်သွားသည်။ ရဲအောင်၏ မျက်ခုံးများကလည်း မြောက်တက်သွား၏။ အခန်းဝကို လှည့်ကြည့်သည်။

"ဩ…"

လင်းလင်း ဝင်လာခြင်း ဖြစ်သည်။

"နင်တို့ ဘာလုပ်နေတာလဲ…"

"ဘာမှ မလုပ်ပါဘူး"

"ဘာမှမလုပ်ဘဲ ထမင်းစားခန်းမှာ ငုတ်တုတ်ကြီး လာထိုင်နေကြသလား"

"ဟဲ့… ရှူး…"

သူ့အသံစာစကို နေခွန်းက လှမ်းတားလိုက်ရ၏။ ထိုအခါကျမှ မချောက ကိုယ်ရှိန်သပ်သည်။ သူတို့အနားမှာ ဝင်ထိုင်ပြီး ခပ်တိုးတိုးမေး၏။

"ဘာလဲ…"

"အင်း… ဘာလဲဆိုတော့…"

နေခွန်းက ပြောမည့်စကားကို ဆက်မပြောဖြစ်ပဲ ရဲအောင်ကို မေးငေ့၏။ ဘယ်လိုပြောရမလဲ ဆိုသည့်သဘော…။

ရဲအောင်ကလည်း တုံဏှိဘာဝေ လုပ်နေသည်။ ထို့ကြောင့် လင်းလင်းက…

"ဟဲ့… နေခွန်း"

"ဟေ…"

"နင်ပဲပြောစမ်းပါဟာ… ဘာတုံး၊ နင်တို့ ဘာလုပ်နေကြတုန်း"

"ပြောလိုက်တော့မယ်" ဟူသော အမူအယာနှင့် ရဲအောင်ကို လှမ်းကြည့်လိုက်သည်။ ရဲအောင်က ခေါင်းညိတ်ပြ၏။

"ပြောလိုက်ပါတော့ကွာ…၊ မထူးပါဘူး"

နေခွန်းက လင်းလင်းကို…

"ပြောမယ်…၊ နားထောင်"

"အင်း…"

"တိုးတိုးပဲပြောမှာနော်၊ တိုးတိုးနားထောင်"

"အင်း"

"ဒီလိုဟ…"

စကားကို ဆက်မပြောသေးဘဲ အဝေးကို ငေးသည်။ သူ့ပုခုံးကို သူပြန်ကုတ်နေသည်။ ပြီးမှ…

"လိုရင်းကိုပဲ ပြောမယ်ဟာ…"

အသံကိုနှိမ့်လိုက်ပြီး…

"ငါ့ကိုယ်ငါ ဒီနေ့သေမယ်လို့ ထင်နေတယ်"

"အို..."

လင်းလင်း၏မျက်နှာ ညှိုးသွားသည်။ သက်ပြင်းတစ်ချက်လည်း ချ၏။ နေခွန်းက...

"ခဂ္ဂါ ပြောတဲ့နေ့က ဒီနေ့လို့ ငါ့စိတ်ထဲမှာ မိုးလင်းကတည်းက ခံစားနေရတယ်"

"အင်း..."

"နင် သဘောပေါက်မလား မသိဘူး၊ အဲဒါ ငါ... အရှင်းဆုံး ပြောတာပဲ"

"အေးပါ...၊ သဘောပေါက်ပါတယ်၊ ငါလည်း သိပြီးသားပါ"

လင်းလင်းက စိတ်မသက်မသာဟန်ဖြင့် ထိုသို့ ပြန်ပြောသည်။ နေခွန်း အံ့သြသွားရ၏။

"ဘာ... နင်လည်းသိတယ်၊ ဟုတ်လား..."

"အေး..."

"ဘာကို သိတာလဲ"

"ဒီနေ့ နင်သေရမယ်ဆိုတာကိုလေ..."

"ဟင်...၊ ဘယ်လိုသိတာလဲ"

"ညက ခဂ္ဂါနဲ့ ဖုန်းပြောဖြစ်သေးတယ်"

"ဩော်..."

ရဲအောင်ကလည်း လေသံကလေးဖြင့် ဝင်မေးသည်။

"ခဂ္ဂါကလည်း ဒီလိုပဲပြောလား၊ ဟုတ်လား"

"အေး"

ငြိမ်သွားသည်။

ရဲအောင်ရော၊ လင်းလင်းရော ငိုင်းစင်းစင်း ဖြစ်နေကြ၏။ နေခွန်းက နှာခေါင်းကို လက်နှင့်ပွတ်ရင်း...

"ငါတို့တွေလဲ ဒီကိစ္စကိုပဲ တိုင်ပင်နေကြတာ"

"ဘာတိုင်ပင်နေတာလဲ"

လင်းလင်း၏မေးသံက အတန်ငယ် ကျယ်သွားသဖြင့် နေခွန်းတွန့်သွားသည်။

"ရှူး... တိုးတိုးဟ"

"ဩော်... အေးပါ"

"အပြင်ကလူကြီးတွေ မကြားစေချင်ဘူး"

နေခွန်းအမေနှင့် အိမ်နီးချင်းအမျိုးသမီးတစ်ဦး ဧည့်ခန်းမှာ စကားပြောနေသည်။ နေခွန်းရေနစ်သည့်အကြောင်းကို မနေနိုင် မထိုင်နိုင် လာသတင်းပေးနေခြင်း ဖြစ်သည်။

နေခွန်းတို့အမေကလည်း ကိုယ့်သားအကြောင်း ကိုယ်သိသဖြင့် အေးအေးဆေးဆေး နားထောင်နေ၏။

"ဒီကောင်က အသက်ပြင်းပါတယ် မသန္တာရယ်...၊ ကျွန်မတော့ စိတ်မပူပါဘူး"

နေခွန်းက အရေးတကြီးပုံစံဖြင့် လင်းလင်းကို ပြောပြ၏။

MCMBOOKSHELF

"ငါ... ဘယ်လိုသေရင်ကောင်းမလဲလို့ တိုင်ပင်နေကြတာ"

"ဟယ်..."

"တိုးတိုးသက်သာ သေမှ ဖြစ်မယ်"

"ဟင်..."

"တကယ်ပြောနေတာ၊ လူကြီးတွေသိလို့ မဖြစ်ဘူး၊ သူတို့မသိအောင် သေရမှာ"

"ဟယ်တော့..."

လင်းလင်းက ဒူးနှစ်ဖက်ပေါ် မေးကလေးတင်ပြီး ထိုင်သည်။ ထိုသို့ ကြုံ့ကြုံ့ကလေးထိုင်ပြီး မျက်စိမျက်နှာကတော့ အကြီးအကျယ် ပျက်နေ၏။

"လင်းလင်း"

"ဟင်..."

"နင်... စိတ်ညစ်နေတာနော်၊ ငါတောင် ဘာမှမဖြစ်ဘူး"

လင်းလင်းက သူ့ကို ခပ်မောမောကြည့်၏။

"နင်... မကြောက်ဘူးလား နေဒွန်းရယ်"

"မကြောက်ပါဘူး"

"တကယ်မကြောက်တာလား..."

နေဒွန်းက ကလေးငယ်တစ်ယောက်လို ပြုံးပြီး...

"အို... အကယ်တစ်ရာ"

လင်းလင်းက ခေါင်းလေးကို ခပ်ငေ့ငေ့ရမ်းခါရင်း...

"ရဲအောင်"

ရဲအောင်ဘက် လှည့်ပြောသည်။

"ဘယ်လိုလုပ်ကြမလဲဟာ"

"မပြောတတ်တော့ပါဘူးဟာ..."

ထိုအချိန်မှာပင် မိုးတွေကလည်း ရွာလာ၏။ သည်းသည်းမည်းမည်းကို ရွာချခြင်းဖြစ်သည်။ မိုးစက်တို့ကြားမှ ဖြတ်သန်း စီးဆင်းလာသောလေက အိမ်၏ တံခါးရွက်တို့ကို ကြမ်းတမ်းစွာ ဆောင့်ရိုက်လာသည်။

သုံးယောက်လုံး ရင်ထဲမှာ နိမိတ်မကောင်းသလို ထင်မြင်ခံစားလာရသည်။ ထိုအခြေအနေကို လွှဲပြောင်းချင်သဖြင့်...

"ဒီမှာ ကြည့်ကြစမ်း..."

နေဒွန်းက အိတ်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်ပြသည်။ စာရွက်ပေါ်မှာ ဘုန်းတော်ကြီးတစ်ပါး၏ ကောက်ကြောင်းကို ရေးဆွဲထားသည်။

"ဘယ်က ဆရာတော်လဲ..."

"ဂျပန်ပြည်က ဘုန်းကြီးဟ"

MCMBOOKSHELF

"အဲဒီ ပုံတော်က ဘာလုပ်ဖို့တုန်း"

"အကြောင်းရှိလို့ပေ့ါဟ၊ ငါပြောပြမယ်၊ ဒီဆရာတော်က ကြည်ညိုစရာကောင်းတယ်"

"ဟုတ်လား…၊ ဘယ်လိုမျိုးလဲ"

"ဒီဆရာတော်ရဲ့ဘွဲ့က ဆင်ဂိုင်ဆရာတော်လို့ ခေါ်တယ်"

"အင်း…"

"တစ်ခါက မင်္ဂလာဆောင်တစ်ခုမှာ သြဘာစာ ရေးပေးရတယ်တဲ့"

"အင်း…"

"အဲဒီမှာ သူရေးပေးတဲ့ သြဘာစာက ဂွတီးဂွကျကြီး"

"ဘယ်လို ရေးပေးလို့လဲ…"

"***ဘိုးဘိုးသွားသွား သေရှာသွား၊***

***ကလေးမွေးမြစ်၊ သေဖို့ဖြစ်…*** တဲ့"

"ဟယ်…"

လင်းလင်းတင်မက ရဲအောင်ပါ ကသိကအောက် ဖြစ်သွားပုံရသည်။

"မင်္ဂလာဆောင်မှာ အဲဒါကြီး ရေးပေးရသလားဟ"

"အင်း… မင်းမေးသလိုပဲ အားလုံးကလဲ သူ့ကို အဲလိုပဲ ဝိုင်းမေးကြတယ်"

"အဲဒီတော့ သူက ဘာပြန်ပြောလဲ"

"သူက ပြောတယ်"

"အင်း…"

"လူတွေဟာတဲ့…"

"အင်း…"

"ကိုယ့်ဘဝကိုယ် ပြီးပြည့်စုံအောင် နေသွားကြရမယ်၊ ပြီးရင် ပြီးပြည့်စုံစွာ သေပစ်လိုက်ကြရမယ်… တဲ့၊ အဲဒါဟာ စနစ်ကျတဲ့ ဘဝနေထိုင်မှုပဲ… တဲ့"

"ဩော်…"

ထိုအခါကျမှ ထိုဘုန်းကြီးပုံကို သူ ထုတ်ပြရသည်။ အကြောင်းအရင်းကို သူတို့ နားလည်သွားကြပုံပေါ်သည်။

အပြင်မှာ မိုးကား သည်းသည်းမည်းမည်းရွာလျက်…။

နေ့ခွန်းက သူတို့ကို စကားထပ်အပြောမခံ။ (ကြားလည်း ကြားချင်စိတ် မရှိလှချေ) လောလောဆယ်မှာ စိုးရိမ်ပူပန်သော လေယူလေသိမ်းတွေကို မတွေ့ကြုံချင်။

"ဒီမှာ နောက်ထပ်တစ်ပါး…"

"သူကရော… ဘာဆရာတဲ့လဲ"

"ဒီဆရာတော်ရဲ့ဘွဲ့က ဂူဒို တဲ့"

"သူကရော နာမည်ကျော် ဆရာတော်ပဲလား…"

"အိုး..."

နေဒွန်းက ပြုံးနေလိုက်သည်။

"နာမည်ကျော်လွန်းလို့ ခက်နေတာပေါ့" ဟူသော အပြုံးမျိုး ဖြစ်သည်။

"သူကလည်း အရမ်းလေးစားစရာ ကောင်းတယ်။ သူ... ပျံလွန်တော်မူပုံက နမူနာယူစရာပဲ"

"ဘာဖြစ်လို့လဲ..."

"ကဗျာတိုလေးတစ်ပုဒ်ကို သူ ရွတ်တယ်ကွာ"

"အင်း..."

"နက်ဖြန်ခါမှာ ပျောက်ကွယ်သွားဖို့အတွက် ဒီနေ့... တွေ့မြင်နေကြရတယ်တဲ့"

"အင်း..."

"အဲဒီကဗျာလေးကို ရွတ်ပြီးရော၊ အားရပါးရ 'ဟား' ခနဲ သမ်းတယ်၊ ပြီး... အသက်ထွက်သွားတယ်"

စကားအဆုံးမှာ နေဒွန်းက သူ့ဘာသာ သဘောကျသလို ရယ်၏။ ရဲအောင်နှင့် လင်းလင်းက လိုက်မရယ်။ သို့သော် သူတို့ မျက်နှာများက ညှိုးနေရာမှ တည်လာသည်။

နေဒွန်းက အိတ်ထဲမှ နောက်တစ်ပုံ ထုတ်ပြရပြန်သည်။

"ဒီဆရာတော်ကြီးကတော့... ဘွဲ့အမည်ကို ဂင်ပို လို့ခေါ်တယ်"

"သူကရော... ဘာထူးခြားသလဲ"

"အသက်ရှင်တဲ့ နောက်ဆုံးအချိန်ကလေးမှာ သူဟာ ဝိုင်တစ်ခွက်ကို အေးအေးဆေးဆေး သောက်နေတယ်"

ဘုန်းကြီးက ဝိုင်သောက်၍ရသလားဟု မဒ္ဒလင်းလင်း မေးချင်ပုံ ရသည်။ သို့သော် မမေးတော့ပဲ သူဆက်ပြောမည့် စကားကိုသာ နားစွင့်ထောင်နေသည်။

"'ငါ့ရဲ့ ခရီးရှည် ချီတက်ပွဲကြီးကို စပြီ...' လို့ ကြေညာတယ်၊ ပြီး လက်ကျန်ဝိုင်ကို မော့သောက်လိုက်ပြီး အသက်ချုပ်ငြိမ်းသွားတယ်"

ရဲအောင်က...

"သူတို့ဆီက ဘုန်းကြီးတွေက ဝိုင်တွေဘာတွေ သောက်လို့ရတယ်ပေါ့လေ...၊ ဒါပေမဲ့ အဲလိုပုံစံနဲ့ အသက်ကုန်သွားတာကို တပည့်တပန်းတွေက လေးစားကြည်ညိုမှု ရှိပါ့မလား"

"အင်း... အဲဒီမေးခွန်းအတွက် အဖြေက အဆင်သင့်ကို ရှိတယ်ကွ"

"ပြောပါဦး..."

"ဆရာတော်ဂင်ပိုက သူ့တပည့်တွေကို သူ့အတွက် ဝမ်းနည်းစရာ၊ ငိုကြွေးစရာ မလိုဘူးလို့ မှာထားတယ်၊ သေခြင်းတရားဆိုတာ ဝမ်းနည်းငိုကြွေးခြင်းတို့ရဲ့ လွတ်မြောက်ရာ ဖြစ်တယ်၊ အဲဒီလို သေခြင်းနယ်ပယ်ကိုရောက်ပြီး လွတ်မြောက်သွားတဲ့အတွက် ပျော်ပျော်ရွှင်ရွှင် နှုတ်ဆက်ပြီး ကျန်ရစ်ခဲ့ကြရမယ်တဲ့..."

"အဲဒီတော့..."

MCMBOOKSHELF

"အဲဒီတော့… သူ အသက်ကုန်သွားတဲ့အခါမှာ တပည့်တပန်းတွေက ဆာကေးအရက်သောက်ပြီး ပျော်ပွဲရွှင်ပွဲကြီးတောင် ကျင်းပကြရတယ်တဲ့…"

"သြော်… ဒီလိုလား"

"တစ်မျိုးပဲနော်…"

ရဲအောင်နှင့် လင်းလင်းတို့ ဘယ်လိုသုံးသပ်ရမည်မှန်း မသိ ဖြစ်သွားကြ၏။ မည်သို့ပင်ဖြစ်စေ သေခြင်းတရားကို အေးအေးဆေးဆေး ပေါ့ပေါ့ပါးပါး ရင်ဆိုင်သွားမှုများကို ကြားသိရသဖြင့် စိတ်တည်ငြိမ်မှု ရှိလာကြလိမ့်မည်။

"ကဲ… ဒီမှာ နောက်ဆုံးတစ်ပုံ"

နောက်ဆုံးရုပ်ပုံက ဘုန်းတော်ကြီးမဟုတ်၊ ပါမောက္ခကြီးတစ်ယောက်၏ ရုပ်ပုံဖြစ်သည်။

လင်းလင်းက…

"သြော်… သူက ရိုးရိုးလူပဲနော်"

ရဲအောင်က ရုပ်ပုံကို သေချာကြည့်ပြီး…

"သူ့ကို ငါသိတယ်"

"သိလား…"

"အေး…၊ ဒေါက်တာ ဆူဇူကီး မဟုတ်လား"

"အေး… သူလည်း ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးပဲ"

"အင်း… ပြောပါဦး၊ သူကရော ဘယ်လိုဖြစ်သတုန်း"

"သူလည်း သေဆုံးတဲ့အချိန်မှာ အေးအေးဆေးဆေးပဲ"

"ဟုတ်လား"

"အင်း…၊ နောက်ဆုံးအချိန်မှာ အေးအေးဆေးဆေးပဲ"

"ဟုတ်လား"

"အင်း…၊ နောက်ဆုံးအနေနဲ့ စကားတစ်ခွန်းတည်းကို နှစ်ခါထပ်ပြောသွားတယ်"

"ဘာပြောသွားလဲ"

"***ကျေးဇူးတင်ပါတယ်…၊ ကျေးဇူးတင်ပါတယ်…*** တဲ့"

ငြိမ်သက်သွားကြသည်။ စကားသံများ တိတ်သွားကြ၏။ ပြင်ပမှ မိုးသံက နည်းနည်းစဲနေပြီ။ မိုးစက်မိုးပေါက်တို့၏ ကြွေသံတဖျောက်ဖျောက်က စိတ်ထဲကို တစ်မျိုးတစ်မည် ဝင်ရောက်နေ၏။

နေဒွန်းက သောက်ရေတစ်ခွက် သောက်သည်။ ရဲအောင်တို့ကိုလည်း သောက်မလားဟု လှည့်မေး၏။

"မသောက်ပါဘူးကွာ…"

စားပွဲဆီ ပြန်အလာမှာ နေဒွန်းက လင်းလင်းကို မေး၏။

"လင်းလင်း"

"ဟင်"

MCMBOOKSHELF

"ခုနက ငါပြောသွားတာတွေကို ကြားတယ်နော်"

"ကြားသားပဲ"

"ကဲ... ဒါဖြင့် ပြောပါဦး"

"ဘာပြောရမှာလဲ"

"ငါရော... ဘယ်လိုသေရင် ကောင်းမလဲလို့"

"အိုး... မပြောတတ်ပါဘူး"

"သေခြင်းတရားကို သူများတွေ ရင်ဆိုင်သွားတာ ဘယ်လောက်ရှိုးကျူးစရာကောင်းသလဲ"

"ဟုတ်ပါတယ်...၊ အဲဒါကို ငါ လက်ခံပါတယ်"

"ငါ စဉ်းစားနေတာ... ငါလည်း နောက်ဆုံးစကားကို ဘယ်လိုပြောပြီး သေသွားရင် ကောင်းမလဲလို့"

လင်းလင်းက ဘာမှပြန်မပြော...။ ကိုယ့်ဘာသာကိုယ်ပဲ အပြောင်အပျက် ဆက်ပြောလိုက်သည်။

"တီဗွီ ကြေငြာထဲကလို PMG, PMG လို့ အော်သေသွားရင် ကောင်းမလား... ဟဲဟဲ..."

လင်းလင်းက မနေတတ်မထိုင်တတ် ဖြစ်နေသည်။

"နေဒွန်း... နောက်မနေနဲ့ဟာ"

"မနောက်နဲ့ဆိုလည်း မနောက်တော့ပါဘူး၊ နေပါဦး ငါရဲ့ တနလ်ာနံကလေးကို ဘာဖြစ်လို့ ခေါ်မလာတာလဲ"

"သူ့ဘာသာ မလိုက်တာ"

"ဘာဖြစ်လို့လဲ..."

"ဒီနေ့... နင်... အဲဒီလို... အတ္တာဖြစ်မယ်လို့ သိထားတော့ စိတ်မကောင်းဖြစ်နေတယ်၊ မလာရဲဘူး၊ မလာတော့ဘူးလို့ပြောတယ်"

"ဒါဖြင့် အိမ်မှာ သူက ဘာလုပ်နေသတုန်း"

"ဘယ်သိမလဲဟာ...၊ ငိုနေမှာပေ့ါ"

အပြင်မှာ မိုးက သည်းလာပြန်သည်။

"ဒီနေ့တစ်နေ့လုံး မိုးများ စွေမလား မသိဘူး"

သူ့စကားကို မည်သူကမျှ မတုံ့ပြန်ကြ။

တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရလိုက်သည်။

"နေပါဦး...၊ ငါ့ကို ပြောပြပါဦး"

ထူးခြားသွားဟန်ရှိသော သူ့အသံကြောင့် ရဲအောင်နှင့် လင်းလင်းတို့၏ ငုံ့နေသောခေါင်းများ ဆတ်ခနဲ မော့လာကြသည်။

"ခင်္ဂါက အာရုံထဲမှာ ဘယ်လိုမြင်သလဲ၊ ငါဟာ မိုးရွာတဲ့နေ့တစ်နေ့မှာ သေမယ်လို့ မြင်တာလား..."

ရဲအောင်နှင့် လင်းလင်းက တစ်ယောက်မျက်နှာတစ်ယောက်လှမ်းကြည့်ကြ၏။ ပြီးမှ...

"မိုးရွာတဲ့နေ့ပဲ နေမှာပေ့ါ၊ နင့်ရဲ့ အညိုရောင်ကုတ်အင်္ကျီကြီးက ရွှဲစိုနေတယ်... တဲ့"

မျက်မှောင်ကြုတ်လိုက်မိသည်။

MCMBOOKSHELF

"အညိုရောင်... ကုတ်အကျႌ"

"အင်း..."

"အလောင်းက အဲဒါကြီး ဝတ်ထားရက်လား"

"အေး...၊ သူ့အာရုံထဲမှာ အဲလိုမြင်တယ်"

နေဒွန်း ထိုင်ရာမှ ထ၏။ တစ်ခုခုကို စဉ်းစားမိလိုက်သည်။ အခန်းထဲမှ နံရံကပ်ပြီး သွားရပ်နေလိုက်၏။ ငြိမ်သက်သော်လည်း စူးရှဟန်ရှိနေသည့် သူ့မျက်နှာအနေအထားကြောင့် ရဲအောင်တို့ကလည်း ဆိတ်ဆိတ်ပင် နေနေလိုက်ကြသည်။

"လင်းလင်း"

"ဟင်..."

"တစ်ခုခုတော့ လွဲနေပြီ"

"ဘာလွဲတာလဲ..."

"ခင့်ဂျိုဟာ သူ့ကိုယ်သူ အာရုံပြန်မမြင်ဘူးနော်၊ ဟုတ်တယ် မဟုတ်လား"

"အင်း..."

"ဒါပေမဲ့... နင့်သုံးသပ်ချက်အရ သူဟာ ငါ့ကို အရမ်းအားကျတယ်။ ငါ့လို အရမ်းနေတတ်ချင်တယ်၊ ဟုတ်တယ်နော်"

"အေး..."

"ဒါဆိုရင် တစ်ခါတစ်ခါ သူ့ကိုယ်သူ ငါလို့များ မြင်ယောင်မိနိုင်သလား"

"ဟင်..."

လင်းလင်း၏မျက်လုံးအစုံ ပြူးကျယ်ထွက်သွား၏။ ရဲအောင်၏ ခါးကလည်း ဆန့်ထွက်လာသည်။

"နင်... နင်ဆိုလိုချင်တာက"

"အေး...၊ ခင့်ဂျိုဟာ သူ့ဘာသာသူ သေမှာကို ငါသေတဲ့ပုံစံမျိုးနဲ့များ လှည့်ပြီး မြင်ယောင်လိုက်တာလား"

"ဟင်..."

အင်မတန်စိတ်လှုပ်ရှားဟန်ဖြင့် သူတို့နှစ်ယောက်လုံး ထိုင်ရာမှ ဝုန်းခနဲ ထရပ်ကြသည်။

ရဲအောင်က...

"မင်း... မင်းက ဘာဖြစ်လို့ အဲလိုတွေးရတာလဲ"

နေဒွန်းက ခေါင်းကိုဖြေးညှင်းစွာ ငြိမ့်ပြလိုက်၏။ လက်နှစ်ချောင်းထောင်ပြပြီး...

"အဲဒါက ရှင်းပါတယ်၊ တစ်အချက် ငါ့မှာ အညိုရောင်ကုတ်အကျႌ မရှိဘူး...၊ နှစ်အချက် သူ့မှာရှိတယ်...၊ သူ့မွေးနေ့တုန်းက လက်ဆောင်ရတဲ့ ပစ္စည်းတွေထဲမှာ အညိုရောင် ကုတ်အကျႌတစ်ထည် ပါတယ်"

"အို..."

"ဘုရား... ဘုရား"

လင်းလင်းက အခန်းအပြင် ပြေးထွက်မည့်ဟန်ပြု၏။ "ခဂ္ဂါဆီ သွားရအောင်" ဟုလည်း ဆိုသည်။ နေဒွန်းက ဆွဲထားသည်။

"နေဦး...၊ အလောင်းကို အာရုံထဲမှာသူမြင်ရတော့ မိုးတွေရွာနေသလား၊ မိုးတိတ်နေသလား"

"မိုး... မိုးမရွာတော့ဘူး"

ထိုသို့ပြောပြီး လင်းလင်း၏မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်သွားသည်။ ပြင်ပမှာလည်း မိုးတိတ်သွားပြီဖြစ်သောကြောင့်ပင်...။

"နေဦး...၊ စိတ်ငြိမ်ငြိမ်ထားစမ်းပါ၊ အလောင်းကို ဘယ်နားမှာ တွေ့တာတဲ့လဲ၊ ပတ်ဝန်းကျင်မှာ ဘာတွေရှိသလဲ"

"အလောင်းက မြက်ပင်တွေကြားထဲမှာ လဲနေတာ၊ အနားမှာ သစ် သစ်ပင်ကြီးတစ်ပင်လည်း ရှိတယ်... တဲ့..."

"ဩော်"

နေဒွန်း၏ ရင်ထဲ နင့်ကနဲ ဖြစ်သွားသည်။ သက်ပြင်းတစ်ချက်ကို ခိုးချရင်း...

"အဲဒီနေရာကို ငါ သိတယ်"

"နေဒွန်း... သွား... သွားကြမယ်လေ၊ မိုးတိတ်နေပြီ နေဒွန်း၊ တို့... လိုက်... လိုက်သွားကြရအောင်"

"အေးပါ..."

ရဲအောင်နှင့် အကြည့်ချင်းဆုံဖြစ်ကြ၏။

"ကဲ... သွားကြရအောင်"

အပြင်လမ်းပေါ်မှာ နေရောင်ကတော့မရှိ။ သို့သော် မိုးက တိတ်နေပြီ။ ဘာမှမဆိုင်သော်လည်း နေဒွန်း၏ရင်ထဲမှာ မီးစွဲလောင်နေသော ကောင်းကင်တစ်ခု ရောက်ရှိလာသည်။

*****

MCMBOOKSHELF

**မရဏန္တံ ဟိ ဇီဝိတံ**

အသက်ရှင်ခြင်းသည် သေရခြင်း အဆုံးရှိ၏။

[ဓမ္မပဒ၊ ၃၅]

MCMBOOKSHELF

**သတ္တာနံ့ ဗဟူနိ မရဏကရဏာနိ။**

သတ္တဝါတို့မှာ သေရခြင်းအကြောင်း များစွာရှိကုန်၏။

**[ဇာတ် အဋ္ဌကထာ…၊ တတိယတွဲ စာ-၃၂၅]**

MCMBOOKSHELF

**ယောပိ ဝဿသတံ ဇီဝေ၊ သောပိ၊ မစ္စုပရာယဏော။**

အနှစ်တစ်ရာအသက်ရှည်သောသူသည်လည်း

သေရခြင်းလျှင် လဲလျောင်းရာရှိ၏။

**[သံယုတ်ပါဠိတော် - တတိယတွဲ စာ-၁၉၁]**

MCMBOOKSHELF

**သဗ္ဗေ မစ္စုဝသံ ယန္တိ၊**

**သဗ္ဗေ မစ္စုပရာယဏော။**

လူငယ်၊ လူကြီး၊ လူမိုက်၊ ပညာရှိ ဤသူအားလုံးတို့သည် သေမင်း၏ အလိုနိုင်ငံသို့ လိုက်ပါကြရ၏။ အားလုံးသောသူတို့သည် သေမင်းအထံသို့ ဆိုက်ရောက်ကြရ၏။

**[သုတ္တနိပါတ်၊ ပါဠိတော်၊ စာ-၃၇၁]**

MCMBOOKSHELF

*နောင်… ခေတ်အဆက်ဆက်ကလူတွေ*
*ကမ္ဘာမြေကို ပြန်တူးဖော်တဲ့အခါ…*
*ကျွန်တော့်ရင်ဘတ်ဟာ…*
*သူ့အကြောင်းတွေ မှတ်တမ်းတင်ထားတဲ့*
*ခရမ်းပြာကျောက်စာတစ်ချပ် ဖြစ်ချင်တယ်…။*

မိုးစဲနေပြီ…။ သို့သော်လည်း ကောင်းကင်တစ်ခွင်မှာ မိုးတိမ်တို့က ညို့လွင်မည်းနေဆဲ။ ပျိုလူးသော မိုးရနံ့တို့က ဆွတ်ပျံ့စီးဆင်းနေသည်။ သစ်ပင်အပေါင်းတို့က စိမ်းညို့လန်းဆန်းလျက်…။

"ဟိုမှာ…"

ရဲအောင်က လက်ညှိုးညွှန်ပြ၏။ နေခွန်း ခေါင်းငုံ့ကာ ပင့်သက်တစ်ချက် ရှိုက်မိသည်။ ခုန်ပေါက်မတတ်ဖြစ်နေသော လင်းလင်းကို အတင်းချုပ်ကိုင်ထားရသေး၏။

"ခင္ဂါ"

လင်းလင်းက အော်ခေါ်၏။

"ခင္ဂါ… ဟေ့… ခင္ဂါ"

ရဲအောင်၏အသံကလည်း ကျယ်ပြန့်သော မြက်ခင်းရိုးတစ်လျှောက်မှာ လွင့်ပေါက်မြည်းဟိန်းလျက် ရှိ၏။

ခင္ဂါက လှည့်မကြည့်…၊ ပြန်လည်းမထူး…။

"နေခွန်း၊ လုပ်ပါဦး နေခွန်းရယ်"

လင်းလင်းက နေခွန်း၏ကိုယ်ကို အတင်းဆွဲခါပြီး ငိုသံပျို့ပျို့နှင့် ပြောသည်။

"လာလာ၊ ငါတို့ သူ့ဆီမြန်မြန်ရောက်အောင် သွားကြမယ်"

ခင္ဂါက ဆည်းဆာသစ်ပင်ကြီးရှေ့မှာ တစ်ကိုယ်လုံး ရွှဲစိုလျက်၊ ကပိုကရို ရပ်နေသည်။ နက်မှောင်သော ဆံနွယ်မျှင်များက ဖားလျားပြေကျလျက်…

သူ့ကိုယ်ပေါ်မှာ အညိုရောင်ကုတ်အင်္ကျီကြီးတစ်ထည်ကို ဝတ်ဆင်ထားသည်။ ခန္ဓာကိုယ်က ယိမ်းထိုးလှုပ်ရှားနေ၏။ လက်နှစ်ဖက်ကလည်း ဝန်းကာဝိုက်ကာ ရွေ့လျားနေသည်။

"ခင္ဂါ…"

ကြားတော့ ကြားလိမ့်မည်…၊ သို့သော် သူ့ကိုခေါ်မှန်းသိပုံ မပေါ်တော့။

ဆည်းဆာသစ်ပင်ကြီးကို ခြေဟန်လက်ဟန်ဖြင့် စကားတွေ ပြောနေသည်။ ယိမ်းကာထိုးကာ ရပ်တည်နေရခြင်း ဖြစ်၏။

"ခင္ဂါ…"

ဝေ့ပတ်သွားရသော လမ်းဖြစ်၍ အမြင်နီးနေသည့်တိုင် ခရီးက အလျားရှည်လွန်းလှသည်။

**"ဒိန်း…ဒရိမ်း…ရိမ်း…"**

ထိတ်လန့်ပြီး လင်းလင်း လဲပြိုကျသည်။ ကောင်းကင်မှာ လျှပ်ရောင်တွေ ပွင့်အက်ပြီး တိမ်တို့၏ ထစ်ချုန်းပေါက်ကွဲသံက ကြောက်မက်ဖွယ်ရာ ကောင်းလှ၏။

ရှေ့ဆုံးမှပြေးသွားနေရင်း ရဲအောင်က ခင္ဂါကို အော်ခေါ်သည်။

"ခင္ဂါ…"

"… …"

MCMBOOKSHELF

"ခဂ္ဂါ..."

"... ..."

"ခဂ္ဂါ..."

"... ..."

ခဂ္ဂါက ကောင်းကင်ဆီ မျက်နှာမော့ပြီး စကားတွေပြောပြန်သည်။ သူ့လက်အစုံကိုလည်း ကောင်းကင်ဆီ ဆန့်တန်းထားသည်။ လေစီးမှာ ဆံပင်တွေ မျောလွင့်နေသော သူ့ပုံသဏ္ဌာန်က ရင်နင့်တုန်လှုပ်ဖွယ်ရာ ဖြစ်နေ၏။

"ခဂ္ဂါ..."

နေဒွန်းကလည်း အော်ခေါ်လိုက်သည်။ ခေါ်သံကြောင့် ဟုတ်ဟန်မတူပဲ ခဂ္ဂါမျက်နှာက သူတို့ဘက်သို့ လှည့်လာသည်။

"အို..."

အားလုံး၏ရင်ထဲမှာ စူးဝင်းလဲ့ပြာသွား၏။ ခဂ္ဂါမျက်နှာက လူသေတစ်ယောက်လို ဖြူရော်နေသည်။ မျက်လုံးများကလည်း ခြာခြာလည်နေသည်။ မူမှန် မဟုတ်တော့။

သူ့စိတ်တွေ လုံးလုံးလျားလျား ဖောက်ပြန်နေချေပြီ။ ကြောင်စီသော်လည်း (မျက်ရည်များ စိုစွတ်ထားဟန်ရှိသည့်) မျက်လုံးတောက်တောက်တို့ဖြင့် သူတို့ကို ငေးကြည့်နေသည်။

သို့သော်... သူတို့ကို မမှတ်မိ။ အသိတရားမရှိတော့။ သူတို့ကို မသိတော့ချေ။

**"ခဂ္ဂါ..."**

သုံးယောက်လုံးက ကြုံးအော်လိုက်ကြသော်လည်း ဘာမှ မထူးခြားသော မျက်နှာနှင့် ခဂ္ဂါ၏ ဦးခေါင်းက တစ်ဖက်သို့ ပြန်လှည့်သွားသည်။

"အိ"ခနဲ ငိုရှိုက်သံတစ်ချက်နှင့်အတူ လင်းလင်း ခွေကျသွားသည်။ သတိလစ် မေ့မျောသွားခြင်း ဖြစ်၏။

ရဲအောင်က အသက်ရှူသံကြီး တဝူးဝူးနှင့်အတူ ခဂ္ဂါရှိရာကို ဂမူးရှူးထိုး ပြောလေသည်။

**"ဒိန်း...ဒရိမ်း...ရိမ်း..."**

MCMBOOKSHELF

ကောင်းကင်ကို မော့ကြည့်လိုက်သောအခါ မျက်လုံးများပင် ကျိန်းစပ်ထွက်သွားရသည်။ ယိုင်ပတ်သွယ်ဖြာ ထွက်ပေါ်လာသည့် လျှပ်စီးကြောင်းများက ကောင်းကင်မှ ယိုစီးကျသည့် အဖြူရောင် သွေးစီးကြောင်းများပမာ...။

**"ဒိန်း...ဒရိမ်း...ရိမ်း...ဂျိမ်း"**

လင်းလင်းကို ခဏထားခဲ့ပြီး...
ခန္ဓာကိုယ်ပေါက်ကွဲမတတ် ခဂ္ဂါဆီ ပြေးသွားရ၏။

**"ဒိန်း . . ."**

**"အား . . ."**

**"ခဂ္ဂါ . . ."**

လေစီးနှုန်းက ပို၍ ပြင်းထန်ကြမ်းတမ်းလာသလို ရှိသည်။ အသံမျိုးစုံပေးပြီး ကွေးညွှတ်လူးလွန့်နေသည့် သစ်ပင်သစ်ကိုင်းများ။ ပြီး... ခဂ္ဂါ ခါကာနဲ လွင့်ကျသွားသည်ကို မြင်လိုက်ရ၏။

"ခဂ္ဂါ . . ."

"... ... ..."

**"ခဂ္ဂါ . . ."**

**"... ... ..."**

**"ခဂ္ဂါ . . ."**

**"... ... ..."**

ခဂ္ဂါအနားသို့ သူနှင့် ရဲအောင် ရောက်ရှိသွားချိန်မှာ ခဂ္ဂါ၏မျက်လုံးအစုံက ထာဝရ မှေးမှိတ်သွားပြီ ဖြစ်၏။

MCMBOOKSHELF

" ခဂ္ဂါရယ် . . ."

ဆွဲပွေ့ယူလိုက်သော နေဒွန်း၏လက်ကြားမှ ခဂ္ဂါ၏ခန္ဓာကိုယ်လေး ပျော့ခွေလျက် ပါလာသည်။ အသက်လည်း မရှူတော့။

ပြုတ်ကျသော ဓာတ်ကြိုးတစ်ချောင်းက ခဂ္ဂါ၏အသက်ကို ဖောက်ထုတ်ယူသွားခဲ့ခြင်း ဖြစ်၏။ ဓာတ်ကြိုးဆီမှ ကန်ထွက်ပြီး ဆည်းဆာသစ်ပင်ကြီး၏ ပင်စည်လုံးနှင့် ရိုက်မိလိုက်သေးသည်။

လျှပ်စစ်အားက ပြင်းသည်။

"ဝေါ..."

မိုးက သည်းကြီးမဲကြီး ပြန်ရွာလာသည်။ ရဲအောင်က ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေပြီး အဝေးကို ရပ်ငေးလျက်...။

ခဂ္ဂါ၏လက်ထဲမှာ ဆုပ်ကိုင်ထားသည်က စာရွက်ဖြူလေးတစ်ရွက်။ မိုးရေတို့ ရွှဲစိုလျက်...။

သက်ပြင်းတစ်ချက် ချလိုက်မိသည်။

သက်ပြင်းနှင့်အတူ ရင်ထဲမှာ... မီးခိုးနီမှုန်တွေ ရောပါသွားသည်ဟု ထင်ရသည်။

"ခဂ္ဂါ . . ."

"... ... ..."

"ငါ့ကိုယ်စား နင်ဝင်သေပေးသွားတာလား ခဂ္ဂါရယ်"

မျက်ရည်နှင့် မိုးရေတို့က ပါးပြင်ပေါ်မှာ ရောပြွန်းပြိုစီးလာသည်။

"ဘာကြောင့်များ ငါ့သေတမ်းစာနဲ့ သေလိုက်ရတာလဲ...၊ ဘာဖြစ်လို့လဲဟင် ခဂ္ဂါ၊ ငါ့ကို ချစ်လို့လား၊ ငါ့ကို နင် သိပ်ချစ်လို့လား ခဂ္ဂါ"

ခဂ္ဂါ၏အလောင်းကို မြက်ရိုင်းတွေကြားမှာ ဖြည်းညင်းစွာ ပြန်ချထားလိုက်၏။

ဆည်းဆာသစ်ပင်ကြီးဆီ တစ်လှမ်းချင်း လျှောက်သွားလိုက်သည်။ မျက်ရည်နှင့် မိုးမှုန်တို့ကြားမှာ မြင်နေရသည့် သစ်ပင်ကြီးသည် နီးကပ်နေသည့်တိုင် ဝိုးတဝါးနိုင်လျက်ရှိသည်။

"သစ်ပင်ကြီး..."

သစ်ပင်ကြီးကို မော့ကြည့်တော့ သစ်ပင်ကြီးကလည်း တိတ်ဆိတ်စွာပင် သူ့ကို ပြန်လည်ငုံ့ကြည့်သည်။

MCMBOOKSHELF

"သစ်ပင်ကြီးရေ…
ကျွန်တော့်သေတမ်းစာနဲ့ သူက ဝင်သေသွားတယ်၊
ကျွန်တော့်သေတမ်းစာနဲ့ သူက ဝင်သေသွားတယ်…၊
သူ ဘယ်လို ပြောသွားသေးလဲ…၊
ဘာအကြောင်းပြချက်တွေ ပေးသွားသေးလဲ…၊
သစ်ပင်ကြီးရယ်…
သူပြောသွားတဲ့အထဲမှာ…
ကျွန်တော့်အကြောင်းတွေ ပါသလား…၊
ကျွန်တော့်ကို သူချစ်တယ်တဲ့လား…၊
ကျွန်တော့် သေတမ်းစာကိုရော…
သူ ဆုံးအောင် ဖတ်ပြီးပြီလား…၊
သူ ရှက်မှာပဲနော်၊
ပျော်ရော ပျော်သေးလား…၊ ဝမ်းရော နည်းသေးလား…။
သစ်ပင်ကြီးရေ…
ကျွန်တော့်ကို ပြန်ပြောပြပါ…
ကျွန်တော့်ကို ပြန်ပြောပြပါ…
ခင်ဗျားကို သူ… ဘာတွေပြောသွားသလဲ…၊
ခင်ဗျားကြားလိုက်ရတဲ့ သူ့ဆီကစကားတွေ…
ကျွန်တော့်ကို ပြန်ပြောပြပါ…
ကျွန်တော် သူ့ကို အရမ်းချစ်တယ်ဆိုတာကိုရော…
သူ… သိသလား…၊
တကယ်သိသလား
ဘယ်လောက်အထိ သိသလဲ…၊

သစ်ပင်ကြီးရေ…
ကျွန်တော့်ကို ပြန်ပြောပြပါ…
ကျွန်တော့်ကို ပြန်ပြောပြပါ…
ကျွန်တော့်ကို ပြန်ပြောပြပါ…"

တာရာမင်းဝေ

၂၇-၉-၉၈